
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
တိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဗျူးစာပေ
၀၉ ၅၀၃၀၁၁၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
ဗျူး
မျက်ရည်ဖတ်ရှင်
ဗျူးစာပေ ၊ ၂၀၀၄။
၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) မျက်ရည်ဖတ်ရှင်

## အခန်း (၁)

သူ နိုးနေပြီဖြစ်ပေမယ့် တမင်မထ,သေးဘဲ အိပ်ရာထဲမှာပဲ ငြိမ်ငြိမ်လေး ဆက်လှဲမှိန်းနေလိုက်သည်။

ချစ်ဇနီး ငြိမ်းကတော့ အခုလောက်ဆို မီးဖိုထဲမှာ ချက်ပြုတ်ပြီး လို့နေလောက်ပြီ။ မနက်တိုင်း သူ့ထက် စောစီးစွာ အိပ်ရာထကာ မနက် စာအတွက် ငြိမ်း ချက်ပြုတ်စီစဉ်တတ်တာ နေ့စဉ်ဖြစ်သည်။

မနက်ငါးနာရီခွဲလောက် အိပ်ရာထကာ ငြိမ်း နိုးနေစဉ်မှာ သူကတော့ အိပ်လို့ကောင်းတုန်းဖြစ်သည်။ ခုနစ်နာရီခွဲမှ ရုံးသွားရတာမို့ သည်း ခုနစ်နာရီလောက်အထိတော့ သူ ဆက်အိပ်တတ်စမြဲ။

ခုနစ်နာရီမထိုးခင် ဆယ်မိနစ်လောက် ပုံမှန်နိုးတတ်ပေမယ့် သည်း မထဘဲ တမင်ပေနေတာက ငြိမ်း သူ့ကိုလာနှိုးမှာကို သိနေလို့ ကြောင့်ပဲဖြစ်၏။

အိပ်ခန်းတံခါးပွင့်သွားတာကို ရိပ်ခနဲ မြင်လိုက်တော့ ဖွင့်ထား

www.burmeseclassic.com



သော မျက်လုံးတွေကို ဖျတ်ခနဲ မှိတ်ကာ သူ အိပ်ပျော်ဟန်ဆောင်နေလိုက်သည်။

"မောင် ထတော့လေ၊ ခုနစ်နာရီထိုးတော့မယ်"

ငြိမ်း အသံချိုချိုလေးကို ကြားသော်လည်း မကြားယောင်ပြုငြိမ်နေတော့ ခုတင်စွန်းမှာ ငြိမ်း ဝင်ထိုင်လိုက်တာသိ၏။

"မောင်နော် အိပ်ချင်ယောင်ဆောင်မနေနဲ့၊ မောင်နိုးနေတာ ငြိမ်းသိတယ်နော် အဟင်း"

ပြောရင်း ငြိမ်းလက်ဖဝါးနွေးနွေးလေးက သူ့နဖူးပြင်ပေါ်က ဆံပင်တွေကို သပ်တင်ပေးလာတော့ ငြိမ်း လက်ဖဝါးလေးကို သူ ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သည်။

"မောင် တကယ်မနိုးသေးဘူး၊ ငြိမ်းနှိုးမှ နိုးမှာ"

"သိတာပေါ့၊ ဒါကြောင့် ငြိမ်း အခုလာနှိုးတာ၊ ထတော့လေ"

"မရဘူးလေ၊ ငြိမ်းအနမ်းနဲ့နှိုးမှ မောင်ကနိုးမှာ"

"မောင်ကလည်း တကယ့် ကလေးလေးကျနေတာပဲ"

ငြိမ်းနှုတ်က ပြောပေမယ့်လည်း နွေးထွေးသော အနမ်းတစ်ပွင့်က သူ့နဖူးပေါ်သို့ ရောက်ရှိလာသည်။ ကိုင်းညွတ်ငုံ့ခံလာသော ငြိမ်း ခန္ဓာကိုယ်လေးကို သူ သိုင်းဖက်ကာ ရင်ခွင်မှာ အပ်ထားလိုက်၏။

"ထတော့ မောင်ရယ်၊ ခုနစ်နာရီထိုးနေပြီ ရေမိုးချိုးတော့လေ၊ တော်ကြာ ရုံးနောက်ကျနေဦးမယ်"

"မထိုးသေးပါဘူး ငြိမ်းရဲ့၊ ငါးမိနစ်ကြိုးတောင်လိုသေးတယ်"

"ကြည့်စမ်း၊ မောင် နိုးနေတာ ကြာပြီမို့လား၊ တမင် ငြိမ်းလာနှိုးတာ စောင့်နေတာပေါ့လေ"





သူ ငြိမ်းပါးပြင်ဝင်းမွတ်မွတ်လေးကို ဖိကပ်နမ်းရှိုက်လိုက်ရင်း

"ဒါပေါ့ မနက်တိုင်း ကိုယ့်မိန်းမရဲ့အနမ်းနဲ့ နိုးတတ်တာ အကျင့် ဖြစ်နေပြီလေ၊ ပြီးတော့ မောင့်မိန်းမရဲ့ ကိုယ်သင်းရနံ့လေးတွေကို တစ်ဝ နမ်းရှိုက်ပြီးမှ အိပ်ရာကထချင်တာ"

"ငြိမ်း မီးဖိုထဲ ဝင်ချက်ပြုတ်ထားတာ မောင်ရဲ့၊ ချွေးနံ့ဟင်းနံ့တွေနဲ့ကွယ်"

"အဲဒီချွေးနဲ့ရောနေတဲ့ ကိုယ်သင်းရနံ့လေးတွေကိုပဲ မောင်က မက်မောစွဲလန်းနေတာ ငြိမ်းရဲ့"

ပြောရင်း ငြိမ်းပါးပြင်လေးကို သူ ရွှတ်ခနဲ နမ်းရှိုက်တော့ ငြိမ်း ကြည်ကြည်နူးနူးလေး ပြုံးကာ လွန့်ခနဲ ရုန်းထွက်သည်။

"လိမ္မာပါတယ် မောင်ရယ်၊ ထတော့နော်၊ ရေမိုးချိုး ပြီးရင် ကော်ဖီနဲ့ပဲပြုတ်နံပြားစားမယ်"

"ဟင် ငြိမ်း လမ်းထိပ်ကလက်ဖက်ရည်ဆိုင်ထွက်ဝယ်ထားတာလား၊ ငြိမ်းရယ် ဘာလို့တစ်ယောက်တည်းသွားရတာလဲ"

သူ စိုးရိမ်ပူပန်သံနှင့်ဆိုတော့ ငြိမ်းက သူ့ကိုပြုံးပြုံးလေးကြည့်ကာ ခေါင်းကိုခါရမ်းပြသည်။

"မဟုတ်ပါဘူး မောင်ရဲ့၊ လမ်းထိပ်ထိထွက်ဝယ်တာမဟုတ်ဘူး၊ ပဲပြုတ်သည်ဦးလေးကြီးက နံပြားတွေပါ ရောင်းတယ်လေ၊ ဝယ်ထားတုန်းက ပူပူလေးပဲ၊ အခုတော့ မောင် အိပ်ပုပ်ကြီးနေတာနဲ့ အေးနေလောက်ပြီ၊ သွား မြန်မြန်ရေမိုးချိုး အဝတ်အစားလဲတော့၊ နံပြားတွေကို ငြိမ်း ပူပူလေးဖြစ်အောင် မီးကင်ထားလိုက်မယ် ဟုတ်လား"

သူ ပဲပြုတ်နံပြားကြိုက်တာသိသော ငြိမ်း အကိုက်တသိ

www.burmeseclassic.com



စီစဉ်ထားသည်ဆိုတော့ သူ့ အိပ်ရာက ဆတ်ခနဲ ထလိုက်သည်။ ပြီးတော့ ငြိမ်း နဖူးလေးထက်ကို အနမ်းတစ်ပွင့်ခြွေရင်း

"ဒီလို အလိုက်သိတာလေးတွေကြောင့် မောင့်မိန်းမကိုချစ်ရတာကဲ မောင် ရေချိုး အဝတ်အစားလဲပြီး လာခဲ့မယ်၊ ကော်ဖီဝိုင်းကစောင့်"

ညဝတ်အင်္ကျီရှည်ကြီး မောင် ရေမိုးချိုးဖို့ ပြင်ဆင်နေတော့ ငြိမ်း အခန်းထဲက ထွက်ခဲ့လိုက်သည်။

ရေချိုးပြီးလျှင် မောင် ဝတ်ဆင်ဖို့ ယူနီဖောင်းကိုလည်း ငြိမ်း အသင့်ထုတ်ပြင်ဆင်ပေးထားပြီးပြီမို့ မီးဖိုခန်းဘက်ကိုပဲ လှမ်းခဲ့လိုက်၏။

ချက်ပြုတ်ပြီးထားသော ဟင်းတွေကို မောင့်အတွက် ထမင်းချိုင့်ထည့်ပြင်ဆင်သည်။ ဆိုင်က ထမင်းဟင်းတွေကို ခံတွင်းမတွေ့သော မောင့်အတွက် ငြိမ်းပဲ မနက်တိုင်း စောစောထကာ ချက်ပြုတ်ပေးခဲ့သည်။

"ငြိမ်း ပင်ပန်းပါတယ်ကွာ၊ မနက်စာတော့ မောင် အဆင်ပြေသလို အပြင်မှာဝယ်စားမယ်၊ စောစောထ မချက်နဲ့တော့နော်"

ငြိမ်း ပင်ပန်းမှာစိုးပြီး မောင် တားပေမယ့် ငြိမ်းကတော့ မနက်တိုင်းထပြီး ချက်ပြုတ်ရတာကို ပင်ပန်းသည်ဟုမထင်ခဲ့ပါ။ မောင်နှင့်ငြိမ်း နှစ်ယောက်တည်းရှိသော ဒီအိမ်မှာ အိမ်မှုကိစ္စတွေကိုလည်း ငြိမ်းကိုယ်တိုင် စိတ်တိုင်းကျ လုပ်ကိုင်ချင်သည်။

မောင် ငြိမ်းအတွက် အဖော်ရအောင် အိမ်ဖော်တစ်ယောက် ငှားမည်ဆိုတော့လည်း ငြိမ်း ငြင်းဆန်ခဲ့သည်။

"မောင်ရယ် မောင်နဲ့ငြိမ်းနှစ်ယောက်တည်းရှိတဲ့အိမ်မှာ အိမ်ဖော် မလိုအပ်ပါဘူး၊ အိမ်မှုကိစ္စတွေကို ငြိမ်း နိုင်နင်းပါတယ်"

"မောင်က ငြိမ်းပင်ပန်းမှာစိုးလို့ပါ"



"အဟင်း ကိုယ့်ယောက်ျားရဲ့အဝတ်အစားတွေ လျှော်ဖွပ်ရတာ အိမ်မှုကိစ္စလုပ်ကိုင်ရတာ ပင်ပန်းစရာလား မောင်ရဲ့၊ ဒီလိုဘဝလေးကို ပိုင်ဆိုင်ချင်လို့ နှစ်ယောက်ဘဝကို ထူထောင်ခဲ့တာလေ၊ ငြိမ်းကကျေနပ်ဝမ်းသာမိသေးတယ်"

"ဟုတ်ပါပြီကွာ၊ ငြိမ်းလုပ်နိုင်တယ်ဆိုရင် မောင် မငှားတော့ပါဘူး၊ အခုချိန်မှာ ငြိမ်းနဲ့ကိုယ် နှစ်ယောက်တည်း ဘဝလေးပဲရှိသေးတယ်လေ၊ နောက် သားသားမီးမီးတွေ တိုးပွားလာတဲ့အခါ လိုအပ်ရင် အိမ် အကူတော့ ရှာရမယ်"

မောင် ပြုံးပြုံးလေးပြောတော့ ငြိမ်း ရှက်သွေးဖြာသောအပြုံးတွေနှင့်ခေါင်းလေးငုံ့နေခဲ့ဖူးသည်။

မောင်ကော ငြိမ်းပါ နွေးထွေးပျော်စရာကောင်းသော မိသားစုဘဝလေးကို မျှော်လင့်ထားခဲ့ကြတာအမှန်။

"အဆင်သင့်ဖြစ်ပြီလား ငြိမ်းရေ၊ ဗိုက်ဆာပြီနော်"

အေးသွားသော နံပြားတွေကို မီးကင်အပြီးမှာပဲ မောင် ရောက်လာတာမို့ ငြိမ်း အတွေးလေးတွေ ပြတ်တောက်ကာ လှည့်ကြည့်မိသည်။

အဖြူရောင်ရှပ်လက်ရှည်နှင့် နက်ပြာရောင်ဘောင်းဘီကို ဝတ်ဆင်ထားသော မောင့်အသွင်က ရှင်းသန့်ခန့်ညားနေသည်။ မောင်၏ခန့်ညားချောမောသော ရုပ်သွင် မြင့်မားသော အရပ်အမောင်းနှင့်လိုက်ဖက်သော ခန္ဓာကိုယ်ကြောင့်လည်း ယာဉ်ထိန်းရဲ့ယူနီဖောင်းနှင့်လိုက်ဖက်တင့်တယ်တာထင်သည်။

"ဘာငေးကြည့်နေတာလဲ ငြိမ်းရဲ့၊ မောင် ကြယ်သီးတွေများ သက်အောက်မှားတပ်ထားမိလို့လား"

www.burmeseclassic.com



ပြောရင်း မောင် မလုံမလဲနှင့် အင်္ကျီကြယ်သီးတွေကို ပြန်ငုံ့ကြည့်နေတာမို့ ငြိမ်း အသံလေးထွက်အောင် ရယ်မိရင်း

"မဟုတ်ပါဘူး မောင်ရဲ့၊ မောင့်စတိုင်က သပ်ရပ်ကြည့်ကောင်းနေလို့ ကြည့်မိတာပါ အဟင်း ဟင်း"

"ငြိမ်း မြှောက်ပြောတာနဲ့ မောင်တောင် ဘဝင်မြင့်သွားချင်ပြီ၊ မောင် ယာဉ်ထိန်းရဲဝန်ထမ်းလုပ်ခဲ့တာ ငြိမ်းနဲ့အိမ်ထောင်မကျခင်ကတည်းကပါကွာ၊ လေးနှစ်တောင်ကျော်ပြီထင်တယ်"

ကျောင်းပြီးဘွဲ့ရတော့ မောင်သည် ဝါသနာပါသော ယာဉ်ထိန်းရဲဝန်ထမ်းလုပ်မည်ဆိုတော့ ငြိမ်း မကန့်ကွက်ခဲ့ပါ။ မောင့် ဝါသနာကို နားလည်ခွင့်ပြုပေးခဲ့သည်။

တက္ကသိုလ်ဒုတိယနှစ်ကတည်းက ချစ်သူတွေဖြစ်ခဲ့သော မောင်နှင့်ငြိမ်းကြားမှာ နားလည်မှုတွေ ခိုင်မာခဲ့သလို တစ်ယောက်ဝါသနာကိုလည်း တစ်ယောက် သိထားပြီးသားဖြစ်သည်။

ဒါကြောင့်လည်း မောင် ဝါသနာအတိုင်း ရွေးခဲ့သော အလုပ်ကို ငြိမ်း နားလည်ခွင့်ပြုခဲ့၏။ ကျောင်းဆရာမတစ်ယောက် ဖြစ်လိုသော ငြိမ်းရဲ့ရည်ရွယ်ချက်တွေကတော့ ပျက်စီးခဲ့ရသည်။

ဒါကလည်း မောင့်ကိုချစ်သည့်စိတ်ကြောင့် စွန့်လွှတ်ခဲ့တာပဲဖြစ်၏။

မောင် လက်ထပ်ခွင့်တောင်းကာ နှစ်ယောက်ဘဝလေးတည်ဆောက်လိုသည်ဆိုတော့ ငြိမ်း ခေါင်းညိတ်ခဲ့သည်။ မောင်က ဝန်ထမ်းတစ်ယောက် ငြိမ်းကလည်း ဝန်ထမ်းတစ်ယောက်အဖြစ် ရပ်တည်ခဲ့လျှင် ကြုံဆုံရမည့်အခြေအနေတွေကို တွေးမိတာကြောင့်ဖြစ်၏။

"နိုင်ငံ့ဝန်ထမ်းဆိုတာ တာဝန်ကျရာကိုသွားနိုင်ရမယ် မောင်ရဲ့၊





ငြိမ်း ဆရာမဖြစ်ရင် မလွယ်တော့ဘူးလေ၊ ဒါကြောင့် ငြိမ်းဝါသနာကို စွန့်လွှတ်လိုက်တာပါ၊ မောင်နဲ့အတူနေပြီး မောင် တာဝန်ကျတဲ့နေရာကို ငြိမ်း တစ်ဖဝါးမခွာလိုက်နိုင်ရမှာပေါ့"

"မောင့်ကိုချစ်တဲ့စိတ်နဲ့ ငြိမ်းရဲ့ရည်ရွယ်ချက်ကို စွန့်လွှတ်လိုက်တာ မောင် စိတ်မကောင်းဘူး၊ ဒါပေမဲ့ အဲဒီအတွက် အရမ်းလည်း ကျေးဇူးတင်တယ်၊ ငြိမ်းကိုလည်း မောင် ပိုပြီး ချစ်ရပါတယ်ကွာ"

"ငြိမ်းဘဝအတွက် မောင့်ရဲ့အချစ်တွေကလည်း အလိုအပ်ဆုံးအရာပဲ မောင်ရယ်၊ ငြိမ်း ကျေနပ်ပျော်ပါတယ်"

တကယ်လည်း မောင့်ကိုချစ်စိတ်နှင့် ငြိမ်း ဝါသနာကို စွန့်ပေးခဲ့တာဖြစ်သည်။ မိဘနှစ်ပါးဆုံးပါးခဲ့ပြီဖြစ်ပေမယ့် မောင့်မှာမိဘတွေ ချန်ထားရစ်ခဲ့သော အမွေဆက်ခံနိုင်မည့်လုပ်ငန်းတွေရှိသည်။

မောင့်ဖေဖေ ရှယ်ယာတွေထည့်ဝင်ထားသည့် မည်သည့်ကုမ္ပဏီလုပ်ငန်းမှာမဆို မောင် အလုပ်တစ်နေရာ ဝင်ယူနိုင်၏။ ဒါပေမဲ့ မောင် သည် ဝါသနာနှင့်အလုပ်ကိုပဲ ရွေးခဲ့၏။

"ငြိမ်း စားလေ၊ ဘာတွေတွေးနေပြန်တာလဲ"

မောင့်အသံကိုကြားမှ လွင့်ခန့်မျောသွားသောအသိတွေကို ပြန်စုစည်းရင်း ငြိမ်း မောင့်ကို မော့ကြည့်မိ၏။ မောင်ကတော့ ငြိမ်းဘစ်ဖုံစာ ပိုင်းဖြတ်ပေးထားသော နံပြားပိုင်းလေးတွေကို ပဲပြုတ်ဆီစိမ်းနှင့်သိပ်ကာ စားသောက်နေ၏။

"မောင် ဝအောင်စားပါ၊ ငြိမ်းက အေးအေးဆေးဆေး စားလို့ရတယ်၊ မောင် ရုံးနောက်ကျနေဦးမယ်"

"မှီပါတယ် ငြိမ်းရဲ့၊ မောင့်အတွက် ထမင်းချိုင့်အသင့်ပဲမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား''

''အသင့်ပဲ မောင်၊ ထည့်ထားပြီးပါပြီ''

မောင် ကော်ဖီကို မွှေသောက်ပြီး လက်သုတ်ပဝါလေး လှမ်းယူတော့ ငြိမ်း စားပွဲပေါ်က သုံးဆင့်စတီးချိုင့်လေးကို လှမ်းယူလိုက်၏။ ဆင်ဝင်အောက်က ကားအနားအထိ မောင့်ကိုလိုက်ပို့ရင်း မောင့်ဆီက နှုတ်ဆက်အနမ်းတစ်ပွင့်ကို ငြိမ်း ခံယူနေကျမဟုတ်လား။

■ ■ ■

## အခန်း (၂)

သူ့ ရုံးခန်းထဲမှာရှိနေသည့် တစ်မနက်ခင်းလုံး ထူးခြားဖြစ်စဉ် Report သတင်းတစ်ခုမှ ရောက်မလာတာမို့ မင်္ဂလာရှိသော မနက်ခင်းလေးဖြစ်နေ၏။

အရေးပေါ်ယာဉ်တိုက်မှု သတင်းရီပို့စ်ဝင်လာသည့်နေ့တွင်ဆိုသွင် သူ့အတွက် အလုပ်တွေရှုပ်ထွေးရစမြဲ။ ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာကို အရေးပေါ်ချက်ချင်းသွားရောက်ကာ စစ်ဆေးရသည်။

ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရသူများ အခြေအနေကို ဆေးရုံအထိ သွားရောက်စုံစမ်းမေးမြန်းရသည်။ ယာဉ်ကို မဆင်မခြင် စည်းကမ်းမဲ့မောင်းနှင်သူတစ်ယောက်ကြောင့် အသက်နှင့်ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ဆုံးရှုံးပေးဆပ်လိုက်ရသူတွေကိုမြင်ရတိုင်း သူ စိတ်မကောင်းဖြစ်ခဲ့၏။

ယာဉ်မောင်းသူ၏စည်းကမ်းမဲ့မှုကြောင့် မဖြစ်သင့်တာတွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြသလို စည်းကမ်းမဲ့လမ်းဖြတ်ကူးသူတွေကြောင့်လည်း မလိုလားအပ်သောယာဉ်တိုက်မှုတွေ ကြုံဆုံရတတ်သည်။

ထိုဒုက္ခဆင်းရဲအန္တရာယ်တွေ ကင်းဝေးအောင် စောင့်ရှောက်တာဝန်ယူပေးနေသော ယာဉ်ထိန်းရဲသားကြီးတွေကို သူ ငယ်စဉ်ကတည်းက အားကျလေးစားခဲ့ရဖူးသည်။

ဒါကြောင့်လည်း တစ်နေ့ကျလျှင် ယာဉ်ထိန်းရဲအရာရှိကြီးဖြစ်အောင် လုပ်မည်ဟု သူ ရည်မှန်းထားခဲ့၏။

သူ ကျောင်းမပြီးခင်တစ်နှစ်အလိုမှာ ဖေဖေ ဆုံးပါးသွားခဲ့သည်။ ဖေဖေက မိတဆိုးသားလေး သူ့အပေါ်မှာ အမြဲတမ်း အလိုလိုက်အချစ်ပိုခဲ့သူပဲဖြစ်သည်။

သူ ဆယ်နှစ်သားလောက်မှာ မေမေဆုံးသည်။ ထိုစဉ်ကတည်းက ဖေဖေသည် နောက်အိမ်ထောင်မတည်ဘဲ သူ့အပေါ် တစ်ဘဝလုံး ပုံခဲ့သည်။ သားဖြစ်သူအတွက် ပြည့်စုံလုံလောက်အောင်လည်း ဖေဖေက စီးပွားရေးမှာ ရှာဖွေပေးခဲ့သည်။

စီးပွားရေးကုမ္ပဏီကြီးနှစ်ခုမှာ အစုရှယ်ယာတွေ ဝင်ထားသည့် အမြတ်ငွေနှင့်ပဲ သူ့ဘဝကို ရပ်တည်နိုင်သည်။

ဒါကြောင့်လည်း ကျောင်းပြီးတော့ သူ ဝါသနာပါသည့် ယာဉ်ထိန်းရဲဝန်ထမ်းဘဝကိုပဲ ရွေးချယ်လုပ်နိုင်ခဲ့တာဖြစ်သည်။

"မဟုတ်သေးဘူး ပြည့်စုံနိုင်၊ အစိုးရဝန်ထမ်းအလုပ်ကို မင်းဘာလို့လုပ်မှာလဲ၊ မင်းလုပ်သင့်တာ မင်းအဖေ ရှယ်ယာဝင်ထားတဲ့ ကုမ္ပဏီတစ်ခုမှာ ဝင်လုပ်သင့်တယ်၊ မင်းအရည်အချင်းနဲ့ ဒီထက်ပိုပြီး တိုးတက်ကြီးပွားအောင် ကြိုးစားသင့်တယ်"





ဖေဖေ့ဘက်က ညီအစ်ကို ဦးလေးသားချင်းတွေက တားမြစ်သည်။ ဒါပေမဲ့ သူ ခေါင်းမာစွာပဲ လုပ်ချင်တာကို ရွေးချယ်ခဲ့သည်။

ဒါကို နားလည်သဘောတူသူက ငြိမ်းပဲဖြစ်သည်။ ချစ်သော ငြိမ်းတစ်ယောက်သာ သူ့ဆန္ဒတွေကို အကြွင်းမဲ့ယုံကြည်ပေးခဲ့၏။ နှစ်ကိုယ်တူဘဝလေး တည်ဆောက်တော့လည်း ငြိမ်းသည် ကျောင်းဆရာမဖြစ်ချင်သော ဝါသနာကို ပေးဆပ်စွန့်ခဲ့သည်။

သူနှင့်အတူ တာဝန်ကျရာ နေရာအထိ အတူလိုက်နိုင်အောင် ငြိမ်းက ဝါသနာကို စွန့်ကာ သူ့ကိုချစ်ခဲ့တာဖြစ်သည်။

သူ့ဘဝမှာ ငြိမ်းဆိုသော သက်စုငြိမ်းသည် မြတ်နိုးစရာအကောင်းဆုံး ဇနီးမယားတစ်ယောက်ပါပဲ။

"ဘာတွေတွေးနေတာလဲ ကိုပြည့်စုံနိုင်"

ရုံးခန်းထဲဝင်လာသော ကိုအောင်မိုး အမေးစကားသံကြောင့် သူ့အတွေးတွေ ပြတ်တောက်မော့ကြည့်မိသည်။

"ဪ ကိုအောင်မိုး ဘာမှမဟုတ်ပါဘူးဗျာ၊ ဒီတစ်မနက်လုံး ယာဉ်မှုခင်းရိပ်မိတစ်ခုမှ တက်မလာလို့ စိတ်ချမ်းသာနေတာပါ"

"ဟုတ်ပါ့ဗျာ၊ ဒီမနက်စာတော့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ စားလို့ရတာပေါ့ဗျာ"

မနက်ခင်း ယာဉ်မှုခင်းရိပ်မိတွေဝင်လာလျှင် သူတို့ယာဉ်မှုစစ်ဆေးထမ်းတွေ မနက်စာ ထမင်းတောင် ကောင်းကောင်းမစားရတတ်တာကြောင့် ကိုအောင်မိုး ပြောခြင်းဖြစ်၏။

"စားကြမယ်လေ ကိုအောင်မိုး၊ ကျွန်တော် ခင်ဗျားကိုစောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့တော့ ခင်ဗျားတစ်ယောက်တည်း စားတော့ ကိုပြည့်စုံနိုင်ရေ၊ ကျွန်တော် ထမင်းချိုင့်မပါဘူးဗျ၊ အပြင်မှာသွားစားမလို့"

"ဟာ ဘာလို့လဲ၊ ခင်ဗျားမိန်းမ နေမကောင်းလို့လား"

ကိုအောင်မိုးက သူ့လိုပဲ အမြဲတမ်း ထမင်းချိုင့်ထည့်လာတတ်သူဖြစ်သည်။ မနက်စာကိုလည်း သူ့စားပွဲမှာ နှစ်ယောက်အတူစားနေကျဖြစ်၏။

"မိန်းမနေမကောင်းလို့ မဟုတ်ပါဘူးဗျာ၊ ဒီနေ့ ကျွန်တော့်သားမူကြိုမှာ ကဗျာရွတ်ပြိုင်ပွဲရှိတယ်၊ မိန်းမက လိုက်သွားရမှာဆိုတော့ မနက်က ဘာမှမချက်ပြုတ်နိုင်ဘူးလေ၊ ဒါကြောင့် ဒီနေ့တစ်ရက်တော့ အပြင်မှာပဲဝယ်စားရမှာဗျ"

"ကျွန်တော့်မှာ ထမင်းနဲ့ဟင်းတွေ အများကြီးပါဗျ၊ ဒီမှာပဲ ဝေမျှစားလိုက်ပါလား"

"ဟာ စားပါ စားပါ ကိုပြည့်စုံနိုင်ရာ၊ စီမံဌာနက ကိုလင်းလင်းတို့နဲ့ အတူလိုက်စားဖို့ ပြောထားပြီးနေလို့၊ ကျေးဇူးပါပဲဗျာ"

သူ့ကိုနှုတ်ဆက်ပြီး ကိုအောင်မိုး ထွက်သွားတော့ သူ ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ကိုအောင်မိုးမှာ သုံးနှစ်အရွယ် သားလေးတစ်ယောက်ရှိတာ သူ သိထားသည်။

ဇနီးနှင့်သားနှင့် ပျော်စရာကောင်းသော မိသားစုဘဝလေးကို ပိုင်ဆိုင်နေသော ကိုအောင်မိုးဘဝက ကျေနပ်အားကျစရာကောင်းသည်။

သူနှင့်ငြိမ်းတို့နှစ်ဦးဘဝလေးအတွက်လည်း ချစ်ခင်စရာကောင်းသော ရင်သွေးလေးတစ်ယောက်တော့ ပိုင်ဆိုင်လိုသည်။

သားသားလေးဖြစ်စေ၊ မီးမီးလေးဖြစ်စေ ရှိလျှင်တော့ သူ





အလုပ်သွားနေချိန်မှာ တစ်ယောက်တည်းနေခဲ့ရသော ငြိမ်းအတွက် အဖော်ဖြစ်စေမှာလည်း သေချာသည်။

ပြီးတော့ သူ အလုပ်ကပြန်လာလျှင် တီတီတာတာနှင့် နှုတ်ဆက် ကြိုမည့် ရင်သွေးလေးပါ ငြိမ်းနှင့်အတူရှိနေမည့် ဘဝလေးက ကျေနပ် စရာအတိ။

သူနှင့်ငြိမ်းတို့အိမ်ထောင်သက်တမ်းသည်ပဲ တစ်နှစ်ကျော်နေပြီ။ အိမ်ရဲ့ဆည်းလည်းရတနာလေးတစ်ပါးတော့ ရှိသင့်ပြီထင်ရဲ့။

■ ■ ■

www.burmeseclassic.com

## အခန်း (၃)

"ငြိမ်းကို မောင်ပြောစရာရှိလို့"

အခန်းထဲက ဆက်တီဆိုဖာထိုင်ခုံလေးမှာ တီဗွီထိုင်ကြည့်ေ
သော မောင့်အတွက် ကော်ဖီတစ်ခွက်ဖျော်ပြီး လာပို့ခိုက်မှာ မော
စကားစလာသည်။

ကော်ဖီပန်းကန်ကို မောင့်ရှေ့စားပွဲမှာချပေးရင်း မောင့်နံဘေ
ဆိုဖာထိုင်ခုံမှာ ငြိမ်း ဝင်ထိုင်လိုက်၏။

မောင့်အကြောင်းကို ငြိမ်း အသိဆုံးဖြစ်သည်။ ဒီလို ညစာ
ပြီး နှစ်ယောက်ဆုံချိန်မှာ မောင်သည် တစ်နေ့တာ ရုံးမှာ ကြုံခဲ့ရသေ
အဖြစ်အပျက်တွေကို ပြန်ပြောတတ်စမြဲဖြစ်သည်။

ယာဉ်တိုက်မှုအကြောင်းတွေကို မောင် ပြောပြတိုင်းလည်
ငြိမ်း အမြဲတမ်း နားထောင်ပေးတတ်သည်။ အခုလည်း ဒီနေ့ မော





ဘယ်လို ယာဉ်မှုခင်းမျိုး ကြုံခဲ့ရသည်မသိ။

မောင့်နံဘေးမှာ ဝင်ထိုင်ပြီး မောင်ပြောလာမည့် စကားတွေကို ငြိမ်း နားစွင့်ထားပေမယ့် မောင့်နှုတ်က ဘာစကားသံမှ ထွက်မလာသေး ဘာမို့ လှည့်ကြည့်မိ၏။

မောင့်မျက်ဝန်းတွေက ငြိမ်းကိုပဲ ရှုးရှုးနစ်နစ်လေး ငေးစိုက် ကြည့်နေခဲ့တာမို့

"မောင် ပြောပြမလို့ဆို၊ ပြောလေ မောင် ဒီနေ့ ဘယ်လိုယာဉ် မှုခင်းတွေကြုံခဲ့ရလို့လဲ"

"ဟင့်အင်း ဒီနေ့တစ်နေ့လုံး မောင်တို့ရုံးကို ဘာယာဉ်မှုခင်း မှို့မှ တက်မလာဘူး ငြိမ်းရဲ့"

"မသိပါဘူး၊ မောင်က ပြောစရာရှိတယ်ဆိုလို့"

မောင် နွေးနွေးလေးပြုံးရင်း ငြိမ်း ပခုံးကိုသိုင်းဖက်ကာ ခေါင်း ထဲ ဆွဲသွင်းတော့ ငြိမ်း အလိုက်သင့်မောင့်ရင်ခွင်မှာ ခိုမှီလိုက်၏။

"မောင် ပြောချင်တာ ငြိမ်းနဲ့မောင်တို့အကြောင်းပါ၊ မောင်တို့ အိမ်ထောင်သက်တောင် တစ်နှစ်ကျော်ခဲ့ပြီနော်"

မောင့်စကားတွေက ထူးဆန်းနေခဲ့တာတော့ အမှန်။ မောင် ဘာကိုဆိုလိုချင်တာလဲ။ မောင့်မျက်နှာကို မော့ကြည့်ရင်း ငြိမ်း ဆက်ပြီး နားစွင့်ထားမိ၏။

"မောင်နဲ့ငြိမ်းတို့နှစ်ယောက် ဘဝလေးထဲကို သားသားမီးမီး လေးတစ်ယောက်လောက်တော့ ရောက်လာသင့်ပြီနော်"

ငြိမ်း မျက်နှာလေး ရှိန်းမြနွေးသွားစေသည်။ မောင် တောင့်တ သော ဘဝမျိုးကို ငြိမ်းလည်း လိုချင်ခဲ့တာအမှန်။



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်း မောင့်စကားကို လက်ခံရဲ့လားဟင်"

ငြိမ်း နှုတ်ခမ်းပေါ်က သံနှယ်လေးတွေကို ညင်သာစွာ သပ်တင်ပေးနေရင်း မောင်မေးတော့ ငြိမ်း ရှက်ပြုံးလေးနှင့်

"မောင်ရယ် ငြိမ်းလည်း အဲဒီဘဝလေးကို တောင့်တနေခဲ့တာပါပဲ"

"ဟင် တကယ်လား ငြိမ်း၊ ဒါဆို မောင့်အတွက် ရင်သွေးလေး ငြိမ်း တကယ်ပဲ မွေးပေးမှာလားဟင်"

"အဟင်း မောင်ကလည်း တကယ်ရှိလာရင် မွေးပေးမှာပေါ့"

ငြိမ်း မောင့်ရင်ခွင်မှာ မျက်နှာလေးအပ်ကာ ရှက်သံဝဲဝဲနှင့်ဆိုတော့ မောင့်လက်တွေက ငြိမ်းခန္ဓာကိုယ်လေးကို တင်းတင်းလေး သိုင်း ဖက်လာ၏။

"တကယ်ရှိလာရင် ဟုတ်လား ငြိမ်း၊ မပူပါနဲ့ ငြိမ်းရယ်၊ တကယ်ရှိလာအောင် မောင် ကြိုးစားမှာပေါ့"

"အို မောင်ကလည်း ဘာတွေပြောနေတာလဲ"

"မရှက်ပါနဲ့ ငြိမ်းရယ်၊ မောင်နဲ့ငြိမ်းတို့ဘဝလေးထဲရောက်လာမယ့် ရင်သွေးလေးအတွက် မောင်ကောငြိမ်းပါ ကြိုးစားကြရမှာပဲမဟုတ်လား"

"အာ မောင်နော်၊ နားရှက်စရာတွေ မပြောနဲ့ကွာ"

မောင့်မျက်နှာကို မော့မကြည့်ရဲဘဲ ငြိမ်း ရှောင်တိမ်းဖို့ ကြိုးစားတော့ ငြိမ်း မေးဖျားလေးကိုပင့်ကာ မောင် မျက်နှာချင်းဆိုင်ဖို့ကြိုးစားသည်။

"မောင့်မိန်းမကလည်း တကယ့်အပျိုးဖြန်းလေးကျနေတာပဲ





ကြာခင်ပဲ ကလေးတစ်ယောက်မေမေ ဖြစ်တော့မှာကို"

"ကြည့် မောင်နော်၊ ဘာတွေပြောနေတာလဲ"

"အဲ ဟုတ်သားပဲ၊ မောင် စကားမှားသွားတယ်၊ မောင့်မိန်းမက တစ်ယောက်တည်းမဟုတ်ဘဲ အမြွှာပူးလေးမွေးရင် ကလေးနှစ်ယောက်တော့ တစ်ပြိုင်နက် ပိုင်ဆိုင်ရမှာ"

"မောင်နော်"

ငြိမ်း မျက်နှာလေးရဲရဲနီကာ မောင့်လက်မောင်းကို မနာအောင် ဆိတ်တော့ မောင် တဟားဟား အော်ရယ်ရင်း မျက်နှာအနှံ့ အနမ်းတို့ရှာချသည်။

"ချစ်လိုက်ရတာ ငြိမ်းရယ်"

အနမ်းနွေးနွေးတို့နှင့်အတူ ကြင်နာရိပ်လွှမ်းသော မောင့်စကားသံတွေက ငြိမ်း ရင်ထဲအထိ စီးမျောတိုးဝင်စေ၏။

ဘယ်တော့မှ မရိုးနိုင်သော မောင့်ရဲ့ယုယကြင်နာခြင်းတွေမှာ ငြိမ်း ရင်ခုန်သံတွေ လှုပ်ခတ်မိန်းမောသွားရပြန်သည်။

ဖွင့်ထားသော တီဗွီဖန်သားပြင်ပေါ်က ပုံရိပ်တွေကို မောင်နှင့် ငြိမ်းနှစ်ဦးစလုံး မေ့လျော့စွာ ရင်ခုန်သံတွေ စီးမျောသွားခဲ့ရသည်။

မောင်မျှော်လင့်သော တောင့်တသော မိသားစုဘဝလေးကို ငြိမ်း ကိုယ်တိုင်လည်း ပိုင်ဆိုင်လိုခဲ့ပေမယ့်. . ။

www.burmeseclassic.com

## အခန်း (၄)

"ငြိမ်းတို့အိမ်ထောင်သက်က တစ်နှစ်ကျော်ပြီ ဘာသန္ဓေတား နည်းမှလည်း မသုံးခဲ့ဘူးဆိုတော့ မဟုတ်သေးဘူး"

ဆွေဆွေ စကားကြောင့် ငြိမ်း ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရ တာအမှန်။ မောင်နှင့်ငြိမ်းတို့ မျှော်လင့်သောရင်သွေးလေး ရနိုင်ဖို့အတွက် မျှော်လင့်ချက်တို့ဖြစ်တည်မလာတာမို့ ဆွေဆွေ့ထံရောက်ခဲ့တာဖြစ်သည်။

ငယ်သူငယ်ချင်းဖြစ်သော ဆွေဆွေက သားဖွားမီးယပ်ဆိုင်ရာ ဆရာဝန်တစ်ယောက်မို့လည်း ငြိမ်း အားကိုးမိ၏။

"တကယ်ပါ ဆွေဆွေ၊ မောင်နဲ့ငါ အိမ်ထောင်ကျကတည်းက ငါ ဘာသန္ဓေတားဆေးမှ မသုံးခဲ့ဖူးဘူး။ ငါတို့အိမ်ထောင်သက်တစ်နှစ် ကျော်အထိဆိုပါတော့၊ အခု မောင်ကော ငါပါ ရင်သွေးလိုချင်တယ် ဒါကြောင့် နင့်ဆီကို ငါလာခဲ့တာ"





ငြိမ်း စကားကို ဆွေဆွေ ခေါင်းလေးတညိတ်ညိတ် နားထောင်ပေးသည်။ ငြိမ်း မျက်ဝန်းထဲမှာ ကြီးမားသောမျှော်လင့်ချက်တွေကိုလည်း ဆွေဆွေ မြင်တွေ့နားလည်မှာ သေချာ၏။

"အခြေအနေတစ်ခုကို ငါ ချက်ချင်းပြောလို့မရတဲ့ အနေအထား ဖြစ်နေတယ် ငြိမ်း၊ အကောင်းဆုံးက လိုအပ်တဲ့စစ်ဆေးမှုတွေကို အရင်ဆုံးလုပ်ရမယ်၊ နင်ကော နင့်ခင်ပွန်းကော နှစ်ယောက်စလုံးကိုပေါ့ဟာ"

"ငါကော မောင်ပါဟုတ်လား ဆွေဆွေ"

"ဟုတ်တယ် ငြိမ်း၊ နင်တို့အခြေအနေက နှစ်ယောက်စလုံးကို တိကျတဲ့ဆေးစစ်ချက်တွေ ရှာဖွေကြည့်ရမယ်၊ ယောကျ်ားနဲ့မိန်းမ တစ်ယောက်ယောက်မှာ ရင်သွေးမရနိုင်တဲ့ ချွတ်ယွင်းချက်ရှိနေရင် မလွယ်ကူဘူးပေါ့ဟာ"

ငြိမ်း ရင်ထဲမှာ ဆို့ခနဲ ခံစားလိုက်ရတာအမှန်။ ဆွေဆွေပြောသလို ချွတ်ယွင်းချက်ကြီးရှိနေခဲ့လျှင် ဟူသော စကား၏အဆုံးသတ်ကို ငြိမ်း ဆက်မတွေးရဲပါ။

"ငါ အကြံပေးချင်တာက တိကျသေချာအောင် နင်တို့နှစ်ယောက်စစ်ဆေးလိုက်ကြပါ၊ ဒါမှ လိုအပ်တဲ့အကြံဉာဏ်ကို ငါပေးနိုင်မှာလေ"

ငြိမ်း ပင့်သက်ရှိုက်ရင်း ဘာစကားမှ မဆိုနိုင်ခဲ့ပါ။ ဆွေဆွေကတော့ နှစ်သိမ့်စကားတွေနှင့် ငြိမ်းကို အားပေးသည်။ ဒါပေမဲ့ ငြိမ်း အတွက်မျှော်လင့်ချက်တို့က ကျဆုံးလုလုဖြစ်ခဲ့၏။

ဆွေဆွေ့ကို နှုတ်ဆက်ကာ ပြန်ခဲ့ချိန်ထိ ရင်တစ်ခုလုံးမောဟိုက်



www.burmeseclassic.com

www.burmeseclassic.com



နှံးချိနေခဲ့သည်။

ပျော်စရာမိသားစုဘဝလေးကို မောင်လည်း လိုလားစွာတောင့်တနေခဲ့သည်။ ပြီးတော့ ငြိမ်းလည်း မျှော်လင့်ပိုင်ဆိုင်လိုခဲ့၏။ အခုတော့ ထိုမျှော်လင့်ချက်တွေက ပြိုပျက်ရတော့မည်လား။

မောင်လိုချင်သော ရင်သွေးလေးကို ငြိမ်းကိုယ်တိုင်ကလည်း မွေးဖွားပေးချင်သည်။

မောင်ရယ် ငြိမ်းရယ် ချစ်စရာကောင်းသော ရင်သွေးလေးရယ် ပျော်ရွှင်စရာ မိသားစုဘဝလေးကို ငြိမ်း ပိုင်ဆိုင်ခွင့်မရှိတော့ဘူးလား။ ဆွေဆွေပြောသလို မောင်နှင့်ငြိမ်းကြားမှာ တစ်စုံတစ်ယောက်ရဲ့ချွတ်ယွင်းချက်ကြီးကြောင့်သာ ဖြစ်နေခဲ့လျှင် ငြိမ်း မတွေးရဲပါ။

ညစ်ညျူးသောစိတ်တွေနှင့် အိမ်ပြန်ရောက်တော့လည်း အာရုံတွေက ရှုပ်ထွေးနောက်ကျိနေခဲ့သည်။

ဆွေဆွေနှင့်ဆုံခဲ့တာတွေကို မောင် မသိစေချင်ပါ။ ငြိမ်းလိုပဲ မောင်လည်း စိတ်ရှုပ်ထွေးသွားမှာ စိုးရိမ်မိ၏။ ချစ်သောမောင့်ကိုတော့ စိတ်အာရုံ မညစ်ညျူးစေချင်တာ ငြိမ်းရင်ထဲက ဆန္ဒ။

မောင့်ကိုချစ်စိတ်နှင့် ငြိမ်း အမြဲတမ်း အနစ်နာခံပေးဆပ်ခဲ့တာ ဟိုးအရင်ကတည်းကပါ။ မောင့်ဝါသနာအတွက် ငြိမ်းရဲ့ဝါသနာကိုတောင် စွန့်လွှတ်ပေးထားခဲ့ဖူးသည်။

မရေရာ မသေချာသေးသော အဖြေတစ်ခုအတွက် မောင့်ကို ကြိုတင်စိတ်မညစ်စေချင်ပါ။

ငြိမ်းရင်ထဲမှာပဲ သိုဝှက်ထားဖို့ ဆုံးဖြတ်ဖြစ်ခဲ့၏။

■ ■ ■



ညနေ မောင်ပြန်ရောက်လာချိန်မှာ ငြိမ်း ရေမိုးချိုး သနပ်ခါးနှံ့နှံ့လေးနှင့် ကြိုဆိုပြီးဖြစ်နေ၏။ သင်းလင်အောက်ကို မောင် ကားလေး ထိုးရပ်သည်နှင့် ငြိမ်း အပြုံးနွေးနွေးလေးနှင့်

"မောင် ဒီနေ့ စောသားပဲ"

"ကံကောင်းလို့ ငြိမ်းရေ၊ နေ့လယ်က ကေ့စ်တစ်ခုဝင်လာလို့ အပြေးအလွှား ရှင်းရသေးတယ်၊ စောစောကိစ္စပြတ်သွားလို့ ပြန်လာရတာ"

"ဘာဖြစ်တာလဲ မောင်"

မောင့်လက်ထဲက သားရေအိတ်ကိုလှမ်းယူရင်း ငြိမ်းမေးတော့ မောင်က ခေါင်းကိုခါရင်း

"ကြီးကြီးမားမားတော့ မဟုတ်ပါဘူးကွာ၊ ကိုယ်ပိုင်ယာဉ်နှစ်စီး တိုက်မိတာပါ၊ ဘယ်သူမှ ထိခိုက်ဒဏ်ရာမရကြလို့ တော်သေးတယ်"

ပြောရင်း ငြိမ်း ပခုံးကို သိုင်းဖက်ကာ မောင် ရွှန်းရွှန်းစားစား ကြည့်သည်။

"ဟား မောင့်မိန်းမက လှနေပါလား၊ သနပ်ခါးနံ့လေးတွေက အမောပြေသွားတာပဲ"

ငြိမ်း နွေးနွေးလေးပြုံးပြတော့ မောင့်အနမ်းတစ်ပွင့် နဖူးပေါ်ကို လွင့်ခနဲ ကြွေကျလာခဲ့၏။

"အား အမောကိုပြေသွားတာပဲ၊ ငြိမ်းက ရေမိုးချိုးပြီးပြီပေါ့"

"ဟုတ်တယ်မောင် အဝတ်တွေလျှော်ရင်း တစ်ခါတည်းချိုးလိုက်တာ မောင်လည်း ခဏနားပြီး ရေချိုးလိုက်နော်၊ ပြီးရင် ထမင်းအတူစားရအောင်၊ ငြိမ်း ပြင်ဆင်ထားလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အခုချိန်မှာ မောင် ထမင်းမဆာဘူး ငြိမ်းရဲ့"

"ဟင် ဘာလို့လဲ မောင်အပြင်က စားလာလို့လားဟင်"

ငြိမ်း မျက်ဝန်းလေး ဝိုင်းကာ တအံ့တသြ မေးတော့ မောင် ပြုံးပြုံးလေး ခေါင်းကိုခါရင်း

"မဟုတ်ဘူးလေ မောင် ထမင်းမဆာဘူး၊ အချစ်တွေဆာလောင်နေတာ"

"ဟာ မောင်ကလည်း ကလေးကလားနဲ့"

"ဘယ့်နှယ်ကလေးကလားရမှာလဲ မောင့်မိန်းမမျက်နှာပေါ်က သနပ်ခါးတွေကို မောင်ကတစ်ဝကြီး နမ်းပစ်ချင်တာ၊ အခုတော် မောင် ခန္ဓာကိုယ်ကချွေးတွေနဲ့မို့ မနမ်းရက်လို့ကွ"

"မောင်ရယ် ငြိမ်း သနပ်ခါးလိမ်းတာ အဆန်းကျနေတာပဲ၊ ဟိုးအရင်ကတည်းက ရေချိုးပြီးတိုင်း လိမ်းနေကျပါ၊ အခုတလော မလိမ်း ဖြစ်တာ အိမ်အလုပ်တွေရှုပ်နေလို့ သိပ်လည်း စိတ်မပါလို့ပါ"

"အဲဒါကို မောင် စိုးရိမ်နေတာ၊ အခုတော် အလုပ်တွေရှုပ်နေတာ သားသားမီးမီးတွေရလာရင် မောင့်ကိုကြင်နာဖို့တောင် အချိန်ရပါ့မလားဟင်"

"မောင်နော် ဘာတွေပြောနေတာလဲ၊ ငြိမ်းက မောင့်ကိုရင်ထဲက မြတ်မြတ်နိုးနိုးချစ်တာ၊ ဘယ်တော့မှ မရိုးနိုင်အောင် ချစ်တာပါကွယ်"

ငြိမ်းရင်ထဲက ခံစားချက်အတိုင်းပြောတော့ မောင် ကျေနပ်စွာ ရယ်ရင်း မေးဖျားလေးကို ဖွဖွလေးလိမ်ဆွဲ၏။

"ယုံပါတယ် ငြိမ်းရယ်၊ မောင်ကလည်း သားသားမီးမီးတွေ တစ်ဒါဇင်လောက်ရတဲ့အထိ ငြိမ်းကို ချစ်နေမှာ၊ မောင်လိုချင်တဲ့ရင်သွေး





လေးတစ်ယောက် မွေးပေးတိုင်း ဆတိုးပြီး ချစ်သွားမှာ ကြင်နာသွားမှာ အကြွင်းမဲ့ယုံ"

မောင့်စကားကြောင့် ငြိမ်းရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။ မောင့်ရင်ထဲက အပြင်းပြဆုံး ဆန္ဒကိုကြားရတိုင်း ငြိမ်း စိတ်မကောင်း ဖြစ်ရစမြဲ။

ဒါပေမဲ့ မောင်မသိစေချင်တာကြောင့် ငြိမ်း ဟန်ဆောင်အပြုံးလေးနှင့်ပဲ

"ယုံပါတယ် မောင်ရယ်၊ ကဲ ရေချိုးတော့နော်"

ခေါင်းလေးညိတ်ကာ မောင် အခန်းထဲဝင်သွားတော့ ငြိမ်း ဝင့်သက်လေးရှိုက်ရင်း ဆွေ့ဆွေ့မျက်နှာကို ပြေးမြင်မိ၏။

မောင် အတောင့်တဆုံး အရာတစ်ခုအတွက် ငြိမ်းဘက်က အပြည့်ဝဆုံးပေးဆပ်ချင်သည်။ ဒါ ငြိမ်း အခုချိန်မှာ အဖြစ်ချင်ဆုံးဆန္ဒပဲ ဖြစ်သည်။

မောင့်ကိုချစ်ခဲ့သောချစ်ခြင်းအားလုံးသည် ပေးဆပ်ခြင်းတွေပဲ ဆိုတာ ယုံပါ မောင်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဆွေဆွေ၏ရုံးခန်းထဲက ထိုင်ခုံလေးမှာထိုင်ရင်း ဆေးစစ်ချက်အဖြေတွေကို စောင့်နေရသည့် တစ်ချိန်လုံး ငြိမ်း ရင်တွေ တဒိတ်ဒိတ်ခုန်နေခဲ့သည်။

ဆေးစစ်ချက်မှတ်တမ်းဖိုင်တွဲကို ကိုင်ရင်း ဆွေဆွေ ဝင်လာတော့လည်း ငြိမ်း အလျင်စလိုမေးမိပြန်ပါသည်။

''ဘာ ဘာတဲ့ဟင် ဆွေဆွေ''

ငြိမ်း စကားသံတွေက ကတုန်ကယင်ဖြစ်နေတာကို ဆွေဆွေနားလည်လိမ့်မည်ထင်သည်။ ငြိမ်းနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဆွေဆွေဝင်ထိုင်ရင်း

''အိုကေပါတယ် ငြိမ်းရဲ့၊ ငြိမ်းဘက်ကတော့ ဘာချွတ်ယွင်းချက်မှ မတွေ့ဘူး''

''ဟင် တကယ်''

ရင်ထဲမှာ ချောက်ချားထိတ်လန့်နေခဲ့သော စိုးရိမ်စိတ်ကြီးတင်း

ဗျူး၈၇၆ပ



ကတော့ လျှော့ကျသွားခဲ့ရသည်။ ဆွေဆွေက ခေါင်းလေးညိတ်ရင်း ဖိုင်တွဲတွေကို သိမ်းဆည်းနေရင်းမှ

''သေချာပါတယ် ငြိမ်းရဲ့၊ တိကျသေချာအောင်လို့ နှင့်ကိုဆေးစစ်နိုင်းခဲ့တာပဲဟာ''

''ဒါဆို ငါ့မှာ ကလေးရနိုင်ဖို့အတွက် ဘာချွတ်ယွင်းချက်မှ မရှိဘူးပေါ့နော်''

''အေး နှင့်ဘက်ကမရှိပါဘူး၊ ဒါကြောင့် နှင့်ယောကျ်ားဘက်ကိုပဲ စစ်ဆေးကြည့်ရမှာ''

ဆွေဆွေစကားကြောင့် ငြိမ်း တွေခနဲဖြစ်သွားရသည်။ ဆွေဆွေပြောသည့်အကြံအတိုင်း ငြိမ်း ဆေးစစ်ခဲ့တာကို မောင် ဘာမှမသိရှာပါ။ မောင့်ကိုဖွင့်မပြောခဲ့တာလည်း ငြိမ်း ခံစားရသလို မောင့်ကိုရင်တထိတ်ထိတ် မခံစားစေချင်တာကြောင့်ဖြစ်သည်။

အခုတော့ ငြိမ်းစိတ်ကျေနပ်ဝမ်းသာစရာဖြစ်ခဲ့ပေမယ့် မောင့်ဘက်ကို ထပ်စစ်ဆေးရဦးမည်တဲ့။

''နှင့်ဘက်က ဘာချွတ်ယွင်းချက်မှမတွေ့တော့ နှင့်ယောကျ်ားကိုစစ်ဆေးရမယ်လေ၊ ဒါမှ ဘယ်သူ့ဘက်က ချွတ်ယွင်းချက်ရှိသလဲဆိုတာသိရမှာပေါ့''

''မောင့်ကို အသိပေးပြီး ဆေးစစ်ခိုင်းရမှာလား ဆွေဆွေ''

''ဒါပေါ့ ငြိမ်းရဲ့၊ နေပါဦး အခု မင်းဘက်က ဆေးစစ်ချက်တွေ အသိအသားတာ ကိုပြည့်စုံနိုင် မသိဘူးလား''

''ဟင့်အင်း မောင့်ကိုငါ အသိမပေးထားဘူး ဆွေဆွေ၊ မောင်က ကလေးအရမ်းလိုချင်နေတာ၊ ဒါတွေသိရင် မောင် စိတ်ဆင်းရဲမှာစိုး

ဗျူး၈၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



လို့ပါ''

''ငြိမ်းရယ် ဒီကိစ္စက နှစ်ယောက်စလုံးကိစ္စပဲလေ၊ ကိုပြည့်စုံနားလည်အောင် ပြောပြပြီး သူ့ကိုဆေးစစ်ခိုင်းပေါ့၊ ဒါမှ နင်တို့ကလေးရနိုင် မရနိုင် အတိအကျသိရမှာပေါ့''

ဆွေ့စကားကြောင့် ငြိမ်း စိတ်ညစ်ညူးသွားမိသည်။ မောင့်ကိုဖွင့်ပြောဖို့ဆိုတာ

''ဆွေဆွေ တကယ်လို့ မောင့်ဘက်က ချွတ်ယွင်းချက်ရှိနေခဲ့ရင်ကောဟင်''

''အင်း သူ့ဘက်က လုံးဝမရနိုင်တော့တဲ့အထိ ချွတ်ယွင်းနေရင်တော့ မလွယ်ဘူးပေါ့ ငြိမ်းရယ်''

ငြိမ်း ပင့်သက်မောလေးချမိ၏။ မောင်နှင့်ငြိမ်းတို့ကြားမှာရင် သွေးမရနိုင်သော ချွတ်ယွင်းချက်ကြီး မောင့်မှာရှိနေခဲ့လျှင် မောင်အရမ်း ခံစားရမှာသေချာသည်။

ငြိမ်းကိုယ်တိုင်တောင် ဆေးစစ်ချက်အဖြေကို စောင့်ခဲ့ရသောတစ်ပတ်လုံးလုံး စိုးရိမ်စိတ်တွေနှင့် မောပမ်းနုံးချိနေခဲ့ရသည်။

မောင့်ကိုတော့ ဒီလိုမျိုး စိတ်မောပမ်းမှုတွေ မပိုင်ဆိုင်စေချင်ပါပြီးတော့ အခု ငြိမ်းဘက်က ဘာချွတ်ယွင်းချက်မှ မရှိဟု အဖြေထွက်ပေါ်ခဲ့သည်ဆိုတော့ အဆုံးအဖြတ်သည် မောင့်အပေါ်မှာပဲ မူတည်နေခဲ့ပြီ

''ငြိမ်း ငါ အကြံပေးမယ်၊ ဒီကိစ္စကို နင်တို့လင်မယားနားလည် အောင် ညှိနှိုင်းကြပါ၊ နောက်ဆုံး ကလေးမရနိုင်တောင်တခြားကလေး တစ်ယောက်ကို နင်တို့မွေးစားလို့ရနိုင်တာပဲဟာ''

ဆွေဆွေ နှစ်သိမ့်အကြံပေးသလို လွယ်ကူသောကိစ္စမဟုတ်မှန်း





ငြိမ်း သိနေသည်။ မောင့်ရဲ့ခံစားချက်ကို ငြိမ်းအသိဆုံး၊ မောင် မျှော်လင့်ပိုင်ဆိုင်ချင်တာ စစ်မှန်သော မိသားစုဘဝလေးသာဖြစ်သည်။

ဒါ ဘယ်တော့မှ မရနိုင်တော့ဘူးဆိုတာ မောင် သိလျှင်အရမ်းခံစားရမှာသေချာ၏။

ဆွေဆွေဆီက ပြန်ခဲ့သည့်လမ်းမှာ ငြိမ်း စိတ်နှင့်ခန္ဓာမကပ်သလို ဖြစ်နေခဲ့သည်။

မောင်လိုချင်သောဘဝလေးကို ငြိမ်း ဖြည့်စွမ်းပေးချင်သည်။ ဒါကြောင့်လည်း ဆွေဆွေနှင့်ဆုံတွေ့ကာ မေးမြန်းတိုင်ပင်ခဲ့တာဖြစ်၏။

အခုတော့ အဖြေက ငြိမ်း ချွတ်ယွင်းချက်မဟုတ်ဘူးဆိုတော့ မောင့်ဘက်ကဆိုတာ ရာနှုန်းပြည့်နီးပါး သေချာနေပြီ။

မောင် တောင့်တနေသော ဘဝလေးတစ်ခုက မောင့်ချွတ်ယွင်းချက်ကြောင့် မရနိုင်တာ မောင် သိလျှင် သိပ်ခံစားရမှာ သေချာသည်။ မောင် ခံစားနေရသည့်အဖြစ်ကိုလည်း ငြိမ်း မမြင်ရက်ပါ။

ဆွေဆွေ ပြောသလို မောင့်ကိုအသိပေးဖို့ လုံးဝမဖြစ်ပါ။

''ကျွီ''

''အို ဘုရားရေ''

မီးပွိုင့်မိသွားသော ရှေ့ကားက ဘရိတ်နင်းထိုးရပ်လိုက်တာမို့ငြိမ်း ဖျတ်ခနဲ သတိဝင်ကာ ဘရိတ်ကို ဖိနင်းပစ်လိုက်ရသည်။

ကားမောင်းနေရင်း သတိလက်လွတ် ဖြစ်သွားခဲ့တာကို မောင်သိလျှင်တော့ ငြိမ်းကို ကရုဏာဒေါသနှင့် ဆူပူဆုံးမှာမဟုတ်။ ယခုလည်းကြောက်လန့်စိတ်တွေနှင့်ငြိမ်း မျက်လုံးတွေ ပြာဝေသွားခဲ့တာတော့အမှန်။

■ ■ ■



www.burmeseclassic.com

"ဒုန်း"

ကျယ်လောင်သော တိုက်ခိုက်မိသံကြီးကို ကြားလိုက်ရခြင်းနှင့်အတူ ကားဘရိတ်နင်းသံတွေကလည်း ရူးရူးကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သူကိုယ်တိုင်လည်း ကားကိုဘရိတ်နင်းကာ လမ်းဘေးကိုကပ်ထိုးရပ်ပြီးဖြစ်သွားခဲ့၏။

ယာဉ်တိုက်မှုတစ်ခုဖြစ်ပြီဆိုသောအသိနှင့်အတူ ကားတံခါးဖွင့်ပြီး လူက ဆင်းပြီးဖြစ်နေ၏။

သည်နေရာက လမ်းဆုံလမ်းခွဆုံသည့်နေရာမို့ ယာဉ်တွေအတွက် အန္တရာယ်များသည့်နေရာဖြစ်သည်။ ဒါကြောင့်လည်း မီးပွိုင့်တပ်ဆင်ပေးထား၏။ သို့တိုင် မကြာခဏ ယာဉ်တိုက်မှုဖြစ်ပွားတတ်သည့်နေရာဆိုတာ သူ သိထား၏။

ခြေလှမ်းတွေကို ခပ်သွက်သွက်လှမ်းခဲ့ရင်း အခင်းဖြစ်ပွားသည့် မီးပွိုင့်ရှေ့ကိုကြည့်လိုက်တော့ မြင်ရသောမြင်ကွင်းက မသက်သာလှပါ။

လမ်းဆုံလမ်းခွ တည့်တည့်ကြီးမှာ ခရီးသည်တင်ဘတ်(စ်)ကားကြီးတစ်စီးက တက္ကစီကားလေးတစ်စီးကို ခါးလယ်က ပိုင်းဖြတ်တိုက်မိခြင်းပင်ဖြစ်သည်။

"ကားကြီးက မှားတာဗျ။ ပွိုင့်မလွတ်နိုင်မှန်း သိလျက်နဲ့ အရှိန် နဲ့မောင်းဝင်လာတော့ ဝင်တိုက်တာပေါ့"

"တက္ကစီကားကတော့ အတော်ကံဆိုးတာပဲပေါ့ဗျာ"

တစ်ယောက်တစ်ပေါက် ဝေဖန်သံတွေနှင့်အတူ ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာမှာ လူတွေဝိုင်းအုံနေသည်။ လမ်းပိတ်ဆို့နေတာကြောင့်





သည်း ကားတွေစီတန်းနေ၏။

သူ လူအုပ်ကြားထဲက တိုးဝှေ့ကာ ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာသို့ တိုးဝှေ့ဝင်ခဲ့ရသည်။ ရုံးဆင်းကာ အိမ်ပြန်ခဲ့သော သူ့တာဝန်မဟုတ်ပေမယ့် ဥပေက္ခာပြုမသွားနိုင်တာ သူ့စိတ်ဝေဒနာအရင်းခံပဲဖြစ်သည်။

ထိပ်တိုက်ဝင်တိုက်သော ခရီးသည်တင်ဘတ်(စ်)ကားကြီးကဆိုးဆိုးဝါးဝါးထိခိုက်မှု မရှိပေမယ့် ခါးလယ်က ဖြတ်အတိုက်ခံရသော တက္ကစီလေးက အခြေအနေဆိုးဝါးပုံရ၏။

"ခဏလောက် ဘေးဖယ်ကြပါဗျာ၊ ကျွန်တော် ယာဉ်ထိန်းရဲ အထမ်းတစ်ယောက်ပါ"

ယူနီဖောင်းဝတ်ဆင်ထားတာမဟုတ်ပေမယ့် သူ့စကားကြောင့် နေသော လူအုပ်က နေရာဖယ်ပေးကြသည်။ တက္ကစီကားလေးထဲ သူလှမ်းကြည့်တော့

ကွဲသွားသော ခေါင်းကို လက်နှင့်အုပ်ကိုင်ကာ မူးဝေနေပုံရသော ဘာနှင့် နောက်ခန်းထဲမှာ လဲပြိုကျနေသော အမျိုးသမီးတစ်ယောက် ကလေးငယ်တစ်ဦးကို တွေ့သည်။

သူ စိုးရိမ်သွားမိတာက ဒဏ်ရာပြင်းထန်ပုံရသော အမျိုးသမီး ဘေးထင်မှာ သွေးတွေနှင့် ကုရှင်နှင့်တံခါးကြားမှာ ကပ်ခွေလဲနေသော ကလေးငယ်ကြောင့်ပင်။

ကားတံခါးကို ခက်ခက်ခဲခဲဖွင့်ပြီး သူ အသေအချာ စစ်ဆေးတော့ နှစ်ဦးစလုံး သတိလစ်နေသည်။ သုံးနှစ်အရွယ် မိန်းကလေး တော့ ဒဏ်ရာကြီးကြီးမားမား မတွေ့ပါ။

www.burmeseclassic.com



''ဟာ ဆရာပြည့်စုံနိုင် ရောက်နေတာလား''

သူလှည့်ကြည့်တော့ ယူနီဖောင်းအပြည့်အစုံနှင့် ရောက်ရှိလာသော မောင်ကြည်နှင့်မျိုးဇော်တို့နှစ်ယောက် ဖြစ်၏။

''အေး ရုံးအဆင်းအိမ်အပြန် လာတိုးနေလို့၊ ဒီမှာ ထိခိုက်ထားတဲ့သူတွေကို ဆေးရုံပို့ရမယ်၊ ငါ့ကားပါတယ်၊ မင်းတို့ဝိုင်းကူကြဦး''

''ဟုတ်ကဲ့ ဆရာ''

ရပ်ထားခဲ့သော ကားဆီ သူ ပြန်ပြေးခဲ့ကာ ဒဏ်ရာရသူတွေကို ဆေးရုံပို့ဖို့ စီစဉ်ရသည်။ တက္ကစီဒရိုင်ဘာနှင့်ကလေးမလေးက စိုးရိမ် စရာမရှိပေမယ့် အမျိုးသမီး အခြေအနေက အရေးကြီးနေသည်

''ငါ ဆေးရုံသွားပို့မယ် မောင်ကြည်၊ ဒီမှာလိုအပ်တာတွေ မင်းတို့ ဆက်တာဝန်ယူထားကြ ဟုတ်လား''

''ဟုတ်ကဲ့ စိတ်ချပါ ဆရာ''

ဒဏ်ရာရ လူနာသုံးယောက်ကိုခေါ်ကာ သူ့ကားလေးဦးတည် မောင်းနှင်ခဲ့တာ ဆေးရုံကြီးဆီသို့ဖြစ်သည်။

ကလေးငယ်နှင့်အမျိုးသမီးက သားအမိလားမသိပါ။ နှစ်ယော စလုံး ဘာမှမဖြစ်ကြပါစေနှင့်ဟုသာ သူ ဆုတောင်းရင်း. . .။

■ ■ ■

## အခန်း (၆)

ပြန်ရောက်နေကျအချိန်မှာ မောင် ရောက်မလာသေးတော့ ငြိမ်း ညှော်ခန်းထိုင်ခုံမှာ ထိုင်ရင်း တမျှော်မျှော်ဖြစ်ရသည်။

အရေးပေါ်ကိစ္စကြီးငယ် မရှိဘဲ မောင် ဘယ်တော့မှ နောက်ကျတတ်တာ ငြိမ်း သိသည်။ နောက်ကျမည်ဆိုလျှင်လည်း မောင် ဖုန်းဆက်ပြီးပြောတတ်တာမို့ ငြိမ်း ဖုန်းကိုလည်း မျှော်မိ၏။

မောင် အိမ်ပြန်နောက်ကျတတ်သည်ဆိုလျှင် အရေးပေါ်ယာဉ် ရှင်းတစ်ခုကြောင့်ကလွဲလို့ တခြားဘာအကြောင်းမှမရှိနိုင်ပါ။

ဒါကိုတွေးမိတော့ နေ့လယ်က ငြိမ်း ကားမောင်းရင်း သတိ ဆက်လွတ်ဖြစ်ခဲ့တာကို ပြန်သတိရသည်။ မီးပွိုင့်မှာရှေ့က ရပ်သွားသော ကားကို ငြိမ်း ဝင်တိုက်မိမလိုဖြစ်ခဲ့၏။ အချိန်မီ ဘရိတ်နင်းနိုင်လို့သာ



www.burmeseclassic.com

www.burmeseclassic.com



တော်သေးသည်။

ခွေခွေဆီကအပြန်မှာ မောင်နှင့်ပတ်သက်သည့် အတွေးတွေ ရှုပ်ထွေးနေရင်း ကားကိုမောင်းခဲ့တာ ငြိမ်းအမှား။

"တူ တူ တူ"

စားပွဲပေါ်က ဖုန်းမြည်သံလေးကြောင့် ငြိမ်း အတွေးတွေ ပြတ် တောက်ကာ ကပျာကသီ လှမ်းကိုင်လိုက်ရသည်။ ထင်သည့်အတိုင်း မောင့်ဆီက ဖုန်းဆက်တာဖြစ်၏။

"မောင် ငြိမ်းပါ၊ မောင့်ကို ငြိမ်း မျှော်နေတာ"

"သိတယ် ငြိမ်း စိုးရိမ်မှာစိုးလို့ မောင် လှမ်းဖုန်းဆက်တာ"

"မောင် ရုံးမှာပဲလား"

"မဟုတ်ဘူး မောင် ဆေးရုံမှာရောက်နေတယ် ငြိမ်း"

"ဘယ်လိုမောင် ဆေးရုံမှာ"

ငြိမ်း ရင်ထဲထိတ်သွားတာ အဲမှန်။ ငြိမ်း လေသံကိုမောင်လည်း ရိပ်မိသွားပုံရ၏။

"မစိုးရိမ်နဲ့ ငြိမ်း၊ ယာဉ်တိုက်မှုတစ်ခုမှာ ဒဏ်ရာရထားတဲ့ ခရီးသည်သားအမိနှစ်ယောက်ကို ဆေးရုံပို့ပေးထားရတယ်၊ ဆက်သွယ်ရ မယ့်လိပ်စာလည်း မသိသေးတော့ မောင် ခဏစောင့်ပေးရမယ်၊ လူနာ တွေက သားအမိနှစ်ယောက်ပေါ့လေ၊ ကလေးက ဘာမှမဖြစ်ပေမယ့် ကလေး မိခင်က အရေးပေါ်ခန်းထဲမှာ ရှိနေတုန်းပဲ"

"ဒါဆို မောင် ဘယ်အချိန်ထိ စောင့်ပေးရမှာလဲဟင်"

"ကလေးမိခင်အခြေအနေတစ်ခု သိတဲ့အထိစောင့်ရမယ် ငြိမ်း မောင် နောက်ကျရင် ဘာမှမပူနဲ့ ဟုတ်လား"





မောင့်စိတ်စေတနာကို ငြိမ်း အသိဆုံးဖြစ်သည်။ အခုလည်း ယာဉ်တိုက်မှုက ဒဏ်ရာရသူတွေအတွက် မောင် ကရုဏာစေတနာနှင့် အလုပ်တွေရှုပ်နေတာပဲဖြစ်မည်။

ဘာပဲဖြစ်ဖြစ် မောင့်ဆီက ဖုန်းအဆက်အသွယ်ကြောင့် ငြိမ်း စိတ်အေးရတာပဲဖြစ်သည်။

မောင် ပြန်လာချိန်အထိ စောင့်ကာ အတူထမင်းစားတော့မည်။ ထမင်းဝိုင်းမှာ မောင်ကတော့ ငြိမ်း မသိမမြင်ဘူးသော ထိုသားအမိ နှစ်ယောက်အကြောင်း တဖွဖွပြောပြဦးမှာ သေချာသည်။

■ ■ ■

"ဗျာ"

တာဝန်ကျဆရာဝန်ကြီးစကားကြောင့် သူ့ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရတာအမှန်။ အရေးပေါ်ခွဲစိတ်ခန်းရှေ့မှာ တစ်နာရီလောက် သူ ထိုင်စောင့်ပေးရင်း ဆုတောင်းနေခဲ့သမျှ အခုတော့ . . ။

"ခေါင်းမှာရတဲ့ဒဏ်ရာက သိပ်ပြင်းထန်တယ်၊ ဆရာတို့လည်း အတတ်နိုင်ဆုံး ကြိုးစားကြတာပဲ၊ သူ့ ကံဆိုးရှာတယ်ကွယ်"

ဝမ်းနည်းကြေကွဲသံနှင့် ဆရာဝန်ကြီးဆိုနေချိန်မှာ သူ ပြေးမြင် သော ဝိုင်းစက်စက်မျက်ဝန်းလေးတွေနှင့် ကလေးငယ်လေးမျက်နှာကိုပဲ ဖြစ်သည်။

"ဦးဦး သမီး မေမေကောဟင်၊ မေမေ ဘယ်မှာလဲ"

နဖူးပြင်လေးမှာ ပွန်းပဲ့ဒဏ်ရာလေးပဲရရှိကာ ကြောက်စိတ်နှင့် သတိမေ့သွားသော ကလေးမလေး သတိရတော့ သူ့ကိုမေးခဲ့သည်။

"သမီး မေမေလား ရှိတာပေါ့၊ ဆရာဝန်ကြီးတွေ ဆေးကုပေး နေတယ်လေ သမီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ဆီသမီး သွားချင်တယ်၊ သမီးကို လိုက်ပို့ပေးပါလား ဟင်"

"ခဏလေးစောင့်ဦး သမီးရဲ့၊ ပြီးရင် ဦးဦး လိုက်ပို့ပေးမယ် ဟုတ်လား ကဲ ဟောဒီမှာ သမီးစားဖို့ ဦးဦးမုန့်တွေဝယ်ထားတယ် စား လိုက်ဦး"

ဆာလောင်နေဟန်တူသော ကလေးမလေး သူ ကျွေးသော မုန့်တွေစားနေတာ ကြည့်ပြီး သူ ကြည်နူးခဲ့ရသေးသည်။ ဆရာမလေးကို စောင့်ကြည့်ထားဖို့ မှာကြားပြီး မိခင်ဖြစ်သူ အခြေအနေကို သူ အပြေးစောင့်ကြည့်နေခဲ့ရ၏။

အခုတော့ ကလေးမလေးမိခင်ဖြစ်သူက လောကကြီးကိုကျော နိုင်းသွားခဲ့ပြီ။

သည့်ဆေးရုံလေးထဲမှာပဲ အတူရှိနေသော သမီးလေးကို ချန် ထားရစ်ခဲ့ပြီ။ သမီးငယ်လေး တဖွဖွမေးနေသော မိခင်ဖြစ်သူဆီကို သူ ဘယ်လိုလိုက်ပို့ပေးရမည်လဲ။

■ ■ ■

"စိတ်မကောင်းစရာကောင်းလိုက်တာ မောင်ရယ်"

မောင်ပြောပြသော စကားတွေကို နားထောင်ရင်း ငြိမ်း ရင်ထဲ မှာလည်း ဝမ်းနည်းခံစားရသည်။ ညကိုးနာရီကျော်မှ အိမ်ပြန်ရောက် လာသော မောင့်ထံမှ ဒီလိုကြေကွဲစရာအကြောင်းတွေ ကြားရမည်ဟု ငြိမ်း မထင်ခဲ့ပါ။

ပင့်သက်တရှိုက်ရှိုက်နှင့် ဆိုဖာထိုင်ခုံမှာ ခြေပစ်လက်ပစ်ထိုင် နေသော မောင့်ခံစားချက်တွေကိုလည်း ငြိမ်း စာနာနိုင်ပါသည်။





"မောင်လည်း တကယ်ခံစားရတယ် ငြိမ်းရယ်၊ သမီးလေးက သူ့အမေဆီ လိုက်ပို့ဖို့ မောင့်ကိုတဖွဖွတောင်းပန်နေခဲ့တာ၊ သူ့မိခင်ဆုံး ပြီ့ မောင် ပြန်သွားတော့ သူ့ခမြာ အိပ်ပျော်နေရှာပြီလေ"

မချိတင်ကဲ ဆိုနေသော မောင့်အသံတွေ တုန်ခါနေသည်။ ကိုယ်နှင့်သွေးသားမတော်စပ်ပေမယ့်လည်း ငြိမ်း စာနာစိတ်နှင့် မျက်ရည် ဆောင် ဝဲချင်ချင်။

"သူ့အိမ်ကို အကြောင်းမကြားဘူးလား မောင်"

"လောလောဆယ်တော့ ဘာအဆက်အသွယ်မှ မရသေးဘူး ငြိမ်းရဲ့၊ သူတို့သားအမိမှာ အဝတ်အစားတွေထည့်တဲ့ ခရီးဆောင်အိတ် တစ်လုံးပါတယ်၊ တက္ကစီသမားကိုမေးကြည့်တော့ သူ့ကားကို အဝေးပြေး ကားဂိတ်ဝင်းအထိ ငှားတာတဲ့"

"ဟင် ခရီးသွားကြမယ့်သားအမိပေါ့"

"ဟုတ်မယ်ထင်တယ်၊ တာဝန်ရှိသူတွေ စုံစမ်းနေကြတယ်၊ ကလေးမလေးကိုတော့ ဒီည နာ့စ်တွေ စောင့်ကြည့်ချော့မော့ထားကြလိမ့် မယ်၊ မောင် အသေအချာ မှာခဲ့တယ်၊ ကလေးမလေး နိုးရင်ကျွေးမွေး ဖို့ အစားအသောက်တွေလည်း စီစဉ်ပေးခဲ့တယ်"

"ကောင်းပါတယ် မောင်ရယ်၊ သူ့ဖခင်နဲ့မိသားစုနဲ့ ပြန်ဆုံရင် တော့ အဆင်ပြေသွားမှာပေါ့ကွယ်၊ ကဲ မောင် ရေချိုးမှာဆို မြန်မြန်ချိုး နော်၊ ပြီးရင် ထမင်းစားရအောင်"

မောင် ကြုံခဲ့ရသော စိတ်မကောင်းစရာအဖြစ်အပျက်ကြီးအ တွက် နားလည်ပေးရင်း ငြိမ်း နှစ်သိမ့်ပေးလိုက်ရ၏။

တကယ်တမ်း ထမင်းဝိုင်းရောက်တော့ မောင် တစ်ဇွန်းကန်



www.burmeseclassic.com

www.burmeseclassic.com



တောင် ကုန်အောင်မစားနိုင်ရှာပါ။

"ဟင် ဝပြီလား မောင်ရဲ့"

"အင်း အဆာလွန်သွားလို့ထင်တယ် ငြိမ်းရယ်"

မောင့်စိတ်ထဲမှာ ဆေးရုံကအဖြစ်အပျက်တွေ မဖျောက်နိုင်ဖြစ်နေဆဲဟု ငြိမ်း သိသည်။ မောင်ပြောပြတာ နားထောင်ခဲ့ရသော ငြိမ်း တောင် ခံစားရသေးလျှင် မျက်မြင်ကြုံခဲ့သော မောင့်ခမြာ ချက်ချင်းကြီး ဖြေဖျောက်ဖို့ ခက်ပါလိမ့်မည်။

"မောင်"

"ပြောလေ ငြိမ်း၊ ဘာပြောမလို့လဲဟင်"

"မနက်ဖြန်ကျရင် မောင် ဆေးရုံကိုသွားမှာမဟုတ်လား၊ ငြိမ်းလည်း လိုက်ခဲ့မယ်လေ၊ ကလေးမလေးကို လိုက်တွေ့ချင်လို့"

"ငြိမ်း လိုက်ခဲ့မလို့လား၊ ဒါဆို မောင်တို့အတူသွားကြရအောင်နော်၊ မောင့်စိတ်ထဲမှာ အဲဒီကလေးမလေးကို အရမ်းသနားတယ်ကွာ၊ သူ့ရဲ့အဖေနဲ့မိသားစုလက်ထဲ အရောက်ပြန်ပို့ပေးချင်တယ်"

မောင့်ကိုနားလည်စွာ ငြိမ်း ပြုံးပြုံးလေး ခေါင်းညိတ်ပြလိုက်ပါသည်၊ ထိရှခံစားလွယ်ပြီး နူးညံ့သောကြင်နာမှုတွေနှင့် ပြည့်ဝနေတတ်သော မောင့်နှလုံးသားကို ငြိမ်း မြတ်နိုးခဲ့တာပဲလေ။

■ ■ ■



## အခန်း (၇)

"ဦး ဦးဦး"

မောင့်ကို မြင်သည်နှင့် ခုတင်ပေါ်မှာ ငုတ်တုတ်လေးထိုင်နေသော ကလေးမလေး ဝမ်းသာအားရ လှမ်းခေါ်သည်။

မောင်ကလည်း ကလေးမလေးကို ပြုံးပြရင်း ခုတင်စွန်းမှာ ဝင်ထိုင်သည်။

"သမီးလေး ညက အိပ်ပျော်ရဲ့လားကွ"

"ဟုတ်ကဲ့ ဦးဦး၊ မမက ဦးဦး ဝယ်ပေးသွားတဲ့ ခေါက်ဆွဲကြော်တွေ သမီးကို ကျွေးတယ်"

"ဟုတ်လား မီးမီး ကြိုက်တယ်မို့လား၊ အခုလည်း မီးမီးစားဖို့ မုန့်တွေဝယ်လာတယ်၊ ငြိမ်း ပေးလိုက်ပါဦး"

ကလေးမလေး ခေါင်းက ဆံပင်လေးတွေကို ယုယစွာသပ်တင်ပေးရင်း မောင်ပြောတော့ ငြိမ်း ပါလာသည့်မုန့်တွေကို လှမ်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေး မျက်တောင်လေးတွေ ပုတ်ခတ်ကာ ငြိမ်းကို မော့ကြည့်သည်။ ဆံနွယ်ပျော့ပျော့ညိုညိုလေးတွေက ဂုတ်ပေါ်ဝဲကျလျက် ပန်းနုရောင်သမ်းနေသော ပါးပြင်လေးတွေ နှုတ်ခမ်းရဲရဲလေးတွေက ချစ်စရာကောင်းသည်။

ဒါကြောင့်လည်း ဒီကလေးမလေးကို မောင် မြင်မြင်ချင်း ချစ်ခင်သွားခဲ့တာ ထင်ပါသည်။

"စားနော် သမီးလေး၊ ဒီက အန်တီ သမီးလေးအတွက်တဲ့ မုန့်တွေအများကြီး ဝယ်လာတာကွ"

"ဦးဦးကို မီးမီးစောင့်နေတာ၊ မေမေ့ဆီလိုက်ပို့ပေးမယ်ဆို၊ မေမေ့ဆီ မီးမီးကို လိုက်ပို့ပေးပါနော် ဦးဦး"

မောင့်လက်တစ်ဖက်ကို လက်ဖဝါးသေးနုနုလေးတွေနှင့် အားကိုးတကြီး ဆုပ်ကိုင်ပြောနေတော့ ငြိမ်း ရင်ထဲမှာမကောင်းဖြစ်ရ၏။ မောင် မျက်နှာပျက်ကာ ငြိမ်းကိုတစ်ချက်မော့ကြည့်သည်။

"ညက တစ်ရေးနိုးတော့ အတင်းပို့ခိုင်းနေလို့ မနည်းချော့ရတယ်၊ သမီး ဦးဦးလာမှလို့ ပြောထားရတယ် အစ်ကို"

နံဘေးက နာ့စ်လေး ဝင်ပြောသည်။ မောင် နှုတ်ဆိတ်ကာ ဖြေရခက်နေတုန်းမှာ ဆရာဝန်ကြီးနှင့် ရဲအရာရှိတချို့ ရောက်လာကြသည်။ ဆရာဝန်ကြီးက

"မောင်ပြည့်စုံနိုင် ဒီက ရဲအရာရှိကြီးတွေ သတင်းစုံစမ်းပြီးပြီတဲ့"

"ဩော် ဟုတ်လား၊ ကျွန်တော်တို့ဆရာကြီးရုံးခန်းမှာ ဆွေးနွေးကြရအောင်လေ"

ကလေးငယ်ရှေ့မှာမို့ မောင် မပြောစေချင်တာကို အားလုံး





မိစွာ ခေါင်းညိတ်ကြသည်။ မောင်က ကလေးမလေးခေါင်းလေးကို တစ်ချက်ပုတ်ရင်း

"သမီး ခဏလေးနော်"

"ဟင် ဦးဦးက ဘယ်သွားမလို့လဲ၊ မီးမီးလိုက်မယ်လေ၊ မေမေ့ဆီကို မီးမီး လိုက်ခဲ့မယ်"

"ခဏလေးစောင့်ဦးလေ သမီးလေးရဲ့၊ ဟောဒီက ဘဘကြီးတွေနဲ့ စကားပြောလိုက်ဦးမယ်၊ ဦးဦး ပြန်ခဲ့မှာပေါ့နော် ကလေး"

"ဦးဦး တကယ်ပြန်ခဲ့ပါနော်၊ မီးမီးကို မေမေ့ဆီလိုက်ပို့ပေးနော်"

"ပို့ပေးမှာပေါ့ကွာ၊ ငြိမ်း မီးမီးကို မုန့်တွေကျွေးလိုက်ပါဦး၊ မောင် ခဏနေရင် ပြန်လာခဲ့မယ်"

ငြိမ်းကိုပြောပြီး မောင်တို့ထွက်သွားခဲ့သည်။ မျက်နှာငယ်လေးနှင့် ကျန်ရစ်ခဲ့သော ကလေးမလေးကိုကြည့်ကာ ငြိမ်း စိတ်မကောင်းဖြစ်မိ၏။

မောင့်ကိုအားကိုးတကြီး လိုက်ကြည့်နေသော မျက်ဝန်းဝိုင်းစက်စက်လေးတွေက သနားစရာကောင်းသည်။ ဘယ်လို သံယောဇဉ်ကြောင့် မောင်နှင့်ဒီကလေးမလေး ငြိတွယ်သွားခဲ့သည်မသိ။

အမိမဲ့ ကလေးမလေးကိုတော့ ငြိမ်းလည်း မြင်မြင်ချင်း စာနာသနားသွားမိတာအမှန်။

သည်ကလေးမလေး အဖေနှင့်အမြန်ဆုံး ဆုံဆည်းနိုင်ပါစေ။

■ ■ ■

"ဘာရယ် မောင်၊ မီးမီးလေးမှာ အဖေမရှိတော့ဘူး ဟုတ်လား"

ငြိမ်း မေးတော့ မောင်ပင့်သက်ရှိုက် ခေါင်းညိတ်ပြရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ငြိမ်း၊ ဆုံးသွားတဲ့အမျိုးသမီး နာမည်က မပန်း
တဲ့၊ ယောက်ျားက ဆုံးသွားတာ တစ်နှစ်လောက်ရှိပြီတဲ့၊ ဆွေမျိုးသားချင်း
ကလည်းမရှိဘူး၊ သမီးလေးတစ်ယောက်နဲ့ ရုန်းကန်ရှင်သန်နေရတာလေ
အခု သူမှီခိုငှားနေတဲ့ အိမ်ရှင်ကလည်း အိမ်ခန်းခြံကိုရောင်းချပစ်လိုက်တော့
နေထိုင်ဖို့ကအစ ဒုက္ခရောက်သွားလို့ သူတို့သားအမိ အမျိုးတွေရှိတဲ့
တောင်တွင်းကြီးဘက်က ရွာတစ်ရွာကို ပြန်ရင်း အခုလိုဖြစ်ခဲ့တာတဲ့"

"ဒါဆို ဒီမြို့မှာ ဆွေမျိုးသားချင်းတွေ မရှိကြဘူးလား ဟိုလေ
မပန်းနုရဲ့ခင်ပွန်းဘက်ကပေါ့"

"မရှိဘူး ငြိမ်းရဲ့၊ မပန်းနု ယောက်ျားက ဥတစ်လုံးတစ်ကောင်
ကြက်တဲ့"

ကလေးမလေး၏နောင်ရေးအတွက် ကြားရတာ သတင်းတွေ
က စိတ်မောစရာတွေချည်းပဲ ဖြစ်နေခဲ့သည်။ အခန်းထဲမှာ နာ့စ်မိန်း
ကလေးနှင့်ချော့မော့ထားခဲ့ရသော သူမလေးရှေ့ရေးအတွက် ငြိမ်း မစဉ်း
စားရဲပါ။

"အခု ဘာဆက်လုပ်ကြမှာလဲ မောင်"

"သမီးလေး မိခင်ကလည်း ဆုံးရှာပြီလေ၊ ကလေးကိုစောင့်
ရှောက်မယ့်သူ မရှိတော့ မိဘမဲ့ဂေဟာကို ပို့ရမယ်တဲ့"

"ဟယ် မောင်ရယ်"

ငြိမ်း မချိတင်ကဲ ရေရွတ်မိ၏။ ဘာမှမသိနားမလည်ရှာသေး
သော မီးမီးလေး မျက်နှာကိုပြေးမြင်မိ၏။ မိခင်ဖြစ်သူ လောကကြီးထဲ
က ထွက်သွားတာတောင် မသိရှာသေးသည့် မီးမီးလေး။

ဦးဦးကိုခေါ်ပေးပါဟု မောင့်ကို ငိုမဲ့မဲ့ တမ်းတနေသောမျက်နှာ
လေးကို ငြိမ်း မြင်ယောင်မိ၏။





"ငြိမ်း"

"ရှင် မောင်"

"မောင် တစ်ခုတောင်းဆိုချင်တယ်၊ မောင်တို့ မီးမီးလေးကို
လောက် စောင့်ရှောက်ပေးထားကြရအောင်နော်၊ ဒီရက်အတွင်းမှာ
န်းနုရဲ့ရွာမှာရှိတဲ့ ဆွေမျိုးတွေကို စုံစမ်းပြီး ပို့ပေးချိန်မတိုင်ခင်အထိ
နော် ငြိမ်း"

မောင် မျှော်လင့်တကြီးတောင်းဆိုလာသော ဆန္ဒကိုလည်း
ငြိမ်း မငြင်းဆန်ပါ။ သေချာသည်က မီးမီးလေးအပေါ်မှာ ငြိမ်းကိုယ်တိုင်
ည်း မောင့်လို စာနာနှောင်တွယ်သွားတာကြောင့် ဖြစ်၏။

"ငြိမ်း သဘောတူပါတယ် မောင်၊ မီးမီးလေးကို အခုချိန်မှာ
ဘမဲ့ဂေဟာမှာလည်း ငြိမ်းမရှိစေချင်ပါဘူး၊ သူ့ခမျာ ဘာမှမသိရှာတဲ့
လေးလေးပဲ ရှိပါသေးတယ်"

"ဝမ်းသာလိုက်တာ ငြိမ်းရယ်၊ မီးမီးလေးက မောင်တို့နဲ့
မှမသက်ဆိုင်ပေမယ့် မောင်နဲ့ငြိမ်းတို့ရဲ့သွေးရင်းလို စာနာပေးလိုက်ရ
အောင်နော်"

မောင် ဝမ်းသာကြည်နူးနေတာမြင်တော့ ငြိမ်းလည်း စိတ်ချမ်း
ရပါသည်။

ဖြစ်နိုင်မည်ဆိုလျှင် မောင့်အတွက် မီးမီးလေးလို ချစ်စရာ
ကောင်းသည့် ရင်သွေးလေးကို ငြိမ်း မွေးဖွားပေးလိုက်ချင်သည်။

မမြင်နိုင်သော ကံကြမ္မာကသာ ဖေးမကူညီခဲ့လျှင် ဘယ်
ာက်ကောင်းမလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"မေမေ မ မရှိတော့ဘူး ဟုတ်လား၊ ဟုတ်လားဟင် ဦးဦး"

"မီးမီးလေးရယ်"

မောင် မချိတင်ကဲဆိုရင်း မီးမီးလေးကို ပွေ့ဖက်ထားတာမြင် တော့ ငြိမ်း ရင်ထဲမှာတောင် ဆို့ချင်လာ၏။ မဖြစ်မနေ ဖွင့်ပြောလိုက်ရ တာမို့ မောင်လည်း ခံစားရရှာမှာပဲဖြစ်၏။

"ဟင့်အင်း မေမေ မေမေ့ဆီပို့ပေးပါ ဦးဦးရယ် နော်၊ အီး ဟီး အီး မေမေ မီးမီးကို လာခေါ်ပါ"

ရှိုက်ကြီးတငင် ငိုကြွေးလိုက်သော မီးမီးလေးအသံကြောင့် မောင် မကြားရက်နိုင်သလို မီးမီးလေးကို ပွေ့ချီသိုင်းဖက်ရင်း

"မငိုပါနဲ့ ကလေးရယ်၊ သမီးမေမေ မရှိပေမယ့် ဦးဦးတို့ရှိပါ တယ်၊ မီးမီးလေးကို ဦးဦးတို့အိမ် ခေါ်သွားမှာပေါ့နော်"





"မေမေ အီး ဟီး မေမေ မေမေ"

ပါးနုနုလေးပေါ်မှာ မျက်ရည်တွေကို မောင်ကော ငြိမ်းပါ မမြင် ကြည့်ရက်ပါ။ နုနယ်လွန်းသော မီးမီးလေး နှလုံးသားလေးကို ကြင်နာ သုယခြင်းတွေနဲ့ ဖေးမပေးချင်ပါသည်။

"ငြိမ်း မီးမီးလေးကို ခဏချီထားပေးဦး၊ မောင် ဆရာဝန်ကြီး နဲ့ သွားတွေ့လိုက်ဦးမယ်"

"ဟုတ်ကဲ့ မောင်၊ လာ မီးမီးလေး အန်တီ့ဆီလာနော်"

"မေမေ မေမေ့ဆီသွားမယ် အဟင့် အီး ဟီး"

ရှိုက်ကြီးတငင် ငိုကြွေးနေသော မီးမီးလေးကို ပခုံးပေါ်တင် ပွေ့ချီရင်း ငြိမ်း ချော့မော့နှစ်သိမ့်ပေးနေမိ၏။

"တိတ်ပါ သမီးရယ်၊ သမီး ဦးဦးလာရင် သွားကြမယ်နော်၊ ဟုတ်လား"

"တကယ်လား အန်တီ၊ ဦးဦးက ပြန်လာမှာလားဟင်"

အော်ဟစ်ငိုသံလေး တိခနဲ ရပ်ကာ ငြိမ်းကို မျက်ဝန်းဝိုင်းစက် စက်လေးတွေနှင့်ကြည့်ကာ မေးရှာသည်။ မောင့်အပေါ်မှာတော့ မီးမီးလေး ၏ ခင်တွယ်ရင်းနှီးမှုက အံ့သြစရာကောင်းပါသည်။

အချိန်တိုလေးအတွင်းမှာ မောင်နှင့်မီးမီးလေးတို့ နှောင်တွယ် သွားသောကြိုးတွေက ခိုင်မာနေပြီထင်ရဲ့။

"တကယ်ပေါ့ မီးမီးရယ်၊ ဦးဦးက မီးမီးကိုချစ်တယ်လေ၊ မီးမီး လည်း ဦးဦးနဲ့လိုက်ခဲ့မှာလားဟင်"

မျက်ရည်တွေ မခြောက်ခမ်းသေးသော မျက်ဝန်းမှ မျက်ရည် ရှည်လေးတွေ ပုတ်ခတ်ပြီး မီးမီးလေး ခေါင်းညိတ်သည်။

www.burmeseclassic.com



"မီးမီး လိုက်ခဲ့မယ်၊ မေမေ့ကိုလည်း ခေါ်သွားမယ်နော်"

"အင်းပေါ့ ကဲ မီးမီးလေး မငိုနဲ့တော့နော်"

ခေါင်းလေးညိတ်ကာ မီးမီးလေး ချက်ချင်းအငိုရပ်သွားခဲ့သည်။ မောင် ပြန်ရောက်လာချိန်မှာတော့ မီးမီးလေးခမျာ ငြိမ်း ပခုံးလေးပေါ် ခေါင်းမှီအိပ်ပျော်နေပြီ"

"ငြိမ်း"

"ရှူး မီးမီးလေး အိပ်နေပြီ"

"ဟုတ်လား ငိုရလွန်းလို့ ပင်ပန်းသွားပြီထင်တယ်၊ မောင် ဆရာဝန်ကြီးနဲ့ညှိပြီးပြီ၊ မောင်တို့သွားရအောင်၊ မပန်းနု နာရေးကိစ္စ တွေအတွက်လည်း စီစဉ်ပြီးပြီ"

ပြောရင်း မောင်က ငြိမ်း ပခုံးပေါ်က မီးမီးလေးကို လှမ်းချီဖို့ လက်ကမ်းနေတာမို့

"နေ နေ မောင် တော်ကြာ နိုးသွားဦးမယ်၊ ငြိမ်းပဲချီခဲ့မယ်လေ သွားရအောင်"

မီးမီးလေးကို ချီလျက် ငြိမ်းတို့ဆေးရုံထဲက ထွက်ခဲ့ကြသည်။ ကံကြမ္မာက မီးမီးလေးကို ငြိမ်းနှင့်မောင်တို့ဘဝလေးထဲ တစ်ခဏပို့ပေး ခဲ့ခြင်းအတွက် ငြိမ်း ကျေနပ်ကြည်နူးမိသလို တစ်ခုလည်း စိုးရိမ်ပါသည်။ မောင်သာ ငြိမ်းကို ရင်သွေးလေး မွေးဖွားဖို့တောင်းဆိုလာခဲ့လျှင် ငြိမ်း ဘယ်လိုပြောရမည်လဲ။

ရင်မောရပါလား မောင်ရယ်။

■ ■ ■

ဗျူး၈၁၇၄၆

အခန်း (၉)

"ဒါ ဦး ဦးဦးရဲ့အိမ်ကြီးလားဟင်"

"ဟုတ်တယ် မီးမီး၊ ဒီအိမ်မှာ ဦးဦးနဲ့အန်တီ နှစ်ယောက်တည်း ကြတာလေ"

တစ်ထပ်တိုက်ပုလေးကိုကြည့်ကာ မီးမီးလေး အံ့သြနေတာ င်းအရှား။ မျက်ဝန်းတွေက ခြံဝင်းထဲက ဒန်းလေးကိုလည်း နှစ်သက် ကြည့်ပြန်သည်။

ကျယ်ဝန်းလှသော ခြံကြီးမဟုတ်ပေမယ့် ခြံထဲမှာ ဝေဝေဆာ စိုက်ပျိုးထားသော ပန်းပင်တွေရှိသလို သရက်၊ မာလကာ၊ ဇီးပင် ရှိသော စားပင်တွေနှင့်အပြည့်ဖြစ်သည်။

"မီးမီး ဒီအိမ်ကြီးကို သဘောကျတယ်မဟုတ်လား"

သူ မေးတော့ မီးမီးလေး ခေါင်းကိုညိတ်ရှာသည်။

"ဒီလိုအိမ်ကြီးမှာ မီးမီး မနေဖူးဘူး ဦးဦးရဲ့၊ မေမေနဲ့မီးမီးတို့

ဗျူး၈၁၇၄၆

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အခန်းက ကျဉ်းကျဉ်းလေးလေ၊ ကစားဖို့နေရာလည်းမရှိဘူး"

"ဒါဆို ဒီမှာ မီးမီး စိတ်တိုင်းကျကစားလို့ရတာပေါ့ကွ"

"မေမေ့ကိုကော ဒီအိမ်မှာ ဦးဦး ခေါ်ထားမှာလားဟင်"

မီးမီးလေး မေးလာတော့ သူ စိတ်မကောင်းဖြစ်ရသေးသည်။ မိခင်ဆုံးပါးသွားခဲ့ပြီဆိုတာ မီးမီးလေး ယုံကြည်လက်ခံဖို့ ခက်ခဲလွန်းနေဦးမှာသေချာသည်။

"အင်း ခေါ်ထားမှာပေါ့ သမီးရဲ့၊ သမီးမေမေ နေကောင်းရင် ဆေးရုံက ပြန်လာမှာပေါ့"

"မေမေက မီးမီးတို့ဘိုးဘိုးရဲ့ရွာကို သွားမယ်လို့ ပြောထားတယ် ဦးဦးရဲ့"

မိခင်ပြောခဲ့သော စကားတွေကို အမှတ်ရစွာ မီးမီးလေးပြန်ပြောပြနေသည်။ မီးမီးလေးရဲ့အနာဂတ်ကို တွေးရင်း သူ ရင်မောသွားသည်။ ယခုအချိန်ထိ မပန်းနုတို့ရွာကို သွားစုံစမ်းသူထံမှ သတင်းမကြားရသေးပါ။

သွေးရင်းချာဆွေမျိုးတွေတွေ့လျှင် သူ့ဆီခေါ်လာဖို့ မှာထားသည်။ မီးမီးလေးကို သူ ခင်မင်သံယောဇဉ်ဖြစ်မိပေမယ့် မပန်းနုရဲ့ဆွေမျိုးသားချင်းတွေလက်ကို ပြန်အပ်နှံရမှာပဲဖြစ်၏။

"မောင်ရေ ထမင်းစားရအောင်၊ သမီးလေးကို ခေါ်ခဲ့လေ"

အိမ်ထဲက ငြိမ်း လှမ်းခေါ်သံကြားတော့ သူနှင့်မီးမီးလေး အိမ်ဘက်လှမ်းခဲ့ကြသည်။

"ထမင်းစားကြမယ်တဲ့ မီးမီးရေ၊ အန်တီ ဘာတွေချက်ထားသလဲမသိဘူးဟေ့"





"သမီးလေးက ကြက်သားကြော်ကြိုက်တယ်ဆိုလို့ ပြုတ်ကြော်လေး ကြော်ထားတယ် မောင်၊ ဘူးသီးဟင်းချိုလေးနဲ့ဆိုတော့ မီးမီးလေး စားမှာပါ"

ငြိမ်းကိုယ်တိုင်ကလည်း မီးမီးလေးအိမ်မှာရှိနေသည့်ရက်တွေမှာပျော်ရွှင်အောင် ဂရုစိုက်တာ သူ သိသည်။

ထမင်းဝိုင်းရောက်တော့ ငြိမ်းကိုယ်တိုင် မီးမီးလေးကို ထမင်းခွံ့ကျွေးသည်။

"မောင် မောင့်ကြိုက်တဲ့ ငါးလေးအိုးကပ်လည်း ချက်ထားတယ် စားနော်၊ ငြိမ်း မီးမီးလေးကို အရင်ကျွေးလိုက်ဦးမယ်"

ကြက်သားကြော်နှင့် မီးမီးလေးကို ငြိမ်း ထမင်းခွံ့ကျွေးနေတာ ကြည့်ရင်း သူ ကြည်နူးနေမိ၏။ သူနှင့်ငြိမ်းဘဝမှာ ဒီလိုချစ်စရာကောင်းသည့် သားသမီးလေးတစ်ယောက်လောက်တော့ အမြန်ဆုံးပိုင်ဆိုင်လိုသည်။

"မီးမီးလေး စားကောင်းလား"

"အရမ်းကောင်းတယ် မေမေ ကြက်သားဟင်းချက်ကျွေးတဲ့နေ့ဆိုရင် မီးမီး အမြဲတမ်း ဗိုက်တင်းအောင်စားတာ"

"မီးမီး ကြက်သားဟင်းကြိုက်ရင် နေ့တိုင်းကျွေးမှာပေါ့၊ ကဲ ဟောဒီမှာ အသည်းဖတ်လေး စားလိုက်ဦး"

ငြိမ်းနှင့်မီးမီးလေးတို့ ယုယကြင်နာနေသော မြင်ကွင်းကိုကြည့်ရတာ သူလည်း စိတ်ချမ်းသာရပါသည်။

မီးမီးလေး အိမ်မှာ တစ်ခဏရှိနေသော ကာလလေးသည် သူနှင့်ငြိမ်းတို့နှစ်ဦးအတွက် ကြည်နူးချမ်းမြေ့စရာအချိန်လေးတွေပဲ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



စေမှာသေချာသည်။

ညဘက် မီးမီးလေးအိပ်တော့လည်း သူနှင့်ငြိမ်းတို့နှင့်အတူ သိပ်ဖြစ်၏။

"မေမေက ညအိပ်ရင် မီးမီးကိုဖက်အိပ်တာ အန့်တီရဲ့"

"ဟုတ်လား အန့်တီလည်း မီးမီးလေးကိုဖက်အိပ်မှာပေါ့ကွယ်"

မီးမီးလေးအပေါ်မှာ သူ ခင်တွယ်သံယောဇဉ်ဖြစ်မိသလို ငြိမ်းသည်း ခင်တွယ်နေပြီထင်ရဲ့။

■ ■ ■

## အခန်း (၁၀)

ညနေရုံးဆင်းချိန်မှာ သူ အိမ်အပြန်ကိုစောင့်နေသူက ငြိမ်းတစ်ယောက်တည်းမဟုတ်တော့ပါ။

"ဦးဦး ပြန်လာပြီ၊ အိတ်ကြီး မီးမီးကိုပေး"

"မီးမီးမသယ်ပါနဲ့၊ မနိုင်ဘူးလေ၊ အန့်တီ့ကိုပေး"

"ဟုတ်တယ် မီးမီးမနိုင်ဘူး၊ မီးမီးအတွက် ဦးဦး ချောကလက်မုန့်တွေ ဝယ်လာတယ် ရော့"

"ဟာ အများကြီးဖြစ်သွားပြီ၊ အန့်တီလည်း မီးမီးအတွက် ဈေးကမုန့်တွေအများကြီး ဝယ်လာတာ"

"ဟုတ်တယ် မောင်ရဲ့၊ မနက်က သမီးလေးနဲ့ဈေးသွားရင်း မုန့်တွေဝယ်ခဲ့တာကို ပြောနေတာ"

ငြိမ်းက သူ့လက်ထဲက လက်ဆွဲအိတ်ကိုလှမ်းယူရင်း ဝင်ပြော

www.burmeseclassic.com

www.burmeseclassic.com



သည်၊ အနီရဲရဲဂါဝန်လေး ဝတ်ဆင်ထားသော မီးမီးလေး ပါးပြင်မှာလည်း သနပ်ခါးပါးကွက်လေးတွေ ထင်းနေ၏။

"သနပ်ခါးတွေလည်း ငြိမ်း လိမ်းပေးထားတာ မဟုတ်လား"

"ဟုတ်တယ် ဦးဦး၊ ဟောဒီဂါဝန်လေးလည်း အန်တီဝယ်ပေးတာလေ၊ မလှဘူးလားဟင်"

အသစ်စက်စက် ဂါဝန်လေးကို ကိုင်မပြရင်း မီးမီးလေးပြောတော့ သူ သဘောကျစွာ ရယ်မောရင်း

"ဟာ လှတာပေါ့၊ မီးမီးလေးက ဘိုမရုပ်ကလေးလို လှသွားတာပေါ့ကွာ၊ အား လာပါဦး ဦးဦးဆီ"

မီးမီးလေးကို ပွေ့ချီရင်း သနပ်ခါးပါးကွက်လေးနှစ်ဖက်ကို သူ နမ်းရှိုက်တော့

"မီးမီး သနပ်ခါးတွေ ပျက်ကုန်မယ်လေ ဦးဦးရဲ့"

"ဟား ဟား မပျက်ပါဘူးကွာ၊ ဦးဦးက ဖြည်းဖြည်းလေးနမ်းတာပါ ဟုတ်လား"

မီးမီးလေး ရှိနေခြင်းက ငြိမ်းနှင့်သူတို့အတွက် ပိုပြီးအဓိပ္ပာယ်ရှိသောဘဝလေးကို ပိုင်ဆိုင်နေရသလိုဖြစ်ခဲ့သည်။

သူ ရှိနေချိန်မှာ ငြိမ်းအတွက် မီးမီးလေးက အဖော်ဖြစ်နေခဲ့သလို သူ့အတွက်လည်း အိမ်အပြန်စောင့်ကြိုနေမည့် ငြိမ်းနှင့်မီးမီးလေးကြောင့် ကြည်နူးစရာဖြစ်ခဲ့၏။

"ဦးဦး ရေချိုးလေ၊ ထမင်းအတူစားပြီးရင် အန်တီက မီးမီးတို့ သုံးယောက် လမ်းလျှောက်ကြမယ်တဲ့"

"ဟုတ်လား ငြိမ်း၊ ညနေလမ်းလျှောက်ထွက်မလို့လား"





"ဟုတ်တယ် မောင်၊ ထမင်းစားသောက်ပြီး သုံးယောက်လမ်းလျှောက်ထွက်ကြမလားလို့"

"ကောင်းတာပေါ့၊ ဈေးထိပ်ကဆိုင်မှာ ဖာလူဒါသွားသောက်ကြမယ်၊ မီးမီးလေး ကြိုက်လား"

"ကြိုက်တာပေါ့ ဦးဦးရဲ့ ရေချိုးလေ၊ မီးမီး ဦးဦးအတွက် အဝတ်အစားတွေ သွားထုတ်ပေးထားမယ်နော်"

သူ့ကိုပြောပြီး မီးမီးလေး အိမ်ခန်းထဲပြေးဝင်သွားတော့ သူ ကို ပြုံးကြည့်ရင်း

"မီးမီးလေးက ငြိမ်းအတွက် အဖော်ကောင်းဖြစ်နေပြီထင်တယ် င့်အတွက် အဝတ်အစားတွေ ယူပေးဖော်ရနေပြီ"

"မီးမီးက မောင့်ကိုတော်တော် သံယောဇဉ်ရှိပုံပဲနော်၊ မောင့် တစ်ချိန်လုံးမေးနေတာ"

"ဟုတ်လား သူ့အမေကို မေ့နေတာပဲ ကောင်းပါတယ် ငြိမ်း"

"ဩော် မောင် မီးမီးလေးရဲ့ရွာက အမျိုးတွေ သတင်းကော ကြားသေးလဲဟင်"

"သွားစုံစမ်းတဲ့သူ ပြန်ရောက်မလာသေးဘူး ငြိမ်းရဲ့၊ ပြန် က်လာရင် ကြားမှာပါ"

"အဲဒီရွာလေးက တော်တော်ခေါင်တယ်ဆို ဟုတ်လား မောင်"

"အင်း မြို့နဲ့တော်တော်ဝေးတယ်တဲ့၊ မြို့ရောက်ပြီးရင် လှည်း ရီးနဲ့ လေးငါးနာရီလောက်သွားရတယ်ဆိုတော့ မဖွံ့ဖြိုးသေးတဲ့ လေးဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ငြိမ်း ပင့်သက်လေးရှိုက်သည်။ မီးမီးလေး အပေါ်မှာ ငြိမ်း ကိုယ်တိုင်လည်း သူ့လိုပဲ သံယောဇဉ်နှောင်တွယ်နေ ပြီထင်၏။

''မီးမီးလေးရဲ့ဆွေမျိုးသားချင်းတွေက အဆင်ပြေရဲ့လားမောင် ရယ်၊ တော်ကြာ မီးမီးလေး နေရေး စားရေး အဆင်ပြေပါ့မလားဟင်''

တကယ်ဆို ငြိမ်း စိုးရိမ်ပူပန်သလို သူလည်းပူပန်တွေးမိတာပဲ ဖြစ်သည်။ မိဘမဲ့ မီးမီးလေးဘဝကို ရွာကဆွေမျိုးတွေက ကူညီပေးနိုင် မည်လား သူ စိုးရိမ်ပါသည်။

''မောင်လည်း အဲဒါကိုတွေးဖူးတယ် ငြိမ်း၊ ဒါပေမဲ့ သူတို့က မီးမီးလေးရဲ့သွေးသားရင်းချာတွေပဲလေ၊ မီးမီးလေး အဆင်ပြေကံကောင်း ပါစေလို့ပဲ ဆုတောင်းပေးရမှာပေါ့''

သူ့စကားကို ငြိမ်း လေးပင်စွာ ခေါင်းလေးညိတ်နေတုန်းမှာ သမီးလေး အခန်းထဲက ပြန်ထွက်လာ၏။

''ဦးဦး အခုထိ ရေမချိုးသေးဘူးလား''

''ချိုးမှာပေါ့ မီးမီးရဲ့''

''မီးမီး ဦးဦးအတွက် အင်္ကျီနဲ့ပုဆိုးထုတ်ပေးထားပြီးပြီ၊ မြန်မြန် ချိုးနော် ဦးဦး၊ နေမကောင်းဖြစ်နေဦးမယ်''

အရွယ်နှင့်မလိုက်အောင် စကားတတ်လွန်းသော မီးမီးလေးကို သူ ဒါတွေကြောင့်လည်း အချစ်ပိုရတာဖြစ်သည်။ အိမ်ကိုရောက်နေတာ တစ်ပတ်တောင်မရှိသေးပါဘဲ မီးမီးလေးက သူနှင့်ငြိမ်းကို ခင်တွယ်လွန်း သွားတာသေချာ၏။





ဒီအိမ်မှာ မီးမီးလေးသာ မရှိတော့လျှင်တော့ သူနှင့်ငြိမ်း ဘယ် လိုဆက်နေထိုင်ရမည်လဲ မသိတော့ပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

သူနှင့်ငြိမ်းတို့နှစ်ဦး ထင်မှတ်ထားသည်ထက် မီးမီးလေးဘဝက ကံမကောင်းခဲ့ပါ။

"မပန်းနုရဲ့မိဘတွေက မရှိကြတော့ဘူး။ မပန်းနုဘက်က အဒေါ်တစ်ယောက်ရှိတယ်၊ ဒေါ်ခင်မှုံတဲ့၊ အဲဒီတစ်ဦးတည်းသောအဒေါ်ကလည်း သားသမီးမရှိတဲ့ မုဆိုးမတစ်ယောက်၊ ပြီးတော့ ကျန်းမာရေးမကောင်းလို့ ဘာမှမလုပ်နိုင်တဲ့အခြေအနေမို့ ရွာထဲကတောင် ကျွေးမွေးပေးကမ်းနေရတဲ့ အခြေအနေတဲ့ ငြိမ်းရယ်"

မောင် ပြန်ပြောပြနေသော မီးမီးလေး မှီခိုရာတစ်ဦးတည်းသော ဆွေမျိုး ဒေါ်ခင်မှုံအခြေအနေက အားကိုးလောက်စရာမရှိခဲ့ပါ။

"ဒါဆို မီးမီးလေး အနာဂတ်အတွက် ဘယ်လိုလဲ မောင်"

"ဒေါ်ခင်မှုံက ဒီကလေးလေးကို သူ ဘယ်လိုမှ တာဝန်မယူ





ဘူးလို့ တောင်းပန်လိုက်တယ်တဲ့"

"ဟင်"

"မီးမီးလေးကို မွေးစားမယ့်သူရှိရင် ပေးလိုက်ပါတဲ့၊ ဒါမှမဟုတ် မိဘမဲ့ဂေဟာပို့ပေးပါတဲ့၊ အဲဒီဘဝကမှ သူ့ဆီမှာရှိနေတဲ့ဘဝအခြေအနေထက် ပိုကောင်းမှာတဲ့လေ"

ငြိမ်း ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားမိသည်။ မီးမီးလေးအတွက် အားကိုးရာကိုတွေ့ခဲ့ပေမယ့် ထိုအားကိုးရာကလည်း လက်မခံနိုင်သည့် အခြေအနေဖြစ်နေပြီ။

"မီးမီးလေးဘဝက သနားစရာပဲ ငြိမ်းရယ်"

မောင် စိတ်မကောင်းစွာဆိုနေတာကြည့်ရင်း မောင့်ရင်ထဲက နှကိုလည်း ငြိမ်း မြင်နေသည်။

"မောင်"

"ဘာလဲ ငြိမ်း၊ ဘာပြောမလို့လဲဟင်"

"ငြိမ်းတို့ မီးမီးလေးကို မွေးစားရအောင်မောင်"

မောင် အံ့ဩတောက်ပသော မျက်ဝန်းတွေနှင့် ငြိမ်းကိုငေးစိုက်ကြည့်ရင်း လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားခဲ့သည်။

"ငြိမ်း ငြိမ်းတကယ်ပြောတာလားဟင်"

"တကယ်ပြောတာပါ မောင်၊ မီးမီးလေးကို ငြိမ်း သမီးလေးလို ချစ်တယ်၊ မောင်လည်း ချစ်နိုင်တယ်မဟုတ်လား"

"ဟာ မောင်က မီးမီးလေးကို မြင်ကတည်းက သမီးလေးလို ချစ်ခဲ့တာပါ ငြိမ်းရယ်၊ ငြိမ်းသာ လက်ခံမယ်ဆို မောင်ကလည်း ဝမ်းသာ ရ ကျေနပ်သဘောတူမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နည်းခံစားလွယ်သော မောင့်နှလုံးသားမှာ မီးမီးလေးနှင့်ပင်
သက်ဆိုင်သော အဖြစ်တို့ ခိုင်မာနေခဲ့တာ ငြိမ်း ကြုံသိနေသည်။ ငြိမ်း
ကိုယ်တိုင်လည်း မောင်ချစ်သော မီးမီးလေးကိုချစ်သည်။

ကံကြမ္မာက ငြိမ်းနှင့်မောင့်ဘဝထဲကို အကောင်းဆုံးလက်ဆောင်
အဖြစ်ပေးသောတာကို ငြိမ်း လက်မခံနိုင်စရာအကြောင်းမရှိ။

"မောင် မီးမီးလေးကို ငြိမ်းတို့သမီးလေးအဖြစ် တစ်သက်လုံး
သတ်မှတ်လိုက်ကြရအောင်နော်"

"ဝမ်းသာလိုက်တာ ငြိမ်းရယ်၊ ဒီလိုဘဝလေးကို မောင်လိုချင်
နေခဲ့တာ ငြိမ်းသိပါတယ်၊ ငြိမ်းနဲ့မောင့်အတွက် မီးမီးလေးက သမီး
လေးဖြစ်စေရမယ်နော်"

ငြိမ်း ခေါင်းလေးညိတ်ပြမိ၏။ မီးမီးလေးဆိုတာ ငြိမ်းနှင့်မောင်
တို့ရဲ့တစ်ဦးတည်းသော သမီးလေးပဲဖြစ်မှာပါ။

ဒါ ဘာကြောင့်လဲဆိုတော့ မောင် သိစရာလည်းမလိုအပ်တော့
ဟု ငြိမ်းထင်သည်။ မောင် တောင့်တမျှော်လင့်သောဘဝကို ပိုင်ဆိုင်
ပြီမို့ စိတ်ညစ်ညူးစရာတွေ မောင်သိဖို့မှ မလိုအပ်တော့ဘဲလေ။

မီးမီးလေးကံကောင်းသလို မောင်နဲ့ငြိမ်းအတွက် ကံကြမ္မာက
ပေးခဲ့သော ကံကောင်းခြင်းလက်ဆောင်တစ်ခုလို့ ငြိမ်း အကြွင်းမဲ့ယုံကြည်
မိသည်လေ။

■ ■ ■



## အခန်း (၁၂)

"ဒါ ဒါဆို မီးမီး မေမေမရှိတော့ဘူး သေသွားပြီပေါ့ ဟုတ်လား
...င် ဦးဦး"

မျက်ရည်လေးတွေ ချက်ချင်းရစ်ဝဲကာ မီးမီးလေးမေးတော့
...ရင်ထဲမှာမချိပါ။ အမှန်တရားတစ်ခုကိုလည်း သူ ဘယ်အချိန်ထိ
...ထားနိုင်မှာလဲ။

"ဟုတ်တယ် သမီးရယ် သမီးမေမေ ဆုံးသွားရှာပြီ ယာဉ်တိုက်
...ဖြစ်ကတည်းက ဦးခေါင်းခွဲရိုးအက်သွားခဲ့တာ၊ ဆရာဝန်ကြီးတွေ ကုသ
...ကြပေမယ့် ကံဆိုးခဲ့ရှာတယ်ကွယ်"

"အဟင့် ဟင့် မေမေ"

မျက်ရည်တွေစီးကျကာ သမီးလေးငိုတော့ သူ့ရင်ခွင်ထဲဆွဲ
...င်းကာ တင်းတင်းလေး ဖက်ထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မငိုနဲ့ သမီးလေး။ သမီးလေးကို ဦးဦးနဲ့အန်တီက တစ်သက်လုံးစောင့်ရှောက်သွားမှာပါ။ သမီးက ဦးဦးတို့သမီးလေး ဖြစ်သွားပြီလေ"

တသွင်သွင် စီးကျနေသော မျက်ရည်တွေကို မျက်တောင်ကော့ကြီးတွေနှင့် ပုတ်ခတ်ပြီး မီးမီးလေး သူ့ကို မော့ကြည့်၏။ နံဘေးမှာရှိနေသော ငြိမ်းကလည်း

"မီးမီးလေးကို အန်တီတို့ မွေးစားမယ်လေ၊ ဟောဒီ ဦးဦးက သမီးရဲ့အဖေ အန်တီက သမီးမေမေပေါ့"

"ဦးဦးက သမီးဖေဖေ ဟုတ်လား"

"ဟုတ်တယ် သမီး၊ ဦးဦးက သမီးဖေဖေ အန်တီက သမီးမေမေလို့ သမီး အမြဲတမ်း မှတ်ထားတော့နော်"

သူ့စကားကို သမီးလေး ခွန်းတုံ့မပြန်ဘဲ မျက်ရည်စိုစွတ်ဆဲ မျက်ဝန်းတွေနှင့် ငေးစိုက်ကြည့်နေခဲ့သည်။

ကြည်လင်သော မျက်ဝန်းနက်နက်လေးတွေ ပန်းသွေးရောင်ပါးမို့မို့လေးတွေနှင့် ချစ်စရာကောင်းသည့် သမီးလေး။ ဒီသမီးလေးကို မြင်မြင်ချင်း သူနှောင်တွယ်သံယောဇဉ်ဖြစ်ခဲ့ရသည်။

သူ့လိုပဲ ငြိမ်းကလည်း သမီးလေးကို သွေးသားရင်းချာလို နှောင်တွယ်နေသည်ဆိုတော့ . . . ။

ဒီသမီးလေးကို သူ ဘာကြောင့် သမီးရင်းချာလို မစောင့်ရှောက်နိုင်ရမှာလဲ။ သမီးလေးကို ခေတ္တခဏ စောင့်ရှောက်ထားရချိန်တွေမှာ သမီးလေး သူ့ဘဝထဲက ထွက်သွားမည့်အချိန်ကို တွေးကြောက်လန့်နေခဲ့ရ၏။

အခုတော့ သမီးလေးကို သူ တစ်သက်လုံး ပိုင်ဆိုင်ခွင့်ရခဲ့ပြီ





မိရင်းဖရင်းတွေနှင့် နေခွင့်မရှိအောင် ဘဝကံဆိုးခဲ့သော မီးမီးလေး နှလုံးသားကို သူနှင့်ငြိမ်း နွေးထွေးစွာ ယုယပေးချင်သည်။

ဖေဖေနဲ့မေမေအတွက် သမီးလေးက နှလုံးသားတစ်ခုပါ သမီးလေးရယ်။

သမီးလေးအပေါ်မှာ ဖေဖေတို့တစ်သက်လုံး နွေးထွေးအေးမြတဲ့ မေတ္တာတွေနဲ့ ယုယကြင်နာသွားမယ်။

ဒါကို သမီးလေး အကြွင်းမဲ့ယုံကြည်ပါကွယ်။

■ ■ ■

သူနှင့်ငြိမ်းကို မိဘတွေဟုလက်ခံစက မီးမီးလေး မငုံ့မရဲဖြစ်နေသေးသည်။ ဖေဖေ မေမေဟု ခေါ်ဖို့နှုတ်က မရဲဖြစ်ကာ တွန့်ဆုတ်ဆုတ်ရှိနေခဲ့သည်။

ဒါကို သူကော ငြိမ်းပါ နားလည်ပေးခဲ့သည်။ သမီးလေးအပေါ်မှာ သူတို့မေတ္တာတွေက အမြဲတမ်း ပြည့်စုံစေခဲ့၏။

"ဒီတနင်္ဂနွေ ရုံးပိတ်ရက် မောင်တို့သုံးယောက် လျှောက်လည်ကြမယ်၊ သမီးလေးအတွက် အဝတ်အစားသစ်တွေ ဝယ်ကြမယ်၊ ရုပ်ရှင်ကြည့်ကြမယ် ဟုတ်လား"

"ကောင်းတာပေါ့ မောင်ရဲ့၊ သမီးအတွက်လည်း ငြိမ်း ဝယ်ချင်တာလေးတွေ ဝယ်ပေးချင်နေတာ"

သမီးလေးအပေါ်မှာ သူကော ငြိမ်းပါ တူညီသောမေတ္တာတွေပြည့်ဝခဲ့တော့ သမီးလေးဘက်ကလည်း ချစ်ခင်တုံ့ပြန်မှုတွေ ပိုင်ဆိုင်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရ၏။

"မေမေရေ ဖေဖေ ပြန်လာပြီ"

သူ အိမ်ပြန်တိုင်း သနပ်ခါးလေးအဖွေးသားနှင့် ဆီးကြိုတတ်သော သမီးလေး မျက်နှာလေးကို မြင်တိုင်း သူ့ရင်မှာ ချမ်းမြေ့ကြည်နူးရစမြဲဖြစ်၏။

"ဖေဖေ့ဆီလာပါဦး သမီးလေးရဲ့၊ မေမေကော ဘာတွေလုပ်နေလဲကွ"

"ရှိတယ် ဖေဖေ မီးဖိုခန်းထဲမှာ"

မီးမီးလေးကိုထွေးပွေ့ချီပြီး သူမေးနေတုန်းမှာပဲ ငြိမ်း ဧည့်ခန်းထဲကို ထွက်လာသည်။

"မနက်က ချက်ထားတဲ့ ဟင်းတွေ ပြန်နွှေးနေတာပါ မောင်ရဲ့"

ငြိမ်း ပြုံးပြုံးလေးဖြေရင်း သူ့လက်ထဲက လက်ဆွဲအိတ်ကို လှမ်းယူတော့ မီးမီးလေး ကြားက ဝင်ဆွဲလုကိုင်ရင်း

"ဖေဖေ အိတ် မီးမီးကိုပေး၊ မီးမီးသွားသိမ်းလိုက်မယ်နော် မေမေ"

"အဟား ဖေဖေ့သမီးလေးက လိမ္မာလိုက်တာ"

သမီးလေး နဖူးနုနုလေးကို သူ တစ်ချက်နမ်းပြီး အောက်ပြန်ချပေးလိုက်တော့ သူ့လက်ဆွဲအိတ်ကြီးကို မနိုင်တနိုင်ဆွဲကာ သမီးလေး အခန်းထဲ လှမ်းဝင်သွားသည်။

သူကော ငြိမ်းပါ သမီးလေး အခန်းထဲဝင်သွားသည်အထိ အပြုံးတွေနှင့်ရပ်ကြည့်နေခဲ့မိကြ၏။ သမီးလေးပုံရိပ်လေး ပျောက်ကွယ်သွားတော့မှ တစ်ယောက်မျက်နှာတစ်ယောက် လှည့်ကြည့်မိရင်း

ဂျူး၊ ၃၇၄၉



"မောင် ခဏလောက်နားပြီး ရေမိုးချိုးလိုက်တော့နော်"

သူ ခေါင်းညိတ်ပြရင်း ငြိမ်း ပခုံးလေးကိုသိုင်းဖက်ကာ ဧည့်ခန်းဆိုဖာထိုင်ခုံဆီ လျှောက်ခဲ့လိုက်သည်။ နှစ်ဦးသားဆိုဖာထိုင်ခုံမှာ ထိုင်လိုက်ကြ၏။

"မောင်"

"ပြောလေ ငြိမ်း၊ ဘာပြောမလို့လဲ"

"သမီးလေးကို မူကြိုကျောင်းပို့ရအောင် မောင်၊ မနက်က သမီးလေးနဲ့ဈေးသွားတော့ ကျောင်းဝတ်စုံနဲ့ ကလေးတွေကိုတွေ့ပြီး သမီးလေးက ကျောင်းတက်ချင်တယ်တဲ့"

"အင်း သမီးလေးအသက်ကပဲ သုံးနှစ်ခွဲကျော်နေပြီဆိုတော့ မူကြိုတက်လို့ရနေပြီပဲ ငြိမ်းရဲ့၊ သမီးလေး တက်ချင်ရင် ပို့ကြတာပေါ့"

"ဒါဆို ဒီတစ်ပတ်အတွင်း ငြိမ်း စီစဉ်လိုက်မယ် မောင်"

"မူကြိုအချိန်တွေက ဘယ်အချိန်လဲ ငြိမ်း၊ မောင် ရုံးသွားရုံးပြန်အချိန်နဲ့တူရင်တော့ သမီးလေးကို ကြိုပို့ဖို့ အဆင်ပြေပါတယ်"

"အဲဒါအတွက် မပူပါနဲ့ မောင်ရဲ့၊ သမီးလေးကို ကြိုပို့ဖို့အတွက် ငြိမ်း တာဝန်ယူမှာပေါ့"

"မောင့်ဇနီးငြိမ်းကတော့ ပင်ပန်းရှာဦးမှာပဲ၊ အိမ်မှုကိစ္စတွေက တစ်ဖက် သမီးလေးကိစ္စတွေကတစ်ဖက်နဲ့ အဆင်ပြေပါ့မလား လိုအပ်ရင် အိမ်အကူတစ်ယောက်လောက် ခေါ်ပါလားဟင်"

"အာ မောင်ကလည်း မလိုအပ်ပါဘူး၊ သမီးလေးနဲ့မောင့် တာဝန်အားလုံးကို ငြိမ်း နိုင်ပါတယ်"

"မောင်က ငြိမ်း ပင်ပန်းမှာစိုးလို့"

ဂျူး၊ ၈၇၄၉

www.burmeseclassic.com

www.burmeseclassic.com



''ငြိမ်း မပင်ပန်းပါဘူး၊ မောင်နဲ့သမီးလေးအတွက်ပဲဉစ္စာ''

ပြုံးပြုံးလေးဆိုသည့် ငြိမ်းမျက်နှာလေးကိုငေးရင်း ငြိမ်း မေးဖျား လေးကို သူ ဆွဲမော့လိုက်၏။

''ငြိမ်းရယ် ငြိမ်းကိုမောင် အရမ်းချစ်လိုက်တာ''

ပြောရင်း ငြိမ်း မျက်နှာလေးကို နမ်းရှိုက်ဖို့ သူ ခေါင်းကိုငုံ့ ကိုင်းမိစဉ်မှာပဲ

''မေမေ မေမေ''

အသံစာစာလေးနှင့်အတူ ညှော်ခန်းထဲပြေးထွက်လာသော သမီး လေးကြောင့် သူ့ခေါင်းကို ပြန်ရုပ်ကာ ငြိမ်း မေးဖျားလေးကိုဆုပ်ကိုင် ထားသည့် လက်တွေကိုပါ ရုပ်သိမ်းလိုက်ရသည်။

''ဟင် ဖေဖေ ရေမချိုးသေးဘူးလား၊ မီးမီးက ဗိုက်ဆာနေပြီ''

''သမီး ဗိုက်ဆာနေပြီလား၊ ဒါဆို မေမေနဲ့အတူ စားနှင့်လေ ဖေဖေ ရေချိုးပြီး လာခဲ့မယ်''

''ဟင့်အင်း အတူတူစားကြမှာပေါ့၊ ဖေဖေနဲ့မေမေ သမီးကို တစ်လှည့်စီခွံ့ကျွေးတာကို သမီး စားချင်တာ''

''ဪ ဟုတ်ပြီ ဟုတ်ပြီ ဒါဆို ဖေဖေ မြန်မြန်ချိုးလိုက်မယ် ငြိမ်းနဲ့သမီးက ထမင်းဝိုင်းကို အသင့်ပြင်ထားလိုက် ဟုတ်လား''

သူပြောတော့ ငြိမ်း ခေါင်းလေးညိတ်ကာ သမီးလက်ကိုဆွဲကာ မီးဖိုခန်းဘက် လှမ်းသွား၏။

ဒီလိုပျော်ရွှင်စရာမိသားစုဘဝလေးကို အခုလို လျင်မြန်စွာ ပိုင်ဆိုင်ရမည်ဟု သူ ထင်မှတ်မထားခဲ့ပါ။ ကံကြမ္မာက မမျှော်လင့်ဘဲ ဖန်တီးပေးလာခဲ့သည့်ဘဝလေးပါပဲ။



ချစ်စရာသမီးလေးအတွက် နောက်ထပ်အဖော်လေးတစ် ယောက်လောက်တော့ သူ ပိုင်ဆိုင်ချင်သေးသည်။ သူနဲ့ငြိမ်းရဲ့ ရင်သွေး လေးတစ်ယောက်လောက်တော့ ထပ်လိုချင်ပါသေး၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီဖြစ်သော သမီးလေးခန္ဓာကိုယ်လေးထက်ကို ခြုံစောင်လေး ခြုံလွှမ်းပေးလိုက်သည်။ နဖူးပြင်ပေါ်တင်နေသော ဆံနွယ်လေးတွေကို သပ်တင်ပေးရင်း သမီးလေးမျက်နှာကို ငြိမ်း ငေးကြည့်မိ၏။

အပြစ်ကင်းစင်စွာ အိပ်မောကျနေသော မျက်နှာလေးက တကယ့်ကိုချစ်စရာကောင်းသည်။

မျက်ခုံးတန်းတန်းလေးတွေ၊ မျက်တောင်ကော့ကော့ကြီးတွေနှင့် အပြစ်ဆိုရက်စရာမရှိအောင် ချောမောလှပသော သမီးလေးကို ငြိမ်းနှင့်မောင် ပိုင်ဆိုင်ခွင့်ရခဲ့သည်။

ထို့အတွက် ဖန်တီးပေးလာသော ကံကြမ္မာကိုလည်း ငြိမ်း





ကျေးဇူးတင်မိသည်။ မောင်နှင့်ငြိမ်းတို့ ချစ်ခင်သလို သမီးလေးကလည်း ခင်တွယ် သံယောဇဉ်ကြီးတော့ ငြိမ်း ကြည်နူးဝမ်းသာရပါသည်။

သွေးသားရင်းမဟုတ်ပေမယ့် သမီးလေးသည် ငြိမ်းနှင့်မောင်တို့အတွက်တော့ နှလုံးသားတစ်ခုပါပဲကွယ်။

အိပ်ပျော်နေသော သမီးလေး နဖူးပြင်နုနုလေးကို ငြိမ်း တစ်ချက်ငုံ့နမ်းလိုက်စဉ်မှာပဲ မောင် အိပ်ခန်းထဲ လှမ်းဝင်လာ၏။

ငြိမ်းကို ပြုံးပြုံးကြီးရပ်ကြည့်နေသော မောင့်အနားကို ငြိမ်း လျှောက်ခဲ့ရင်း လေသံတိုးတိုးနှင့်မေးမိ၏။

"မောင် စာရင်းတွေစစ်ပြီးပြီလား"

"ပြီးပြီ ငြိမ်း။ အားလုံး အဆင်ပြေပါတယ်၊ ငြိမ်း စစ်ပေးထားတဲ့အတိုင်း မလွဲပါဘူး"

မောင် ရှယ်ယာဝင်ထားသည့် ကုမ္ပဏီမှ သုံးလတစ်ကြိမ်ပို့ပေးသော အမြတ်ဝင်ငွေ စာရင်းတွေကို မနက်ကလည်း ငြိမ်း စစ်ပေးထားသည်။ သေချာမှုရှိအောင် မောင် တစ်ကြိမ်ပြန်စစ် လက်မှတ်ထိုးပြီးပြီဆိုတော့ မနက်ဖြန် ကုမ္ပဏီကိုပို့ပြန်တင်ပေးဖို့ပဲရှိတော့၏။

"မောင် ကော်ဖီသောက်ဦးမလားဟင်"

"မသောက်တော့ဘူး ငြိမ်း၊ သမီးလေး အိပ်သွားပြီလား"

"စောစောကပဲ အိပ်သွားတာ မောင်၊ အခုပဲ ငြိမ်း မောင့်ဆီထွက်လာမလို့ မောင် ကော်ဖီသောက်ချင်မလားလို့"

မောင် ခေါင်းကိုခါရင်း ငြိမ်းကို သိုင်းဖက်တော့ မောင့်ရင်ခွင်ထဲ ငြိမ်းအလိုက်သင့် နိုဝင်လိုက်၏။

"မောင် ကော်ဖီမသောက်ချင်ပါဘူး၊ စောစောက သမီးလေးကို

www.burmeseclassic.com



ငြိမ်း နမ်းသလို ငြိမ်းရဲ့အနမ်းတွေကို မောင်ခံယူချင်တာ''

ငြိမ်း ဆံနွယ်တွေကို ငုံ့နမ်းပြီး မောင်ဆိုတော့ ငြိမ်း ရှက်မျက်ဝန်းလေးတွေနှင့် မောင့်ကိုမော့ကြည့်ရင်း

''မောင်နော် သမီးလေးက အခုမှ အိပ်ပျော်နေရှာတာ''

''မီးမီးလေး အိပ်မောကျနေတာ မောင် သိတာပေါ့၊ မောင်ကော ငြိမ်းပါ မအိပ်ချင်သေးဘူးလေကွာ အဟင်း''

''ဟာ မောင် ဘာတွေပြောနေမှန်းမသိဘူး''

အရှက်သည်းစွာဆိုရင်း မောင့်ရင်ခွင်ထဲ ခေါင်းလေးတိုးဝင်တော့ မောင့်လက်တွေက ငြိမ်းခါးကို တင်းတင်းလေး သိုင်းဖက်လာ၏။

''ငြိမ်း''

''ဟင် ဘာလဲ မောင်''

မော့ကြည့်မိသည့် ငြိမ်း မျက်နှာလေးအနှံ့ မောင့်အနမ်းတို့ ပြန့်ကျဲကျလာသည်။ နူးညံ့နွေးထွေးသော မောင့်အနမ်းတို့က ငြိမ်းအတွက် တော့ မရိုးနိုင်သော ရင်ခုန်သံတွေကို ဖန်ဆင်းပေးနိုင်ဆဲရှိ၏။

''ငြိမ်းကို မောင် သိပ်ချစ်တယ်''

''မောင့်ကိုလည်း ငြိမ်းချစ်ပါတယ် မောင်ရယ်''

ပူနွေးနူးညံ့သော မောင့်နှုတ်ခမ်းက အနမ်းတို့သည် ငြိမ်း ရင်ခုန်သံတွေကို နွေးထွေးရှိန်းမြစေ၏။

ရှည်ကြာသော အနမ်းတို့နှင့်အတူ စီးမျောသွားသောရင်ခုန်သံ တွေကို ငြိမ်း မျက်ဝန်းလေးမှိတ်ကာ ငြိမ်သက်ခံယူနေမိသည့် တဒင်္ဂလေး သည် ဘဝမှာမိန်းမောကြည်နူးစရာ အကောင်းဆုံးအချိန်လေးတွေပဲ ဖြစ်၏။





မောင် ညင်သာစွာ ပွေ့ချီလျက် တိမ်သားစိုင်တွေနှင့်အတူ စီးမျော ခေါ်ဆောင်သွားသည့် ရင်ခုန်ကမ္ဘာလေးထဲမှာ ငြိမ်း မက်မော နှောင်တွယ်ခြင်းတွေနှင့်လည်း ပျော်မွေ့ခဲ့ရပါသည်။

■ ■ ■

''ငြိမ်း''

ငြိမ်း နဖူးပြင်လေးပေါ်က ဆံနွယ်လေးတွေကို ညင်သာစွာပွတ် သပ်ပေးနေရင်း မောင် ခေါ်သည်။ မောင့်ရင်ခွင်မှာ ပါးလေးအပ် မှီနေ ရင်း ငြိမ်း မျက်လွှာလေးပင့်ကြည့်၏။

''ပြောလေ မောင်''

''ငြိမ်းဆီက မောင် တောင်းဆိုချင်စရာရှိလို့''

''တောင်းဆိုချင်စရာ အဟင်း မောင်ကလည်း လင်မယားချင်း နှင့်တောင်းနေရသေးလား''

ငြိမ်းပြောရင်း မောင့်ပါးပြင်ကို ရွတ်ခနဲ နမ်းရှိုက်တော့ မောင် ငြိမ်းဘက်ကိုခေါင်းလှည့် မျက်နှာချင်းဆိုင်လှဲအိပ်ရင်း

''မောင် တောင်းဆိုပြီးတဲ့ကိစ္စပါ ငြိမ်းရဲ့၊ ဒါပေမဲ့ ထပ်ပြီး တောင်းဆိုချင်တာ မီးမီးလေးအတွက်လည်းပါတယ်''

''ဘယ်လို မောင်၊ သမီးလေးအတွက်ပါတယ် ဟုတ်လား''

''ဟုတ်တယ် ငြိမ်း၊ မောင်တို့သမီးလေးအတွက် အဖော်လေး တစ်ယောက်တော့ လိုအပ်တယ်၊ မောင်နဲ့ငြိမ်းတို့ မွေးလာမယ့်ရင်သွေး လေးက သမီးလေးရဲ့မောင်လေး ညီမလေးပဲပေါ့''

မောင့်စကားကြောင့် ငြိမ်း မျက်ဝန်းလေးတွေ ဝိုင်းစက်သွားမိလှုပ် သွားခဲ့သည်။ မောင် ဘာကြောင့် ဒီတောင်းဆိုချက်တွေကို တောင်းဆိုနေ



www.burmeseclassic.com

www.burmeseclassic.com



ရပြန်သည်လဲ။

"နော် ငြိမ်း သမီးလေးရောက်မလာခင်ကတည်းက ငြိမ်းနဲ့မောင်တို့ မျှော်လင့်ထားခဲ့ကြတဲ့ကိစ္စလေ၊ ငြိမ်း လက်ခံမယ်မဟုတ်လား"

ငြိမ်း မျက်နှာကို လက်ချောင်းလေးတွေနှင့် ညင်သာစွာပွတ်သပ်ပေးရင်း ပြောနေသည့် မောင့်စကားတွေကြောင့် ငြိမ်း ရင်ထဲမကောင်းလှပါ။ မောင် မသိစေချင်သော အမှန်တရားကြီးတစ်ခုကို ငြိမ်း ဘယ်အချိန်ထိ သိုဝှက်ထားနိုင်မှာတဲ့လဲ။

"ငြိမ်း မောင်မေးတာ ဖြေဦးလေ"

"မောင်ရယ် ငြိမ်းနဲ့မောင့်ဘဝထဲမှာ သမီးလေးရှိနေပြီပဲဥစ္စာ နောက်ထပ် ရင်သွေးမလိုအပ်တော့ဘူးလေ"

"ဟား မဟုတ်ဘူးလေကွာ၊ မောင့်အတွက်တော့ ရင်သွေးလေးတစ်ယောက်တော့ ထပ်ပြီးလိုအပ်တာ အမှန်ပဲ၊ ဒါမှလည်း သမီးလေးအတွက် အဖော်တစ်ယောက် ရှိလာမှာပေါ့ ငြိမ်းရဲ့၊ လောကကြီးထဲမှာ မောင်နဲ့ငြိမ်းတို့ မရှိတော့တဲ့အချိန်ကျရင် သမီးလေးအတွက် မောင်နှမသားချင်းဆိုတဲ့ အဖော်လေး ကျန်ရစ်ခဲ့စေချင်တာပေါ့"

မောင့်စိတ်ကူးမျှော်လင့်ချက်တွေကို ငြိမ်း မပျက်သ်ေးစေချင်ပါ။ ဒါပေမဲ့ ဘယ်တော့မှ ဖြစ်မလာနိုင်သော မျှော်လင့်ချက်ကြီးဖြင့်လည်း မောင် စိတ်မပင်ပန်းစေချင်ပါ။

"မောင်"

"ပြောလေ ငြိမ်း၊ မောင် နားထောင်နေတယ်"

"ဒီစကားကို ဘယ်တော့မှ မောင့်ကို မပြောတော့ဘူးလို့ ငြိမ်းဆုံးဖြတ်ထားခဲ့တာပါ မောင်၊ ဒါပေမဲ့ မောင့်ကိုလည်း ငြိမ်း သိုဝှက်မထား





ချင်တော့ဘူး"

မောင် အံ့သြမျက်ဝန်းတွေနှင့် ငြိမ်းကို နားမလည်နိုင်သလိုစေးကြည့်နေသည်။ မောင့်ကိုကြည့်ကာ ငြိမ်း မျက်ရည်ဝဲချင်လာ၏။

"မောင်နဲ့ငြိမ်းတို့မှာ ရင်သွေးရနိုင်ဖို့ မလွယ်ဘူး မောင်"

"ဟင် ဘာ ဘာရယ် ငြိမ်း"

မောင် အလန့်တကြားအော်ရင်း ဝေါက်ခနဲ ထထိုင်သည်။ ငြိမ်းမှ နံဘေးမှာအိပ်မောကျနေသော သမီးလေးကို လှည့်ကြည့်ကာ

"ဆောရီး ငြိမ်းရယ် မောင် သတိလက်လွတ်ဖြစ်သွားတယ်၊ ငြိမ်း ငြိမ်း ဘာပြောလိုက်တာလဲ မောင် နားမလည်ဘူး"

ငြိမ်း ခုတင်ပေါ်မှာ ထထိုင်ရင်း မောင့်ကို စာနာနားလည်စွာကြည့်မိသည်။ ငြိမ်းစကားအတွက် မောင် ခံစားရမည်ဆိုတာကို ငြိမ်းနားလည်ပါသည်။

"ငြိမ်း ပြီးခဲ့တဲ့တစ်လကျော်လောက်ကတည်းက ဆွေဆွေနဲ့တွေ့ပြီးပြီ မောင်၊ ဆွေဆွေက သားဖွားမီးယပ်ဆရာဝန်တစ်ယောက်ဆိုတာတော့ မောင် သိမှာပါ"

မောင် ခေါင်းညိတ်ရင်း ငြိမ်း စကားတွေကို နားစိုက်ထောင်နေခဲ့၏။ မပြောချင်သောစကားတွေပေမယ့် ငြိမ်း မောင့်ကို ဖွင့်ပြောရတော့မည်ပဲဖြစ်၏။

ဆွေဆွေနှင့် ဆုံတွေ့ဖြစ်ပုံ၊ ဆွေဆွေရဲ့အကြံပေးချက်အတိုင်း ငြိမ်း ဆေးစစ်ခဲ့တာတွေကို ပြောပြတော့ မောင် နှုတ်ဆိတ်စွာပဲ နားထောင်နေခဲ့ရှာ၏။

"ငြိမ်းဘက်က ချွတ်ယွင်းချက်မရှိဘူးဆိုတော့ ဆွေဆွေက



www.burmeseclassic.com

www.burmeseclassic.com



သေချာအောင် မောင့်ကိုဆေးစစ်စေချင်တယ်တဲ့''

''ငြိမ်းဘက်က ချွတ်ယွင်းချက်မရှိဘူးဆိုတော့ မောင် မောင့်ဘက်က''

ပြောရင်း မောင့်အသံတွေ တိမ်ဝင်သွားတော့ ငြိမ်း မောင့်ကို သိုင်းဖက်ရင်း ခေါင်းကိုခါမိ၏။

''ဟင့်အင်း အဲဒီလို ယတိပြတ်ပြောလို့မရဘူးလေ မောင်ရဲ့ မောင့်ကိုမှ ဆေးစစ်ခဲ့သေးတာမှ မဟုတ်တာ၊ မောင့်ကိုလည်း ငြိမ်းပြော မထွက်ဘူး မောင်၊ မောင် စိတ်မဆင်းရဲစေချင်လို့ပါ''

''ငြိမ်းရယ်''

ငြိမ်းကို တင်းတင်းကြပ်ကြပ် သိုင်းဖက်ထားရင်း မောင် ရွတ်ရှာသည်။ မောင့်ရင်ထဲမှာ ဘယ်လောက်အထိ ကြေကွဲဝမ်းနည်းနေ ရှာမည်ကို ငြိမ်း နားလည်ပါသည်။ ရင်ချင်းအပ်ကာ ငြိမ်း ပခုံးပေါ်မှာ မေးတင်ထားသော မောင့်မျက်နှာကို ငြိမ်း မမြင်ရပါ။

''ငြိမ်းရယ် မောင် တကယ်စိတ်မကောင်းဘူး။ မောင် မွေ လင့်တဲ့ဘဝလေးကို ပိုင်ဆိုင်ခွင့်မရတာ မောင့်ကြောင့်ပဲဖြစ်မှာပါ''

''အို မောင် ဒီလိုမပြောပါနဲ့ မောင်ရယ်''

မောင့်ရင်ခွင်ထဲမှ ရုန်းထွက်ကာ ခန္ဓာကိုယ်ချင်းခွာလျက် မျက်နှာချင်းဆိုင်ကြည့်မိသည်။ ဝမ်းနည်းရိပ်တွေ ခိုတွယ်နေသော မောင့်မျက်ဝန်းတွေကိုကြည့်ကာ ငြိမ်း ရင်ထဲမှာလည်း ဝမ်းနည်းချင်လာသည်။

မောင့်ကိုမပြောချင်လို့ မျိုသိပ်ထားခဲ့ပေမယ့် ဖွင့်မပြောလို့လည်း မဖြစ်တော့သည့်အခြေအနေမို့ပါ မောင်ရယ်။

''မောင် မောင် အရမ်းစိတ်မကောင်းဖြစ်နေသလားဟင်၊ ငြိမ်း





ကို အထင်မလွဲပါနဲ့ မောင်ရယ်၊ မောင့်ကိုစိတ်မညစ်စေချင်လို့ ဒီအကြောင်းတွေ ငြိမ်း ဖွင့်မပြောခဲ့တာပါ မောင်ရယ်''

မောင့်ပါးပြင်တွေကို ငြိမ်းလက်ဖဝါးတွေနှင့် ပွတ်သပ်ရင်း တောင်းပန်နေမိတော့ မောင် ငြိမ်း လက်ဖဝါးတွေကို ဆုပ်ကိုင်ရင်း ခေါင်းကိုခါရမ်းသည်။

''ငြိမ်းရယ် ငြိမ်းကိုမောင် ဘာအတွက် စိတ်ဆိုးရမှာလဲ အထင်လွဲရမှာလဲကွာ၊ ငြိမ်းကို မောင်ပိုလို့ မြတ်နိုးရပါတယ်ကွာ၊ မောင့်ဘက်ကို အမြဲတမ်း နားလည်ပေးတဲ့ ငြိမ်းကို မောင့်ဘက်က ဘာမှမသိဘဲ တောင်းဆိုနေမိတာကိုပဲ မောင် ဝမ်းနည်းစိတ်မကောင်းဖြစ်ရတာပါကွာ''

''ဝမ်းနည်းမနေပါနဲ့ မောင်ရယ်၊ မီးမီးလေးက မောင်နဲ့ငြိမ်းတို့ရဲ့သမီးလေးပဲပေါ့''

ငြိမ်း စကားကြောင့် မောင့်မျက်ဝန်းတွေက ငြိမ်သက်စွာ အိပ်မောကျနေသော မီးမီးလေးကိုလှမ်းကြည့်သည်။

''ဟုတ်ပါတယ် ငြိမ်းရယ်၊ မီးမီးလေးက မောင်နဲ့ငြိမ်းတို့ရဲ့သမီးလေးပါပဲ''

''သိပ်မှန်တာပေါ့ မောင်ရယ်၊ သမီးလေးအပေါ်မှာ မောင်နဲ့ငြိမ်းတို့ ချစ်ခြင်းတွေ ပြည့်ဝပေးဆပ်ကြရအောင်နော်''

မောင့်မျက်နှာကို မော့ကြည့်ရင်း ငြိမ်းပြောတော့ မောင် ငြိမ်းကို တင်းတင်းသိုင်းဖက်ကာ ပွေ့ဖက်ထားခဲ့သည်။ မောင့်ကျောပြင်ကို ပြန်သိုင်းဖက်ရင်း ငြိမ်း နှုတ်ကလည်း စကားသံတွေ တိတ်ဆိတ်နေခဲ့၏။

တိတ်ဆိတ်နေသော အခန်းလေးထဲမှာ သမီးလေးရဲ့အသက်ရှူသံတိုးတိုးလေးကို ငြိမ်း ကြားနေရသလို မောင်လည်း ကြားနိုင်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သမီးလေးက မောင်နှင့်ငြိမ်းတို့ရဲ့ ဘဝဖြစ်သလို မောင်နဲ့ငြိမ်းတို့ရဲ့ နှလုံးသားတစ်ခုဆိုတာလည်း အသေအချာ။

■ ■ ■



## အခန်း (၁၄)

ဒီနေ့ သမီးလေးရဲ့လေးနှစ်မြောက် မွေးနေ့အမှတ်တရအဖြစ် သမီးလေးတက်နေသော မူကြိုကျောင်းမှာ ကြက်ဆီထမင်းနှင့်ရေခဲမုန့် ကျွေးမွေးကာ အလှူလေးလုပ်ပေးဖြစ်သည်။

ထို့အတွက် သမီးလေး ပျော်ရွှင်ကြည်နူးနေသလို သူနှင့်ငြိမ်းလည်း ပီတိဖြစ်ရ၏။

သမီးလေး မွေးနေ့ပွဲမို့ သူလည်း ရုံးကခွင့်တစ်ရက်ယူကာ သမီးလေးအတွက် တစ်နေကုန် အချိန်ပေးဖို့ ရည်ရွယ်ထားသည်။ မူကြိုကျောင်းမှာညှော်ခံကျွေးမွေးပွဲလေးပြီးတော့ သားအမိသားအဖသုံး ယောက် အိမ်ကိုပြန်ခဲ့ကြသည်။

အဖြူရောင်ဇာဂါဝန်လေးနှင့် လှပချစ်စရာကောင်းနေသော သမီးလေးကို ငေးကြည့်ရင်း သမီးလေးနံဘေးမှ ငြိမ်းကိုလည်း သူ ငဲ့ ကြည့်မိ၏။

ဗျူး:၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးနှင့်အရောင်တူ အဖြူရောင်ဝမ်းဆက်လေး ဆင်ယင်ထားသော ငြိမ်းသည်လည်း နုနုညက်ညက်လေး လှပနေခဲ့သည်။ သူ့ဘဝအတွက်တော့ ငြိမ်းနှင့်သမီးလေးသည် အရေးပါဆုံးပါပဲ။

"သမီးလေး သိပ်ပင်ပန်းသွားပြီလား"

ငြိမ်း မေးတော့ သမီးလေးခေါင်းကို ခါရမ်းပြရင်း

"မပင်ပန်းပါဘူး မေမေ၊ မူကြိုကျောင်းက သူငယ်ချင်းတွေနဲ့ ပျော်ဖို့ကောင်းတယ်"

"အိမ်ရောက်ရင်လည်း သမီးလေးအတွက် ပျော်စရာကောင်းတဲ့ အစီအစဉ်လေးရှိသေးတယ် သမီးရဲ့"

သူ့စကားကြောင့် သမီးလေး မျက်ဝန်းလေးတွေ ဝိုင်းစက်ကားကားမောင်းနေသည့် သူ့ကိုလှမ်းကြည့်သည်။

"ဘာအစီအစဉ်လဲဟင် ဖေဖေ"

"အခုပဲ အိမ်ရောက်တော့မှာလေ သမီးရဲ့၊ အိမ်ရောက်ရင်သိရမှာပေါ့"

သူ့စကားကြောင့် သမီးလေး မျက်တောင်လေးတွေ တဖျပ်ဖျပ်ပုတ်ခတ် ငြိမ်သက်သွားသည်။ နံဘေးမှ ငြိမ်းကတော့ သမီးလေးပခုံးကို သိုင်းဖက်ဆုပ်ကိုင်ထားရင်း ပြုံးပြုံးရှိနေခဲ့၏။

ဆင်ဝင်အောက်မှာ ကားလေးထိုးရပ်ချိန်အထိ သမီးလေး တိတ်ဆိတ်နေခဲ့သည်။ သူနှင့်ငြိမ်း သမီးလေးကို တစ်ဖက်ဆီက လက်ဆွဲကာ အိမ်ထဲအထိ ခေါ်လာခဲ့သည်။

"ဖေဖေ အစီအစဉ်က ဘာလဲ"

"သိရမယ်လေ သမီးရဲ့၊ ကဲ ငြိမ်းရေ သမီးလေးကို အခန်းထဲ





ခေါ်သွားကြရအောင်နော်"

သူနှင့်ငြိမ်း တွဲခေါ်ရာကို သမီးလေးခမြာ သိချင်စိတ်တို့ပြွမ်းပြသောမျက်ဝန်းလေးတွေနှင့် လိုက်ပါလာရှာ၏။

သူ့စာကြည့်ခန်းတံခါးကို ငြိမ်း အသာလေး ဆွဲဖွင့်လိုက်တော့ သမီးလေး မျက်ဝန်းတွေ အံ့သြဝိုင်းစက်သွားခဲ့သည်။ ရောင်စုံဖဲကြိုးတွေ ပေါင်းလေးတွေနှင့် ပြင်ဆင်ထားသောအခန်းလေးက သမီးလေးအတွက် အံ့တသြဖြစ်သွားစေမှာ သေချာ၏။

"လာ သမီးလေး"

သမီးလေးလက်ကိုဆွဲကာ အခန်းအလယ်က စားပွဲဆီ ငြိမ်း ခေါ်သွားခဲ့၏။ ပြီးတော့ စားပွဲပေါ်က အုပ်ဆောင်းကြီးကို ငြိမ်း ဆွဲဖွင့်လိုက်သည်။

"ဟယ်"

သမီးလေးပါးစပ်က အသံလေးထွက်ပေါ်လာသည်အထိ အံ့သြသွားခဲ့၏။ ရောင်စုံဖယောင်းတိုင်လေး လေးတိုင်စိုက်ထူထားသော မွေးနေ့ကိတ်တစ်လုံးကို သမီးလေး မျက်ဝန်းဝိုင်းဝိုင်းလေးတွေနှင့် ကြည့်နေခဲ့၏။

ကိတ်မုန့်ပေါ်က 'မရင်ငြိမ်းပန်း' ဟူသော နာမည်လေးကို သမီးလေး အသံမထွက်ဘဲ စာလုံးပေါင်းဖတ်နေတာကိုလည်း သူပြုံးကြည့်နေမိ၏။

"ဖေဖေနဲ့မေမေရဲ့သမီးလေး ရင်ငြိမ်းပန်းအတွက် ဟက်ပီးဘတ်ဒေးပါကွယ်"

သမီးလေးပခုံးလေးကို ဆုပ်ကိုင်ပြီး ငြိမ်း ပြုံးပြုံးလေး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မီးမီးအတွက် မွေးနေ့ကိတ်ကြီးလားဟင် မေမေ"

"ဒါပေါ့ သမီးရဲ့ သမီးဖေဖေက စီစဉ်ပေးထားတာလေ၊ သမီး အံ့သြဝမ်းသာသွားစေချင်လို့တဲ့"

သမီးလေးက သူ့ကိုမော့ကြည့်သည်။ ပြီးတော့ သူ့လက်ကိုဆွဲကာ

"ဖေဖေ ထိုင်ပါဦး၊ ဖေဖေ့ကို မီးမီး နမ်းချင်လို့"

သူ သမီးလေးရှေ့မှာ ဒူးထောက်ထိုင်ချလိုက်တော့ သမီးက သူ့လည်ပင်းကို သိုင်းဖက်ကာ ပါးနှစ်ဖက်ကို အားပါးတရ နမ်းရှိုက်သည်။

သူ့ရင်ထဲမှာ ကြည်နူးပျော်ရွှင်မှုတွေ ပြည့်ဝသွားခဲ့၏။ သမီးလေး ပါးနှစ်ဖက်ကိုလည်း သူ အနမ်းပွင့်လေးတွေ ခြွေချလိုက်သည်။

"ဖေဖေ့သမီးလေး ပျော်ပါစေကွာ ကဲ မေမေကြီးကိုလည်း မွေးမွေးပေးလိုက်ပါဦးကွာ"

ငြိမ်းက သမီးလေး မီအောင် ဒူးထောက်ထိုင်ပေးတော့ သမီးလေး နမ်းသည်။ ငြိမ်းကလည်း တုံ့ပြန်အနမ်းတွေပေးနေသည့် မြင်ကွင်းလေးကိုကြည့်ကာ သူ ကြည်နူးမဆုံး။

"ဖေဖေကလည်း မေမေ့ကိုမွေးမွေးပေးဦးလေ"

"အိုကေ အိုကေ မွေးရမှာပေါ့ သမီးရဲ့"

သမီးလေး တောင်းဆိုသည့်အတိုင်း သူ ငြိမ်းပါးနှစ်ဖက် နမ်းတော့ ငြိမ်း ရှက်ပြုံးလေးနှင့် ခံယူရသည်။ ငြိမ်းကလည်း သူ့ပါးနှစ်ဖက်ကို ပြန်နမ်းတော့ သမီးလေး လက်ခုပ်တီးကာ အားပေးသည်။

"ဟေး ဒါမှ ဖေဖေနဲ့မေမေကွ"





"ကဲ သမီးရေ မွေးနေ့ဆုတောင်းပြီး ကိတ်လှီးရအောင်၊ ပြီးရင် သမီးက ဖေဖေနဲ့မေမေ့ကို ခွံ့ကျွေးနော်"

သုံးယောက်သား မွေးနေ့ကိတ်ရှေ့မှာ စုဝိုင်းလိုက်ကြသည်။ ၃ ကိုယ်တိုင်ပဲ ဖယောင်းတိုင်မှာ မီးညှိထွန်းပေးလိုက်၏။

"ကိုင်း ဖေဖေနဲ့မေမေက သမီးလေးအတွက် မွေးနေ့ဆုတောင်း သီချင်းဆိုပေးမယ်"

သူနှင့်ငြိမ်း လက်ခုပ်တီးကာ ဟက်ပီးဘတ်ဒေး သီချင်းကို ဆိုတော့ သမီးလေးပါ လက်ခုပ်တီးကာ ဝင်ဆိုသည်။

"ဟက်ပီးဘတ်ဒေး တူးယူး ဟက်ပီးဘတ်ဒေး တူးယူး ဟက်ပီး ဘတ်ဒေး တူး . . ယူ"

ဖယောင်းတိုင်မီးတွေကို သမီးလေးမှုတ်ငြိမ်းတော့ သူနှင့်ငြိမ်း လက်ခုပ်တီး ဂုဏ်ပြုပေးကြသည်။

မွေးနေ့ကိတ်လေးကို သမီးလေးလှီးတော့ ငြိမ်းကပါ ဝိုင်းကူ သည်။ သမီးလေးကိုယ်တိုင် ခွံ့ကျွေးသောမုန့်တွေစားကာ သူနှင့်ငြိမ်း နှစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပျော်ရွှင်မဆုံးကြပါ။

"ဖေဖေနဲ့မေမေရဲ့သမီးလေး ရင်ငြိမ်းပန်း ပျော်ရွှင်စရာမွေးနေ့ များ ရာစုနှစ်များစွာတိုင်ပါစေကွယ်"

"မီးမီး အရမ်းပျော်ပါတယ်၊ ဖေဖေနဲ့မေမေကိုလည်း အရမ်း ချစ်တယ်"

အပြစ်ကင်းစင်သော သမီးလေးနှုတ်က စကားသံလေးက ငြိမ်း ရင်ထဲအထိ စီးမျောသွားခဲ့တာ အမှန်ပဲဖြစ်သည်။ သမီးလေးကို ကြားက် ငြိမ်းကိုတစ်ဖက် နွေးထွေးစွာ သိုင်းဖက်ထားရင်း . . .။



www.burmeseclassic.com

ကြည်နူးစရာမိသားစုဘဝလေး အမြဲတမ်း တည်တံ့စေဖို့ သူ ဆုတောင်းနေမိတော့သည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၅)

ရင်ငြိမ်းပန်း ဆိုသော သမီးလေးနာမည်ကို သူပဲရွေးချယ်ပေးခဲ့တာ ဖြစ်သည်။ သမီးလေးသည် သူ့အတွက် ရင်ကိုငြိမ်းချမ်းအေးမြစေသော ပန်းလေးတစ်ပွင့်ဟု တင်ထားသည့်သဘော။

ငြိမ်းကလည်း ထိုအမည်လေးကို လက်ခံသည်။ ရင်ငြိမ်းပန်းဆိုသော သမီးလေးက သူနှင့်ငြိမ်းအတွက် တစ်ဦးတည်းသော ရင်သွေးရတနာလေးပဲဖြစ်မည်က သေချာသည်။

ဒါကို သူနှင့်ငြိမ်း လက်ခံကျေနပ်ပေမယ့် သူ့ဦးလေးနှင့်အဒေါ်များကတော့ သိပ်သဘောမကျချင်ကြပါ။

''နေပါဦး ပြည့်စုံ၊ မင်းတို့လင်မယားက ကလေးတစ်ယောက် မွေးထားပြီး ဘာလို့နောက်ထပ် ကလေးမယူတော့တာလဲ၊ ကိုယ့်သွေးသား အရင်းအချာတော့ ယူသင့်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်ပြည့်စုံ၊ ဒေါ်လေးကလည်း အဲဒီလိုပဲဖြစ်စေချင်တယ်၊ မွေးစားသားသမီးဆိုတာ ကိုယ့်သွေးသားရင်းမှ မဟုတ်တာ"

"သမီးလေးက ကျွန်တော်တို့သွေးသားရင်းလိုပါပဲ ဒေါ်လေးလှိုင်သမီးလေးကို ကျွန်တော်တို့ တရားဝင် အမွေစားအမွေခံ မွေးစားခဲ့တာပါ"

သူ့စကားကို အလိုမကျစွာ ဒေါ်လေးလှိုင် မျက်နှာမဲ့သည်။ နံဘေးက ဦးမျိုးကလည်း မျက်မှောင်ကြီးကုပ်လျက်

"ကလေးမလေးက မိဘမဲ့ဆွေမျိုးညာတိလည်းမရှိလို့ မင်းမွေးစားတာ ငါ ဘာမှမပြောလိုပါဘူး၊ ဒါပေမဲ့ အမွေစားအမွေခံဆိုတော့ မင်းနဲ့ငြိမ်းလေးတို့ သားသမီးရလာရင် ဒါက ပြဿနာဖြစ်နိုင်တယ်နော်"

"ဘာပြဿနာဖြစ်ရမှာလဲ ဦးမျိုးရဲ့၊ သမီးက ကျွန်တော့်ရဲ့ သမီးရင်းပဲ၊ နောက်ထပ် သားသမီးရလာရင်လည်း သမီးရဲ့မောင်ညီမ လေးပဲ ဖြစ်ရမှာပေါ့၊ နောက်ဆုံး သားသမီးထပ်မရရင်တောင် သမီးကိုပဲ ကျွန်တော်နဲ့ငြိမ်း တစ်သက်လုံး ချစ်သွားမှာပါ"

သူ့စိတ်ကို သိနေသော ဦးမျိုးနှင့်ဒေါ်လေးလှိုင်တို့ ဘာမှထပ်မပြောကြတော့ပါ။

တကယ်ဆို သူနှင့်ငြိမ်းအတွက် နောက်ထပ်ရင်သွေးတစ်ဦးရနိုင်ဖို့ဆိုတာ မလွယ်တော့ဟု သူ နားလည်ထားပြီးဖြစ်သည်။ ဒါက ငြိမ်းဘက်က ချွတ်ယွင်းချက်မဟုတ်ဘဲ သူ့ဘက်က ချွတ်ယွင်းချက်ပဲဖြစ်မည်။

ငြိမ်း ဖွင့်ပြော၍ သိခဲ့ရစဉ်ကတော့ သူ ဝမ်းနည်းမိတာအမှန်ဖြစ်၏။ ဒါပေမဲ့လည်း ကံကြမ္မာကပေးခဲ့သော သမီးလေးရှိနေတာကြောင့် သူ ဖြေသိမ့်နိုင်ခဲ့သည်။





ဘယ်သူတွေ ဘယ်လိုပဲပြောပြော ငြိမ်းသည် သမီးလေးကိုချစ်သည်။ သမီးလေးကလည်း သူနှင့်ငြိမ်းကို သိပ်ချစ်သည်။

ပျော်စရာမိသားစုဘဝလေးအတွက် ကျန်တာဘာမှမလိုအပ်တော့ပါ။

သမီးလေး ရင်ငြိမ်းပန်းသာ သူနဲ့ငြိမ်းရဲ့ ဘဝတစ်ခုဖြစ်နေခဲ့ပြီ။

အခုဆိုရင်ပဲ သမီးလေး ငါးတန်းတက်နေပြီ၊ သမီးလေးအသက်ကိုးနှစ်ကျော်လို့ ဆယ်နှစ်ထဲရောက်နေပြီ။ ဒီအချိန်ထိ သူနဲ့ငြိမ်းမှာသွေးရရှိဖို့လက္ခဏာမမြင်တော့ သူလည်း စိတ်လျှော့လိုက်ပြီးပြီ။

သမီးလေးကိုပဲ သူ့ရဲ့ချစ်ခြင်းမေတ္တာတွေ ပြည့်ဝစွာပုံအပ်ချစ်တော့မည်။

သူ့ရဲ့ချစ်ခြင်းမေတ္တာတရားအားလုံးသည် သမီးလေးနှင့်ငြိမ်းဦးအတွက်ပဲဖြစ်သည်။ သူ့အပေါ် စာနာနားလည်မှုတွေနှင့် ချစ်ခဲ့ငြိမ်းသည်လည်း..။

သူ့စိတ်နှင့်ထပ်တူ ရှိလိမ့်မည်။

■ ■ ■

"မေမေ မေမေ မေမေရေ"

အလောတကြီး ခေါ်သံနှင့်အတူ ငြိမ်းကို အသံရှုးရှူးလေးနှင့်အော်နေသည့် သမီးလေးအသံကြောင့် မီးဖိုခန်းထဲမှ ကသောကမျော ထွက်ခဲ့လိုက်သည်။

ဧည့်ခန်းထဲမှာပဲ သမီးလေးနှင့် ရင်ဆိုင်တိုးသည်၊ ကျောပိုးအိတ် ဆိုဖာထိုင်ခုံပေါ်ပစ်တင်ရင်း သမီးက ငြိမ်းဆီပြေးလာတာ တင်းဖက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်လာတာလဲသမီးရယ် အထိတ်တလန့်ကွယ်''

''မေမေ့ကို ပြောစရာရှိလို့ အိမ်ရှေ့ကို ကျောင်းကားထိုးရ ကတည်းက မေမေ့ကိုတွေ့မယ်ထင်ထားတာ''

''ဆောရီး သမီးရယ် မေမေလည်း မီးဖိုထဲဝင်နေလို့''

ညနေ သမီးကျောင်းဆင်းချိန်တိုင်း ကျောင်းကားကို ငြိမ်း ခြံဝကထွက်ကြိုတတ်စမြဲဖြစ်သည်။ ဒီနေ့တော့ မနက်ကဟင်းတွေ ပြန်နွှေးစီစဉ်နေတာကြောင့် မကြိုဖြစ်ခဲ့။

''မေမေ''

''ဘာလဲ သမီး၊ ဗိုက်ဆာနေပြီလား''

''ဟာ မဟုတ်ပါဘူး မေမေရဲ့၊ သမီး လေးတန်းမှာပထမ ရတယ်၊ အဲဒါ ဆုပေးပွဲတက်ဖို့ ဖိတ်စာပါလာတယ်၊ မေမေ့ကို ဝမ်းသာ လွန်းလို့ပြမလို့''

ပြောရင်း သမီးလက်ထဲက ဆုပေးပွဲအခမ်းအနားဖိတ်စာ ပြတော့ ငြိမ်း ယူကြည့်မိ၏။

''ဟယ် ဝမ်းသာလိုက်တာကွယ်၊ မေမေ့သမီးလေးက တော် လိုက်တာ''

မူလတန်းတစ်လျှောက်လုံး ဆုချိတ်အောင် ကြိုးစားသည့် သမီး လေးအတွက် ငြိမ်း တကယ်ပဲ ဝမ်းသာမိသည်။ သုံးတန်းတုန်းက ဒုတိယ ဆုရသည့် သမီးလေး လေးတန်းမှာပထမဆိုတော့ မောင်လည်း ဝမ်းသာ မှာသေချာ၏။

''ဖေ ဖေဖေ ပြန်မလာသေးဘူးလား မေမေ''

''ရုံးကပြန်မလာသေးဘူးလေ သမီးရဲ့''

''ဖေဖေ ပြန်လာရင် ပြောရမယ် ပြီးရင် သမီးလိုချင်တဲ့



ဆောင်တောင်းမယ်''

''သမီးဖေဖေက ပေးမှာပါကွယ်၊ မေမေကလည်း သမီးလိုချင် တာ ဝယ်ပေးမှာပေါ့ အဲ အဲ ဒုက္ခပဲ''

''ဘာ ဘာလဲ မေမေ၊ အဲ ညှော်နံ့''

''ဟုတ်တယ် သမီးရေ မေမေ ကြက်သားဟင်းအိုးနွှေးခဲ့တာ ပြီထင်ပါရဲ့''

ပြောရင်း ငြိမ်း မီးဖိုထဲကို ကသုတ်ကရိုက် ပြေးခဲ့ရသည်။ သမီးလေးကလည်း ငြိမ်း အနောက်က ပြေးလိုက်လာသည်။

''ဟယ် သွားပြီ၊ အကုန်တူးကုန်ပြီ''

လျှပ်စစ်မီးခလုတ်ကိုပိတ်ကာ အိုးကပ်ပြီး တူးကုန်သော ဟင်း ကို ငြိမ်းဖိုပေါ်ကချလိုက်ရ၏။ ခြစ်ခြစ်တူးနေသော ဟင်းတူးအနံ့တွေ မီးဖိုခန်းထဲမှာ မွှန်ထူလျက်. . .။

''အဟင်း ဟင်း မေမေ ကြက်သားတူးဟင်းနဲ့ပဲ သမီးတို့ စားရတော့မယ်ထင်တယ်''

သမီးရယ်မောရင်းပြောနေတုန်းမှာ မီးဖိုထဲအထိ ဝင်လာသော င့်မျက်နှာက ရှုံ့မဲ့လျက်

''ဘာဖြစ်တာလဲ ငြိမ်း၊ ဟင်းတူးနံ့တွေကြောင့် မောင် စိုးရိမ် တာ''

''မနက်ကဟင်း နွှေးခဲ့တာ မောင်ရေ၊ တော်သေးတာပေါ့ သွားရုံပါ၊ ဘာမှမဖြစ်ပါဘူး''

''ဖြစ်ရမယ် ငြိမ်းကတော့၊ လျှပ်စစ်မီးကိုတော့ ဂရုစိုက် ရဲ့ အန္တရာယ်ရှိတယ်''

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့အပြစ်မဟုတ်ဘူး ဖေဖေရဲ့၊ သမီးကျောင်းကပြန်တော့ မေမေ့ကိုခေါ်ပြီးဝင်လာလို့ အခုလိုဖြစ်ကုန်တာ၊ သမီးကြောင့်ပါ"

ငြိမ်းကို သူအပြစ်တင်နေသည်ထင်ကာ သမီးဝင်ပြောတော့ သူ သမီးကိုပြုံးကြည့်ရင်း

"ဖေဖေက စိုးရိမ်လို့ပါကွာ၊ သမီးမေမေကို ဆူတာမဟုတ်ပါဘူး သမီး အခုမှကျောင်းကပြန်လာတာ ထင်တယ်"

ကျောင်းဝတ်စုံနှင့် သမီးကို သူ သတိထားမိကာ မေးတော့ သမီးက ငြိမ်းလက်ထဲက ဖိတ်စာကို လှမ်းယူကာ သူ့ကိုလှမ်းပေးရင်း

"ဟုတ်တယ် ဖေဖေ သမီး လေးတန်းမှာပထမရတယ်၊ အဲ မေမေ့ကိုခေါ်ကြွားရင်း အခုလိုဖြစ်ကုန်တာ"

"ဟာ ဖေဖေ့သမီးက တော်လိုက်တာ၊ ငြိမ်းရေ သမီးကိုမော တို့ဆုချဖို့ စီစဉ်ထားတော့ကွာ"

"ဆုချတာ အသာထားဦး ဒီညနေစာအတွက် ဟင်းကတော့ တူးကုန်ပြီ၊ တစ်ခုခုဝယ်စားရမယ် ထင်တယ် မောင်"

"ပြဿနာမရှိပါဘူး ငြိမ်းရယ်၊ မောင်တို့မိသားစု ဒီည အပြ ထွက်ပြီး စားကြတာပေါ့"

"ဟာ တကယ်လား ဖေဖေ၊ အပြင်ထွက်မစားရတာကြာပြီ ပျော်လိုက်တာ"

သမီးပြောတော့ သူနှင့်ငြိမ်း ပြုံးကာ အကြည့်ချင်းဆုံမိသည် သမီးလေး ပျော်ရွှင်နေလျှင် သူကောငြိမ်းပါ အပျော်တွေကူးစက်ကြည် ရသည်ပဲ။

■ ■ ■



## အခန်း (၁၆)

ခြံထဲကို မောင့်ကားလေး မောင်းဝင်လာတာမြင်ကတည်းက း ဆင်ဝင်အောက်က ဆင်းကြိုပြီးဖြစ်နေသည်။

ကားတံခါးဖွင့်ဆင်းလာသော မောင့်အကြည့်တွေက ငြိမ်းကို ကျော်လွှန်ကာ ဧည့်ခန်းထဲလှမ်းကြည့်ရင်း

"သမီးကော ငြိမ်း ကျောင်းကပြန်လာပြီမို့လား"

"သမီးက နေ့လယ်ကတည်းက ပြန်ရောက်တာ မောင်၊ သိပ် ကောင်းချင်လို့တဲ့ နေ့တစ်ဝက်ခွင့်တိုင်ပြီး အိမ်ပြန်လာတာ"

မောင့်မျက်နှာမှာစိုးရိမ်ရိပ်တွေ ချက်ချင်းအရိပ်ထင်သွားခဲ့သည်။

"ဟုတ်လား သမီး နေမကောင်းဘူးလား၊ ဆေးခန်းမသွားဘူး ငြိမ်းရဲ့၊ အခု သမီး ဘယ်မှာလဲ"

မေးခွန်းတွေ ဆက်တိုက်နှင့် မောင် ဧည့်ခန်းထဲရှေ့က ခပ်



www.burmeseclassic.com

www.burmeseclassic.com



သုတ်သုတ်လှမ်းဝင်သည်။ မောင့်ရဲ့လက်ဆွဲအိတ်ကိုကိုင်ဆွဲရင်း ငြိမ်း နောက်လိုက်ဝင်ခဲ့သည်။ သမီးအတွက်ဆို စိုးရိမ်တတ်သော မောင့်စိတ်ကို ငြိမ်း ကောင်းကောင်းသိသည်။

"မောင့်သမီးက ဆေးခန်းမသွားချင်ဘူးတဲ့၊ ကိုယ်ပူလည်းမရှိဘူးလေ"

"ဟင် ဆေးခန်းမပြလို့ ဘယ်ဖြစ်မှာလဲ ငြိမ်းရဲ့"

"ဖေဖေ သမီး ဘာမှမဖြစ်ပါဘူး နေကောင်းပါတယ်"

ညှို့ခန်းထဲထွက်လာသော သမီးအသံကြားတော့ မောင် လှည့်ကြည့်သည်။ သမီးက မောင့်ရှေ့က ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်၏။ လက်တိုဂါဝန်အပါးလေးနှင့် ကွာတားဒူးဖုံးဘောင်းဘီလေးကို ဝတ်ဆင်ထားသော သမီးကို မောင် မျက်မှောင်ကုပ်ကြည့်သည်။

"သမီးပဲ နေမကောင်းလို့ ကျောင်းကနေ့တစ်ဝက်ခွင့်ယူပြီး ပြန်လာတာဆို"

"ဟုတ်တယ် ဖေဖေရဲ့၊ မနက်ကတည်းက ခေါင်းတွေကိုက်နေတာ၊ မနက်ပိုင်း စာသင်ပြီးတော့ ခေါင်းတွေပိုကိုက်လာလို့ ဆရာကိုခွင့်တိုင်ပြီး ပြန်လာတာပါ"

"ဟင် ကျောင်းကတစ်ယောက်တည်း ပြန်လာရတယ်လို့ သမီးရယ်၊ မတော်လို့လမ်းမှာ ခေါင်းတွေမူးမတ်လဲရင် ဒုက္ခပဲ"

"သမီးသူငယ်ချင်းနှစ်ယောက်က အိမ်အထိ လိုက်ပို့ပေးတာပါ ဖေဖေရဲ့"

"ဩော် ဟုတ်လား။ အခု ဘယ်လိုနေသေးလဲ သမီး"

မေးရင်း မောင့်လက်တစ်ဖက်က သမီးနဖူးပြင်ပေါ် လှမ်း...





...ဖြစ်နေသည်။ စိုးရိမ်ပိုနေသော မောင့်ကို သမီးက ပြုံးပြုံးလေးကြည့်ရင်း

"မပူပါဘူး ဖေဖေရဲ့၊ ဖျားတာမှမဟုတ်တာ"

"အင်း အဖျားသွေးတော့ မရှိလောက်ပါဘူး၊ ဝတ်ထားတာ ...လည်း အင်္ကျီပါးပါးလေးနဲ့ သမီးရယ်၊ ငြိမ်းကလည်း အနွေးထည်လေး ...လေး ဝတ်မခိုင်းဘူးလား"

မောင့်အပြစ်တင် စိုးရိမ်မှုက ငြိမ်းဘက်ကို ပြန်ဦးလှည့်လာပြန်...

"မဝတ်ခိုင်းဘဲ နေမလား မောင်ရဲ့၊ ရောက်ကတည်းက ဝတ်...ထားတာ၊ မောင့်သမီးက အိုက်လို့ဆိုပြီး အဝတ်အစားတွေ ပြန်လဲ...တာဝါနော်"

"သမီးက နေမကောင်းတာမှမဟုတ်ဘဲ ဖေဖေရဲ့၊ အနွေးထည် ...ဝတ်တော့ ချွေးပြန်ပြီး ခေါင်းတွေပြန်မူးချင်လာလို့ လဲပစ်တာပါ"

"အခုကော ခေါင်းမူးသက်သာရဲ့လား သမီး"

"တော်တော် သက်သာသွားပါပြီ ဖေဖေရဲ့"

"ဆေးမသောက်ချင်လို့ လိမ်ပြောနေတာလား သမီး"

ငယ်စဉ်ကတည်းက ဆေးလိုးဆေးသောက်ရမည်ဆိုလျှင် ငြိမ်း...အောင် ဖောချွေးပြန်အောင် ငိုတတ်သည့် သမီးအကြောင်း သိနေသော ...ာင်မေးသည်။ သမီးက ပြုံးပြုံးလေးနှင့်ပင်

"မဟုတ်ပါဘူး ဖေဖေရယ် အဲ ဆေးတော့ မသောက်ချင်ဘူး... ခေါင်းပိုကိုက်သွားမှာသေချာတယ်"

"ခေါင်းကိုက်လို့ ခေါင်းကိုက်ပျောက်ဆေးသောက်တာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ခေါင်းပိုက်ကိုက်ရမှာလဲ သမီးရဲ့''

''အဲဒီ ဆေးပြားတွေ သောက်ရမှာကို တွေးပြီး ချွေးပြန်နေတာ ဖေဖေရဲ့၊ မသောက်ချင်ဘူးနော်''

ပခုံးလေးကျုံ့ နှုတ်ခမ်းလေးတွန့်ကာ သမီးပြောတော့ မောင် လည်း ဆေးသောက်ဖို့ ဆက်ပြီးစကားမစတော့ပါ။

''ကဲ လာ သမီး ဖေဖေ့ပေါင်ပေါ်ထိုင် ဆေးမသောက်ချင်ဘူး ဆိုတော့ ခေါင်းကိုက်ပျောက်အောင် ဖေဖေ နှိပ်ပေးမယ်''

သမီးအပေါ် အမြဲတမ်း တယုတယ ကြင်နာပြတတ်သည့် မောင့်ကို သမီးက သိပ်ချစ်သည်။ အခုလည်း သမီးခေါင်းတစ်ချက်ညိတ် ကာ မောင့်ပေါင်ပေါ်ဝင်ထိုင်ပြီးဖြစ်နေသည်။

မောင်က သမီးနားထင်နှစ်ဖက်ကို လက်မလေးတွေနှင့်ဖိကာ နှိပ်ပေးသည်။ ငြိမ်း နေထိုင်မကောင်းသည့်အခါတွေမှာလည်း မောင် ဒီလိုပဲ ယုယပြုစုပေးတတ်စမြဲ။

''သမီးက မနက်ကတည်းက ခေါင်းမူးနေတာဆို၊ တစ်မနက် လုံး စာသင်လိုက်တော့ ဇက်ကြောတွေတက်နေမှာပေ့ါ၊ ခေါင်းလေးကို နည်းနည်းငုံ့ထား၊ ဖေဖေ ဇက်ကြောဆွဲပေးမယ်''

မောင့်စကားအတိုင်း သမီး ခေါင်းကလေးငုံ့ကာ မျက်လုံးလေး တွေမှိတ်ထားပေးသည်။ မောင်က သမီးဂုတ်သားလေးတွေကို မနာမကျင် ဖိနှိပ်ပေး၏။

သမီးနှင့်ပတ်သက်လျှင် မောင်သည် အစိုးရိမ်ပိုတတ်သလို ဂရုစိုက်ကြင်နာတတ်လွန်းတာလည်း အမှန်။ ငယ်ငယ်ကတည်းက သမီး နေမကောင်းလျှင် မောင်ကိုယ်တိုင် ပွေ့ချီကာ ဆေးခန်းကိုပို့ပေးတတ်





သည်။

ဆေးကြောက်သော သမီးကို မောင်ကိုယ်တိုင်ပဲ ချော့မော့ကာ ...အောင်တိုက်တတ်သူဖြစ်၏။

''ရပြီ ဖေဖေ၊ သမီး သက်သာပြီ၊ ဖေဖေ ရေချိုးတော့လေ''

''ရပါတယ် သမီးရဲ့၊ တကယ် သက်သာရဲ့လား''

''သက်သာပါပြီ ဖေဖေရဲ့''

''ကဲပါ မောင်ရယ်၊ ရေချိုးနောက်ကျနေဦးမယ်၊ တော်ကြာ ...မီးက ဘာမှမဖြစ်ဘဲ မောင် အအေးပတ်ဖျားနေမှ ခက်မယ်''

''ဟုတ်တယ် အဲဒီအခါကျရင် မေမေက ဖေဖေ့လက်တွေချုပ် ...ပေး၊ သမီးက ဆေးတိုက်မယ် အဟင်း ဟင်း''

သမီးရယ်မောနောက်ပြောင်တော့ မောင် သဘောကျစွာရယ် ...ည်၊ ငြိမ်းလည်း အတူလိုက်ရယ်မောရင်း သမီးစကားကို သဘောကျ ...၏။

မောင်နှင့်သမီးတို့နှစ်ယောက်ရဲ့အပျော်လေးတွေကို မြင်တိုင်း ...ငြိမ်း စိတ်ချမ်းသာခဲ့ရပါသည်။

သမီးလေးသာ ငြိမ်းတို့ဘဝထဲ ရောက်မလာခဲ့လျှင် မောင့်ဆီမှာ ...အပျော်တွေ မြင်တွေ့နိုင်ပါ့မလားမသိပါ။

မောင်လိုချင်သော မိသားစုဘဝလေးကို ပိုင်ဆိုင်ခွင့်ပေးခဲ့သည့် ...မှာကိုတော့ ငြိမ်းသိပ်ကို ကျေးဇူးတင်မိပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"သမီး"

နားထဲမှာ ကြားလိုက်ရသော ဖေဖေ့အသံကြောင့် ပန်း လှ
ကြည့်တော့ ပြုံးပြုံးကြီး ရပ်စောင့်နေသော ဖေဖေ့ကိုတွေ့လိုက်ရသည်

"ဟင် ဖေဖေ သမီးကိုလာကြိုတာလား"

"ဟုတ်တယ် ဒီနေ့ ဖေဖေ ရုံးဆင်းစောလို့ သမီးကျောင်း
တမင်ဝင်ကြိုတာ"

"ဟာ တကယ် ဒါဆို ဖေဖေနဲ့အတူတူ ပြန်မှာပေါ့ ေ
နင်သွားတော့နော်၊ ငါ ကျောင်းကားနဲ့မလိုက်တော့ဘူး"

နံဘေးက သူငယ်ချင်းဝေဝေကို ပြောရင်း ဖေဖေ့လက်
ပန်း ဆုပ်ကိုင်ထားတော့ ဝေဝေ ခေါင်းညိတ်ပြ၏။ ဖေဖေက

"သမီး ဝေဝေ ရင်ငြိမ်းပန်း ကျောင်းကားနဲ့မလိုက်ဖြစ်ေ

ဗျူးစာပေ



ဘူးလို့ အသေအချာ ပြောပြလိုက်ဦးနော်"

"ဟုတ်ကဲ့ပါ ဦးဦး"

ဝေဝေ ထွက်သွားတော့မှ ပန်းနှင့်ဖေဖေ ရပ်ထားသော ဖေဖေ
၏ဆလွန်းကားဖြူလေးဆီ လျှောက်ခဲ့ကြသည်။

ယာဉ်ထိန်းရဲဝန်ထမ်းဝတ်စုံ သပ်သပ်ရပ်ရပ်နှင့် ခန့်ညားလွန်း
နေသော ဖေဖေ၏မျက်နှာကို ပန်း ခေါင်းလေးမော့ကြည့်မိသည်။ ဒီလို
ရုံးဆင်းစောသည့် ညနေခင်းတွေဆို ဖေဖေက ပန်းကျောင်းကို လာကြို
တတ်သည်။

အမြဲတမ်း မဟုတ်ဘဲ ရှားပါးလှသော ထိုနေ့လေးမျိုးဆိုလျှင်
ပန်းအတွက်တော့ ပျော်စရာကောင်းသည်။

"ဖေဖေ လာကြိုတာ မေမေ သိလား"

"သိပါတယ် သမီးရဲ့၊ ဘာဖြစ်လို့လဲ"

"ခြော် မေမေ မသိဘဲ ကျောင်းကားထွက်ကြိုနေမှာစိုးလို့ပါ
ဖေဖေရဲ့"

"ဖေဖေလည်း အဲဒါကိုတွေးမိလို့ သမီးကို ကျောင်းဝင်ကြိုမယ်
လို့ သမီးမေမေဆီ ဖုန်းဆက်ထားပါတယ်ကွာ"

ဖေဖေ ဖွင့်ပေးသော ကားတံခါးမှ ပန်း ဝင်ထိုင်လိုက်တော့
တံခါးကို ဖေဖေကပဲ ပြန်ပိတ်ပေးသည်။ ပြီးမှ မောင်းသူနေရာကို ကား
ရှေ့ကပဲ ဖေဖေ ပတ်လျှောက်ကာ ဝင်ထိုင်သည်။

"ဖေဖေ"

"ဟင် ဘာလဲ သမီး"

"သမီး ဗိုက်ဆာလို့"

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပန်းစကားကို ဖေဖေ နားလည်စွာပြုံးပြီး ခေါင်းညိတ်သည်။ ဖေဖေ ဒီလို ဝင်ကြိုသည့်နေ့တွေဆိုလျှင် ပန်းကြိုက်သော ကြေးအိုးဆီချက် ကို ဖေဖေ လိုက်ကျွေးတတ်သည်။

"ဖေဖေ သိတယ်လေ၊ ဒါကြောင့် နောက်ကျရင် မစိုးရိမ်ဖို့လည်း မေမေ့ဆီကို ဖုန်းနဲ့မှာထားပါတယ် သမီးရဲ့"

"ဒါဆို မေမေက သူ့အတွက် ကြေးအိုးတစ်ပွဲဝယ်ခဲ့လို့ကော ဖေဖေ့ကို မမှာလိုက်ဘူးလား"

"မမှာပါဘူး၊ ဒါပေမဲ့ ဖေဖေတို့က အလိုက်တသိ ဝယ်သွားမှာ ပေါ့သမီးရဲ့"

ပြောရင်း ဖေဖေရယ်တော့ ပန်းလည်း သဘောကျစွာလိုက်ရယ် လိုက်မိသည်။

ဖေဖေသည် ပန်းနှင့်မေမေ့အပေါ်မှာ အမြဲတမ်း ဂရုစိုက်ကြ နာတတ်သူဖြစ်သည်။ ဒါကြောင့်လည်း ဖေဖေ့ကို ပန်း သိပ်ချစ်ရပါသည်။ နွေးထွေးသော ဖေဖေနှင့်မေမေတို့ချစ်ခြင်းမေတ္တာကြောင့် ပန်း ဘဝလေ အေးချမ်းခဲ့သည်။

ပန်းကို သုံးနှစ်သမီးအရွယ်ကတည်းက မွေးစားခဲ့သော မိ နှစ်ပါးကျေးဇူးမေတ္တာတွေက ကြီးမားလွန်း၏။ ကံကြမ္မာက ဖေဖေ ရင်ခွင်ထဲရောက်အောင် တမင်ပို့ဆောင်ပေးခဲ့တာလားဟုတောင် တွေးကြည့်မိဖူးသည်။

ပန်းရဲ့မိခင် ဒေါ်ပန်းနုဆိုတာ မေမေ ပြောပြ၍သာ မှတ်ဉာဏ်ထဲမှာ သိထားခဲ့တာဖြစ်၏။ မိရင်းဖရင်းတွေ၏ပုံရိပ်တွေ ပန်း ပုံဖော်ကြည့်လို့တောင် မရနိုင်ပါ။



ပန်းဘဝက ဖေဖေနှင့်မေမေတို့ မေတ္တာတွေနှင့်ပဲ ပြီးပြည့်စုံခဲ့ သော သေချာသည်။

အခု ပန်းအသက်တစ်ဆယ့်နှစ်နှစ်။ ခုနစ်တန်းကျောင်းသူဘဝ ရောက်သည့်တိုင် ဖေဖေတို့မေတ္တာတွေက လျော့ပါးမသွားဘဲ တိုးလာသည် ရှိ၏။

ထိုကျေးဇူးတရားများစွာအတွက် ပန်းဘက်က ကြေအောင် ပေးဆပ်မဆုံးမှာ နားလည်ပြီးဖြစ်သည်။

ကားလေး ငြိမ့်ခနဲ ထိုးရပ်သွားမှ ပန်းအတွေးတွေ ပြတ်တောက် ကြည့်မိ၏။ ကြေးအိုးဆိုင်လေးရှေ့ကိုပင် ရောက်နေခဲ့ပြီပဲ။

"ကဲ သမီး ဆင်းလေ၊ ဗိုက်ဆာနေပြီလား"

ဖေဖေ့ကို ခေါင်းလေးညိတ်ပြကာ ဆိုင်ထဲကို အတူဝင်ခဲ့ကြ သည်။

ပန်းအတွက် ကြေးအိုးတစ်ပွဲနှင့် ဖေဖေက ဆီချက်တစ်ပွဲမှာ မေမေ့အတွက်ပါဆယ်တစ်ပွဲကိုလည်း ဖေဖေ ကြိုတင်မှာလိုက်၏။

"သမီး စာမေးပွဲနီးပြီနော်၊ စာတွေလိုက်မီရဲ့လား"

"မီပါတယ် ဖေဖေ၊ ကျူရှင်မှာလည်း ထပ်သင်ရတော့ အားလုံး မိပါတယ်"

"ဖေဖေ့သမီး စာတော်တာ ဖေဖေ သိပါတယ်၊ ဆုချိတ်ရင် ချင်တာ ဝယ်ပေးဖို့ ဖေဖေ အသင့်ပြင်ထားမယ် ဟုတ်လား"

ပူပူနွေးနွေး ကြေးအိုးပွဲရောက်လာတော့ ဖေဖေကိုယ်တိုင် ဇွန်း ကာ နွေးအောင်မှုတ်ပေးသည်။ အသားတုံးတွေ၊ ငုံးဥတွေကို ပန်း လေးထဲ ခပ်ထည့်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းရည်က နည်းနည်းပူသေးတယ်နော် သမီး၊ ဖြည်းဖြည်း
စား ဟုတ်လား"

ယခုအချိန်ထိ ပန်းကို ကလေးတစ်ယောက်လို ဂရုစိုက်တတ်
ကြတာ ဖေဖေကော မေမေပါ အတူတူပဲဖြစ်သည်။

ဖေဖေနှင့်မေမေရဲ့ရင်ကို ငြိမ်းချမ်းစေမည့် ပန်းတစ်ပွင့်အဖြစ်
အမည်ပေးခဲ့သည့် ရင်ငြိမ်းပန်းလေးတစ်ပွင့် ဖြစ်စေဖို့လည်း ပန်း ကြိုး
စားချင်သည်။

ပန်းဘဝသည်လည်း ဖေဖေနှင့်မေမေအတွက်ပါပဲ။

■ ■ ■

အခန်း (၁၈)

"မောင်"

ကော်ဖီခွက်ကိုကိုင်ကာ ငြိမ်း ဝင်လာတာကိုမြင်ပုံမရသော
မောင် အသံကြားမှ ဖျတ်ခနဲ မော့ကြည့်သည်။

ကော်ဖီခွက်ကို စားပွဲခွန်းမှာတင်ပေးရင်း အနီးက ခုံလေးမှာ
ဝင်ထိုင်တော့ မောင် စားပွဲပေါ်က လက်တော့ပ်လေးကိုပိတ်လိုက်ရင်း

"သမီးကော စာကျက်နေပြီလား ငြိမ်း"

"ကျက်ပြီးလို့ အခုပဲ အိပ်ရာဝင်သွားပြီ မောင်၊ မနက်စောစော
ထပ်ကျက်ရဦးမှာလေ"

"အင်း သမီးလည်း ကျူရှင်နဲ့ကျောင်းနဲ့ မနားရရှာဘူး၊ ငြိမ်း
လည်း သမီးကို ကြိုရပို့ရနဲ့ အိမ်မှုကိစ္စတွေနဲ့ ပင်ပန်းနေပြီ"

"မပင်ပန်းပါဘူး မောင်ရယ်၊ ငြိမ်းက အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်က မောင့်မိန်းမ မနိုင်မနင်းဖြစ်မှာစိုးလို့ပါ၊ ဒါကြောင့် အိမ်ဖော်တစ်ယောက်ခေါ်ပါလို့ ပြောနေတာ"

ငြိမ်းအတွက် စဉ်းစားကာ မောင် ခဏခဏ ပြောနေသော စကားကို ဒီတစ်ခါလည်း ငြိမ်း ပြုံးပြုံးလေး ခေါင်းခါရင်း

"မောင်ရယ် ဒီမိသားစုလေး သုံးယောက်တည်းကို ငြိမ်း နိုင်နင်းပါတယ်၊ သမီးကို ကျူရှင်ပို့ကြိုရတာ ဘာမှပြဿနာမရှိဘူး၊ ထမင်းဟင်းချက်ပြုတ်ရတာလည်း ငြိမ်း လုပ်နေကျအလုပ်ပဲ၊ အဝတ်အစားလျှော်ဖွပ်တာကို သုံးရက်တစ်ခါ မိညိုလေး လာလုပ်ပေးနေတာပဲလေ၊ အိမ်ဖော်သီးသန့် ခေါ်ထားစရာ ဘာလိုလို့လဲ"

ငြိမ်း ချက်ကျကျလေး ရှင်းပြနေသမျှ မောင် ငြိမ်ငြိမ်လေး နားထောင်ပြီးမှ ပြုံးကြည့်နေပြန်တာမို့

"မောင်က ဘာပြုံးတာလဲ"

"မောင့်မိန်းမပြောတာကို သဘောကျလို့"

"ငြိမ်းပြောတာ ဘာမှားလို့လဲ မောင်ရဲ့"

မောင် ကော်ဖီခွက်ကိုတစ်ငုံမော့သောက်ပြီးမှ

"မမှားပါဘူးကွာ၊ ငြိမ်းက မိသားစုအလုပ်တွေ နိုင်နင်းတာ မောင်သိပါတယ်၊ ဒါပေမဲ့ အသက်ကြီးလာရင် ဘယ်လုပ်နိုင်တော့မှာလဲ"

မောင့်စကားကြောင့် ငြိမ်း မျက်မှောင်လေးကုပ်သွားမိသည်။ မောင့်စကားတွေက ထူးဆန်းနေသလိုပါပဲ။ မောင်တို့ ငြိမ်းတို့အသက်အရွယ်တွေကပဲ ကြီးနေပြီလား။

တကယ်ဆို ငြိမ်းတို့အသက်တွေက သုံးဆယ်စွန်းမျှလေးပဲ ရှိသေးတာကို။





"မောင်ရယ် အခုမှ ငြိမ်းတို့အသက်က သုံးဆယ့်တစ်လေ၊ ...ာလဲ မောင့်အမြင်မှာ ငြိမ်းက အတော်အိုစာနေလို့လား"

"ဟာကွာ ငြိမ်းကလည်း မောင် ဒီသဘောနဲ့ပြောတာ မဟုတ်ပါ...ူး"

"မသိဘူးလေ မောင်က ငြိမ်းကိုစိုက်ကြည့်ပြီး ပြောနေတာကို ...များ အဘွားအိုရုပ်ပေါက်နေသလားလို့"

ငြိမ်း မကျေမနပ် မျက်စောင်းလေးချိကာပြောတော့ မောင် ...က်က ငြိမ်းမေးဖျားလေးကို ပင့်မော့ဆွဲယူရင်း

"မောင့်မိန်းမက တကယ့်အပျိုလေးအတိုင်းပါပဲ၊ အဟဲ ကလေး ...စ်ယောက်မေမေ အပျိုလေးလေ" .

"မောင်နော် ကလေးကလား စကားတွေ"

"ဟောဗျာ မောင်တို့က လူကြီးတွေမှ မဟုတ်သေးတာကို၊ ...လေးစကားပြောမှာပေ့ါ"

"မောင်နော် လာနောက်မနေနဲ့"

မောင့်ရဲ့ရွှတ်နောက်ပြောင်မှုလေးတွေကြောင့် ငြိမ်း ရှက်သွေး ...ကာ ကြည်နူးရပေမယ့် သမီးလေးရှေ့မှာ ဆင်ခြင်ရတာကြောင့် ...ာ ရင့်ကျက်တည်ငြိမ်နေပြီလား မသိတော့။

"ငြိမ်း မောင်တစ်ခု ပြောစရာရှိတယ်၊ တကယ် အလေးအနက် ...ပြောမှာပါ"

မောင် တည်တည်တံ့တံ့ဆိုတော့ ငြိမ်း မောင့်စကားကို လေး ...စ္စာ နားထောင်ပေးလိုက်ပါသည်။

"ငြိမ်း မောင်တို့မှာ သမီးလေး ရင်ငြိမ်းပန်းရှိတယ်၊ မောင်တို့



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်က သမီးလေးပဲလေ၊ ဒါကြောင့် မောင်တစ်ခု စဉ်းစားထားတာ ရှိတယ်''

''ဘာများလဲ မောင်''

''မနက်က ဦးသူရိန် ဖုန်းဆက်တယ်''

ဦးသူရိန်ဆိုတာ မောင် လက်ရှိရှယ်ယာအများဆုံး ထည့်ဝင်ထားသော Sun Light ကုမ္ပဏီက ပိုင်ရှင်ဒါရိုက်တာတစ်ဦးဟု ငြိမ်းသိ သည်။

ဦးသူရိန်က မောင်နှင့်ရင်းနှီးခင်မင်သလို ဆွေမျိုးရိပ်လည်း မကင်းသူတစ်ဦးဖြစ်၏။

''သူက သူ့ကုမ္ပဏီမှာ ရှယ်ယာထပ်ဝင်ပြီး မောင့်ကိုလည်း ကုမ္ပဏီမှာ တစ်နေရာ ဝင်စေချင်နေတယ်''

''ဟင် မောင့်မှာက လက်ရှိဝန်ထမ်းအလုပ်နဲ့လေ''

''ဟုတ်တယ် ငြိမ်း၊ ဒါပေမဲ့ မောင် စဉ်းစားနေတာက အရွယ်လေးရှိတုန်း စီးပွားရှာဖို့လေ''

ဘယ်တုန်းကမှ စီးပွားရေးကို စိတ်မဝင်စားခဲ့သောမောင့်ကို ငြိမ်း မျက်မှောင်လေးကျုံ့ကြည့်မိသည်။ လက်ရှိ မောင် ပိုင်ဆိုင်နေသမျှတွေသည်လည်း မိသားစုဘဝလေးအတွက် ပြည့်စုံပြီးသား။

''မောင် ဝါသနာပါတဲ့အလုပ်ကို မောင် လုပ်ခဲ့ပြီးပြီ၊ ဆယ်နှစ်ကျော်ခဲ့ပြီလေ၊ ဒါကြောင့် ဝန်ထမ်းအလုပ်က နားပြီး ဦးသူရိန်ပြောတာ လက်ခံလိုက်မလားလို့''

''မောင် ဘာတွေ လောဘကြီးနေတာလဲ၊ အခုဝန်ထမ်းအလုပ်က မောင်ဝါသနာနဲ့ လုပ်နေတဲ့အလုပ်လေ၊ မောင် ဘာလို့ စိတ်ပြောင်း



သွားတာလဲ''

''အဟင်း မောင်တို့မိသားစုဘဝအတွက်ပေါ့ ငြိမ်းရယ်၊ အထူးသဖြင့် သမီးလေးအတွက်ပေါ့၊ တစ်ချိန်မှာ မောင်နဲ့ငြိမ်းတို့ မရှိတဲ့အခါ သမီးလေးအတွက် ပြည့်စုံလုံလောက်အောင် ချန်ထားပေးခဲ့ချင်တယ်''

မောင့်ရည်ရွယ်ချက်ကို ငြိမ်း အခုမှပဲ သဘောပေါက်တော့သည်၊ သမီးလေးအတွက် မောင် လေးနက်စွာဆိုနေခြင်းပါလား။ ဝါသနာပါသော အလုပ်အတွက် မောင်သည် အားလုံးကိုဆန့်ကျင်ခဲ့သည်။

အခုတော့ သမီးလေးအတွက် မောင် လုံးဝပြောင်းလဲသွားခဲ့သည်လား။

''ဒါဆို မောင် ဝန်ထမ်းအလုပ်က ထွက်လိုက်တော့မှာလား''

''အင်း ချက်ချင်းကြီးတော့ မဟုတ်သေးပါဘူး ငြိမ်းရဲ့၊ ဦးသူရိန်ကလည်း အချိန်ယူစဉ်းစားခိုင်းထားတယ်လေ၊ တစ်နှစ်လောက်တော့ မောင် အချိန်ယူဦးမှာပါ''

''အင်း မောင့်ဆန္ဒအတိုင်းပဲလေ၊ ငြိမ်းကတော့ ဘာမှကန့်ကွက်စရာမရှိပါဘူး မောင်''

မောင့်မျက်နှာကြည်လင် ဝင်းပသွားကာ ငြိမ်း လက်ဖဝါးတွေကို အုပ်မိုးဆုပ်ကိုင်လာသည်။

''ငြိမ်းရယ် ငြိမ်းက မောင့်ရဲ့အကောင်းဆုံးအဖော်မွန်တစ်ယောက်ပါကွယ်''

ငြိမ်း လက်တွေကို ပါးပြင်မှာဖိကပ်ရင်း မောင် ဆိုသည်။ မောင်ရယ် ငြိမ်းရယ် သမီးလေးရယ် ပျော်ရွှင်စရာအနာဂတ်ဘဝလေးကို ငြိမ်း တစ်သက်တာလုံး ပိုင်ဆိုင်ချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတဝလေးထဲက တစ်စုံတစ်ယောက် ခွဲထွက်သွားခဲ့လျှင်တော့ ငြိမ်း တွေးပြီး ကြောက်နေမိတာအမှန်။

■ ■ ■

## အခန်း (၁၉)

ရုံးပိတ်ရက်ဆိုပေမယ့် ဘယ်တော့မှ နေမြင့်အောင် မအိပ်တတ် ...ာ သူ့အကျင့်ပဲဖြစ်သည်။ တစ်ပတ်မှာ နှစ်ရက်ပိုင်ဆိုင်ရသည့် ရုံးပိတ် ...က်လေးကို မိသားစုနှင့်ပျော်ရွှင်စွာ ဖြတ်သန်းရတာကို သူ မက်မော ...သည်။

ဒီနေ့လည်း သူ ရှစ်နာရီမထိုးခင်ကတည်းက နိုးနေသည်။ ...အတိုင်း ငြိမ်းကတော့ သူ့ထက်စောစီးစွာနိုးကာ စီစဉ်ချက်ပြုတ် ...လောက်ပြီ။

ဟိုးအရင်တုန်းကဆို ငြိမ်း သူ့ကိုလာနှိုးချိန်အထိ အိပ်ရာထဲ ...ထဲ မျက်လုံးတွေမှိတ်စောင့်နေတတ်စမြဲ။ ငြိမ်းအနမ်းတွေနှင့်လာနှိုးမှ ...ိပ်ရာက ထတတ်တာကို ပြန်တွေးမိသေး၏။

သမီးလေး ရှိလာကတည်းက ထိုအစဉ်အလာက ပျောက်မှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိဘဲ ပျောက်ကွယ်သွားခဲ့တာဖြစ်သည်။

မနက်မိုးလင်းလျှင် ငြိမ်းရဲ့အနမ်းတွေကို စောင့်မအိပ်နိုင်တော့ဘဲ ကျောင်းသွားရမည့် သမီးကိုပဲ အနမ်းနှင့် သူ နှိုးခဲ့ရသည်။ ငြိမ်းကလည်း သူနှင့်သမီးလေးအတွက် မီးဖိုထဲမှာ တကုပ်ကုပ်အချိန်ကုန်ရရှာသည်။

မနက်တိုင်း ငြိမ်းရဲ့အနမ်းတွေနှင့် နိုးခွင့်မရှိတာ အတော်ကြာခဲ့ပြီ၊ သမီးလေး ရင်ငြိမ်းပန်းတောင် ကိုးတန်းကျောင်းသူကြီးဖြစ်နေခဲ့ပြီပဲလေ။

အတွေးတွေ ဖြတ်ပြီး အိပ်ရာကထကာ ညဝတ်အင်္ကျီကြီးကို သူ လဲလှယ်လိုက်သည်။ ပြီးတော့ သဘက်ရှည်ကြီး ပခုံးပေါ်တင်ကာ ဦးတည်ခဲ့မိသည့် ခြေလှမ်းတွေက မီးဖိုခန်းဘက်ကို အရင်ဆုံး။

မီးဖိုခန်းထဲမှာ ငြိမ်း ဘာတွေစီစဉ်ချက်ပြုတ်နေသည်မသိ။ သူ ဝင်လာတာမြင်တော့ ငြိမ်း လှည့်ကြည့်ရင်း

"ဩော် မောင် နိုးပြီလား"

"နိုးနေတာကြာပြီ၊ ငြိမ်းများအနမ်းတွေနဲ့လာနှိုးမလားလို့ စောင့်နေတာ"

"မောင်နော် ပေါက်ကရတွေမပြောနဲ့ ကလေးလေးတွေကျနေတာပဲ"

"ဟာကွာ ငြိမ်းကလည်း ပြောလိုက်ရင် ဒီစကားပဲ၊ မောင်တို့အသက်အရွယ်တွေကပဲ ရင့်ကျက်သွားမယ်၊ မောင်တို့အချစ်တွေက အမြဲတမ်း နုပျိုသစ်လွင်နေတာမဟုတ်ဘူးလား အဟင်း"

ငြိမ်း ရှက်နေမှန်းသိတာကြောင့် သူ ထပ်နောက်ပြောင်တော့ငြိမ်း မျက်နှာလေး ပန်းနုသွေးလွှမ်းသွားခဲ့၏။





"ကဲ မောင် ရေချိုးမှာမဟုတ်လား ချိုးလေ၊ ဒီမှာ သမီးနဲ့မောင်တို့စားဖို့ ငြိမ်း ကြက်သားဆီချက်စီစဉ်နေတာ"

မိသားစုသုံးယောက်ဆုံသည့် ဒီလိုမနက်ခင်းတွေမှာ ငြိမ်းက နူးယ်ယွယ်ရာရာလေးတွေ စီစဉ်ကျွေးမွေးတတ်သည်။ အခုလည်း သမီးနှင့်သူကြိုက်သော ဆီချက်တဲ့။

"သမီး နိုးပြီလား ငြိမ်း၊ ဒီနေ့ သမီးကျူရှင်သွားရဦးမှာလား"

"မနက်ပိုင်း သွားရမှာတဲ့၊ မနိုးသေးဘူးထင်တယ်၊ ဒီမှာ ငြိမ်း ခေါက်ဆွဲပြုတ်ပြီးရင် သွားနှိုးလိုက်မယ်၊ မောင့်ဘာသာ ရေအမြန်ချိုးလိုက်လေ"

အိုးထဲက ခေါက်ဆွဲပြုတ်တွေကို တူနှစ်ချောင်းနှင့်ဆယ်မနေရင်း ငြိမ်းပြောတော့ သူ ခေါင်းညိတ်လိုက်၏။

"အင်း စားသောက်ပြီးရင် သမီးကို မောင် ကိုယ်တိုင်လိုက်ပို့ပေးမယ်၊ ငြိမ်းဘာသာဈေးသွားရင် လွတ်လွတ်လပ်လပ် သွားလို့ရတာပေါ့ ဟုတ်လား"

ပြောပြီး သူ ရေချိုးခန်းဘက် ထွက်ခဲ့လိုက်သည်။

ရေမိုးချိုး အဝတ်အစားလဲလှယ်ပြီး မီးဖိုထဲရောက်တော့ သမီးကို မတွေ့သေးဘဲ ငြိမ်း ကြက်သားပြုတ်တွေ လှီးနေတာတွေ့၏။

"သမီး မနိုးသေးဘူးလား ငြိမ်း"

"အခုထိ ထွက်မလာသေးဘူး မောင်၊ ညက ညဥ့်နက်အထိစာကျက်သလားမသိဘူး၊ ဒီမှာ ငြိမ်း ပြီးပါပြီ သွားနှိုးလိုက်မယ်"

လှီးပြီးသော ကြက်သားပန်းကန်ကို စားပွဲပေါ်တင်ပြီး ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘေစင်လေးမှာ လက်ဆေးနေတော့ သူ စားပွဲမှာ ဝင်ထိုင်လိုက်၏။

"မောင် ဆာနေပြီလား၊ ငြိမ်းတစ်ပွဲအရင်ပြင်ပေးခဲ့ရမလား"

"ဟင့်အင်း မဆာသေးပါဘူး ငြိမ်းရဲ့၊ သုံးယောက်အတူတူ စားမှာပေါ့"

"ဒါဆို သမီးကို ငြိမ်း သွားနှိုးလိုက်ဦးမယ်နော်"

စားသောက်ခန်းထဲက ငြိမ်း ထွက်သွားတော့ စားပွဲမှာ သူ တစ်ယောက်တည်းကျန်ရစ်ခဲ့၏။ သမီးဒီလောက်အထိ အအိပ်မမက်တတ် တာ သူ သိသည်။

သမီး နေမကောင်းတာကြောင့်လားဟု တွေးရင်း သူပါထွက် လိုက်ခဲ့လိုက်သည်။

ငယ်ငယ်တုန်းက သူတို့နှင့်အတူတူအိပ်သော သမီး အရွယ် လေး ရလာတော့ သီးသန့်ခွဲအိပ်သည်။ သူရောက်တော့ သမီး အိပ်ခန်း တံခါးပွင့်နေသည်။ ငြိမ်းအသံကို အခန်းရှေ့ရောက်ကတည်းက သူ ကြားရ၏။

"သမီး ခေါင်းတွေကိုက်နေသလား၊ ဆေးတစ်ခွက်လော သောက်လိုက်နော်"

"မသောက်ချင်ပါဘူး မေမေရယ်"

"ဟင် သမီး ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

သူ စိုးရိမ်စွာနှင့် အခန်းထဲ လှမ်းဝင်ဝင်ချင်းမေးမိသည်။ ခုတင် ပေါ်မှာ အိပ်နေဆဲ သမီးက သူဝင်လာတော့ ဆတ်ခနဲ ထထိုင်သည်။ ခုတင်စွန်းမှာ ထိုင်နေသော ငြိမ်းက

"ဟုတ်တယ် မောင်၊ ခေါင်းတွေကိုက်နေလို့တဲ့"





"ဟုတ်လား သမီး၊ ဘာလဲ ဆေးသောက်ရမှာကြောက်နေတုန်း လား ကဲ ကဲ ဖေဖေ နှိပ်ပေးမှာပေါ့ ဟုတ်လား"

ပြောရင်း သမီးနံဘေး ခုတင်စွန်းမှာ သူ ဝင်ထိုင်တော့ သမီး ကိုယ်လေး တွန့်ခနဲဖြစ်သွားရင်း

"ဟို အဲ ရပါတယ် ဖေဖေ"

"ကဲ လာပါ သမီးရယ်၊ ညက စာကျက်များပြီး ဖက်ကြောတွေ က်နေတာမဟုတ်လား၊ ဆေးမသောက်ချင်ရင် အကြောပြေဆေးလေး သက်သာအောင် ဖေဖေ နှိပ်ပေးမယ်"

ပြောရင်း သမီး နားထင်နှစ်ဖက်မှာ လက်မတွေနှင့် ထောက်ကာ ညင်သာစွာ နှိပ်ပေးလိုက်သည်။ ဟိုးငယ်စဉ်ကတည်းက သမီးလေး ခေါင်းကိုက်လျှင် သူ ဒီလိုပြုစုပေးနေကျဖြစ်၏။

"အဲ အင်း ရ ရတယ် ဖေဖေ ရပါပြီ"

"သားအဖချင်း သမီးက အားနာနေတာလား ကဲ ခေါင်းလေး ပြီး အကြောတွေဖြေထားစမ်းပါ၊ ပခုံးကြောလေးတွေ ပြေအောင် နှိပ်ပေးမယ်"

သမီးပခုံးနှစ်ဖက်ပေါ်က ဆံနွယ်တွေကို အသာဖယ်ရင်း ပခုံး ကို သူ မနာကျင်ရအောင် ဖွဖွလေးနှိပ်ပေးလိုက်၏။ သမီးက က ပခုံးတွေကိုကျုံ့ထားပြန်တာမို့

"အကြောတွေ ဖြေထားလေ သမီးရဲ့၊ ဆယ်မိနစ်လောက်နှိပ် လိုက်ရင် သမီး သက်သာသွားမှာ၊ သမီးမေမေ ဖက်ကြောတွေတက် ဖေဖေ အမြဲနှိပ်ပေးနေကျ၊ မေးကြည့်ပါလား ဖေဖေ ဘယ်လောက် ပေါက်သလဲဆိုတာ၊ သမီးမေမေ သိတယ် နော် ငြိမ်း"

သူ ရယ်ရယ်မောမော ပြောရင်း ငြိမ်းကိုလှမ်းကြည့်တော့ ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာလည်း အရယ်အပြုံးတို့ ကင်းစင်နေ၏။

"ရ ရပြီ ဖေဖေ၊ သမီး သက်သာပါပြီ ရပြီ အဟင်း"

သမီးက သူ့လက်တွေကို အသာဆွဲဖယ်ရင်း ငြင်းဆန်နေတော့ သူ နားမလည်နိုင်အောင်ဖြစ်သွားသည်။ သူ ပြုစုပေးနေတာကို သမီး အလိုမရှိတာကြောင့်လား။

"မောင် သမီး သက်သာနေပါပြီ၊ နေပါစေ ကဲ သမီး မျက်နှာ သစ် ကိုယ်လက်သန့်စင်လိုက်နော်၊ ပြီးရင် ဆီချက်လေးစားပြီး ဆေး သောက်လိုက်ပေ့ါ"

"ဟုတ်ကဲ့ မေမေ ဖေဖေ သမီး မျက်နှာသစ်လိုက်ဦးမယ်နော်"

သမီး သူ့ကိုခွင့်တောင်းပြီး ခုတင်ပေါ်က ဆင်းသည်။ ညဝတ် ဂါဝန်ဖားဖားလေးနှင့်ပဲ အခန်းထဲက သမီး ထွက်သွားတာကို သူ နား မလည်နိုင်စွာ ကြည့်နေမိဆဲ။

"သမီး ဘာဖြစ်နေတာလဲ ငြိမ်း"

"ဘာမှမဖြစ်ပါဘူး မောင်ရဲ့"

"မဟုတ်ဘူး သမီး ကြည့်ရတာ တစ်မျိုးပဲ"

သူ့စကားကြောင့် ငြိမ်း မပွင့်တပွင့်လေးပြုံးကာ သူ့ကိုငေးငေး လေးစိုက်ကြည့်သည်။ ငြိမ်း မျက်ဝန်းတွေထဲမှာလည်း သူ နားမလည်နိုင် သော အရိပ်တွေ ခိုတွယ်နေသည်ဟု ထင်မိ၏။

"မောင် သမီးကို မောင်က အရင်လိုပဲ ကလေးလေးလို့ထင် မနေနဲ့လေ၊ မောင့်သမီးလေးက အပျိုလေးဖြစ်နေပြီ"

ငြိမ်း စကားကြောင့် သူ မျက်မှောင်တွေကျုံ့ကာ တွေခနဲဖြစ် သွားခဲ့သည်။ ငြိမ်းက သူ့ပခုံးကိုဆုပ်ကိုင်ရင်း

"သမီးနေမကောင်းတာ မိန်းကလေးသဘာဝ ဓမ္မတာလေ





ာင်ရဲ့"

သူ့မျက်နှာ ထူအမ်းအမ်းကြီးဖြစ်သွားခဲ့၏။ နုနယ်ပျိုမြစ်သော သမီးလေးမျက်နှာကို သူ ပြေးမြင်မိသည်။ သူ့အတွက် သမီးလေးသည် ဘယ့် ကလေးလေးပါပဲ။

ဒါပေမဲ့ ငြိမ်းပြောသလို သမီးလေးအသက်က မငယ်တော့ပါ။ ဆယ့်လေးနှစ်တောင် ပြည့်တော့မည်ပဲ။

"မောင်"

"ဘာလဲဟင် ငြိမ်း"

"မောင့်ကို ငြိမ်း တစ်ခုပြောချင်တယ်၊ ဟိုလေ မောင် တစ်မျိုး ထင်ပါနဲ့နော်"

သူ့ပခုံးကိုဆုပ်ကိုင်ထားရင်း ငြိမ်း တောင်းဆို တောင်းပန်နေ သည့် စကားကြောင့် သူ ပြုံးမိသည်။ ပြီးမှ ငြိမ်း နဖူးပြင်ပေါ်က ဆံနွယ်တွေကို သပ်တင်ပေးရင်း

"ငြိမ်းရယ် မောင်နဲ့ငြိမ်းကြားမှာ ဒီစကားတွေပြောဖို့ လိုအပ် သေးလားကွာ၊ ကဲ ပြော ဘာပြောမှာလဲ မောင် နားထောင်နေပါတယ်"

"ဟိုလေ သမီးလေးကို မောင် ပတ်ဝန်းကျင်က အမြင်မသင့် တဲ့အခြေအနေ အပြုအမူမျိုး သတိထား ရှောင်စေချင်တယ်"

"ဘာရယ် ဘယ်လို ငြိမ်း"

"ငြိမ်း စကားကို မောင် အထင်မလွဲပါနဲ့နော်၊ သမီးလေးကို မောင်နဲ့ငြိမ်း ဘယ်လောက်ချစ်သလဲဆိုတာ နှစ်ယောက်စလုံး အသိဆုံးပါ၊ ဒါပေမဲ့ သမီးလေးက ငြိမ်းတို့ရဲ့သွေးသားရင်းမဟုတ်ဘူးလေ"

ငြိမ်း စကားက သူ့ရင်ထဲအထိ စူးနစ်စိုက်ဝင်စေသော မြား



www.burmeseclassic.com

www.burmeseclassic.com



တစ်စင်းလို စူးရှခံစားရသည်။ သမီးလေး ရင်ငြိမ်းပန်းသည် တစ်သက်တာလုံး သူ့ရဲ့သွေးသားရင်းလိုပဲ ရှိခဲ့တာဖြစ်သည်။

ဒါနဲ့တောင် ဘာကြောင့် ငြိမ်းနှုတ်က ဒီလိုစကားတွေ ထွက်လာရတာလဲ။ သူ နားမလည်နိုင်။

"ငြိမ်း သ သမီးလေးက မောင်တို့ရဲ့သမီးလေးပဲလေ"

"ဟုတ်ပါတယ် မောင်၊ ဒါကို မောင်ကော ငြိမ်းပါ လက်ခံပြီးသား၊ ဒါပေမဲ့ သမီးလေးက မွေးစားသမီးဆိုတာ ပတ်ဝန်းကျင်ကသိနေတယ်၊ သမီးလေးကိုယ်တိုင်ကလည်း သိနေတယ် မောင်"

ငြိမ်း စကားတွေ မှန်တာ သူ မငြင်းနိုင်။ ဒါပေမဲ့ လက်မခံနိုင်စွာ ခေါင်းကိုခါမိသည်။ ငြိမ်းက သူ့လက်ဖဝါးတွေကို တင်းတင်းဆုပ်ကိုင်ထားရင်း

"မောင်ရယ် ငြိမ်းပြောတဲ့ဆိုလိုရင်းကို မောင် နားလည်ပေးပါ သမီးလေးကို မောင်နဲ့ငြိမ်း သိပ်ချစ်တာမှန်ပေမယ့် အခု သမီးလေးအရွယ်က ကလေးလေးမဟုတ်တော့ဘူးလေ၊ အပျိုလေးတစ်ယောက်ဖြစ်နေပြီ၊ မောင့်ဘက်က ယုယကြင်နာချစ်ခင်တာမှန်ပေမယ့် ပတ်ဝန်းကျင်အမြင်မှာ အထင်လွဲစရာဖြစ်နိုင်တယ်၊ ဒါကိုတော့ ငြိမ်းတို့ ဆင်ခြင်သင့်တယ်လေ၊ မောင့်သိက္ခာ သမီးလေးရဲ့သိက္ခာကို ဝေဖန်ထိခိုက်လာတာမျိုးကို မကြုံဆုံချင်လို့ပါ မောင်ရယ်"

သူ့လက်တွေကို တင်းတင်းဆုပ်ကိုင်ရင်း ရှင်းပြနေသော ငြိမ်းမျက်ဝန်းတွေထဲမှာ ရိုးသားဖြူစင်သော အရိပ်တွေကို သူ မြင်တွေ့နေ၏။ ငြိမ်း စကားတွေကို မငြင်းဆန်နိုင်တာလည်း သေချာသည်။ ဒါပေမဲ့ ရင်ထဲမှာ ကြေကွဲဆို့နစ်သော ဝေဒနာကြီးက ခံရခက်လှ၏။





"မောင် ငြိမ်းကို မောင် နားလည်ပါနော်၊ ငြိမ်းပြောတာ မောင် …အတွက်ဆိုတာ"

"တော် တော်ပါတော့ ငြိမ်းရယ်"

ငြိမ်းစကားတွေကို ဆက်မကြားနိုင်စွာတားရင်း ငြိမ်း ခန္ဓာကိုယ်…ကို သူ တင်းတင်းကြပ်ကြပ် ရင်ချင်းအပ်ဖက်ထားလိုက်မိသည်။ …ပြင်ကို ညင်သာဖွဖွ ပွတ်သပ်နှစ်သိမ့်နေသော ငြိမ်း လက်ဖဝါး…အတွေ့ကိုလည်း သိနေသည်။

တကယ်ဆို ငြိမ်းသည်သူ့အပေါ်မှာ အမြဲတမ်း ပေးဆပ်မှုတွေ…နားလည်မှုများစွာနှင့် ချစ်ခဲ့သော ဇနီးမယားတစ်ယောက်ပါပဲ။

"ငြိမ်းရယ် မောင် နားလည်ပါပြီ၊ ငြိမ်းကို မောင် အပြစ်မမြင် … ငြိမ်း သတိပေးတာကို မောင် လက်ခံပါတယ်၊ မောင် နားလည်…တယ် ငြိမ်းရယ်"

"ကျေးဇူးတင်ပါတယ် မောင်ရယ်၊ မှောင့်နှလုံးသားကိုလည်း … မြင်နိုင်ပါတယ်၊ သမီးလေးက မောင်နဲ့ငြိမ်းတို့ရဲ့ တစ်ဦးတည်းသော …လေးပါပဲကွယ်"

သူ့လည်ပင်းမှာ မျက်နှာလေးအပ်ကာ ငြိမ်းဆိုသောစကားက …အထိ စီးမျောသွားခဲ့သည်။ ဒါပေမဲ့ သမီးလေးနှင့်ပတ်သက်သော …ကြီးတစ်ခုက ရင်ထဲကို ကြိုတင်ရောက်ရှိနေခဲ့တာလည်း အမှန်။

သမီးလေးဟာ သူနှင့်ငြိမ်းတို့ရဲ့ အသက်တစ်ခု၊ ဘဝတစ်ခု …ပေမယ့်လည်း . . .။

သူ့ရဲ့ယုယကြင်နာခွင့်တို့ကို စည်းတစ်ခုကာဆီးခဲ့ပြီဆိုတာတော့ …နေခဲ့ပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

သမီးတက်သည့်ကျူရှင်ကျောင်းရှေ့မှာ သူ ဆယ်မိနစ်လောက် စောရောက်နေခဲ့သည်။ ကားထဲမှာပဲ ထိုင်ကာ ကျူရှင်လွှတ်ချိန်ကိုစောင့်နေလိုက်၏။

တကယ်ဆိုလျှင် သမီးကို ကျူရှင်လာကြိုဖို့ သူ့မှာနဂိုက အစီအစဉ်မရှိခဲ့ပါ။ သမီးကိုကျူရှင်ကြိုဖို့ တာဝန်ယူထားသူက ငြိမ်းပဲဖြစ်သည်။

သူက ဦးသူရိန်နှင့်တွေ့ဖို့ ချိန်းထားတာမို့ လာခဲ့တာဖြစ်သည်။ ငြိမ်းကို တိုင်ပင်အသိပေးထားသည့်အတိုင်း ဦးသူရိန်၏ Sun Light ကုမ္ပဏီမှာ ရှယ်ယာထပ်ဝင်ပြီး အကျိုးတူလုပ်ကိုင်ဖို့ သူ ညှိနှိုင်းခဲ့တာဖြစ်သည်။

ဦးသူရိန်၏ Sun Light အထည်ချုပ်ကုမ္ပဏီကြီးက အာရှနိုင်ငံကြီး တချို့နှင့် ဆက်သွယ်ထားတာဖြစ်သည်။ မြန်မာပြည်မှာ အထည်ချုပ်





…က်ရုံကြီးများ ထပ်မံတိုးချဲ့ပြီး ထုတ်လုပ်မှုအပိုင်းမြှင့်တင်မည်။

ပြီးလျှင် ထွက်ကုန်အထည်များကို အာရှနိုင်ငံကြီးများသို့ တင်ပို့…ည်မို့လုပ်ငန်းပိုင်းက အဆင်ပြေချောမွေ့နေ၏။

ရေရှည်အနာဂတ်အတွက် ဘယ်လိုပဲကြည့်ကြည့် အကျိုးဖြစ်…ည့်စီမံကိန်းမို့ သူ စိတ်ဝင်စားသည်။

ဝန်ထမ်းအလုပ်မှထွက်ကာ ဦးသူရိန်နှင့်လက်တွဲလုပ်ဖို့ သူ ဆုံး…ဖြတ်ထားသည်။ ထိုဆုံးဖြတ်ချက်အတွက် ငြိမ်းက နားလည်လက်ခံခဲ့…သလို သူ့ရဲ့ဦးလေးနှင့်အဒေါ်များက အံ့သြစွာ ထောက်ခံကြ၏။

"ငါတော့ ဒီအစီအစဉ်ကို အကြွင်းမဲ့သဘောတူတယ် မောင်…ပြည့်စုံ ဟိုးအရင်ကတည်းက မင်းရဲ့ဝန်ထမ်းအလုပ်ကို ငါ သဘောတူခဲ့…သာမဟုတ်ဘူး။ ဒီလိုစီးပွားရေးအလုပ်ကိုပဲ လုပ်စေချင်ခဲ့တာ"

ဦးမျိုးက အားပေးထောက်ခံသလို ဒေါ်လေးလှိုင်ကလည်း သူ့…ဆုံးဖြတ်ချက်အတွက် ကျေနပ်နေခဲ့၏။

"နေပါဦး မောင်ပြည့်စုံ ဝါသနာပါတဲ့ဝန်ထမ်းအလုပ်ကိုပဲ မင်း…လုပ်မယ်လို့ ကြွေးကြော်ခဲ့ပြီးမှ ဘာလို့ အခုမှ စိတ်ကူးတွေ ပြောင်းလဲ…သွားရတာလဲ"

"ကျွန်တော့်မိသားစုအနာဂတ်အတွက်ပေါ့ ဒေါ်လေးလှိုင်ရယ်၊ …သမီးလေးအတွက် ကျွန်တော် ရှာဖွေနိုင်တုန်း ရှာဖွေပေးခဲ့ချင်တယ်"

"အင်း မွေးစားသမီးအတွက် မင်းကိုမင်း ပြောင်းလဲပစ်လိုက်…တာကိုး"

"ဒေါ်လေးလှိုင် သမီးလေးက ကျွန်တော့်ရဲ့သွေးသားအရင်း…ပါ မွေးစားသမီးဆိုတဲ့စကားကို ဒေါ်လေးလှိုင် မေ့ထားစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သမီးနှင့်ပတ်သက်လျှင် သူတင်မကဘဲ ငြိမ်းကပါ သွေးစိမ်းစေမည့် စကားမျိုးကို အပြောမခံခဲ့ပါ။ အခုလည်း ဒေါ်လေးလှိုင်ကို သူ အားမနာတမ်းပြောခဲ့၏။

"အင်းပါ ထားပါ ဘာပဲဖြစ်ဖြစ် မင်းစီးပွားရေးကို အာရုံပြောင်း စိတ်ဝင်စားလာတာ ဒေါ်လေးလှိုင် ဝမ်းသာပါတယ်၊ လိုတဲ့အကူအညီ ရှိရင်ပြော ဒေါ်လေးတို့ကူညီမယ်"

ထိုဆုံးဖြတ်ချက်ကို သမီးလေး အနာဂတ်အတွက် ရွေးချယ်ကာ လက်ရှိဝန်ထမ်းအလုပ်ကို သူ စွန့်လွှတ်ဖို့ ဆုံးဖြတ်ခဲ့သည်။ ငြိမ်းနှင့်အိမ်ထောင်တည့်စက ဦးလေးတွေ အဒေါ်တွေ ဘယ်လိုတားတား မရခဲ့သောသူ အခုတော့ သမီးလေးကြောင့် ပြောင်းလဲခဲ့သည်။

သမီးလေး ရင်ငြိမ်းပန်းက သူ့သွေးသားရင်းမဟုတ်တော့လည်း ဒေါ်လေးလှိုင်တို့ ဘဝင်မကျဖြစ်မည်ပေါ့။

သူ့အတွက်တော့ သမီးလေးသည် ဘဝတစ်ခုဖြစ်ခဲ့တာမို့ . . ။

အတွေးတွေက ကျူရှင်ကျောင်းခန်းထဲမှ ထွက်လာသော ကျောင်းသူကျောင်းသားတွေကိုမြင်မှ တိခနဲ ပြတ်တောက်သွားခဲ့၏။

မျက်ဝန်းတွေက ရောင်စုံလူအုပ်ထဲမှ သမီးလေးကို ရှာဖွေ ကြည့်မိနိုက်

"ဟင်"

မျက်ခုံးတွေပင့်တက် အလိုမကျ ဖြစ်သွားခဲ့တာ သမီးလေး နံဘေးမှာကပ်ပါလာသော ချာတိတ်တစ်ယောက်ကြောင့်ဖြစ်သည်။ သမီး နှင့်သက်တူရွယ်တူခန့်ပဲရှိသော ထိုချာတိတ်ရုပ်သွင်က ရှင်းသန့်ပေ မယ့်လည်း ဒီလိုမြင်ကွင်းကို သူ မနှစ်မြို့နိုင်ပါ။





သမီးက သူ့ကိုမမြင်ဘဲ ထိုချာတိတ်နှင့် ရယ်ရယ်မောမော စကားတွေပြောရင်း လျှောက်လာသည်။

ပန်းဆီရောင်ထက်အောက်ဝတ်စုံလေးနှင့် သမီးလေးသည် ငြိမ်း ပြောခဲ့သလို ကလေးငယ်လေး မဟုတ်တော့တာတော့ သေချာသည်။

ကျောလယ်ခန့်အထိရှည်သော ဆံနွယ်ဖြောင့်စင်းစင်းတွေနှင့် သင်းသန့်နုညက်သော မျက်နှာလေးက ချောမောလွန်းသည်။ မျက်ခုံးမျက် ဆုံး နှာတံ၊ နှုတ်ခမ်းဖူးဖူးလေးတွေ အားလုံး အပြစ်ဆိုရက်စရာမရှိ အောင် အပြစ်ကင်းစင်သည်။

ငြိမ်းလိုပဲ ချောမောလှပကာ သူ့လို အရပ်အမောင်းကောင်း သောသမီးသည် သူနှင့်ငြိမ်းရဲ့သမီးဟု မြင်သူတိုင်း လက်မခံဘဲ မနေ နိုင်ခဲ့တာလည်း အမှန်။

သူ ကြည့်နေတုန်းမှာ သမီးက သူ့ကိုလှမ်းကြည့်မြင်တွေ့သွား ခဲ့၏။ မျက်နက်ဝန်းလေးတွေ ဝိုင်းစက်အံ့ဩသွားခဲ့ကာ နံဘေးမှ ချာတိတ် ကို နှုတ်ဆက်ပြီး သမီး သူ့ဆီကို ခပ်သွက်သွက် လျှောက်လာသည်။

သူ ကားတံခါးဆွဲဖွင့်ပြီး ဆင်းချိန်မှာ သမီးလေးက အနားကို ရောက်နေခဲ့ပြီ။

"ဖေဖေ သမီးကိုလာကြိုတာလား"

"ဟုတ်တယ် သမီး၊ သမီးမေမေ သိပ်နေမကောင်းလို့ ဖေဖေ့ကို လာကြိုဖို့ ဖုန်းဆက်တယ်လေ"

"ဟာ ဟုတ်လား၊ ဒါဆိုအတော်ပဲ ဖေဖေကိုယ်တိုင် လိုက်ကြွေး ခဲ့ ကြေးအိုး မသောက်ရတာကြာပြီ အဟင်း"

အပြစ်ကင်းစင်သော အပြုံးလေးနှင့်မော့ကြည့်ကာ သမီးဆို

www.burmeseclassic.com

www.burmeseclassic.com



လာတော့ စောစောက အလိုမကျမှုတွေလည်း သူ့ဆီက ချက်ချင်းလွ
ပြေးပျောက်ကုန်သည်။

''သမီး စားချင်လို့လား၊ ဖေဖေ လိုက်ကျွေးမှာပေါ့၊ ဒီအနာ
မှာ ကြေးအိုးဆိုင်ကောင်းကောင်း ဘယ်မှာရှိမလဲ အင်း''

''မပူနဲ့ သမီး သိတယ်၊ မဝေးပါဘူး ဒီနားလေးတင်ရှိတယ်''

သမီးစကားကြောင့် သူ မျက်မှောင်ကျုံ့ကြည့်ရင်း

''ကြည့်စမ်း သမီး ခဏခဏ သွားစားဖူးတယ်ပေါ့၊ ကျူ
လစ်ပြီး သွားတာလား၊ ဖေဖေ့ကိုပြောစမ်း''

''အာ ဖေဖေကလည်း မဟုတ်တာ၊ မေမေ လာကြိုတိုင်
တစ်ပတ်တစ်ခါလောက် စားဖြစ်လို့ ဆိုင်သိနေတာပါ''

''ဟုတ်ရဲ့လား သမီး၊ မညာနဲ့နော်''

''မညာပါဘူး ဖေဖေရဲ့ မေမေ့ကိုမေးကြည့်၊ ကဲ သွားကြမ
ဖေဖေရာ ဗိုက်ဆာနေပြီ၊ အပြန်ကျ မေမေ့အတွက်ပါ ပါဆယ်ဝယ်သွာ
ကြမယ်နော်''

သမီးနှင့်သူကြားမှာ နွေးထွေးသော ကြင်နာမှုတွေ ပြန်ပိုင်ဆ
ရသလို ခံစားမိသည်။ ဟိုးအရင်ကလည်း သမီးကိုကျော င်ကြိုရင်း ဒီ
သမီးကြိုက်သည့် ကြေးအိုးကို လိုက်ကျွေးမွေးနေကျမဟုတ်လား။

''ဖေဖေ သမီးကို တစ်ပတ်တစ်ခါ လာကြိုရင် အရမ်းကော
မှာပဲ သိလား ဖေဖေ''

''ဘာလို့လဲ သမီးရဲ့၊ သမီးမေမေ လာကြိုနေတာပဲလေ''

''ဖေဖေ လာကြိုရင် အမြဲတမ်း ကြေးအိုးသောက်ရမှာမို့
အဟင်း ဟင်း''





''သမီး ကြိုက်တယ်ဆိုရင် မေမေကလည်း ဝယ်တိုက်မှာပါ
သမီးရဲ့''

''မတူဘူးလေ ဖေဖေရဲ့၊ ဖေဖေက ကြေးအိုးထဲက အသားတုံး
တွေ အေးသွားအောင် မှုတ်ပေးပြီး ကျွေးတတ်တာလေ၊ သမီးက တူနဲ့
ညှပ် အချဉ်ရည်တို့ပြီး အသင့်စားလိုက်ရုံပဲ ကဲ ဘယ်လောက်အရသာ
ရှိလိုက်မလဲ အဟင်း ဟင်း ပြောရင်းသွားရည်တောင်ကျလာပြီ ရှလွတ်''

ပြောရင်း သမီးရယ်မောနေတာကြည့်ကာ သူလည်းလိုက်ရယ်
မိပြန်ပါသည်။ သမီးက သူနှင့်အတူ ငယ်ငယ်က သောက်ခဲ့စားခဲ့သော
ကြေးအိုးကို မမေ့သေးပါလား။

ဖေဖေ ဝမ်းသာလိုက်တာ သမီးလေးရယ်။ ဖေဖေနဲ့သမီးလေး
ကြားမှာ အဲဒီလို နွေးထွေးကြင်နာမှုလေးတွေနဲ့ ဖေဖေ အမြဲတမ်း နေ
သွားချင်လိုက်တာ။

■ ■ ■

''ငြိမ်း မောင် မေးစရာရှိလို့''

သူနှင့်သမီး ဝယ်လာသော ဂဏန်းပေါင်းနှင့် ကြေးအိုးပါဆယ်
ထုပ်တွေကို မီးဖိုထဲသယ်သွားသည့် ငြိမ်းနောက်ကိုလိုက်ကာ သူ အလိုမကျ
သောကိစ္စကိုမေးကြည့်မိ၏။

''ဘာလဲ မောင်၊ ဘာမေးမလို့လဲဟင်''

''ဩော် သမီးကို ကျူရှင်ခန်းထဲက ထွက်လာတော့ နံဘေးမှာ
ရာတိတ်တစ်ယောက်နဲ့တွေ့လို့''

ငြိမ်းပန်းကန်တွေထဲ ဟင်းတွေလှယ်ထည့်နေရင်း သူ့ကိုမော့
ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ပြောတာ ဘယ်သူလဲ၊ ဟိုဆံပင်ဘေးခွဲလေးနဲ့ အသ
ဖြူဖြူ ကောင်လေးလား"

ငြိမ်းပြောမှ ချာတိတ်ပုံရိပ်ကို ပြန်မြင်ယောင်ကာ သူ ခေါ
ညိတ်ပြမိ၏။

"အင်း ဟုတ်တယ်၊ ဂျင်းပြာကျောပိုးအိတ်နဲ့ အရပ်မြင့်မြ
ကောင်လေးပဲ"

"ဩော် အဲဒါ မောင်သန့်စင်အောင်လေ မောင်ရဲ့၊ ဈေး
ရပ်ကွက်ထဲက မမြမေရဲ့သားလေ၊ သူ့အဖေက စတိုးနဲ့ကုန်စုံဆိုင်
ဈေးထဲမှာဖွင့်ထားတာလေ၊ သမီးနဲ့အတန်းတူပဲ၊ အဲဒီမှာ ကျူရှင်အ
တက်နေတာ"

ငြိမ်း ပေါ့ပေါ့ပါးပါး ရှင်းပြနေပေမယ့် သူ့စိတ်ထဲမှာဘေ
ဘဝင်မကျနိုင်သေးပါ။ သူ မြင်ခဲ့ရသော မြင်ကွင်းက သူ့စိတ်ကိုအနှေ
အယှက် ဖြစ်နေတုန်းပဲရှိ၏။

"ငြိမ်း သမီးက ဒီနှစ်ဆယ်တန်းတက်မှာနော်၊ ပညာရေးက
ပြီး တခြားမဟုတ်မဟတ်စိတ်တွေ ဝင်သွားမှာ မောင်စိုးတယ်"

သူ့စကားကို ငြိမ်း မျက်လုံးတွေဝိုင်းပြီး နားထောင်နေပြီး
သဘောကျစွာ ရယ်နေပြန်တာမို့

"ငြိမ်းက ဘာရယ်တာလဲ၊ မောင်ပြောတာ မဟုတ်လို့လား"

"အဟင်း ဟင်း မောင်ရယ်၊ သမီးနဲ့မောင်သန့်စင်အောင်
အတန်းတူ အခန်းတူ သူငယ်ချင်းတွေပါ၊ သူ့မိဘတွေနဲ့လည်း ငြိ
ခင်မင်ရင်းနှီးတယ်၊ ဒီကောင်လေးနဲ့လည်းသိပါတယ်၊ မောင်ထင်သလ
မဟုတ်ပါဘူး၊ သမီးတို့က သူငယ်ချင်းတွေပါ၊ ငြိမ်း ကောင်းကောင်း





တယ်"

ငြိမ်း အသေအချာရှင်းပြနေတော့ သူ့ရင်ထဲက စိုးရိမ်စိတ်လေး
ပြေလျော့ရသည်။ သမီးလေးအရွယ်က ပညာသင်နေသည့်အရွယ်။ ဒီ
အရွယ်မှာ တခြားသော စိတ်အာရုံတွေ မထွေပြားစေချင်ပါ။

"အဟင်း ငြိမ်းပြောတာ မောင် ယုံပါ၊ စိတ်ချ သမီးက
သူ့ကို စာလိုက်ပေးရင် ရည်းစားစကားအပြောခံရရင်တောင် ငြိမ်းကို
ပြန်ပြောပြတာ၊ သမီးလေး ခေါင်းထဲမှာ အဲဒီစိတ်တွေမရှိဘူး၊ သမီးက
ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်ချင်နေတာ၊ ပြီးရင် ဖေဖေနဲ့မေမေ
ကို သူ့လုပ်အားနဲ့ပြန်ကျွေးမွေးချင်သေးတယ်တဲ့ ကဲ"

"မောင်က စိုးရိမ်လို့ပါ ငြိမ်းရာ၊ သူတို့က သူငယ်ချင်းတွေဆို
သည်း မောင် လက်ခံပါပြီ၊ စိတ်ထဲမှာ မရှင်းလို့ ငြိမ်းကိုမေးကြည့်မိတာပါ၊
အားလိုက်တော့ မောင် နားလည်ပြီ"

သူ စိတ်ပေါ့ပါးစွာ ပြန်ပြောလိုက်ပေမယ့် ငြိမ်းကတော့ အပြုံး
မိတ်တို့မပြယ်သေးသော အကြည့်တွေနှင့် သူ့ကိုကြည့်နေရင်း

"မောင်ရယ် မောင်မွေးထားတာ သမီးလေးလေ၊ အချိန်တန်ရင်
တော့ မောင် စိုးရိမ်သလို အခြေအနေမျိုး ကြုံလာမှာပဲ၊ အဲဒီကျရင်
သမီးလေးချစ်တဲ့သူနောက်ကို မောင် ထည့်လိုက်ရမှာပဲလေ"

ငြိမ်း စကားကြောင့် သူ့ရင်ထဲမှာ ချက်ချင်းမွန်းကြပ်ချင်သွား
သည်။ ငြိမ်းပြောသလို ကြုံလာလျှင် သူ ရင်ဆိုင်ဖို့ ခက်ခဲမှာသေချာ
သည်။

"မောင်"

"ဟင် ငြိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မောင် ကြိုတွေးပြီး စိတ်မကောင်းဖြစ်သွားတာလား၊ ဒါ သဘာဝပဲလေ၊ တစ်ချိန်မှာကြုံရမှာပဲ"

"သမီးက မောင်တို့ဆီက ဘာလို့ထွက်သွားရမှာလဲ၊ သမီး သက်တဲ့သူဆို မောင်ကလည်း ကြည်ဖြူလက်ခံပေးမှာပဲ"

"အဟင်း မောင် သမီးကို သိပ်ချစ်တာ ငြိမ်း သိပါတယ်ကွ သမီးလေးကလည်း မောင်နဲ့ငြိမ်းကိုချစ်ပါတယ်၊ ငြိမ်းတို့ကိုခွဲပြီး သ မသွားပါဘူးကွယ်"

သူ့လက်မောင်းကို ဆုပ်ကိုင်ကာ ငြိမ်း နှစ်သိမ့်စကားဆိုသ ငြိမ်းပြောသလို သမီးလေး ခွဲသွားတာတော့သူ ဘယ်တော့မှ အဖြစ် နိုင်ပါ။

သမီးကို သူ မျက်ကွယ်မပြုခင်အချိန်ထိ အနားမှာပဲ အ စေချင်သည်။ သမီးနဲ့အဝေးမှာ ခွဲခွာနေဖို့ဆိုတာ သူ မတွေးရဲပါ။

သမီးလေးကို သူနှင့်ငြိမ်းတို့ အကြင်နာအရိပ်အောက် အမြဲတမ်း နွေးထွေးစွာ ရှိနေစေချင်သည်။

အဲဒီလောက်အထိ သမီးလေးကို ဖေဖေ ချစ်တာပါ သမီး ရယ်။

■ ■ ■



## အခန်း (၂၁)

"ဒါ ဒါ သမီးအတွက် ဟုတ် ဟုတ်လား ဖေဖေ"

ဘူးအနီလေးထဲက စိန်လော့ကတ်သီးကိုကြည့်ကာ သမီးလေး အံ့တသြ ရေရွတ်သည်။ မောင့်မျက်နှာက အပြည့်ဝဆုံးပြုံးလျက် သမီးလေးကို တစိမ့်စိမ့် ကြည့်နေခဲ့၏။

လှပသော စိန်လော့ကတ်သီးလေးကို မောင် လက်ဆောင်ဝယ် လာသည်ဆိုတော့ သမီးလေး အံ့သြဝမ်းသာနေမှာသေချာသည်။

ဒီစိန်လော့ကတ်သီးလေးကို သမီးလေးအတွက် မောင်ဝယ်မည် ဆိုတော့ ငြိမ်းကိုယ်တိုင်လည်း ကြည်ဖြူစွာ သဘောတူခဲ့သည်။ သမီးလေး သည့်တိုင်လေးမှ ပလက်တီနမ်ဆွဲကြိုးလေးနှင့် တင့်တယ်လိုက်ဖက်မည်ဟု ငြိမ်းလည်း တွက်ထားပြီးသား။

"ဟုတ်တယ်လေ၊ သမီးလေးအတွက် ဖေဖေနဲ့မေမေ ဝယ်လာ တာလေ၊ သမီးကြိုက်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မောင်ပြောတော့ သမီးလေး ခေါင်းလေးညိတ်သည်။ ဘူး...
ထဲက စိန်လော့ကတ်သီးလေးကို ငြိမ်းကိုယ်တိုင်ယူကာ သမီးလေး...
တိုင်က ဆွဲကြိုးလေးမှာ ဆင်ယင်ပေးလိုက်၏။

"ကြည့်စမ်း ပလက်တီနမ်ဆွဲကြိုးလေးနဲ့ ပိုပြီးလိုက်ဖက်ကြ...
ကောင်းသွားတယ် သမီး"

"သမီး ဝမ်းသာလိုက်တာ မေမေရယ်"

ငြိမ်းကို သိုင်းဖက်ကာ သမီးလေး ရွှတ်ခနဲ နမ်းသည်။ ပြ...
မောင့်ကို သမီးလှည့်ကြည့်ရင်း

"ဖေဖေ့ကိုလည်း သမီးသိပ်ချစ်တယ်"

ပြောရင်း သမီးအနမ်းတစ်ပွင့် မောင့်ညာဘက်ပါးပြင်ပေါ်...
ရောက်တော့ မောင့်မျက်နှာဝင်းပကြည်လင်သွားကာ သမီးလေးကို ပြ...
ပွေ့ဖက်ရင်း

"ဖေဖေလည်း သမီးကိုသိပ်ချစ်ပါတယ်ကွယ်"

မောင့်အနမ်းကလည်း သမီးလေးနဖူးပြင်ထက်ကို တုံ့ပြန်...
သည်။ ပြီးမှ မောင့်အကြည့်တွေ ငြိမ်းဆီကို မလုံမလဲ ရောက်လာသ...

ငြိမ်းရင်ထဲမှာ စိတ်မကောင်းဖြစ်သွားရတာအမှန်။ ငြိမ်းရဲ့တ...
က စကားတွေကြောင့် မောင် မတုံ့မရဲ ဖြစ်နေတာမျိုး မရှိစေချင်...
တကယ်ဆို မောင်နှင့်သမီးလေးတို့ ချစ်ခြင်းကို ငြိမ်း နားလည်သည်...

တစ်ပါးသူတွေက နားမလည်ကြမှာစိုးရိမ်မိတာပဲဖြစ်၏။ မော...
သမီးကြားက ကြင်နာယုယမှုတွေကို မတုံ့မရဲ မဖြစ်စေချင်ပါ။ ဒါကြော...
လည်း မောင့်အကြည့်တွေကို ငြိမ်း မမြင်ဟန်ဆောင်ရင်း

"မကြာခင် ဆယ်တန်းကျောင်းသူကြီးဖြစ်တော့မယ့် သမီးလေ...





...ကတဲ့ သမီးဖေဖေက လက်ဆောင်ပေးတာ သမီးရဲ့"

"ကျေးဇူးအရမ်းတင်ပါတယ် ဖေဖေရယ်"

သမီးလေးက မောင့်ကျောပြင်ကို သိုင်းဖက်ရင်းဆိုသည်။ မောင
...ည်း သမီးလေးကျောပြင်လေးကို ဖွဖွလေးပြန်သိုင်းဖက်ရင်း ငြိမ်းကို
...နေ၏။

မောင့်အပြုံးတွေထဲက ဖြူစင်ခြင်း၊ ကြင်နာခြင်းအရိပ်တို့ ပြည့်ဝ
...သည်ဆိုတာကို ငြိမ်း အသိဆုံး။

"ဖေဖေနဲ့မေမေတို့ရဲ့ချစ်ခြင်းမေတ္တာတွေ သမီးအပေါ်မှာသိပ်
...ားခဲ့ပါတယ်၊ ဒီချစ်ခြင်းမေတ္တာတွေကို သမီး ဘယ်တော့မှမမေ့
... ဖေဖေနဲ့မေမေရယ်"

"ယုံပါတယ် သမီးလေးရယ်၊ မေမေတို့ အကြွင်းမဲ့ယုံပါတယ်၊
...လေး ပညာတတ်ကြီးဖြစ်အောင်ကြိုးစားပါကွယ်၊ သမီးဖေဖေက
...အတွက် မျှော်လင့်ချက်တွေ အများကြီးထားတာ၊ သမီးလေးနဲ့
...အတွက်ဆိုပြီး ဖေဖေက အခု ကုမ္ပဏီလုပ်ငန်းကို လုပ်ကိုင်ဖို့
...င် ဆုံးဖြတ်လိုက်ပြီ"

ငြိမ်းစကားကြောင့် သမီးမျက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့၏။

"ဟင် ဖေဖေက လက်ရှိဝန်ထမ်းအလုပ်က ထွက်တော့မှာလား

"ဟုတ်တယ် သမီး၊ ဒီနှစ်ထဲမှာ ဖေဖေ ဝန်ထမ်းအလုပ်က
...ြင်မယ်၊ ဖေဖေ့မိတ်ဆွေ ဦးသုရိန်ရဲ့ကုမ္ပဏီမှာ ဖေဖေ ရှယ်ယာ
... စီးပွားရေးကို အာရုံစိုက်မလို့လေ"

"ဖေဖေက ဒီအလုပ်ကို ဝါသနာကြောင့် လုပ်ခဲ့တာဆို၊ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်မှာလဲ ဖေဖေရယ်''

''ဖေဖေ့သမီးလေးနဲ့ မိသားစုအတွက်ပေါ့ကွယ်၊ ဖေဖေနဲ့မေမေ တို့မရှိရင် သမီးလေးပဲ ကျန်ရစ်ခဲ့မှာ၊ အဲဒီအခါ ဘာမှလိုလေသေးမရှိတဲ့ ဘဝမျိုးကို သမီးလေးပိုင်ဆိုင်ကျန်ရစ်ခဲ့စေချင်တယ်''

''မဟုတ်တာ ဖေဖေရယ်၊ သမီးအတွက် လိုအပ်တာ ဖေဖေနဲ့ မေမေတို့ပါပဲ၊ တခြားဘာမှမလိုအပ်ပါဘူး''

မောင် ကြည်ကြည်နူးနူးလေး ပြုံးရင်း သမီးလေးပခုံးကို ဆုပ် ကိုင်ခေါင်းညိတ်၏။

''သမီးလေးအတွက် ဖေဖေနဲ့မေမေက အမြဲရှိနေမှာပါ၊ ဒါပေ ဖေဖေတို့အနားမှာ မရှိတော့တဲ့အခါမှာလည်း သမီးလေးဘဝလေး ငြိမ်း ချမ်းပြည့်စုံစေချင်တာ ဖေဖေနဲ့မေမေတို့ရဲ့ ချစ်ခြင်းမေတ္တာပါပဲကွယ်''

''ဖေဖေရယ်''

မောင့်ရင်ခွင်ထဲမှာ ခေါင်းလေးမှီရင်း ငြိမ်သက်နေသော သမီး လေးဆံနွယ်လေးတွေကို မောင် အသာအယာပွတ်သပ်ပေးနေခဲ့၏။

ကြည်နူးစရာမြင်ကွင်းလေးကိုကြည့်ရင်း ငြိမ်း ရင်ထဲမှာလည် ချမ်းမြေ့နေခဲ့သည်။

ဒီမိသားစုလေးရဲ့နိုင်မြဲသော နှောင်ကြိုးတွေ တည်မြဲရှည်ကြ ပါစေတော့. . .။

■ ■ ■



## အခန်း (၂၂)

ပန်း ဘဝလေးက အရမ်းကိုကံကောင်းလွန်းခဲ့ပါသည်။ ဖေဖေ ...ခဲ့မေတ္တာတွေ ပန်းအပေါ်မှာ အမြဲတမ်းပြည့်ဝနွေးထွေးခဲ့သည်။ ဟိုးငယ်စဥ်ကတည်းက ဖေဖေတို့ရဲ့မေတ္တာတွေကို ပန်း ပိုင်ဆိုင် ... ဒီနေ့အထိ မယုတ်လျော့ခဲ့သေးပါ။ အကြွင်းမရှိသော ဖေဖေတို့ ...များစွာကို ပန်း ပိုင်ဆိုင်ခံစားခဲ့ရတာအမှန်။

ကံကြမ္မာကသာ ဖေဖေတို့ထံ ပန်းကိုမပို့ဆောင်ပေးခဲ့လျှင် ပန်း ...ပိုင်ဆိုင်ရမည့် အနာဂတ်သည် ဘယ်လိုရှိမည်မသိပါ။

အဖေမရှိတော့ချိန်မှာ ရင်ဆိုင်ကြုံတွေ့ရသောဒုက္ခတွေဖြင့် ...တိမြေရွာလေးကို ပြန်ဖို့ကြိုးစားချိန်မှာပဲ ယာဥ်မတော်တဆမှု ...ည်။

မေမေ ကံဆိုးခဲ့ပေမယ့် ပန်းကံကောင်းခဲ့ခြင်းဟုပဲ ဆိုရမည်။ ...ဘဝလေးက ကြင်နာသနားတတ်သော ဖေဖေတို့အရိပ်ကို

www.burmeseclassic.com



နိုလှုံခွင့်ရခဲ့သည်။

ပန်းအတွက် တစ်ဦးတည်းသောအားကိုးရာ မေမေရဲ့အဒေါ် ဝမ်းကွဲဆိုတာကလည်း ပန်းကို တာဝန်ယူနိုင်လောက်အောင် အခြေအနေ မရှိခဲ့ပါ။ ဒါတွေကြောင့်လည်း ဖေဖေတို့က တရားဝင်မွေးစားခဲ့ဓါ။

ရွာမှ မေမေ့ရဲ့အဒေါ်ဆိုသူလည်း လွန်ခဲ့သော သုံးနှစ်ကျော် ကတည်းက ဆုံးပါးသွားခဲ့ပြီမို့ ပန်းအတွက် လောကကြီးထဲမှာ ဆွေမျိုး ရင်းချာလည်း မရှိတော့ပါ။

ဖေဖေ ဦးပြည့်စုံနိုင်နှင့်ဒေါ်သက်စုငြိမ်း ဆိုသော မွေးစားမိဘ နှစ်ပါးသည်သာ ပန်းဘဝရဲ့ ခိုတွယ်ရာ အားကိုးရာတွေဖြစ်ခဲ့သည်။

သွေးသားရင်းချာမရှိသော မွေးစားမိဘတွေက ပန်းအပေါ်မှာ ချစ်ခြင်းတို့စုပုံကြွင်နာခဲ့သည်။

ဒါတွေကို တွေးမိတိုင်း ပန်း ကျေနပ်ဝမ်းသာမိသလို ဖေဖေ မေမေတို့ကိုလည်း ကျေးဇူးတင်မိဓါ။

ကြီးမားလှသော ကျေးဇူးတွေအတွက် တစ်ချိန်မှာ ပန်း ပြန်ပေးဆပ်ခွင့်ရချင်သည်။ ပန်းရဲ့မိဘရင်းချာတွေ မဟုတ်ပေမယ့် မိဘ ရင်းချာတွေထက်ပင် သာလွန်သော မေတ္တာတွေကိုပေးခဲ့ကြသည် မဟုတ် လား။

ဖေဖေက ပန်းရဲ့အနာဂတ်အတွက်ဟုဆိုကာ ဝါသနာနှင့်ရ တည်ခဲ့သော ဝန်ထမ်းအလုပ်ကို စွန့်လွှတ်ကာ ကုမ္ပဏီအလုပ်ကို လုပ် ဆုံးဖြတ်ခဲ့သည်။

တကယ်ဆို ဖေဖေတို့အခြေအနေက လောဘဖြင့် စီးပွားရှာ စရာလည်း မလိုတော့ပါ။ အေးအေးချမ်းချမ်းနှင့် ရှင်သန်နေထိုင်သွား





ည့် အခြေအနေဖြစ်သည်။

ဒါကို ဖေဖေက ပန်းအနာဂတ်အတွက် ပြည့်စုံအောင်ရှာဖွေ ခဲ့ချင်သည်တဲ့။

ဖေဖေ့ရင်ထဲမှာ ကြီးမားလှသော မေတ္တာကို ပန်း မြင်သိလိုက် တော့ မျက်ရည်ဝဲမတတ် ဖြစ်ခဲ့ရသည်။

ဖေဖေသည် ပန်းအပေါ်မှာ ဖခင်တစ်ယောက်၏အဆုံးမဲ့သော တ္တာတွေ ပေးဆပ်မဆုံးသူဖြစ်သည်။ ထိုမေတ္တာကျေးဇူးတွေကို ပန်း ယ်တော့မှ ပေးဆပ်မကြေမှာလည်း သိပါသည်။

ချစ်သော ဖေဖေနှင့်မေမေအတွက် ပန်းတတ်စွမ်းသလောက် ဆပ်ချင်သည်။ ပန်းအတွက်ကြောင့် ဖေဖေတို့ ဘယ်တော့မှ စိတ် င်းရဲစေရပါ။

ပန်း ကတိပေးပါတယ် ဖေဖေနဲ့မေမေရယ်။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၃)

အိပ်ရာက ဖျတ်ခနဲနိုးသည်နှင့် ခုတင်နံဘေး စားပွဲလေးပေါ်က နာရီလေးကို ပန်းလှမ်းကြည့်မိသည်။

"ဟင် ငါးနာရီတောင်ခွဲတော့မယ်"

ပန်း ရေရွတ်ရင်း ခုတင်ပေါ်က လူးလဲထလိုက်မိ၏။ ဒီအချိန်ထိ အိပ်မောကျသွားခဲ့သော ကိုယ့်ကိုကိုယ်လည်း မကျေမနပ်ဖြစ်မိ၏။ မနက်ဆယ်တန်းအောင်စာရင်းတွေ ထွက်မှာမို့လည်း ညကတည်းက ပန်း အစောကြီး ထကြည့်မည်ဟု ကြုံးဝါးထားခဲ့၏။

"မနက်လေးနာရီလောက် သမီးထကြည့်မှာ၊ ဖေဖေ လိုက်ပို့ပေးနော်"

"မိုးတောင်မလင်းသေးဘူး သမီးရယ်၊ ခြောက်နာရီလောက် အေးဆေးသွားကြည့်လည်း ရတာပဲ"





"ဟင့်အင်း သမီးအစောကြီး သွားကြည့်ချင်တာ ဖေဖေရဲ့ သမီး သူငယ်ချင်းတွေလည်း အစောကြီးသွားကြည့်ကြမှာလေ"

"သမီးက ဖြေနိုင်ပြီးသားပဲ၊ အောင်မှာပါ ဖေဖေက သမီး အိပ်ရေးပျက်မှာစိုးလို့ပါ"

"မပျက်ပါဘူး သမီး နိုးအောင်ထမယ်၊ ဖေဖေ လိုက်ပို့ပေးပါနော်"

"ကဲ ဟုတ်ပါပြီ ဖေဖေကိုယ်တိုင် လိုက်ပို့ပေးမယ် စိတ်ချ"

ညတုန်းကတည်းက ပန်း ဖေဖေ့ကိုအောင်စာရင်းကြည့် လိုက်ပို့ပေးဖို့ မှာထားခဲ့သည်။ ဖေဖေကလည်း ကတိပေးခဲ့သည်။ စောစောလည်း အိပ်ရာဝင်ခဲ့၏။ စိတ်တွေလှုပ်ရှားကာ ပန်း အိပ်မပျော်ခဲ့ပါ။

လေးနာရီလောက် ထမည်ဆိုသော ပန်း နိုးတော့ ငါးနာရီခွဲ နေပြီ။ ပန်းမနိုးလျှင် လာနှိုးဖို့ မှာထားသော မေမေကလည်း ဘာကြောင့် မနှိုးရတာလဲ။

ပန်းစိတ်ထဲက မေမေ့ကိုမကျေမနပ် အပြစ်တင်ရင်း ညဝတ် အကျီအားဖားကြီးနှင့် မေမေတို့အိပ်ခန်းဘက် ထွက်ခဲ့လိုက်သည်။

အမြဲတမ်း စောစောနိုးကာ မနက်စာအတွက် စီစဉ်ချက်ပြုတ်နေ တတ်သည့်မေမေ ဒီနေ့ကျမှ အိပ်မောကျနေသည်လား။

မေမေတို့အိပ်ခန်းရှေ့ရောက်တော့ ပန်း အထင်တွေ တလွဲဖြစ် ကုန်သည်။ အိပ်ခန်းတံခါးက ခပ်ဟဟပွင့်နေသည်။

တံခါးလေးကို အသာတွန်းကာ ချောင်းကြည့်တော့ ဘယ်သူမှ မရှိ။ ဒါဆို ဖေဖေကော မေမေပါ နိုးနေပြီပေါ့။

ပန်းခြေလှမ်းတွေ မီးဖိုခန်းဘက် ခပ်သုတ်သုတ် လှမ်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်းပါပဲ၊ မီးဖိုခန်းထဲမှာ မီးတွေထိန်လင်းကာ မေမေ တကုပ်ကုပ်နှင့် ဘာတွေချက်ပြုတ်စီစဉ်နေသည်မသိ။

"မေမေ"

"ဟော သမီး နိုးပြီလား"

ပန်းကိုတစ်ချက်လှည့်ကြည့်ကာမေးရင်း အလုပ်တွေရှုပ်နေတာမို့ ပန်း မေမေ့အနားထိ လျှောက်ခဲ့လိုက်သည်။

"ကြက်သွန်တွေ မွှန်မယ် သမီး၊ မေမေ့အနား မကပ်နဲ့"

ကြက်သွန်နီဘွေကို ပါးပါးလှီးနေသော မေမေ တားမြစ်တာကို ပန်း ဂရုမစိုက်နိုင်ဘဲ

"မေမေ အစောကြီးနိုးနေရက်နဲ့ သမီးကိုဘာလို့ မနိုးတာလဲ၊ ငါးနာရီတောင်ခွဲနေပြီ၊ မေမေ လာနှိုးလို့ရအောင် သမီး တံခါးဖွင့်ထားတာ"

ပန်းအပြစ်တင်သလို နှုတ်ခမ်းလေးစူကာ ပြောတော့ မေမေ ပြုံးပြုံးလေးကြည့်ရင်း

"သမီးကို မေမေ လာနှိုးသေးတယ်၊ ဒါပေမဲ့ သမီးက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလို့ မနိုးရက်လို့ပါကွယ်"

"ဟာ မေမေကလည်း အသေအချာ မှာထားရက်နဲ့ နှိုးလိုက်ပါလား၊ အောင်စာရင်းသွားကြည့်ရမှာကို ဖေဖေကောဟင်"

"သမီးဖေဖေ သမီးအတွက် အောင်စာရင်းသွားကြည့်တယ်"

"ဟင် သမီးကို မခေါ်ဘူးပေါ့ ဟုတ်လား"

"အဟင်း သမီး အိပ်ပျက်မှာစိုးလို့တဲ့"

ပန်း အပြစ်တင်စကားဆိုနေတုန်းမှာ အိမ်ရှေ့ကကားစက်





ကြားလိုက်ရတာမို့

"ဟော သမီးဖေဖေ ပြန်လာပြီထင်တယ်"

မေမေ့စကားမဆုံးခင်မှာဘဲ ပန်း ခြေလှမ်းတွေက မီးဖိုခန်းထဲက ပြေးထွက်ပြီး ဖြစ်နေခဲ့သည်။

ဧည့်ခန်းထဲမှာပဲ ပန်းနှင့်ဖေဖေ ဆုံမိသည်။ ပန်း ရင်တွေခုန်ကာ ဘာမှမမေးနိုင်ဘဲ ဖေဖေ့မျက်နှာကို ကြည့်နေမိသည်။

"ဟော သမီး အခုမှနိုးတာလား"

ဖေဖေ ပြုံးပြုံးကြီးကြည့်ရင်း မေးတော့မှ ပန်း ရင်ထဲက စိုးရိမ်စိတ်တွေ လျော့ကျသွားခဲ့ကာ ခေါင်းလေးညိတ်ပြရင်း

"ဖေ ဖေဖေ ပန်း ပန်း စာမေးပွဲအောင်လားဟင်"

"အောင်ပါတယ် သမီး၊ တူးဒီပါတယ်၊ ဘောဂနဲ့သင်္ချာ နှစ်ဘာသာ"

"ဟယ် တကယ် ဝမ်းသာလိုက်တာ ဖေဖေရယ်"

ပန်း ဝမ်းသာအားရ ရေရွတ်ရင်း ဖေဖေ့ကိုသိုင်းဖက်ကာ ထားမိသည်။ အောင်မည်ဆိုတာ ယုံပေမယ့် ဂုဏ်ထူးမပါမှာကိုစိုးရိမ်နေမိသော စိတ်တို့ဖြင့် ပန်း ရင်တွေတုန် လှုပ်ရှားနေခဲ့တာဖြစ်၏။

"ဝမ်းသာလိုက်တာ ဖေဖေရယ်၊ သမီးက ဂုဏ်ထူးမပါမှာကို စိုးရိမ်နေတာ ဟား အရမ်းဝမ်းသာတယ် ဟေး"

ဖေဖေ့ကျောပြင်ကို သိုင်းဖက်ကာ ပန်း သတိလက်လွတ် ခုန်ပေါက်အော်နေမိ၏။

"ငြိမ်း သမီးက ဂုဏ်ထူးနှစ်ဘာသာတောင်ပါတယ်"

မေမေ့ကိုလှမ်းပြောသည့် ဖေဖေ့အသံကြားမှ ပန်း လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တော့ မေမေ ပန်းတို့ကို ပြုံးပြုံးလေးရပ်ကြည့်နေ၏။

"မေမေ"

ပန်း ဖေဖေ့ကိုဖက်ထားသည့်လက်တွေ ဖြေလွှတ်ကာ မေမေ့ကို ပြေးဖက်ထားမိပြန်၏။

"ဝမ်းသာပါတယ် သမီး၊ မေမေ အရမ်းဝမ်းသာတယ်၊ မေမေ့ သမီးလေးအောင်မှာ မေမေ ယုံကြည်ပြီးသား၊ ဒါကြောင့် ဒီမနက် သမီးတို့စားဖို့ မေမေ နန်းကြီးသုပ်တွေ စီစဉ်နေတာ"

"ဟုတ်လား ပျော်စရာကြီး မေမေရယ်၊ သမီး အရမ်းပျော် တယ်"

မေမေ ပြုံးပြုံးလေး ခေါင်းညိတ်ရင်း ပန်း ပါးပြင်လေးကို ငုံ့နမ်းကာ လေသံတိုးတိုးနှင့်ကပ်ပြော၏။

"သမီး အဝတ်အစားလဲပြီးမှ ပြန်လာခဲ့နော်"

မေမေ့သတိပေးစကားကြားမှ ပန်း မျက်နှာလေးပူကာ ဘာ အတွင်းခံမှမပါဘဲ ညဝတ်အင်္ကျီပါးပါးလျပ်လျပ်နှင့် ကိုယ့်အဖြစ်ကို ပြန် သတိရမိတော့သည်။

သတိလက်လွှတ်နှင့် ပန်းအပျော်လွန်သွားခဲ့၏။ ဖေဖေ့ကိုလည်း မျက်နှာပူပူနှင့်လှမ်းကြည့်မိ၏။ ဖေဖေကတော့ ဘာကိုမှ သတိပြုမိဟန် မတူဘဲ ပြုံးပြုံးကြီး ရှိနေဆဲ။

"သ သမီး မျက်နှာသွားသစ်ဦးမယ်နော်"

ပန်း ထူထူပူပူနှင့်ပြောကာ ဖေဖေတို့ရှေ့က လှည့်ထွက်ခဲ့လိုက် သည်။ မေမေသာ သတိမပေးလျှင် ပန်း ဘယ်အချိန်ထိ သတိလက်လွှတ် ပျော်နေဦးမည်မသိ။





မေမေ့ကို မျက်နှာပူမိသလို ဖေဖေ့ကိုလည်း ရှက်ရွံ့အားနာ မိုက်တာ။

ပန်းက ကလေးလေးမှ မဟုတ်တော့တာ။ ကန်တော့ပါရဲ့ မေမေဟုပဲ စိတ်ထဲက ပန်း တောင်းပန်လိုက်ရပါသည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၄)

စီးပွားရေးတက္ကသိုလ်တက်ဖို့အတွက် သမီးရွေးချယ်တော့ အ ဝမ်းသာမိသည်။ ထိုထက်ပို၍ ပီတိဖြစ်ရကာ သမီး ပြောသောရည်မှ ချက်ကြောင့် ဖြစ်သည်။

''သမီး စီးပွားရေးတက္ကသိုလ်ပဲ တက်ချင်တယ် ဖေဖေ၊ အ တစ်ခုအမြန်ရချင်တယ်၊ ပြီးရင် ဖေဖေ့ရဲ့အလုပ်တွေကို သမီးကူညီ ချင်တယ်၊ ဖေဖေနဲ့မေမေ့ကို သမီး ပြန်လုပ်ကျွေးပြုစုချင်တယ်''

''ဖေဖေ ဝမ်းသာတယ် သမီး၊ သမီးရဲ့သိတတ်မှုကို ဖေ အသိအမှတ်ပြုပါတယ်ကွယ်၊ ဖေဖေကလည်း တစ်ချိန်မှာ ဖေ ကုမ္ပဏီလုပ်ငန်းတွေမှာ သမီးကိုဦးဆောင်စေချင်တာပါ''

''စိတ်ချပါ ဖေဖေ၊ ဖေဖေ ဝန်ထမ်းအလုပ်ကထွက်ပြီး ကု အလုပ်မှာ တာဝန်ယူလုပ်နေတာကို သမီး မမြင်ရက်ဘူး''

''ဘာဖြစ်လို့လဲ သမီးရဲ့၊ ဖေဖေ့အလုပ်က မပင်ပန်းပါ





န်းထဲမှာထိုင်ပြီး စီမံခန့်ခွဲပေးရတာလောက်ပဲကွယ်''

''ဘာပဲဖြစ်ဖြစ် သမီးက ဖေဖေ့ကို ဘာမှမလုပ်မကိုင်ရဘဲ မှာပဲ အနားယူစေချင်တာ၊ သမီး တာဝန်ယူနိုင်တဲ့အခါကျရင် ဖေဖေ နားယူပြီး မေမေ့အနားမှာပဲ အမြဲနေတော့နော်''

သမီးစကားကြောင့် သူ ပြုံးရင်း ငြိမ်းကိုလှမ်းကြည့်တော့ ကလည်း ပြုံးပြုံးလေးရှိကာ သမီးစကားကို ကျေနပ်နေခဲ့သည်။

''အေးပါကွာ သမီးပြောမှပဲ ဖေဖေရဲ့အသက်အရွယ်ကို ပြန် တိထားမိတော့တယ်၊ ဖေဖေ့အသက်တောင် လေးဆယ်ပြည့်ဖို့ နှစ်နှစ် လို့တော့တယ်၊ ဒါပေမဲ့ အနောက်တိုင်းစကားပုံက အသက်လေးဆယ် တာ ဘဝကိုစတင်တဲ့အရွယ်တဲ့၊ ဟုတ်တယ်မဟုတ်လား ငြိမ်း၊ မောင့် ရွယ်က နုပျိုပါသေးတယ်နော် အဟဲ''

ငြိမ်းကို လှမ်းကြည့်ရင်း သူ ရယ်မောနောက်ပြောင်ပြောတော့ မျက်စောင်းလှလှလေးချိုလျက်

''ဟုတ်တယ် သမီးရေ၊ သမီးဖေဖေက အခုမှ ဘဝစမယ့် ယ်လေးပဲရှိသေးတာ၊ သွားပြောမနေနဲ့ သမီး''

''ဟာ ငြိမ်းကလည်း မဟုတ်လို့လား၊ ငြိမ်းလည်းအသက်သုံး ယ့်ရှစ်ဆိုပေမယ့် နုပျိုတုန်းပဲလေ၊ သမီးနဲ့ယှဉ်သွားရင်တောင် ညီအစ်မ လို့ ထင်ကြမှာ ဟား ဟား''

''မောင်နော် သမီးရှေ့မှာ ဘာတွေလျှောက်ပြောနေတာလဲ''

ငြိမ်း ရှက်ဝဲဝဲနှင့်ဆိုတော့ သမီး သဘောကျစွာရယ်ရင်း ငြိမ်းကို င်းဖက်လိုက်ကာ

''ဖေဖေပြောတာ မမှားပါဘူး မေမေရဲ့၊ မေမေက ချောလည်း

www.burmeseclassic.com



ချောတယ်၊ အရွယ်လည်းတင်တော့ နှစ်ဆယ်ကျော်လေးအတိုင်းပဲ အဟင်း ဟင်း''

ငြိမ်း ရုက်နေမှန်းသိ၍ သမီးကပါ နောက်ပြောင်နေ၏။ ညနေ ခန်းလေးထဲမှာ သူနှင့်သမီး ရယ်သံတွေက ဝေလွင်နေသည်။

ဒီလို ပျော်ရွှင်စရာမိသားစုဘဝလေးကို သူ အမြဲတမ်းပိုင်ဆိုင် ချင်ပါရဲ့။

■ ■ ■

## အခန်း (၂၅)

''ဘယ်လို သမီး သမီးက ရန်ကုန်မှာကျောင်းသွားတက်ချင် သယ် ဟုတ်လား''

''ဟုတ်တယ် ဖေဖေ၊ ရန်ကုန်မှာပဲ သမီး ကျောင်းတက်တာ ပိုအဆင်ပြေတယ်လေ၊ ကျောင်းတက်ရင်း တတ်သင့်တဲ့သင်တန်းတချို့ ည်း သမီးတက်ချင်လို့''

သမီးဆန္ဒကို မငြင်းဆန်ချင်ပေမယ့် အဆောင်မှာနေ ကျောင်း က်ချင်သည့်အစီအစဉ်ကိုတော့ သူ သဘောမကျတာအမှန်။ သမီးကို တို့အရိပ်နှင့် မဝေးစေချင်ပါ။

''သမီးရယ် အဆောင်မှာနေပြီး ကျောင်းတက်မှာကို ဖေဖေ စိုးရိမ်တယ်၊ အဆောင်မှာက အိမ်မှာလောက် နေထိုင်စားသောက်ရေး အဆင်မပြေနိုင်ဘူးလေ၊ ဒါကို ဖေဖေ စိုးရိမ်တာ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါအတွက် မစိုးရိမ်ပါနဲ့ ဖေဖေ၊ သမီးအဆင်ပြေအော
နေတတ်ပါတယ်၊ သမီးတစ်ယောက်တည်းမှ မဟုတ်တာ၊ နွယ်နီလည်း
အဖော်ရှိတာပဲ"

သမီးက အတူအဆောင်နေ ကျောင်းတက်မည့် သူငယ်ချင်း
အကြောင်းပြောသည်။ သမီးသူငယ်ချင်း နွယ်နီခင်ဆိုတာ သူတို့နှင့်နှစ်ယ
ကျော် တစ်ရပ်ကွက်တည်းနေသူပဲဖြစ်၏။ သမီးနှင့်လည်း ကျောင်း
ဖက် ငယ်သူငယ်ချင်း အရင်းအချာတစ်ယောက်။

"ဖေဖေရယ် ရန်ကုန်နဲ့ပဲခူးဆိုတာ နီးနီးလေးပါ၊ ကျောင်းပိ
ရက်တစ်ပတ်တစ်ရက်တော့ သမီး အိမ်ပြန်လာမှာပါ"

စကားသံတိတ်ကာ တွေဝေနေသော သူ့ကို သမီးက လေပြေ
လေးနှင့်ထပ်မံတောင်းဆိုနေတော့ ငြိမ်သက်နေသော ငြိမ်းကို သူ အ
အညီတောင်းသလို လှမ်းကြည့်သည်။

သမီးကို မခွဲလိုသော သူ့ခံစားချက်ကို ငြိမ်း နားလည်နိုင်
သူ သိသည်။ ဒါပေမဲ့ သမီးဘက်က ပြင်းပြနေသော ဆန္ဒကိုလည်
ငြိမ်း ချိန်ဆနေပုံရ၏။

"မေမေ သမီး ရှင်းပြတာကို မေမေ နားလည်တယ်မဟုတ်
လားဟင်၊ ဖေဖေ့ကိုကြည့်ပြောပေးပါဦး"

သမီးက အကဲခတ်မိကာ ငြိမ်းကိုပွေ့ဖက်လျက် အကူအညီ
တောင်းနေပြန်သည်။ ငြိမ်း အကြည့်တွေ သူ့ဆီရောက်လာကာ

"သမီးဆန္ဒထက်သန်နေရင်လည်း ခွင့်ပြုလိုက်ပါ မောင်ရေ
နွယ်နီလေးလည်း အဖော်ရှိတာပဲ၊ နွယ်နီမိဘတွေကလည်း သမီး
ခွင့်ပြုပေးကြတာတဲ့၊ သမီးတို့ငှားနေမယ့်အဆောင်ကလည်း ကျော





ပြီး အမျိုးသမီးသီးသန့်အဆောင်လေ၊ အဆောင်ပိုင်ရှင်နဲ့ နွယ်နီမိဘ
တွေက မိတ်ဆွေတွေမို့ စိုးရိမ်စရာမရှိဘူးလို့ ငြိမ်းကို လာပြောပြကြတယ်"

ငြိမ်းစကားတွေက သမီးဘက်ကိုပါနေပြီမို့ သူ ရှုံးနိမ့်ပြီဆိုတာ
နားလည်လိုက်သည်။ သမီးကိုလည်း သူ စိတ်မညစ်ညူးစေချင်ပါ။

"အင်း သမီးဆန္ဒပြင်းပြနေရင် ဖေဖေ ခွင့်ပြုရမှာပေါ့"

"ဟယ် တကယ် သမီးဝမ်းသာလိုက်တာ"

သမီးမျက်နှာလေး ပျော်ရွှင်ကြည်နူးစွာ ဝင်းပသွားတော့လည်း
သူ ကျေနပ်ဝမ်းသာမိပြန်၏။

"ဖေဖေ ခွင့်မပြုနိုင်တာ သမီးကိုစိတ်မချလို့ပါကွယ်၊ ပြီးတော့
အဲဒီသမီးလေး နေရေးစားရေး ခက်မှာစိုးလို့ပါ"

"သမီးက တစ်ပတ်တစ်ခါပြန်လာမှာပဲ ဖေဖေရဲ့၊ အဆောင်
ထမင်းဟင်းတွေကိုလည်း သမီး အဆင်ပြေအောင် စားနိုင်အောင်
ကြိုးစားရမှာပဲလေ"

"သမီးအတွက် မေမေလည်း တစ်ပတ်စာအကြော်အလှော်
တွေ စီစဉ်ပေးမှာပါကွယ်"

ငြိမ်း ဝင်ပြောတော့ သမီးက ငြိမ်းပါးပြင်လေးကို ရွှတ်ခနဲ
နမ်းလိုက်ရင်း

"ဒါဆိုရင်တော့ မေမေ့ကိုကျေးဇူးအရမ်းတင်တယ်၊ မေမေ့ရဲ့
အကြော်နဲ့ဆို သမီးအတွက် အဆင်ပြေပြီ သိလား"

ငြိမ်းနှင့်သမီးကိုကြည့်ကာ သူ ဖင့်သက်ရှိုက်လိုက်မိသည်။
နောက်မှာတော့ သမီးနှင့်ခွဲနေရမည့်ရက်တွေအတွက် ကြိုတင်မောန်းနေ
တာအမှန်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်မှာတစ်ရက်ပဲ သမီးမျက်နှာလေးကို မြင်တွေ့ခွင့်ရ တော့မှာ ဝမ်းသာစရာတော့မဟုတ်။

သမီးလေးဆန္ဒတစ်ခုကြောင့်သာ။

■ ■ ■

"မောင် သမီးအတွက် စိတ်မကောင်းဖြစ်နေတာလား"

အိပ်ရာပေါ်မှာ ဝင်မအိပ်နိုင်ဘဲ အခန်းထဲမှာ သူ ခေါက်တုံ့ ခေါက်ပြန်လျှောက်နေတာကိုကြည့်ရင်း ငြိမ်း လှမ်းမေး၏။

"စိတ်မကောင်းဖြစ်တာထက် သမီးကိုစိတ်ပူတာပါ ငြိမ်းရယ် ဘာပဲဖြစ်ဖြစ် သမီးက မောင်တို့အရိပ်နဲ့ကင်းသွားမှာလေ"

ခုတင်စွန်းမှာ ထိုင်နေသော ငြိမ်းသူ့ဆီကို ဆင်းလျှောက်လာ သည်။ ပြီးတော့ သူ့ကိုနှစ်သိမ့်သလို ပြုံးကြည့်ရင်း

"သမီးက လိမ်မာပါတယ် မောင်ရယ်၊ သမီးရည်ရွယ်ချက်က ပညာရေးအတွက်ပဲ၊ ငြိမ်းတို့ခွင့်ပြုနားလည်ပေးရမှာပေါ့၊ သမီးက အ တစ်ခုအမြန်ရပြီး မောင့်အလုပ်တွေကို ကူညီချင်နေတာ မောင်ရဲ့"

"အဲဒီအတွက် မောင် ဝမ်းသာပါတယ် ငြိမ်းရယ်၊ ဒါပေ အမြဲတမ်း မောင်တို့နဲ့ မခွဲမခွာရှိနေတဲ့ သမီးလေးကို မောင် ခွဲခွာ ခက်နေတာ ဝန်ခံပါတယ်"

ငြိမ်း လက်တစ်ဖက်က သူ့လက်မောင်းကိုဆုပ်ကိုင်အားပေး နှစ်သိမ့်လာသည်။

"မောင့်ခံစားချက်ကို ငြိမ်း နားလည်တယ်၊ ဒါပေမဲ့ သဘာဝ တရားကိုတော့ မောင် ရင်ဆိုင်ရဲရမယ်လေ၊ သမီးကို မောင်နဲ့ငြိမ်း တစ်နေ့တော့ ခွဲခွာထားရစ်ခဲ့ရမှာပဲလေ"





"အင်း ငြိမ်းလောက် မောင် ခံနိုင်ရည်မရှိတာအမှန်ပဲ"

"ဟင့်အင်း ငြိမ်းလည်း ဒီလောက်ထိ မရင့်ကျက်သေးပါဘူး မောင်၊ ငြိမ်းချစ်တဲ့ မောင်နဲ့သမီးလေးကို တစ်နေ့ခွဲသွားရမယ်ဆိုတာ တွေးမိတိုင်း ငြိမ်းလည်းအရမ်းကြောက်တယ်"

"ငြိမ်းရယ်"

သူ့ရင်ထဲ နင့်ခနဲဖြစ်သွားကာ ငြိမ်း ခန္ဓာကိုယ်လေးကို ရင်ခွင် ထဲ ဆွဲသွင်းပွေ့ဖက်ထားလိုက်မိသည်။

ငြိမ်းပြောသလို သမီးလေးနဲ့ငြိမ်းကို ခွဲသွားဖို့ဆိုတာ သူ ဘယ်တုန်းကမှ ယောင်လို့မတွေးခဲ့မိပါ။ ငြိမ်းကကော ဘာကြောင့်များ တွေးနေရတာလဲ။

"ငြိမ်း ဘာတွေပြောနေတာလဲ၊ မောင်တို့သားအဖ ဘယ်တော့ ခွဲခွာရပါဘူး"

သူ့ပခုံးမှာပါးကိုအပ်ထားရင်း ငြိမ်း လက်ဖဝါးတွေက သူ့ ကျောပြင်ကို ညင်သာဖွဖွ ပွတ်သပ်ပေးနေခဲ့၏။

"သဘာဝတရားကြီးကို ဘယ်သူလွန်ဆန်နိုင်မှာလဲ မောင်ရယ်၊ တို့တွေ ဘယ်လောက်ပဲချစ်ကြ သံယောဇဉ်တွေခိုင်မြဲကြပါစေ တစ်နေ့ ခွဲရမှာပဲလေ၊ တွေးကြည့်ရင် ထိတ်လန့်စရာကောင်းပေမယ့် ငြိမ်း ခုတွေးပြီး ဖြေသာတယ် သိလား၊ ဒီမိသားစုလေးက ငြိမ်း ကသွားရရင်တောင် မောင့်အနားမှာ မောင်ချစ်တဲ့သမီးလေး ရှိနေ မှာပါ၊ သမီးလေးအနားမှာ မောင်ကျန်နေမယ်၊ ဒါကြောင့် ငြိမ်း နိုင်တယ် မောင်"

"ဟာ ငြိမ်း ဘာတွေလျှောက်ပြောနေတာလဲ"



www.burmeseclassic.com

ရင်ချင်းအပ်ထားသော ငြိမ်းခန္ဓာကိုယ်လေးကို ဆွဲခွာလိုက်ရင်း သူ အထိတ်တလန့် တားမြစ်မိ၏။ သူ့ကိုမော့ကြည့်သော ငြိမ်းမျက်နှာ လေးက တည်ငြိမ်စွာပြုံးရိပ်သမ်းလျက်

"ငြိမ်းက သဘောပြောတာပါ မောင်ရယ်"

"သဘောလည်း မပြောနဲ့ကွာ၊ တစ်နေ့ ရင်ဆိုင်ရမှာမှန်ပေမယ့် မောင် မကြားရဲဘူး၊ မကြားချင်ဘူး"

"မောင်ရယ်"

သူ့မျက်နှာကို လက်ဖဝါးလေးနှင့် ပွတ်သပ်ကာ ငြိမ်း ရေရွ တော့ ငြိမ်း လက်ဖဝါးလေးကို ဆုပ်ကိုင်ကာ သူ့ရင်မှာအပ်ထားမိသည်

ငြိမ်းလောက် မတည်ငြိမ် မရင့်ကျက်ဘူးဟုပဲ ဆိုချင်ဆ ဒီမိသားစုဘဝလေးကို သူ သိပ်ချစ်သည်။

ငြိမ်းနှင့်သမီးကို သူ ခွဲခွာဖို့ ဘယ်တုန်းကမှ မတွေးခဲ့ဖူး နှောင်တွယ်စရာဆိုလို့ သူ့ဘဝမှာ ငြိမ်းနှင့်သမီးလေးပဲရှိသည်။

ဒီဘဝလေးကို ဘယ်သောအခါမှ ဆုံးရှုံးမခံနိုင်ပါ။

■ ■ ■

## အခန်း (၂၆)

ရန်ကုန်ကို ပန်းနှင့်နွယ်နီတို့လာသည့်နေ့က ဖေဖေကိုယ်တိုင် ဆိုင်မည့်အဆောင်ရောက်သည်အထိ ကားနှင့်လိုက်ပို့ပေးသည်။

ဖေဖေ၏ဆလွန်းကားဖြူလေး နောက်ခန်းပြည့်လုမတတ် ပါလာ ည့် ပန်းနှင့်နွယ်နီတို့အထုပ်အပိုးတွေကို အဆောင်ရောက်တော့ ဝိုင်း ယ်ပေးဖို့ကြိုသည့် ဖေဖေ့ကိုလည်း ပန်း တားရသေး၏။

"မသယ်နဲ့ ဖေဖေ၊ အဲဒါ သမီးအဝတ်အစားအိတ်လေ"

"သိတယ်လေ သမီးရဲ့၊ ဖေဖေ သယ်ပေးမှာပေါ့"

"ဟာ မလုပ်ပါနဲ့ ဖေဖေရယ်၊ ငရဲကြီးမှာစိုးလို့ပါ၊ အိတ်က ပါတာပဲ သမီးဘာသာ ဆွဲသွားလို့ရတယ်"

ပန်း ဖေဖေဆွဲကိုင်နေသည့် ခရီးဆောင်အိတ်ကို ဖွတ်လုယူ ဆွဲသယ်လိုက်ရ၏။ ဖေဖေက မေမေ ချက်ပြုတ်ပေးလိုက်သော တွေ၊ ငပိကြော်တွေထည့်ထားသော ဆွဲခြင်းကြီးကိုတော့ ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



သယ်ဖြစ်အောင် သယ်လိုက်သေးသည်။

အဆောင်ရှင်အန်တီကြီးနှင့်တွေ့တော့လည်း ဖေဖေ့ခမြာ ...အတွက် မှာမဆုံးနိုင်အောင်ဖြစ်လို့နေသည်။

''အစစအရာရာ စိတ်ချပါရှင်၊ နွယ်နီလေးမိဘတွေနဲ့ကျွန်... ညီအစ်မရင်းချာတွေလို ခင်မင်တာပါ၊ နှစ်ယောက်စလုံးအတွက် ကျွ... အပြည့်အဝ တာဝန်ယူပါတယ်''

''ဟုတ်ကဲ့ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျာ''

ဖေဖေပြန်တော့ ပန်းနှင့်နွယ်နီ အဆောင်ရှေ့အထိ လိုက်... ပေးကြသည်။

''ဖေဖေ ကားကိုဂရုစိုက်မောင်းနော်''

''အင်းပါ သမီးရယ်''

''မေမေ့ကိုလည်း စိတ်မပူဖို့ ပြောပေးဦးနော်၊ သမီးအတွ... စိတ်ချလက်ချ နေကြပါ''

ပန်းမှာသမျှ ဖေဖေ ခေါင်းတညိတ်ညိတ်နှင့် ငူငူငိုင်ငိုင်... ငေးစိုက်ကြည့်နေ၏။ ဖေဖေ့မျက်ဝန်းတွေကိုကြည့်ကာ ပန်းလည်း ... မကောင်းဖြစ်ရသည်။

ငိုချင်စိတ်ကို မျိုသိပ်ထားသည့် အရိပ်တွေ ဖေဖေ့မျက်ဝန်း... မှာ မြင်တွေ့နေရ၏။

''သမီး''

''ရှင် ဖေဖေ''

''ကျန်းမာရေးကိုဂရုစိုက်နော်၊ ဖေဖေတို့ဆီလည်း အမြဲ... ဆက်ပါ''





အိမ်နှင့်အမြဲတမ်း အဆက်အသွယ်မပြတ်စေချင်သည့် ဖေဖေ... က ပန်းအတွက် ဟန်းဖုန်းတစ်လုံးပါပေးထားသည်။ ပန်းလိုအပ်လျှင် ...သုံးစွဲဖို့ ငွေငါးသိန်းကိုလည်း ထည့်ပေးလိုက်သည်။ ဖေဖေနှင့်မေမေ ...မေတ္တာကို ပန်း မငြင်းနိုင်ခဲ့ပါ။

''သမီး နေ့တိုင်းဖုန်းဆက်မှာပါ ဖေဖေ၊ ဖေဖေ ပြန်တော့နော် ...မေမေ မျှော်နေဦးမယ်''

ဖေဖေ ခေါင်းတစ်ချက်ညိတ်ကာ ကားတံခါးဖွင့်တက်သည်။ ...အထဲရောက်မှ ပန်းကိုပြန်မော့ကြည့်ရင်း

''ကျောင်းပိတ်ရက် ပြန်ခဲ့နော် သမီး၊ ဖေဖေနဲ့မေမေ မျှော်နေ...မယ်''

ဖေဖေ့အသံတွေ တုန်ယင်နေ၏။ ဖေဖေ့မျက်နှာညှိုးမှိန်မှိန်ကို ...ကြည့်ရင်း ပန်းတောင် မျက်ရည်ဝဲချင်လာ၏။ ဒါကို ဖေဖေလည်း ...မြင်သွားပုံရ၏။

''ဖေဖေ သွားတော့မယ် သမီး''

နှုတ်ဆက်ပြီးသည်နှင့် ဖေဖေ့ကားလေး ငြိမ့်ခနဲ မောင်းထွက်...သွားခဲ့သည်။ ပန်း လက်ကလေးမြှောက်ပြနှုတ်ဆက်တာကို ဖေဖေမြင်မှာ ...သေချာပါသည်။

''ပန်း နင့်ဖေဖေက နင့်ကိုအရမ်းချစ်တာပဲနော်''

နံဘေးက နွယ်နီ့အသံကြောင့် ပန်း မျက်တောင်လေးပုတ်ခတ် ...ကြည့်ရင်း

''အင်း ဖေဖေကော မေမေပါ ငါ့ကိုသိပ်ချစ်တယ်၊ ဖေဖေက ...ဆော့ ပိုပြီးခံစားထိရှလွယ်တယ်၊ ငါ အခုလို ရန်ကုန်လာကျောင်းတက်



www.burmeseclassic.com

www.burmeseclassic.com



တာကို ဖေဖေ လုံးဝစိတ်မချဘူး''

''အင်းအခုလောက်ဆို နင့်ဖေဖေ မျက်ရည်ကျနေပြီလားမသိ ဘူး၊ မောမောက မျက်ရည်တွေဝဲနေတာဟ''

ပန်းသီသလို နွယ်နီလည်း ဖေဖေ့မျက်ဝန်းတွေကို မြင်တွေ့ နေခဲ့တာပဲဖြစ်သည်။ မိဘတွေရဲ့မေတ္တာတရားဆိုတာ သားသမီးတွေ အပေါ်မှာ ကြီးမားလှသည်ပဲ။

''အင်း နင့်ဖေဖေ ခံစားနေတာ မြင်လိုက်တော့ ငါ့ဖေဖေ တောင် ငါ့ကိုချစ်ရဲ့လား တွေးမိတယ် အဟင်း ဟင်း''

''ဟယ် နွယ်နီရယ် မိဘဆိုတာ သားသမီးကိုချစ်ကြစမြဲ နင့်ဖေဖေကို အထင်မလွဲပါနဲ့''

''အဟင်း ဟင်း ငါသိပါတယ် ပန်းရဲ့၊ ငါက စကားအဖြစ် ပြောတာပါဟာ၊ နင့်ဖေဖေက နင့်အပေါ်ချစ်တဲ့အချစ်က ဘေးကမြင် ရတဲ့ငါတို့တောင် အားကျလို့ပြောတာပါဟာ''

နွယ်နီ ဘာကိုဆိုလိုသည်ဆိုတာလည်း ပန်းသဘောပေါက် သည်။ ဖေဖေ့ရဲ့ချစ်ခြင်းမေတ္တာတွေကို ပန်းပိုင်ဆိုင်ခွင့်ရတာ ဘယ်လော ကျေနပ်စရာကောင်းသလဲ။

ဖေဖေတို့ရဲ့ သမီးတစ်ယောက်ဖြစ်ခွင့်ရတာ ပန်းအရမ်း ကောင်းပါတယ် ဖေဖေရယ်။

■ ■ ■



## အခန်း (၂၇)

မောင့်ကို မသိမသာကြည့်ရင်း ငြိမ်း အကဲခတ်နေတာကြာပြီ။ ...တမ်း ကြည်လင်ရွှင်ပြုံးနေသော မောင့်မျက်နှာက အရင်လိုမဟုတ် ...ပါ။ အခုလည်း ထမင်းစားပွဲမှာ ထမင်းထိုင်စားနေသော မောင့် ...ကို ကြည့်ရတာ စက်ရုပ်ပမာဖြစ်နေသည်။

မောင်နှစ်သက်သော ဟင်းလျာတွေကိုပဲ ငြိမ်း အသေအချာ ...တ်စီစဉ်ပေးတာဖြစ်ပေမယ့် ဒီရက်တွေမှာ မောင် ထမင်းသိပ် ...တာ ငြိမ်း သတိထားမိနေ၏။

''မောင် စားလေ''

ပါးစပ်ထဲထည့်ထားသော ထမင်းတစ်လုပ်ကို စိတ်မပါသလို ... စားပွဲအလယ်က ဟင်းပန်းကန်တွေကို ငေးငိုင်ငိုင်စိုက်ကြည့်နေ ... မောင့်ပန်းကန်ထဲ ကြက်အသည်းတစ်ဖတ် ငြိမ်း ခပ်ထည့်ပေးရင်း ...သည်။

''အင်း စားပါတယ်၊ ငြိမ်းလည်းစားလေ''

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းအသံကြားမှ မောင် ဖျတ်ခနဲ မော်ကြည့်ကာ ပြုံးပြသည်။ မောင့်အပြုံးတွေကလည်း လန်းဆန်းမှုကင်းမဲ့နေ၏။

"ငြိမ်း စားပါတယ်၊ မောင်ပဲမစားတာ၊ ဒီမှာဟင်းတွေ ဘာမ ထည့်မစားဘူး၊ မောင်ကြိုက်တဲ့ငါးဆုပ်ကော ချဉ်ပေါင်ဟင်းချိုလေး အရာမယွင်းသေးဘူး"

ငြိမ်းစကားကြောင့် မောင် ခေါင်းညိတ်ကာ ချဉ်ပေါင်ဟင်းချို ကို တစ်ဇွန်းခပ်သောက်သည်။ ပြီးတော့ ငြိမ်းထည့်ပေးထားသော ကြက်အသည်းဖတ်ကို ဇွန်းနှင့်ဖဲ့ပြီး တွေခနဲဖြစ်သွားပြန်၏။

"မောင် သမီးကို သတိရသွားတာလားဟင်"

မောင် ပင့်သက်ရှိုက်ကာ လက်ထဲကဇွန်းနှင့်ခက်ရင်းကို ညင် သာစွာ ပြန်ချသည်။

"အင်း သမီးကြက်သားဟင်းကြိုက်တာ သတိရသွားလို့ပါ ငြိမ်းရယ်၊ ငြိမ်း ကျော်ထည့်ပေးလိုက်တဲ့ ကြက်သားကျော်တွေကုန်ပြီ လားမသိဘူး"

သမီးလေးမရှိတော့သည့်နေ့ကတည်းက မောင့်အသွင်၊ မောင့် အမူအရာတွေ ပြောင်းလဲသွားတာ ငြိမ်း သိပါသည်။ သမီးကိုချစ်သော မောင် ဒီလိုခံစားရမှာ ငြိမ်းသိပါသည်။

ဒါကြောင့်လည်း သမီးနှင့်ပတ်သက်တာကို တမင်မပြော အောင်နေခဲ့သည်။ အခုတော့ သုံးရက်ကျော်ခဲ့ပေမယ့် မောင့်ခံစားချက် တွေက လျော့ပါးမသွားသေး။

"မောင်ရယ် သမီးကိုမောင်လွမ်းသလို ငြိမ်းလည်း လွမ်းတာ ပါပဲ၊ ဒါပေမဲ့ မောင် မစားနိုင်မသောက်နိုင်အောင် ဖြစ်နေတာမြင်တော့





စိတ်မချမ်းသာဘူး"

"ဆောရီး ငြိမ်းရယ်၊ မောင့်ကြောင့် ငြိမ်း စိတ်ညစ်နေပြီလား"

"ငြိမ်း စိတ်ညစ်တာက ပြဿနာမရှိဘူး၊ မောင် အစား သောက်ပျက်နဲ့ဒုက္ခရောက်မှာစိုးလို့ ပြောတာပါ"

ငြိမ်းပြောတော့ သူ နှုတ်ဆိတ်နေဖြစ်သည်။ ငြိမ်း သတိထား ကြောက်အောင်လည်း သူက ခံစားချက်တွေကို ဟန်ဆောင်မထားတတ် အမှန်။

သမီးကို ရန်ကုန်လိုက်ပို့သည့်နေ့က သမီးရှေ့မှာမျက်ရည်မကျ အောင် သူ ကြိုးစားထိန်းချုပ်ထားခဲ့ရသည်။

သမီးမျက်ကွယ်ရောက်တော့ ကားပေါ်မှာပဲ သူ မျက်ရည်ကျ သည်။

သမီးရဲ့အရိပ်လေးတွေ အမြဲတမ်းရှိနေခဲ့သော အိမ်မှာသမီး ရိပ်တွေ ပျောက်ဆုံးနေတာ သူ့ရင်ထဲမှာ မချိပါ။ ငြိမ်းရယ် သူ့ရယ် သောက်တည်း ဆုံသည့် အခုလို ထမင်းဝိုင်းမှာ သမီးကိုပိုလို့သတိရ

"မောင်"

"ဟင် ဘာ ဘာလဲ ငြိမ်း"

ငြိမ်း စကားတွေ နားထောင်နေရင်း စိတ်အာရုံက သမီးဆီ လွင့်သွားခဲ့တာမို့ ငြိမ်းကိုမလုံမလဲ ကြည့်မိသည်။

"သမီးလေးက သူ့အနာဂတ်ဘဝအတွက် ပညာရေးအတွက် သွားနေတာကို မောင် လက်ခံသင့်တယ်၊ မောင် ဒီလိုဖြစ်နေတာကို လေးသိရင်လည်း စိတ်ကောင်းရှာမှာမဟုတ်ဘူး၊ အခုလည်း သမီး



www.burmeseclassic.com

www.burmeseclassic.com



လေးဆီက နေ့တိုင်းဖုန်းဆက်တယ်၊ ကျောင်းပိတ်ရက်တွေလည်း အိမ်ပြ လာမှာပဲလေ၊ မောင့်ခံစားချက်တွေကို ဖြေသိမ့်သင့်တယ်''

''ငြိမ်းစကားကို မောင် လက်ခံပါတယ် ငြိမ်းရယ်၊ ရုတ်တရ ကြီးဆိုတော့ မောင် မနေတတ်ဘူးဖြစ်နေတယ်၊ ငြိမ်းကိုလည်း မော တောင်းပန်ပါတယ်၊ ကဲ မောင်တို့ထမင်းစားကြရအောင် ဟုတ်လား''

မောင် ပြောရင်း ငြိမ်းပန်းကန်ထဲကို ကြက်သားဟင်းတွေ ခပ်ထည့်ပေးသည်။

''ငြိမ်းလည်းစား မောင်လည်းစားမယ် ဟုတ်လား၊ သမီးလေ ပြန်လာတဲ့နေ့ကျရင် မောင်တို့မိသားစု စုံစုံညီညီ စားကြတာပေါ့''

ငြိမ်းကို နှစ်သိမ့်သလိုပြောကာ မောင်ကိုယ်တိုင် ထမင်းကို စားသည်။ မောင့်ပန်းကန်ထဲကို ငြိမ်း ငါးဆုပ်ဟင်းတွေခပ်ထည့်ပေ တော့ မောင် ကျေနပ်စွာပြုံးရင်း အားပါးတရ စားပြရှာသည်။

မိသားစုအပေါ်မှာ ခင်တွယ်လွန်းသော မောင့်ရဲ့သံယော နှောင်ကြိုးတွေအတွက် ငြိမ်း ကျေနပ်မိသလို စိုးရိမ်မိတာလည်းအမှန် ဖြစ်သည်။

သုံးပွင့်တစ်ခိုင် ဒီမိသားစုလေးမှာ တစ်စုံတစ်ယောက်သာ ထွက်သွားလျှင် မောင် ဘယ်လိုဖြေသိမ့်နိုင်မည်လဲ။

မောင့်အတွက် ငြိမ်း ရင်မောလိုက်တာကွယ်။

■ ■ ■



အခန်း (၂၈)

ကျောင်းပိတ်ရက်စနေနေ့ မနက်ဆို ပြန်လာတတ်သော သမီး လေးကို သူကိုယ်တိုင် အဝေးပြေးကားဂိတ်က စောင့်ကြိုတတ်တာ ...တ်စဉ်ဖြစ်သည်။

''ဘာလို့ လာစောင့်နေတာလဲ ဖေဖေရယ်၊ သမီးဘာသာ အိမ်ကို ပြန်လာမှာပေါ့''

''အိမ်မှာငုတ်တုတ်ထိုင်စောင့်နေရမယ့်အတူတူ ဖေဖေ လာ ကြိုတာ ဘာမှမပင်ပန်းပါဘူး သမီးရဲ့၊ ကဲ ကားပေါ်တက်ကြ သမီးနွယ်နီ ...ကို အရင်လိုက်ပို့ပေးမယ်''

သမီးနှင့်အတူ အိမ်ပြန်လာသော နွယ်နီလေးကို အိမ်အရင် ...ပြန်ပို့ပေးသည်။ ပြီးမှ သမီးနှင့်အိမ်ကိုပြန်ခဲ့သည်။

''မေမေကော နေကောင်းတယ်မဟုတ်လား ဖေဖေ''

''ကောင်းပါတယ် သမီးရဲ့၊ သမီးပြန်လာမယ်ဆိုလို့ အစော



www.burmeseclassic.com

www.burmeseclassic.com



ကြီးဈေးသွားချက်ပြုတ်နေတယ်လေ''

''မေမေ့လက်ရာကို အားပါးတရ စားရတော့မှာပေါ့၊ ဒါနဲ့ ဖေဖေ ဒီနေ့ကုမ္ပဏီမသွားရဘူးလား''

''ကုမ္ပဏီနားရက်က ဆန်းဒေးတစ်ရက်တည်း သမီးရဲ့၊ ဒါပေမဲ့ ဖေဖေက စနေတစ်ရက်တော့ အမြဲတမ်း ခွင့်ယူထားတယ်''

သူ့စကားကြောင့် သမီး ပြုံးပြုံးလေး ခေါင်းညိတ်သည်။ စနေတစ်ရက်ပဲအိမ်မှာ ညအိပ်ကာ တနင်္ဂနွေနေ့လယ်ဆို ရန်ကုန်ပြန် ရသည့်သမီးနှင့် အတူရှိနိုင်ဖို့ သူ ခွင့်ရက်တစ်ရက်တော့ ယူမှဖြစ်မည်။

တစ်ပတ်မှ တစ်ရက်ပဲ အိမ်ပြန်ခွင့်ရသည့် သမီးလေးအတွက် သူကော ငြိမ်းပါ ထိုနေ့လေးက ပျော်စရာနေ့လေးဖြစ်၏။

ဆင်ဝင်အောက်မှာ ကားလေးထိုးရပ်သည်နှင့် သမီးက ငြိမ်း ရှိနေမည့် မီးဖိုထဲကို အပြေးတစ်ပိုင်း ဦးတည်တော့၏။

''မေမေ မေမေရေ''

''သမီးလေး ပြန်လာပြီလား၊ ဒီမှာ မေမေ ဟင်းချက်နေတာ''

''အား မွှေးလိုက်တာ၊ ဗိုက်တောင်ဆာလာပြီ၊ သမီး ဘာကူ ညီပေးရဦးမလဲ မေမေ''

''ဘာမှမလိုတော့ပါဘူး သမီးရဲ့၊ ခဏတဖြုတ်နား ရေမိုးချိုး ပြီးရင် စားကြတာပေါ့''

မီးဖိုထဲမှ ငြိမ်းနှင့်သမီးတို့စကားသံတွေကို သူ ပြုံးပြုံးကြီး နားထောင်ရင်း ကျေနပ်နေမိသည်။

တစ်ပတ်တစ်ရက်သာ ဆုံရသော ထမင်းဝိုင်းလေးမှာလည်း သမီးပန်းကန်ထဲကို သူနှင့်ငြိမ်း ဟင်းတွေခပ်ထည့်ပေးရင်း ကြည်နူး





နိုင်ကြပါ။

စားသောက်ပြီး ညနေခန်းမှာထိုင်ကြတော့လည်း သမီးနှင့်သူတို့ ားတွေ မောင်ဖွဲ့မဆုံး။

သမီးက ကျောင်းကအကြောင်းတွေ၊ အဆောင်ကအတွေ့ ကြုံတွေ ပြောပြသမျှ သူနှင့်ငြိမ်း ခေါင်းတညိတ်ညိတ် နားထောင် သည်။

နေ့လယ်ပိုင်းမှာ သမီးစားချင်သော လက်ဖက်သုပ်တွေ၊ ရှောက် သုပ်တွေ ငြိမ်းက စီစဉ်သုပ်ကျွေးတော့

''ငြိမ်းနော် သမီးကို ဘာတွေကျွေးနေတာလဲ၊ ဗိုက်အောင့် ာဖြစ်မယ့်အစာတွေ မကျွေးပါနဲ့''

''ဟာ ဖေဖေကလည်း မေမေ့ကို သမီးစားချင်လို့ သုပ်ခိုင်း ဘာမှမဖြစ်ပါဘူး၊ အဆောင်မှာဆို သမီးတို့သုပ်စားနေကျပါ''

''သမီးရယ် အဲဒီအသုပ်တွေက ဗိုက်အောင့်လေအောင့်ဖြစ် ယ်၊ သမီးက အလိုလိုမှ ဆေးကြောက်တဲ့သူနော်''

''အဟင်း ဖေဖေကလည်း ငယ်ငယ်တုန်းကပဲ ဆေးကြောက် အခု သမီး မကြောက်ပါဘူး''

''မောင်ကလည်း သမီးကို ကလေးလေးထင်နေတုန်းလား၊ မတည့်တာတွေ ကျွေးနေတာကျနေတာပဲ''

သူ အစိုးရိမ်ပိုနေတာကို အလိုမကျသလို ငြိမ်း မျက်စောင်း ကာ ပြော၏။

''မဟုတ်ပါဘူး ငြိမ်းရယ်၊ မောင်က သမီးအတွက် စိုးရိမ်လို့ တာပါ''



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ငြိမ်းကလည်း သမီးရဲ့အမေပါနော်၊ သမီးစားချ
တယ်ဆိုလို့ ကျွေးပေမယ့် လက်ဖက်သားက သိပ်မပါပါဘူး၊ ကြက်သွ
ကြော်နဲ့ ပုစွန်ခြောက်တွေ နမ်းချင်းထည့်သုပ်ထားတာပါနော်"

"ဟုတ်ပါပြီ ဟုတ်ပါပြီ ကဲ ငြိမ်းလက်ရာကို မောင်လည်
စားကြည့်ချင်လို့ သမီးရေ ဒီကိုယူခဲ့ပါဦးကွ"

ဘာပဲဖြစ်ဖြစ် သမီးအိမ်မှာရှိနေသည့်ရက်တွေကတော့ သူ
အိမ်ဂေဟာလေးသည် နွေးထွေးသော အကြင်နာ ယုယမှုတွေ
စီဝေနေခဲ့သည်။

တက္ကသိုလ်ကျောင်းသူကြီးဖြစ်နေသော သမီးလေးသည်
တကယ့်ကို အပျိုကြီးဖားဖား ဖြစ်နေတာတော့ သူ လက်ခံရမည်။

နုညက်ဝင်းမွတ်ကာ မြင်သူငေးလောက်အောင်လှပချော
သော မျက်နှာလေးနှင့်အတူ အချိုးအစား ကျနသော ခန္ဓာကိုယ်လှ
လေးကို သမီးလေး ပိုင်ဆိုင်ထားသည်။

ကျောလယ်ခန့်အထိရှည်သော ဆံညိုညိုတွေနှင့်မြင့်မားသော
အရပ်အမောင်းကြောင့် သမီးလေးအလှတွေက ပိုလို့ထင်ပေါ်စေမှာသေ
၏။

ဒါတွေကို သတိထားမိတော့ သူ့စိတ်ထဲမှာ အလိုလို စိုး
မိတာ သမီးလေးမှာ ချစ်သူတွေဘာတွေ ရှိနေပြီလား။

တက္ကသိုလ်ကျောင်းသူကြီးဖြစ်နေပြီဆိုပေမယ့် သမီးလေးသည်
သူ့အမြင်မှာတော့ ကလေးလေးတစ်ယောက်ဟုပဲ မြင်နေမိဆဲ။

မိဘတွေနှင့် အနေဝေးနေသည့် သမီးလေးချစ်သူ ရည်းစား
တွေ ထားနေလျှင်ဟုသောအတွေးက သူ့ရင်ကိုမွန်းကြပ်စေ၏။





သမီးလေး ရန်ကုန်ပြန်သွားတော့ ငြိမ်းကို သူမေးကြည့်မိ
သည်။

"မစိုးရိမ်ပါနဲ့ မောင်ရယ်၊ သမီးလေးက ပညာရေးကလွဲလို့
...မှုစိတ်မဝင်စားဘူးဆိုတာ ငြိမ်း သိတာပေါ့၊ နောက်ဆိုရင် သမီးလေး
...တ်တိုင်း အိမ်ပြန်လာနိုင်မှာမဟုတ်တော့ဘူးတဲ့"

"ဟင် ဘာလို့လဲ ငြိမ်း၊ သမီးက ကျောင်းပိတ်ရက်တိုင်း
...နေကျကို"

"သမီးနဲ့နွယ်နီတို့က ကျောင်းပိတ်ရက်မှာ စပီကင်သင်တန်း
...ချင်လို့တဲ့ မောင်"

"ဟင် မောင့်ကို သမီးမပြောပါလား"

"ငြိမ်းကိုပြောခိုင်းနေတာလေ၊ မောင်က ကျောင်းပိတ်ရက်
...လာဘူးဆိုရင် ခွင့်မပြုမှာစိုးလို့တဲ့၊ ဘာပဲဖြစ်ဖြစ် သမီးရဲ့ပညာရေး
...တော့ မောင် လက်ခံသင့်တယ်"

သူ ပင့်သက်ရှိုက်မိသည်။ သမီးလေး ရန်ကုန်မှာ ကျောင်း
...ာက်စက သူ သတိရစိတ်နှင့် ခံစားခဲ့ရသည်။ နောက်တော့လည်း
...ုပ်ထဲမှာ အာရုံနှစ်ကာ လွမ်းမောစိတ်ကို ဖြေဖျောက်ခဲ့ရ၏။

အခုတော့ တစ်ပတ်တစ်ခါတောင် သမီးလေးကို ဆုံတွေ့ဖို့
...ယ်တော့သည့်အဖြစ်။

"သမီးကို မောင်တွေ့ချင်ရင် တနင်္ဂနွေပိတ်ရက်မှာ သွားတွေ့
...ာပဲလေ၊ နွေကျောင်းပိတ်ရက်ဆိုရင်တော့ သမီး အိမ်မှာအကြာ
...ာနေမှာပေါ့ မောင်ရယ်"

သမီးရဲ့ပညာရေးအတွက်ဟူသော အသိနှင့်ပဲ သူ ...ပြုခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာပဲဖြစ်သည်။

ငြိမ်းပြောသလို သမီး အိမ်ပြန်ချိန်မရှိတော့ တနင်္ဂနွေ ပိ... ရက်တွေမှာတော့ သူ ရန်ကုန်ကို ရောက်ခဲ့သည်။ ငြိမ်း စီမံပေးလို... သော စားစရာတွေနှင့် သမီးအဆောင်ကို သူ ပုံမှန်ရောက်၏။

"ဟင် ဖေဖေ ရောက်နေတာ ကြာပြီလား၊ သမီးသင်တန်း... မနက်ပိုင်းတက်ရလို့ အခုမှ ပြန်ရောက်တာ"

"မကြာသေးဘူး သမီး၊ မိနစ်နှစ်ဆယ်လောက်ပဲ ရှိသေးတယ်... သမီး နေကောင်းတယ်နော်"

"ကောင်းပါတယ် ဖေဖေ၊ မေမေကော နေကောင်းတယ်... မဟုတ်လားဟင်"

"ကောင်းတယ် သမီး၊ ဒီမှာ သမီးအတွက် စားစရာ... သမီးမေမေ ထည့်ပေးလိုက်တယ်၊ သမီးစားဖို့ ဆီစိမ်လက်ဖက်တွေတော... စီစဉ်ပေးလိုက်တယ်"

"မေမေ ပင်ပန်းပါတယ် ဖေဖေရယ်၊ တစ်ပတ်တစ်ခါပို့နေ... နဲ့၊ ဖေဖေလည်း အပတ်တိုင်း လာနေရတာ ပင်ပန်းတယ်"

"မပင်ပန်းပါဘူး သမီးရယ်၊ ပဲခူးနဲ့ရန်ကုန်ခရီးက ဘာဝေး... မှတ်လို့"

"ဖေဖေရယ် ဖေဖေ့မှာကုမ္ပဏီအလုပ်တွေနဲ့ နားရက်က... တစ်ရက်လေးပဲရတာမဟုတ်လား၊ သမီးက ဖေဖေ ပင်ပန်းမှာစိုးလို့... ကဲ ဖေဖေ ပြန်တော့နော်၊ သမီးလည်း ရေမိုးချိုးပြီးရင် နေ့လ... ကျူရှင်သွားရဦးမယ်"

"ဟင် သမီး အခုပဲ သင်တန်းက ပြန်လာတာမဟုတ်လာ...



"မနက်ပိုင်းသင်တန်းက အင်္ဂလိပ်စပီကင်လေ ဖေဖေရဲ့၊ အခုက ကျောင်းစာကျူရှင်တက်ရမှာ"

"သမီးရယ် သမီးကြည့်ရတာ ဖေဖေတောင် ပင်ပန်းတယ်"

သူ့စကားကြောင့် သမီး မျက်နှာလေး ဝင်းပကြည်လင်စွာ ပြုံးသွားရင်း ခေါင်းလေးကိုခါသည်။

"သမီးတော့ မပင်ပန်းပါဘူး ဖေဖေ၊ အမြန်ဆုံးဘွဲ့ရပြီးတာနဲ့ ဖေဖေ့ အလုပ်မှာ သမီးကူညီနိုင်ပြီလေ၊ သမီး အဲဒီရည်ရွယ်ချက်နဲ့ ဘတ်သင့်တဲ့သင်တန်းတွေ တက်နေတာပါ ဖေဖေ"

သမီး၏စကားကြောင့် သူ့ရင်ထဲမှာ နွေးထွေးသွားခဲ့တာတော့ အမှန်ပဲဖြစ်သည်။

ဒီလို ရည်ရွယ်ချက်တွေနှင့် ကြိုးစားနေသည့် သမီးလေး ရင်ထဲမှာ သူနှင့်ငြိမ်းတို့ပဲ ရှိနေမှာသေချာ၏။

ဖေဖေ့သမီးလေးက သမီးလိမ္မာလေးတစ်ယောက်ပဲ ဖြစ်ပါစေတော့ကွယ်၊

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၉)

နွေကျောင်းပိတ်ရက်များကတော့ သူတို့မိသားစုအတွက် တကယ့်ကို ပျော်ရွှင်စရာနေ့ရက်တွေဖြစ်ခဲ့သည်။

သမီးက တစ်ပတ်မှာ နှစ်ရက်လောက် သူနှင့်အလုပ်ကိုလိုက် သည်။ အထည်ချုပ်စက်ရုံကို လေ့လာချင်သည်ဆိုသော သမီးကို လိုက်ပို့ပေးရ၏။

ငယ်ငယ်ရွယ်ရွယ်နှင့် စီးပွားရေးမှာ ဝါသနာပါနေသော သမီး သူ ချီးကျူးမိသလို ဝမ်းသာမိတာလည်းအမှန်။

သမီးလေး ပညာရေးပြီးဆုံးလျှင်တော့ သူ့တာဝန်အားလုံး သမီးလက်ထဲ ယုံကြည်စွာလွှဲပေးဖို့ ဆုံးဖြတ်ထားပြီးပြီ။

"သမီးက အခုကတည်းက မောင့်အလုပ်ကို ဝါသနာပါနေတာ တွေ့တော့ မောင် ဝမ်းသာတယ် ငြိမ်း။ သမီး ကျောင်းပြီးတာနဲ့ မောင့်





အလုပ်တွေ အကုန်လွှဲပေးဖို့ ဆုံးဖြတ်ထားတယ်"

ငြိမ်းကို သူ ဖွင့်ပြောတော့လည်း ငြိမ်းက ခေါင်းလေးညိတ် ပြီးကာ

"အဲဒီတော့မှ မောင် အေးအေးချမ်းချမ်း နားနိုင်မှာမဟုတ် လား။ ငြိမ်း ဝမ်းသာပါတယ် မောင်"

"ငြိမ်းကိုလည်း မောင် ကတိပေးပါတယ်"

"ဘာရယ် မောင်၊ ဘာကတိလဲဟင်"

"ဪ မောင့်အပေါ် အမြဲနားလည်ပေးခဲ့၊ ပါရမီဖြည့်ပေးနေ တဲ့ ငြိမ်းအပေါ်မှာလည်း မောင် ပြည့်ပြည့်ဝဝ ပြန်မပေးဆပ်နိုင်ခဲ့ဖူးလေ၊ အဲ့ကြောင့် သမီးလေးကို မောင့်အလုပ်တာဝန်တွေ လွှဲအပ်နိုင်ပြီးရင် ငြိမ်းအပေါ် ပြန်ပေးဆပ်ပါ့မယ်လို့"

"အဟင်း မောင်ရယ်၊ မလိုပါဘူးကွယ်၊ မောင် စိတ်ချမ်းသာ တာမြင်ရင် ငြိမ်း ကြည်နူးဝမ်းသာပါတယ်၊ သမီးလေးနဲ့မောင်က ငြိမ်းအနားမှာ အမြဲရှိနေတာပဲ၊ ငြိမ်းအတွက် ပြည့်စုံနေပါတယ်"

"ငြိမ်းရယ်"

နွေးထွေးသော လက်တွေနှင့် မောင် ကမ်းလင့်ပွေ့ဖက်လာ တော့ ငြိမ်း မောင့်ရင်ခွင်ထဲ အလိုက်သင့်လေးခိုဝင်လိုက်ပါသည်။ မောင်က ငြိမ်းပခုံးတွေကို တင်းတင်းလေးသိုင်းဖက်ထားကာ နဖူးပြင် လေးဆီကို အနမ်းတစ်ပွင့်ခြွေ၏။

"ငြိမ်းကိုမောင် သိပ်ချစ်တယ်၊ ပြီးတော့ ကျေးဇူးလည်းအရမ်း တင်ပါတယ်၊ ဘာလို့လဲဆိုတော့ ငြိမ်းက မောင့်အတွက်ကော သမီး လေးအတွက်ပါ အလိုအပ်ဆုံးသူတစ်ယောက်မို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမိသားစုဘဝလေးကို ပိုင်ဆိုင်ခွင့်ပေးထားတဲ့ ကံကြမ္မာ
လည်း ငြိမ်းက ကျေးဇူးတင်ပါတယ် မောင်ရယ်"

မောင့်မျက်နှာကိုမော့ကြည့်ကာ ငြိမ်း လှိုက်လှိုက်လှဲလှဲ
သည်။ မောင့်မျက်ဝန်းတွေထဲမှာ ငြိမ်းအတွက် အမြဲတမ်းရှင်သန်
သော ချစ်ခြင်းကြင်နာရိပ်တို့ ရွှန်းပဝင်းလက်နေ၏။

"ငြိမ်းကို မောင် သိပ်ချစ်တယ်"

မောင့်နှုတ်ဖျားက ဘယ်တော့မှ မရိုးအီနိုင်သောထိုစကား
ငြိမ်းနှလုံးသားထဲအထိ စိမ့်မျောစီးဆင်းစေသည်။

ချစ်ခြင်းနှင့်ကြင်နာခြင်းတို့ ရောယှက်သော ရင်ခုန်သံနွေး
တွေ မောင်နှင့်ငြိမ်း နှလုံးသားတွေမှ မွှေးဖွားစေပြန်ရဲ့။

တပ်မက်မှုရမ္မက်တို့ ကင်းစင်သောအချစ်ကို မောင်ကော ငြိ
ပါ ပိုင်ဆိုင်ခံစားတတ်ခဲ့တာ ကြာပြီ။

နူးညံ့နွေးထွေးစေသော အနမ်းတို့သည် ယုယကြင်နာခြင်း
ထုံသင်းစေသော ရင်ခုန်ခြင်းတို့ကိုလည်း ဖန်ဆင်းပေးနိုင်စွမ်းသည်

မောင့်ကို ငြိမ်း သိပ်ချစ်ရပါသည်။

■ ■ ■



## အခန်း (၃၀)

နွယ်နီ နေမကောင်းတာမို့ ဒီနေ့သင်တန်းမတက်နိုင်ပါ။ ဒါ
ကြောင့် ပန်းတစ်ယောက်တည်းပဲ သင်တန်းကိုတက်ဖြစ်သည်။

နေမကောင်းသည့်နွယ်နီကို ဆေးခန်းလိုက်ပို့ပေးပြီးမှ သင်တန်း
ထွက်ခဲ့ရတာမို့ ပန်း အချိန်နောက်ကျနေခဲ့၏။ တက္ကစီငှားပြီး သင်တန်း
အချိန်မီလေး ရောက်ခဲ့သည်။

မနက်ကတည်းက ဘာမှမစားသောက်ခဲ့ရသော ဝမ်းထဲမှာ
လောင်မှုက သင်တန်းဆင်းတော့ တဂွီဂွီမြည်ကာ အချက်တွေပေး
ပြီ။

နွယ်နီနှင့်အတူထိုင်ဖူးသော သင်တန်းနှင့်မဝေးလှသည့် အကင်
လေးမှာ တစ်ခုခုစားမည်စိတ်ကူးနှင့် ထွက်ခဲ့လိုက်၏။

ကြေးအိုးဆီချက်တစ်ပွဲ ဝယ်စားရင်း စိတ်က သတိရမိတာ
ကိုဖြစ်သည်။ စတိတ်ကျောင်းသူဘဝတုန်းက ဖေဖေ ကျောင်းလာ



www.burmeseclassic.com

www.burmeseclassic.com



ကြိုတိုင်း ပန်း ကြိုက်သော ကြေးအိုးလိုက်ကျွေးခိုင်းတတ်စမြဲ။

ပန်းအကြိုက်ကို သိသော ဖေဖေကလည်း ဘယ်တုန်းကမှ မငြင်းခဲ့ပါချေ။

တက္ကသိုလ်ကျောင်းသူကြီးဘဝရောက်သည့်တိုင် နွေကျောင်းပိတ်ရက် အိမ်ပြန်လျှင် ဖေဖေက ပန်းကို ကလေးတစ်ဦးလိုပဲ ထင်မြင်နေပုံရှိသည်။

ဖေဖေ့ရဲ့ကုမ္ပဏီကိုလိုက်ကာ ဖေဖေရဲ့အထည်ချုပ်စက်ရုံကို လိုက်လေ့လာသည့်နေ့တွေမှာ ဖေဖေက ညနေခင်းအိမ်ပြန်ချိန်တိုင်း ကြေးအိုးဆိုင်ကို ကားလေးဦးတည်မောင်းစမြဲ။

ကြေးအိုးပန်းကန်ထဲက အသားတုံးတွေကို ပန်းကန်ထဲဆယ်ထည့်ပေးကာ ပန်း အသင့်စားနိုင်အောင် အအေးခံပေးတတ်သေးသည်။

ဖေဖေ၏ ထိုဂရုစိုက်ကြင်နာမှုတွေကို ပန်း ဘယ်တော့မှ မမေ့ခဲ့သလို ယခုအရွယ်ရောက်သည့်အထိလည်း ကျေနပ်စွာ ခံယူတတ်စမြဲဖြစ်သည်။

ယခု ပန်း တတိယနှစ်ကျောင်းသူကြီး ဖြစ်ခဲ့ချိန်ထိ ဖေဖေနှင့်အတူတူ စားရသော ကြေးအိုးတစ်ပွဲကိုပဲ တမ်းတနေမိဆဲ။ နွေကျောင်းပိတ်ရက် အိမ်ပြန်လျှင်တော့ ဖေဖေ့ကို ကြေးအိုးလိုက်ကျွေးခိုင်းရဦးမည်။

"အောင်မိုး မင်းဘယ်လိုလုပ်တာလဲ၊ ငါ ဒီမှာဒုက္ခရောက်နေပြီကွ"

ခပ်အုပ်အုပ် ပေါ်ထွက်လာသောအသံကြောင့် ပန်း အတွေးများပြတ်သွားကာ လှည့်ကြည့်မိသည်။ ပန်း နံဘေးစားပွဲဝိုင်းမှာ ထိုင်နေသော လူရွယ်ဆီက အသံဖြစ်သည်။





"ငါ့ကျောပိုးအိတ်ထဲက ပိုက်ဆံအိတ်ကို မင်းယူသွားတာ မဟုတ်လား"

"..."

"မင်း တော်တော်ဆိုးတဲ့ကောင်ကွာ၊ ငါက ပိုက်ဆံအိတ်ပါ ဘယ်ထင်ပြီး ဒီမှာမနက်စာ ဝင်စားနေတာ"

"..."

"ဟာ ဟေ့ကောင် အောင်မိုး၊ ငါတကယ်ပြောတာ၊ ငါ့မှာတစ်ပြားမှမပါဘူး။ အခု ငါ ထိုင်နေတာ ရွှေအရသာအကင်ဆိုင်မှာ၊ ငါမှာထားတာတွေ ရှင်းရမယ် မင်းလာခဲ့ကွာ"

"..."

"အောင်မိုး မင်းဒီလိုမလုပ်နဲ့၊ ငါ တကယ်ဒုက္ခရောက်နေတာ ဟေ့ကောင် ဟာ"

လူရွယ်ထိုင်နေသောဝိုင်းက ပန်းနှင့်ကပ်လျက်မို့ သူ ဖုန်းပြောနေတာတွေကို အားလုံး ကြားနေရ၏။ တစ်ဖက်က ဖုန်းချသွားသည့်အခါင်၏၊ လူရွယ် ပြန်ခေါ်ဖို့ကြိုးစားနေတာကိုလည်း ပန်း မြင်တွေ့ရသည်။

"ဟာကွာ ဒီကောင် ပြဿနာပဲ"

စိတ်ပျက်ညစ်ညူးသလို ရေရွတ်ရင်း ဖုန်းကိုစားပွဲပေါ် ပစ်ချလိုက်သည့် လူရွယ်ကို ပန်း အသေအချာကြည့်မိ၏။

မတိုမရှည် ဆံပင်တွေကို နဖူးပြင်လေးပေါ်အောင် လှန်ဖြီးသင်ထားတာမို့ ရှင်းသန့်ချောမောသော ရုပ်သွင်က ပေါ်လွင်စေသည်။ မျက်ခုံးကောက်ထူပိန်းနေတာမဟုတ်ဘဲ ပေါ်လွင်ကာ မျက်တောင်စိပ်စိပ် ရှည်နေသော မျက်ဝန်းတွေက စူးရှကြည်လင်သည်။

www.burmeseclassic.com



နှာတံစင်းစင်းနှင့် ပိရိပေါ်လွင်သော နှုတ်ခမ်းတို့ ပေါင်းစပ်လိုက်သောအခါ ယောက်ျားပီသ ချောမောသည်ဟု ပန်း မှတ်ချက်ချရမှာပဲ ဖြစ်၏။ အဖြူရောင်တီရှပ်လက်ရှည်အပေါ်မှာ လက်တိုနက်ပြာကွက်ရှပ်အင်္ကျီနှင့်ဂျင်းပြာနုနု ဘောင်းဘီဝတ်ဆင်ထားသော စတိုင်က ကြည့်ကောင်းလွန်းသည်။

ဖြူနုသောအသားအရည်၊ ချောမောရှင်းသန့်သော ရုပ်သွင်နှင့် ဝတ်စားဆင်ယင်မှုစတိုင်အားလုံးသည် လူပေလူတေတစ်ယောက်မဟုတ်တာတော့ သေချာလွန်း၏။

မျက်ခုံးတွေ နှုတ်ခမ်းတွေ တင်းတင်းစေ့ကာ စားပွဲပေါ်မှာ စားသောက်ထားသည့် ပန်းကန်တွေကို စိုက်ကြည့်နေသော လူရွယ်ဒုက္ခကို ပန်း စာနာမိသည်။

ကြည့်ရတာ စားသောက်ပြီးမှ ကျောပိုးအိတ်ထဲက ပိုက်ဆံအိတ်မပါတာကို သိခဲ့ပုံဖြစ်၏။ ထိုပိုက်ဆံအိတ်ကိုယူထားပုံရသော သူငယ်ချင်းဆီ ဖုန်းဆက်တာထင်၏။

သူငယ်ချင်းကလည်း သူပြောတာကို ယုံကြည်ပုံမရပါ။ ဖုန်းကိုတောင် ပိတ်ထားလိုက်သေး၏။

အခုတော့ လူရွယ်ခမြာ ရှင်းစရာငွေမရှိဘဲ စ်ဘဲဒုက္ခရောက်အကြံအိုက်နေတာ အထင်အရှား။

အသက်အရွယ်က ပန်းတို့နှင့်ရွယ်တူလောက်သာ ရှိဦးမည့်ထိုလူရွယ်ဒုက္ခ အခက်အခဲကို ပန်း စာနာသွားမိသည်။ တစ်ခါတုန်းကပန်းလည်း ဒီလို ဒုက္ခမျိုးကြုံဖူးသည်။

ရန်ကုန်ရောက်စက မြို့ထဲမှာ လိုအပ်တာတွေဝယ်ပြီး ဆာဆာနှင့် မနက်စာဝင်စားပြီးမှ ပိုက်ဆံအိတ်မပါတော့တာ သိ၏။ ခါးပိုက်နှိုက်





ခံလိုက်ရတာလား။ ကျကျန်ခဲ့တာလား မသိခဲ့။

ခေါင်းတွေထူပူကာ ပန်း ချက်ချင်းချွေးတွေတောင် ပြန်သွားခဲ့သည်။ နောက်မှ နွယ်နီဆီ ဖုန်းဆက်ကာ လာခဲ့ဖို့ ခေါ်လိုက်ရ၏။

နွယ်နီရောက်လာချိန်ထိ စားသောက်ထားသည့် ပန်းကန်ထဲက ပန်းကန်တွေခြောက်ကပ်အောင် စောင့်လိုက်ရဖူးသည်။

အခု ဒီလူရွယ်အဖြစ်ကလည်း ပန်းလို ရင်ဆိုင်နေရပြီ။ ပိုက်ဆံအိတ်ယူသွားသော သူငယ်ချင်းကလွဲလို့ တခြားသူ အကူအညီတောင်းဖို့ မရှိဘူးထင်ပါရဲ့။ ဖုန်းကြီးစားပွဲပေါ် ပစ်ချ ငူငူကြီးထိုင်နေရှာ၏။

လူလူချင်း ကူညီသင့်သည်ဟူသော စိတ်တစ်ခုနှင့်ပဲ ပန်းပေးဆောင်တာမှာ ကျသင့်ငွေ သွားရှင်းလိုက်ပါသည်။ သူ့ဝိုင်းအတွက်ကျသင့်ငွေက ငါးထောင်တောင်မပြည့်ပါ။

ပထမတော့ စားပွဲထိုးလေးနှင့်ပဲ သူ့ဝိုင်းအတွက် ရှင်းပြီးကြောင်း ပြောခိုင်းမည် တွေးပေမယ့် သူ့ရဲ့နောက်ထပ်အခက်အခဲကို စားပွဲထိုးမိကာ ကိုယ်တိုင်ပဲ သူ့စားပွဲဝိုင်းကို လှမ်းခဲ့လိုက်၏။

"ကျွန်မကို ခဏထိုင်ခွင့်ပြုပါ"

နှုတ်ကခွင့်တောင်းပြီး လူကလည်း သူ့ရှေ့ထိုင်ခုံမှာဝင်ထိုင်လိုက်နေသော ပန်းကို လူရွယ် အံ့ဩမျက်ဝန်းတွေနှင့် မော့ကြည့်ရှာသည်။

"တစ်မျိုးမထင်ပါနဲ့ ရှင့်အခက်အခဲကို ကျွန်မသိပါတယ်"

"ဗျာ"

"ရှင် ဖုန်းပြောနေတာ ကြားပြီးသိလိုက်တာပါ။ ဒါကြောင့် ရှင့်ဝိုင်းအတွက် ကောင်တာမှာ ကျွန်မ ရှင်းခဲ့ပြီးပြီ"

"ဗျာ ဟို ကျွန်တော်"



www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်ကြည့်မှ ဝင်းမွတ်ချောမောသော မျက်နှာက အနည်းငယ်နီမြန်းသွားတာတောင် ကြည့်ကောင်းနေခဲ့၏။

"ပြဿနာမရှိပါဘူး၊ ဒီလိုမျိုး ကျွန်မလည်း ကြုံဖူးလို့ စာနာစိတ်နဲ့ ကူညီတာပါ၊ ရှင့်ပိုက်ဆံအိတ်မပါဘူးဆိုတော့ ပြန်ဖို့ကားခလည်း လိုမယ်ထင်တယ်"

"ဟို အဲ ဟို"

"ဒီမှာ ငါးထောင်ယူထားလိုက်ပါ၊ အဆင်ပြေမယ်ထင်ပါတယ်"

အံ့သြရိပ် ရှက်ရိပ်တို့ ထင်ဟပ်နေသော မျက်ဝန်းတွေနှင့် စူးစိုက်ကြည့်နေသော သူ့ရှေ့မှာ ငါးထောင်တန်လေးကို ပန်း အသာချပေးထားလိုက်သည်။

အခုမှ တွေ့မြင်ဖူးသော မိန်းကလေးတစ်ယောက်ဆီက အကူအညီကိုရယူနေရတာကို လှုရှယ်ရက်မှာသိပါသည်။ ဒါကြောင့်လည်း ပန်းအလိုက်တသိ ပြန်ထရပ်ရင်း

"ခွင့်ပြုပါဦးရှင်"

နှုတ်ဆက်ပြန်ထွက်ခဲ့ချိန်ထိ သူ့ကို ပန်းတစ်ချက်တောင် လှည့်မကြည့်ခဲ့ပါ။

ဘာမျှော်မှန်း ရည်ရွယ်ချက်တစ်ခုမှမပါသည့် ကိုယ့်စေတနာကို သူ နားလည်နိုင်လိမ့်မည် ထင်သည်။ နောက်ထပ်ပြန်ဆုံဖို့ဆိုတာလည်း မဖြစ်နိုင်။

ပန်းဘက်က ခရီးသွားဟန်လွှဲပြုခဲ့ရသော ကုသိုလ်တစ်ခုဟု မှတ်ယူခဲ့သည်။

■ ■ ■





## အခန်း (၃၁)

"ကံကောင်းလှချည်လား ဇာနည်၊ အဲဒီကောင်မလေးက မင်းအားတာတွေကို ရှင်းပေးရုံတင်မကဘူး၊ မင်းအတွက် လမ်းစရိတ်ပါ အားတောင် ပြန်ပေးလိုက်သေးတယ်ပေါ့ ဟုတ်လား"

"အေး သူက ငါ မင်းဆီဖုန်းဆက်နေတာကိုကြားပြီး ငါ ဒုက္ခရောက်နေတယ် ထင်သွားပုံပဲ"

"ဟား ဟား အဲဒီတုန်းက မင်းရုပ်ကြီးက သနားစရာပုံပေါက်နေလို့နေမှာပေါ့"

အောင်မိုး ရယ်မောရင်းပြောတော့ သူ အသံတိတ် ကျိန်ဆဲလိုက်မိ၏။ အာရုံထဲမှာလည်း သူ့ကို ကူညီခဲ့သည့် မေခလာနတ်သမီးလေးမျက်နှာကို ပြေးမြင်မိ၏။

တကယ်ဆိုလျှင် မေခလာနတ်သမီးလေး သူ့နံဘေးက စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းမှာရှိနေတာလည်း သူ သတိမထားခဲ့မိပါ။ သူ့အိတ်ထဲက ပိုက်ဆံအိတ်ကိုယူသွားသည့် အောင်မိုးကိုတင်းကာ သူ ဖုန်းဆက်လိုက်ခြင်းဖြစ်သည်။

တစ်အိမ်တည်းမှာ နှစ်ယောက်တည်းနေသော အောင်မိုးနှင့်သူက ကွန်ပျူတာတက္ကသိုလ်တက်နေကြသော ညီအစ်ကိုဝမ်းကွဲတွေဖြစ်သလို တစ်ယောက်နှင့်တစ်ယောက် အလွှန်နောက်ပြောင်ကြသူတွေလည်း ဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် လစ်လျှင်လစ်သလို သူ့ပိုက်ဆံအိတ်ကို ကိုယ်ယူသုံး အနိုင်ကျင့်ကြတာမဆန်းပါ။

ဒီနေ့လည်း အောင်မိုးက သူအိပ်ပျော်နေတုန်း ကျောပိုးအိတ်ထဲကပိုက်ဆံအိတ်ကိုယူသွားတာ ဖြစ်သည်။ ဒါပေမဲ့ ကျောပိုးအိတ်အောက် အိတ်ထဲကငွေသုံးသောင်းကိုတော့ ထားရစ်ခဲ့သည်။

သူ မနက်စာဝင်စားချိန်ကျမှ သိတာမို့ အောင်မိုးဆီဖုန်းဆက်ခြင်းဖြစ်သည်။ အောင်မိုး လာပေးလို့ ပေးငြား ဆက်တာဖြစ်ပေမယ့် သူ့မှာငွေပိုပါနေတာသိသော အောင်မိုး ဖုန်းချသွားခဲ့၏။

အောင်မိုး လူလည်ကျသွားတာကို ခံရခက်နေတုန်း ဘာမယ်ညာမသိ မေခလာနတ်သမီးက သူ့ဒုက္ခတွေကို ဝင်ကူသွားခဲ့၏။

''နေပါဦး ဖာနည်၊ မင်းက ရှင်းစရာပိုက်ဆံပါလျက်နဲ့ ဘာလို့ အဲဒီမိန်းကလေးကို ပြန်မပေးလိုက်တာလဲ''

''ဟာ ပြန်ပေးလို့ ဘယ်ကောင်းမလဲ၊ သူက ငါမသိအောင် ကောင်တာမှာ စားထားတာ ရှင်းပြီးနေပြီ၊ ငါ့မှာလမ်းစရိတ်လိုမယ်ထင်ပြီး ငွေငါးထောင်ကို စားပွဲပေါ်အသာတင်ပြီး ထွက်သွားတာကွ၊ ငါလည်း ကြောင်ပြီး ဘာမှပြန်ပြောချိန်တောင် မရလိုက်ဘူး''





''အေး ဆိုင်ရှေ့မှာရပ်ထားတဲ့ မင်းရဲ့ပါဂျဲရိုးကားကြီးကိုသာ ကားမှန်းသိရင် ဟိုက တော်တော်ဒေါသထွက်သွားမှာသေချာတယ်''

''အဲဒါ မသိလို့ ငါ့ကိုလမ်းစရိတ်ပါပေးသွားတာပေါ့ကွ၊ အင်း မျက်နှာလေးက တကယ်ဖြူစင်စာနာတတ်ပုံပဲကွ''

''အံမယ် ချက်ချင်းကြီး သဘောကျသွားတာလား၊ မင်း သဘောကျပုံထောက်ရင် ကယ်တင်ရှင် မဏိမေခလာနတ်သမီးက တော်လှမယ့်ပုံပဲ''

အောင်မိုး စကားကြောင့် ပြုံးမိသည်။ သူ့ရှေ့မှောက်ကို မှတ်ဘဲ ရောက်ရှိလာသော မျက်နှာလှလှလေးကို အာရုံထဲက မှတ်ထင်ထင် ရှိနေတာတော့ အမှန်။

အပြစ်ဆိုလို့ ဆိုရက်စရာမရှိအောင် ချောမွတ်ရှင်းသန့်သော မျက်နှာလေးက ထွေထွေထူးထူး ပြင်ဆင်ခြယ်သထားတာမျိုး မဟုတ်ပါ။

နဂိုလှသော မျက်နှာလေးမှာ ကြင်နာတတ်သော စိတ်ထားကို မျက်ဝန်းနက်နက်လေးတွေထဲမှာ သူ မြင်တွေ့ခဲ့ရ၏။

ထိုမျက်နှာလေးကိုပဲ ငေးမောကာ သူ ကြောင်တွေမင်သက်နေလို စာနာစိတ်ကလေးနှင့် ဖွတ်ကူညီသွားခဲ့တာကိုပဲ အံ့ဩမဆုံးခဲ့၏။

''သိပ်စိတ်ကူးယဉ်မနေနဲ့ ဖာနည်၊ နာမည်မသိ လိပ်စာမသိတဲ့ ကလေးတစ်ယောက်ကို တစ်မြို့လုံးအနှံ့ မင်းရှာနေလို့ တွေ့မယ်လား''

''ကံကြမ္မာဆိုတာ ကြိုမမြင်နိုင်ဘူးလေ အောင်မိုးရဲ့''

''ဘာလဲ နောက်တစ်ခါ မင်းဒုက္ခရောက်နေရင် အဲဒီမေခလာ



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးလေး ဘွားခနဲရောက်လာဦးမယ် ထင်နေလို့လား၊ အဲဒီ မျှော်လင့်နေရင် ဒီတစ်ခါ မင်းပိုက်ဆံအိတ်ကော ရှိသမျှငွေပုန်းတွေ ငါ ယူသုံးပစ်မှာ''

''ဟော့ကောင် မင်း အဲဒီလိုမလုပ်နဲ့နော်၊ အခုကော ငါ့ပိုက်ဆံ အိတ်ထဲက ဘယ်လောက်သုံးပစ်လိုက်ပြီလဲ''

''နည်းနည်းပါ၊ နှစ်သောင်းကျော်လောက်ပဲ အဟဲ''

''အေး မင်းဦးတုန်းလုပ်ထားဦး၊ ငါ့အလှည့်ကျ တွေ့မယ်''

''ကျေးဇူးရှင်ကို မစော်ကားနဲ့လေကွာ၊ ငါ့ကြောင့် မင်း မေခလာနတ်သမီး ဆုံရတာလေ၊ ဒီလောက်ကုန်တာ တန်ပါတယ် ဟိုကလည်း တစ်သောင်းလောက် ပြန်ပေးခဲ့တာပဲကွ''

အောင်မိုး ရှုတ်နော့က်နောက်ပြောရင်း သူ့အခန်းထဲက ထွ သွားခဲ့သည်။ သူကတော့ အကျီအိတ်ကပ်လေးကို စမ်းကြည့်မိသည်

သူကလေးပေးသွားသော ငွေငါးထောင်တန်လေးကို သူ မှ မှတ်ရရ သိမ်းထားသည်။

ကံကြမ္မာကသာ ပြန်ဆုံခွင့်ပေးလျှင် ပြန်ဆုံချင်ပါသည်။ ပြစ် မဲ့မထင် ချောမောသော မိန်းကလေးအကြောင်း သူ ဘာမှမသိသေ ပေမယ့် သူကလေးရဲ့ဖြူစင်ကြင်နာတတ်သော နှလုံးသားလေးကိုတေ မြင်တွေ့ခဲ့ရတာ အထင်အရှားဖြစ်သည်။

ကိုယ့်အတွက်တော့ မင်းလေးက မေခလာနတ်သမီးလေး ကောင်မလေးရယ်။

နောက်ထပ်တစ်ကြိမ် ထပ်ဆုံခွင့်ရမယ်ဆိုရင် . . . ။

■ ■ ■



## အခန်း (၃၂)

မေမေ နေမကောင်းဟု ဖုန်းဆက်တာကြောင့် ပန်း ပြန်ခဲ့ရ ခြင်းဖြစ်သည်။ တကယ်ဆို ကျောင်းပိတ်ရက်နှစ်ရက်စလုံးမှာ ပန်း တက်နေသောသင်တန်းတွေ ရှိသည်။

ဒါပေမဲ့ မေမေ့အတွက်စိုးရိမ်စိတ်ကြောင့် သင်တန်းတွေဖျက် ခဲ့သည်။ ပြီးတော့ ပန်း အိမ်မပြန်ခဲ့တာ တစ်လတော့ ကျော်ပြီ။

လွန်ခဲ့သည့်နှစ်ပတ်လောက်ကတော့ ဖေဖေ ရောက်လာသေး သည်။ မေမေ စီစဥ်ပေးသော ဟင်းတွေ၊ စားစရာတွေ လာပို့ရင်း ပန်းကို နှစ်ကြိမ်တော့ ဖေဖေ လူကိုယ်တိုင်လာတွေ့တတ်စမြဲ။

ဖေဖေ လာတုန်းက မေမေ နေမကောင်းဟု မပြောခဲ့ပါ။ ယခုလည်း သောကြာနေ့ကမှ မေမေကိုယ်တိုင် ဖုန်းဆက်တာဖြစ်၏။

''ဒီတစ်ပတ် ကျောင်းပိတ်ရက်တော့ ခဏလောက် အိမ်ပြန်ခဲ့ ပါဦးရယ် မေမေလည်း သိပ်နေမကောင်းဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်လား၊ မေမေ ဘာဖြစ်တာလဲဟင် ဘာဖြစ်လို့

"ဖျားတာတော့ သာမန်ဖျားတာပါ သမီးရယ်၊ မေမေ့သ
လေးကိုတွေ့ချင်လို့ပါကွယ်"

မေမေ့အတွက် စိုးရိမ်ပူပန်စိတ်တို့ လျော့ပါးရပေမယ့် သင်တ
ဖျက်ကာ အိမ်ကိုတော့ ရောက်အောင်ပြန်ခဲ့သည်။ ဖေဖေနှင့်မကြာ
ဆုံနိုင်ပေမယ့် မေမေနှင့်ဆုံဖို့ဆိုတာက ပန်း အိမ်ပြန်မှဆုံရသည်။

ဖေဖေက ကားဂိတ်မှာ လာစောင့်ကြိုနေမှာစိုး၍ ရန်ကု
ပဲခူးကားမစီးဘဲ ကားငှားပြန်လာမည်ဟု ဖုန်းဆက်လိုက်သည်။

ကားဂိတ်ရောက်မှ အိမ်ကို တက္ကစီငှားပြီး ပြန်ခဲ့တာဖြစ်သည်
ဖေဖေ သိလျှင်တော့ ညာမိတာကို စိတ်ဆိုးမှာသေချာ၏။

ဖေဖေ မပင်ပန်းစေချင်လို့ပါ ဖေဖေရယ်။

ဖွင့်ထားသော ခြံတံခါးမှ ဆင်ဝင်အောက်အထိ တက္ကစီ
ကို ပန်း မောင်းဝင်ခိုင်းလိုက်သည်။

ဆင်ဝင်အောက်ရောက်သည်နှင့် ထွက်ကြိုကြသည်က ဖေ
နှင့်အတူ မေမေပါ ပြုံးပြုံးရွှင်ရွှင်

"မေမေ နေမကောင်းဘူးဆို"

ပန်း စိုးရိမ်စွာမေးသော စကားကို မေမေ ပြုံးပြုံး
ခေါင်းညိတ်ပြသည်။ ဖေဖေက ပန်းလက်ထဲကအိတ်တွေကို ဝိုင်း
သယ်ပေးရင်း

"သမီး ကားငှားလာတယ်ဆိုလို့ ဖေဖေ လာမကြိုတော့တ

"မြန်မြန်ရောက်ချင်လို့ တက္ကစီငှားလာတာ ဖေဖေ၊ မေ
နေမကောင်းဘူးဆိုတော့ စိုးရိမ်တာလည်းပါတယ်"





"မေမေ့ကြောင့် သမီး စိုးရိမ်ပူပန်သွားတာ စိတ်မကောင်းဘူး
ကွယ်၊ မေမေ နေကောင်းပါတယ်၊ သမီး အိမ်ပြန်လာစေချင်လို့"

"ဘယ်လို မေမေ"

ညှော်ခန်းက ဆိုဖာထိုင်ခုံတွေမှာ ထိုင်မိကြတော့ ပန်း မေမေ့
မျက်နှာကို အကဲခတ်ကြည့်သည်။ မေမေ့ပုံစံက စိုးရိမ်စရာတော့မဟုတ်
ပေ။

"ဒီလို သမီးရေ ဖေဖေက သမီးကို ဒီတစ်ပတ်ပြန်လာစေချင်
တာလေ၊ သမီး မေမေက လာဖြစ်အောင်ဆိုပြီး နေမကောင်းဘူးလို့
ဖုန်းဆက်ခေါ်တာ"

"ဟင် မေမေ ညာတာပေါ့"

ပန်း မေမေ့ကို နှုတ်ခမ်းလေးစူကာ ပြောတော့ မေမေက
ပန်းပခုံးလေးကို သိုင်းဖက်ရင်း

"ပြီးခဲ့တဲ့ သုံးရက်လောက်က မေမေ ဖျားတာ တကယ်ပါ၊
အခုတော့ သက်သာသွားပြီ၊ သမီးကို အိမ်ပြန်လာစေချင်တာ အကြောင်း
ရှိလို့ပါကွယ်"

"လုပ်ပြန်ပြီ မေမေတို့က ပဟေဠိတွေနဲ့ပေါ့လေ"

ပန်းပြောတော့ မေမေ ဘာမှမပြောဘဲ ဖေဖေ့ကိုပဲ ပြုံးကြည့်
သည်။ မေမေ့မျက်နှာကလည်း အပြုံးတွေ မပြယ်သေးဘဲ ပန်းကို
ကြည့်ကာ

"သမီးလေး ဝမ်းသာပျော်သွားစေချင်လို့ပါကွယ်"

"ဒါဆိုလည်း ပြောလေ ဖေဖေရဲ့၊ သမီး ကြားချင်လှပြီ"

ဖေဖေ ခေါင်းညိတ်ကာ မတ်တပ်ရပ်တော့ မေမေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ပန်း လက်ကိုဆွဲကာ ထရပ်စေ၏။ ပန်း နားမလည်နိုင်စွာ ဖေဖေနှင့် မေမေတို့မျက်နှာတွေကို မျက်တောင်လေးပုတ်ခတ်ကြည့်မိ၏။

"လာ သမီး ငြိမ်းရေ သမီးလေးကို ခေါ်ခဲ့"

ဖေဖေက ဦးဆောင်ပြီး ဆင်ဝင်အောက်ဆင်းသွားတော့ မေမေ က ပန်းလက်ကိုဆွဲကာ နောက်ကလိုက်သည်။

အိမ်ညာဘက်ဘေးက ဂိုထောင်ဘက်ကို ဖေဖေတို့သွားနေတာ ကို ပန်း စဉ်းစားမရ ဖြစ်နေတုန်း ဖေဖေက ဂိုထောင်တံခါးကို ဖွင့်သည်။

ဂိုထောင်ထဲမှာ မြင်လိုက်ရသော မြင်ကွင်းကြောင့် ပန်း မျက်လုံးလေးတွေ ဝိုင်းစက်မင်သက်သွားခဲ့သည်။

ရောင်စုံဖဲပြားတွေနှင့် အလှဆင်ထားသော အဖြူရောင် လင်း ဆာကားသစ်ကြီးရှေ့မှန်မှာ ကပ်ထားသော စက္ကူပြားကြီးမှာလည်း ဇ ရေးထားသေး၏။

"ပျော်စရာမွေးနေ့ပါ ချစ်သမီးလေး ရင်ငြိမ်းပန်း"

ချစ်သော ဖေဖေနှင့်မေမေ တဲ့။

"သမီးရဲ့အသက် နှစ်ဆယ်ပြည့် မွေးနေ့လက်ဆောင်အဖြ ဖေဖေတို့ရဲ့မွေးနေ့လက်ဆောင်ပါ သမီး"

ဖေဖေက ပန်းကို ပြုံးပြုံးကြီး စိုက်ကြည့်ရင်းဆိုတော့ ပန်း ဘာစကားမှ မဆိုနိုင်အောင် နှုတ်ဆိတ်ကြောင်တွေနေဆဲ။

ပန်းမွေးနေ့ကိုတောင် ပန်းမေ့နေခဲ့သည်။ ဒါကို ဖေဖေနှင့် မေမေက မှတ်မှတ်ရရ ရှိနေခဲ့သည်။ ပြီးခဲ့သည့်နှစ်တွေကလည်း ပန်းရဲ့ မွေးနေ့ရက်တွေမှာ ဖေဖေတို့နှင့်မဆုံဖြစ်ခဲ့ပါ။

ပန်းရဲ့အဆောင်အထိ ဖုန်းဆက်ကာ ဖေဖေနှင့်မေမေ

ဗျူး၈၇၆ပ



နေ့ဆုတောင်းပေးကြသည်။

"အရင်နှစ်တွေက သမီးမွေးနေ့မှာ မေမေတို့မဆုံနိုင်ခဲ့ကြဘူး ကြောင့် ဒီနှစ်မွေးနေ့ကို သမီးပါ ရှိစေချင်လို့ မေမေခေါ်လိုက်တာပါ သမီး"

"သမီး သွားလာလို့ လွယ်ကူအောင် ဖေဖေနဲ့မေမေတိုင်ပင် ဒီကားကိုဝယ်ပေးတာ၊ သမီးလည်း ကားကိုကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်နေပြီပဲ၊ တစ်ခုတော့ရှိတယ် သတိနဲ့အန္တရာယ်ကိုတော့ ဆင်ခြင်ပါနော် သမီး"

ပန်းအတွက်ဆို အမြဲတမ်း စိုးရိမ်တတ်သော ဖေဖေက သတိ စကားတွေ ဆိုနေသေးသည်။ သစ်လွင်တောက်ပသော ကားအသစ် ကြီးကိုကြည့်ကာ ပန်း ဝမ်းသာမဆုံး။

"သမီး အရမ်းဝမ်းသာတယ် ဖေဖေနဲ့မေမေတို့ကိုလည်း ကျေးဇူးတင်တယ်၊ သမီးမွေးနေ့ကိုတောင် သမီးမေ့နေတာ"

"သမီးမွေးနေ့က ဗုဒ္ဓဟူးနေ့မှလေ၊ အဲဒီရက်ဆို သမီး ပြန်လာ လို့မလွယ်ဘူး၊ ဒါကြောင့် ဖေဖေက ရက်ကြိုပြီး စီစဉ်ပေးလိုက်တာ၊ ကားကို သမီးကြိုက်တယ်မဟုတ်လား"

"ဟာ ကြိုက်တာပေါ့ ဖေဖေရဲ့၊ ဒါပေမဲ့ ဖေဖေကျတော့ ဆလွန်းကားလေးပဲစီးပြီး သမီးကို ဘာလို့ ဒီလောက်တန်ဖိုးကြီးကား ကြီး ဝယ်ပေးရတာလဲ ဖေဖေရယ်"

"ဖေဖေကတော့ ဖေဖေ့ရဲ့ဆလွန်းကားလေးကိုပဲ သံယောဇဉ် ရှိနေလို့ သမီးရဲ့၊ အဲဒီအတွက် သမီး ဘာမှစိတ်ထဲမှာမထားနဲ့၊ သမီးကြိုက်တယ်ဆိုရင် ဖေဖေတို့ဝမ်းသာတယ်"

ဗျူး၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရဲ့မေတ္တာစေတနာကို ပန်း နားလည်ပါသည်။ ပန်းရဲ့ အသက်နှစ်ဆယ်မြောက် မွေးနေ့လက်ဆောင်ကတော့ တကယ့်ကို အမှတ်တရဖြစ်သွားခဲ့တာအမှန်။

"ကဲ သမီး ရေမိုးချိုးပြီး နားလိုက်ဦး။ ပြီးရင် သမီးမေမေရဲ့ လက်ရာနဲ့ ဖေဖေတို့မိသားစုမနက်စာ စားကြရအောင်"

"ဟုတ်ကဲ့ ဖေဖေ၊ ညနေကျရင် ဖေဖေနဲ့မေမေကို သမီး တစ်ခုခုလိုက်ကျွေးမယ်၊ ဟောဒီ ကားသစ်ကြီးနဲ့ အတူတူသွားကြမယ်"

"သိပ်ကောင်းတဲ့အစီအစဉ်ပေါ့ သမီးရယ်"

အပျော်ရိပ်တွေ ဝေဖြာသောအပြုံးတွေက ပန်းတို့မိသားစုသုံး ယောက်စလုံး မျက်နှာတွေမှာ ထင်ဟပ်နေခဲ့သည်။

ဒီမိသားစုတဝလေးကို ပန်း ပိုင်ဆိုင်ခွင့်ရတာ သိပ်ကိုကံကောင်းလွန်းသည်။

ဒီဖေဖေ ဒီမေမေနဲ့ ပန်း ဘယ်တော့မှ မခွဲခွာပါရစေနဲ့။

■ ■ ■

## အခန်း (၃၃)

သင်တန်းခန်းမရှေ့က ကားပါကင်မှာ ရပ်ထားသော ကားဆီ ...တော့ ပန်း မျက်နှာလေးသုန်မှုန်သွားရသည်။ ဒါကို သတိထား... နွယ်နီက နားမလည်သလိုကြည့်ရင်း

"ပန်း ဘာဖြစ်တာလဲဟ"

"ဟိုမှာလေ ဒီဘက်က ရပ်ထားတဲ့ ပါဂျဲရိုကားက အဲဒီလောက် ...ပ်နေတော့ ငါ့ကား ဘက်ဆုတ်လို့လွယ်ပါ့မလား"

ပန်းပြောမှ နွယ်နီ အသေအချာကြည့်သည်။ တစ်ဖက်နံရံမှာ ...ထားသော ပန်း၏လင်ခရူဆာကားကြီး နံဘေးမှာ ရပ်ထားသည်က ...ရောင် ပါဂျဲရိုကားတစ်စီးဖြစ်သည်။

ပါဂျဲရိုကားရပ်ထားပုံက အတော်ကိုဆိုးသည်။ ပန်း ကားနှင့် ...က ကားကြားက နေရာလွတ်က ထိုကားပါကင်ထိုးရပ်လောက် ... မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို မရရအောင် အတင်းဝင်ရပ်ထားပုံရသည်။ ကားတစ်… လုံးအပြည့်ဝင်ရပ်မရတာကြောင့် ခေါင်းပိုင်းဝင်တိုးကာ နောက်ပိုင်း… ပန်းကားကို နောက်ဆုတ်မရအောင် ပိတ်ထားသလိုဖြစ်နေသည်။

"ပြဿနာပဲနွယ်နီ၊ ငါ့ကားကို ဘယ်လိုမှ ဆုတ်ထွက်လို့… မဟုတ်တော့ဘူး"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ ပန်း၊ ဒီကားက ဘယ်သူ့… လဲမသိဘူး"

"ငါလည်း ဘယ်သိမှာလဲ နွယ်နီ၊ ငါတို့သင်တန်းခန်း… ကားတော့မဟုတ်နိုင်ဘူး"

ပန်း ပြောတာကို နွယ်နီ လက်ခံသည်။ နွယ်နီတို့တက်… သည့် အင်္ဂလိပ်စပီကင်သင်တန်းမှာ ကိုယ်ပိုင်ကားနှင့် သင်တန်းလာ… သူဆို၍ မရှိပါ။

ပန်းတစ်ယောက်ပဲရှိသည်။ သင်တန်းက ဆရာ၊ဆရာမ… စီးသော ကားလည်းမဟုတ်တာသေချာ၏။

"ပန်း ဟွန်းတီးပြီးခေါ်ကြည့်ဟာ"

"ဟာ မလုပ်ပါနဲ့ နွယ်နီရယ်၊ သင်တန်းထဲက စာသင်နေ… သူတွေအနှောင့်အယှက်ဖြစ်မှာပေါ့"

ပန်းပြောတာလည်း ဟုတ်သည်။ ဒီစင်တာမှာက သင်… ခန်းမတွေပဲ ခြောက်ခန်းတောင်ရှိသည်။ ပန်းတို့အင်္ဂလိပ်စာသင်… အပြင် ဂျပန်၊ တရုတ်၊ ပြင်သစ်ဘာသာသင်တန်းတွေလည်း ရှိနေသ…

ကိုယ့်ရဲ့ဟွန်းသံကြောင့် သင်တန်းခန်းမထဲက စာသင်နေသူ… အနှောင့်အယှက်ဖြစ်သွားလျှင် မကောင်းပါ။





"ဒါဆို ငါတို့က ဒီကားပိုင်ရှင်ရောက်လာတဲ့အထိ စောင့်ကြ…မှာလား ပန်းရဲ့"

"အင်း ဒါပဲရှိတော့တာပေါ့ နွယ်နီရဲ့"

ပန်း စကားကြောင့် နွယ်နီလက်မှာပတ်ထားသည့် နာရီလေးကို …ငုံ့ကြည့်ရင်း

"ပြဿနာပဲဟာ အဆောင်မှာ ငါ သီတာတို့နဲ့ချိန်းထားတာ …ယ်"

"ဟယ် ဟုတ်သားပဲ၊ ဒါဆို နင် အရင်တက္ကစီငှားပြီးပြန်နှင့် …လေ၊ ငါကမစောင့်လို့မှ မရတော့တာ"

"ပန်း နင်တစ်ယောက်တည်း ဖြစ်ပါ့မလား"

"ရတယ် ဖြစ်တယ်၊ ကားပေါ်တက်ပြီး စာကျက်ရင်းစောင့် …လိုက်တော့မယ်"

အဆောင်မှာ ချိန်းထားသောကိစ္စတစ်ခုရှိတာကြောင့် နွယ်နီ …သွားသည်။ ပန်း ပင့်သက်လေးရှိုက်ရင်း ကားတံခါးသော့ဖွင့်ကာ …ထိုင်လိုက်သည်။

အတော့်ကိုဆိုးသည့် ကားဒရိုင်ဘာပါပဲ။ ကိုယ့်ကြောင့် တခြား …ဒုက္ခရောက်အောင် ပြီးစလွယ်လုပ်သွားမှန်း သိသာလွန်းသည်။

ပန်း ကားကိုသာ နောက်ဆုတ်လိုက်လျှင် ထိုကားနှင့်ပွတ်တိုက် …မှာ သေချာသည်။

ဖေဖေ ဝယ်ပေးသည့် ကားအသစ်စက်စက်လေးမို့ ပန်း …ရစိုက်မောင်းခဲ့သည်။ အခုလည်း ပါကင်ရပ်တာတောင် အစွန်ဆုံး …ဘေးမှာ ထိုးကပ်ရပ်တာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ စည်းကမ်းမဲ့သော ပါဂျဲရိုဒရိုင်ဘာကြောင့် ယ
ဘယ်လောက်အထိ အချိန်တွေ ကုန်ဦးမည်မသိပါ။ ကျောပိုးအိတ်ထဲ
စာအုပ်ကို ထုတ်ကာ ပန်း စာကျက်နေလိုက်သည်။

■ ■ ■

သင်တန်းချိန်ပြီးဆုံးသည်နှင့် သူ ကားပါကင်ဆီထွက်ခဲ့လိုက်
သူ့ကားပုံမှန်ရပ်နေကျနေရာမှာ ကားကိုမမြင်တော့ မျက်မှောင်ကုပ်
ရ၏။

ပြီးမှ သူ့ကားကို အောင်မိုး တောင်းယူသွားတာကို သတိ
လိုက်သည်။

အရေးကြီးကိစ္စရှိသည်ဆိုကာ ကားကိုမနက်က အောင်မိုး
ထား၍ တက္ကစီနဲ့ပဲ သူ သင်တန်းကိုလာခဲ့ရသည်။ သင်တန်းဆင်း
အမီကားကို ပြန်လာပို့ပေးမည်ဆိုသော ကတိကိုတော့ အောင်မိုးတ
ပါသည်။

သင်တန်းချိန်တစ်ဝက်လောက်မှာပဲ သူ့ဆီကားသော့ ပြန်
ပို့တာမို့ သင်တန်းဆရာကိုခွင့်တောင်းပြီး သူ အပြင်ထွက်ယူခဲ့ရ၏
"ပါကင်မှာ ကားတွေပြည့်နေလို့ အဆင်ပြေတဲ့နေရာမှာ
ရပ်ပေးထားတယ် ဓာနည် ရော့ ကားသော့"

အောင်မိုး မှာခဲ့တာကို သတိရကာ ကိုယ့်ရဲ့ကားကိုရှာရသ
ထင်သည့်အတိုင်း ဘယ်ဘက်အစွန်ပိုင်းမှာ ရပ်နေကျသူ့ကားက
ဘက်အစွန်မှာ သွားရပ်ထားသည်။

ရပ်ထားသည့်ကားနားရောက်တော့ ဓာနည် မျက်မှောင်
သွားရသည်။ တော်တော်ဆိုးသည့်အောင်မိုး ကားကိုရပ်ထားပုံက





ရွေ့လွယ်နိုင်လွန်းသည်။

တစ်ဖက်က လင်ခရူဆာ ကားဖြူလေး နောက်ဆုတ်ထွက်လို့
ရအောင် သူ့ကားနောက်ပိုင်းက ပိတ်နေ၏။

"ဒီကောင်ကတော့ ပြဿနာပဲ ဟိုဘက်က ကားပိုင်ရှင်ရောက်
လာရင် ကျိုင်ရှာတော့မယ်"

အောင်မိုးကို စိတ်ထဲက ကျိန်ဆဲရင်း သူ့ကားတံခါးကိုဖွင့်ဖို့
ကြိုးစားစဉ်မှာပဲ

"ဒီမှာ အဲဒါ ရှင့်ကားလား"

"ဟင်"

ဒေါသသံထွက်နေသော အသံချိုချိုလေးကြောင့် သူ လှည့်
ကြည့်တော့ လင်ခရူဆာကားတံခါးပွင့်လာကာ ဆင်းလာသူက

"ဟင်"

အံ့ဩမယုံကြည်မှုတွေနှင့်အတူ သူ့မျက်ဝန်းတွေ ပြူးကျယ်သွား
ခဲ့သည်။

မြင်လိုက်ရတာ အဝါနုရောင်ဝမ်းဆက်လေးနှင့် မေခလာနတ်
သမီးလေးဖြစ်သည်။ နုမွတ်ချောမောလွန်းသော မျက်နှာလေးမှာ စွဲမက်
ဖွယ်မျက်ဝန်းတွေက ဒေါသရိပ်တချို့ကြောင့် စူးရှတောက်ပလွန်း၏။

"ရှင့်ကားကို ဘယ်လိုစည်းကမ်းမဲ့ ရပ်ခဲ့တာလဲ ကျွန်မကား
ထွက်လို့မရတော့လို့ ဒီအတိုင်း ထိုင်စောင့်နေရတာ မိနစ်လေးဆယ်ကျော်
ကြာတယ် သိလား"

"ဗျာ ဟို ဟို ကျွန်တော်"

တစ်ကြိမ်ဆုံဖူးသော မေခလာသည် စာနာကြင်နာတတ်သော



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေနှင့်၊ ဒီတစ်ခါတော့ ဒေါသနတ်သမီးလေး ဖြစ်နေသည်။ ဒါပေမဲ့လည်း နီးနီးကပ်ကပ် မြင်နေရသော မျက်နှာလေးက ဘယ်လိုပဲ ကြည့်ကြည့် ချောမွတ်ရှင်းသန့်နေသည်။

ဒီမျက်နှာလှလှလေးကို မြင်လိုက်ကတည်းက သူ မှတ်မိနေပေမယ့် သူကလေးကတော့ မှတ်မိပုံမရှိပါ။

"ရှင် ဒီလောက်ထိ စည်းကမ်းမမဲ့သင့်ဘူး။ အခုတော့ ကျွန်မ အချိန်တွေ အလဟဿကုန်သွားတယ်"

"ဟို တောင်းပန်ပါတယ်၊ ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်ဗျာ"

"တောင်းပန်တာထက် နောက်ကို ဒီလိုစည်းကမ်းမဲ့လုပ်တာမျိုး ရှင်မလုပ်မိဖို့ လိုတာ"

"ဟို ဒါ ကျွန်တော်လုပ်တာ မဟုတ်ပါဘူး"

"ဘာပြောတယ် ဒါ ရှင့်ကားမဟုတ်လား"

အောင်မိုး ရှာခဲ့သည့်ပြဿနာကို သူ ဘယ်လိုရှင်းရမည်မသိအောင် ဖြစ်နေခဲ့သည်။ တပ်ထားသော နေကာမျက်မှန်ကိုချွတ်ကာ တောင်းပန်မျက်ဝန်းတွေနှင့်ကြည့်ရင်း

"ကျွန်တော့်ကားမှန်ပေမယ့် ဒီနေရာမှာရပ်ခဲ့တာ ကျွန်တော် မဟုတ်ပါဘူး။ အောင်မိုး အဲ ကျွန်တော့်သူငယ်ချင်းရပ်သွားခဲ့တာပါဗျာ"

ပန်း မျက်မှောင်လေးကုပ်ကာ တောင်းပန်နေသောသူ့ကို မျက်တောင်ကြီးတွေပုတ်ခတ်ကြည့်မိသည်။ ဒီမျက်နှာကို ပန်း မြင်ဖူးသလို ထင်မိသည်။

"တကယ်ပါဗျာ ကျွန်တော့်သူငယ်ချင်းကို ကားခဏငှားလိုက်





ပါ"

အသေအချာ ရှင်းပြတောင်းပန်နေသော မျက်နှာကို နေကာမျက်မှန်နှင့်မို့ မမှတ်မိပေမယ့် မျက်မှန်ချွတ်လိုက်တော့ ပန်း မှတ်မိသွားသည်။ ဒါ ကြေးအိုးဆိုင်မှာဆုံခဲ့ဖူးသည့်သူ။

သူ စားသောက်ထားသမျှနှင့် လမ်းစရိတ်ငွေ ငါးထောင်ကို အောင် ပန်း ရှင်းပေးကူညီခဲ့သည်။

သေချာပါသည်။ တစ်ခါမြင်ဖူးရုံနှင့်မှတ်မိလောက်အောင် ချောသော ရုပ်သွင်နှင့်စတိုင်သပ်ရပ်သော ဝတ်စားဆင်ယင်မှုက လွဲချော်စရာမရှိပါ။

ကြေးအိုးဆိုင်ထဲမှာတုန်းကလည်း ဒီလိုစတိုင်ကျကျ အသွင်ပဲ ခဲ့သည်။ ဒါပေမဲ့ အဲဒီတုန်းက သူ့ရဲ့ပါကင်ရှိကားကြီး ပါမပါတော့ ပန်း သိခဲ့ပါ။

ဒီလိုကားစီးနိုင်သည့်ပုဂ္ဂိုလ်က ကြေးအိုးဆိုင်ထဲမှာတုန်းက ဆံအိတ်ပါမလာဘဲ ဒုက္ခရောက်နေသည်ဆိုတာ အမှန်ဟုတ်ရဲ့လားဟု အောင် ပန်း သံသယဖြစ်ချင်သွား၏။

ရှိစေတော့။ ပန်း ကူညီခဲ့တာ တကယ့်စေတနာအရင်းခံနှင့်မို့ တွေးမနေချင်တော့ပါ။

"ကဲ ရှင့်ကားကို အရင်ဖယ်ပေးပါ၊ ကျွန်မမှာအချိန်တွေ ကျနေပြီ"

"ဗျာ ဟုတ် ဟုတ်ကဲ့"

ပန်း ပြောတော့ သူ ခေါင်းတဆတ်ဆတ်ညိတ်ကာ ကား စက်နှိုးသည်။ ပန်းကို သူ မမှတ်မိဟုထင်သည်။ ဒါလည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

သူ ကားနောက်ဆုတ်ရှောင်ပေးမှပဲ ပန်းရဲ့ကားကို ဘက်ဆု
ထွက်နိုင်တော့၏။

"ဒီ ဒီမှာ ဒီမှာခင်ဗျ"

ကိုယ့်ကားထွက်လို့ရပြီမို့ ပန်း မောင်းထွက်ဖို့ ကြံရွယ်တုန်းမှာ
သူ ကားတံခါးဖွင့်ဆင်းကာ တားနေတာမို့ ရပ်ထားလိုက်ရ၏။

ခြေလှမ်းကျဲကြီးတွေနှင့် သူ ပန်း ကားအနီးကို ရောက်လာ
ပန်း မျက်ဝန်းတွေပင့်ကာ ဘာလဲဆိုသောအကြည့်နှင့်ကြည့်တော့

"ဟို တောင်းပန်ပြီးရင် ကျွန်တော် ကျေးဇူးတင်စကားပြော
ခွင့်ပေးပါဗျာ"

"ဘာရယ်"

"ဒီက ကျွန်တော့်ကို မမှတ်မိဘူးလားဟင်၊ ရွှေအရော
ဆိုင်မှာတုန်းက ခင်ဗျားကျွန်တော့်ကို ကူညီခဲ့တာလေ"

ပန်းကို သူ မှတ်မိနေသည်ပဲ။ သို့ပေမယ့် ပန်း မမှတ်မိသေး
ဇဝေဇဝါဟန်နှင့်

"ဟုတ်လား ကြာပြီထင်တယ်၊ ကျွန်မ သိပ်မမှတ်မိဘူး"

"ဟာ မကြာသေးပါဘူး၊ တစ်လနဲ့ဆယ့်ငါးရက်ပဲရှိသေးတာ"

ပန်း မျက်ဝန်းလေး ဝိုင်းသွားရ၏။ သူ့မျက်နှာက ကြည့်ကြ
လင်လင်လေး ပြုံးရိပ်သမ်းလျက်

"ဟို ကျွန်တော် အသေအချာ မှတ်မိနေတယ်၊ အဲဒီတုန်း
ဒီကကူညီလို့ ကျွန်တော် အဆင်ပြေသွားတာ၊ နို့မို့ဆိုရင် ဆိုင်ထဲ
မိုးချုပ်မလား တစ်ခုခုအပေါင်ထားခဲ့ရမလားပဲ"





"ကိစ္စမရှိပါဘူး ရှင်တကယ် ဒုက္ခရောက်နေတယ်ထင်လို့ ကျွန်မ ကူညီခဲ့တာပဲ"

"ဟာ တကယ်ပါ၊ စောစောက အောင်မိုးပဲလေ၊ ဒီကောင် အိတ်ထဲက ပိုက်ဆံကိုယူသွားတာ"

"ဟုတ်ပါပြီ ကဲ ကျွန်မကို ခွင့်ပြုဦး"

"ဟို ဒီကကို ကျေးဇူးတင်ပါတယ်၊ ဒီက နာမည်လေးကို သိခွင့်ရမလားဟင်"

"မလိုအပ်ဘူးထင်တယ်၊ ကျွန်မ ကူညီခဲ့တာက စေတနာသီးသန့်လေ၊ ရှင် ကျေးဇူးတင်တယ်ဆိုတာလည်း သိရပြီပဲ၊ ကဲ ကျွန်မ နောက်ကျနေလို့"

စကားဆုံးသည်နှင့် ပန်း ကားကို ညင်သာစွာမောင်းထွက်ခဲ့လိုက်၏။ နောက်ကြည့်မှန်ထဲမှာ မတ်မတ်လေးရပ်ကျန်ခဲ့သည့် သူ့ကို တော့ တစ်ချက်ကြည့်မိသေး၏။

အပြာနုနုစပို့ရှပ်လက်တိုနှင့် အနက်ရောင်စတိုင်ပန့်ကို တွဲဖက်ဝတ်ဆင်ထားသော စတိုင်က စမတ်ကျလွန်းပါသည်။

ဒီလိုနေရာမှာ သူနှင့်ပြန်ဆုံရမည်ဟု ထင်မထားခဲ့တာကြောင့် ပန်း အံ့သြမိတာတော့ အမှန်။ ဘယ်သူလဲမသိသလို ဆုံလည်းမဆုံဖူးပါ။ ပန်းတို့လိုပဲ သင်တန်းလာတက်သူတစ်ယောက်လား မဆိုတတ်။

မပတ်သက်ချင် ဇာတ်လမ်းမရှည်ချင်လို့ နာမည်မေးတာကို ငြင်းခဲ့ပေမယ့် သူ့အကြောင်းတွေကို ပန်း ဘာကြောင့်တွေးနေမိတာလဲ တော့မသိ။

ထူးတော့ ထူးဆန်းနေတာအမှန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ညှံ့လိုက်တာကွာ၊ ဒီလောက်ပြန်ဆုံတာတောင် နာမည်သိ အောင် မင်း မစုံစမ်းနိုင်ဘူးလား"

အောင်မိုး အပြစ်တင်သလိုပြောတော့ သူ ပြုံးပြုံးလေး ခေါင်း ခါရင်း

"ငါမေးပေမယ့် သူ မဖြေဘူးလေ"

"ဒါဆို မင်းနဲ့မပတ်သက်ချင်တဲ့သဘော၊ စိတ်မဝင်စားတဲ့ သဘောကို ပြတာထင်တယ်"

"ဘာပဲဖြစ်ဖြစ် ငါ သဘောကျတယ်၊ မလွယ်ကူတာကိုက အထင်ကြီးစရာအချက်ပဲ၊ ပြီးတော့ သူ့နာမည် သူ့အကြောင်း ငါစုံစမ်း လို့လွယ်ကူပါတယ်၊ အဲဒီစင်တာမှာ နိုင်ငံခြားဘာသာသင်တန်းတွေ အများကြီးရှိတယ်၊ သူလည်း ငါ့လိုပဲ သင်တန်းတက်နေတာဖြစ်မယ်"





"ဘာလဲ မင်းက စုံစမ်းမလို့လား"

"စုံစမ်းရမှာပေါ့၊ ကံကြမ္မာက မေခလာနတ်သမီးလေးကို ငါနဲ့ ပြန်ဆုံခွင့်ပေးပြီပဲ"

"ဇာနည် မင်းဇာတ်လမ်းရှာမလို့လား၊ ကြည့်လုပ်ဦးနော် အန်ကယ်ထက်သိရင် ကျိုင်နေဦးမယ်"

"ဘာဆိုင်လို့လဲ"

"ဟ ဆိုင်တာပေါ့၊ အန်ကယ်ထက်က မင်းနဲ့ငါ့ကို မျှော်လင့် ချက်ရည်ရွယ်ချက်တွေနဲ့ ရန်ကုန်မှာ ကျောင်းတက်နိုင်ဖို့ အားလုံးစီစဉ် ပေးထားတာလေ"

အောင်မိုး ဘာကိုဆိုလိုသည်ဆိုတာ သူ သိသည်။ ဒယ်ဒီက သူ့ပညာရေးနှင့်အနာဂတ်ကို စီမံကိန်းချ စီစဉ်ထားပြီးဖြစ်သလို သူ ကလည်း ရည်ရွယ်ချက်နိုင်မာစွာ ရှိနေတာပဲဖြစ်သည်။

ဒါပေမဲ့ အချစ်ဆိုသောအရာက သူ့ဘဝလမ်းအတွက် အဆီး အတားမှမဟုတ်တာ၊ ဘဝအနာဂတ်အတွက် အချစ်ဆိုတာလည်း အရေး ပါသော အစိတ်အပိုင်းတစ်ခုပဲလေ။

"ငါက မင်းရည်ရွယ်ချက်တွေ လွဲချော်မှာစိုးလို့ သတိပေးတာ"

"မပူပါနဲ့ အောင်မိုးရာ၊ တစ်ကဏ္ဍဆီပါကွာ၊ ဒါပေမဲ့ မေခလာ နတ်သမီးလေးကတော့ ငါ့နှလုံးသားကို ပထမဆုံးလှုပ်ခတ်စေတဲ့သူပဲလေ"

"အေးလေ အန်ကယ်ထက်နဲ့ ပြဿနာမရှိရင် ပြီးတာပဲ"

"ဟော့ကောင် အခုကိစ္စက ဘာမှဇာတ်လမ်းမစသေးဘူးနော်၊ အဝေးပဲရှိသေးတယ်၊ မင်း ချွန်တွန်းလုပ်ဖို့ မစဉ်းစားနဲ့၊ တော်ကြာ ဒယ်ဒီက စိုးရိမ်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် နှုတ်ပိတ်တဲ့အနေနဲ့ ငါ့ကို ဝမ်းတေဘာယ်လ် လိုက်ကျွေး"

"ဆောရီးပဲ၊ မင်းကို နာရင်းတီးချင်နေတာ၊ ကားကိုယူသွားပြီး ဖြစ်သလိုရပ်ခဲ့တာ ငါ တင်းနေတာ"

"ဟ ထိုးစရာပါကင်နေရာလွတ်မှ မရှိတာ၊ ရှိတဲ့နေရာ ထိုးပေးထားခဲ့တာပေါ့။ ဒါကြောင့် မင်း နတ်သမီးလေးနဲ့ပြန်ဆုံရတာ မဟုတ်လား"

"အေး သူ မဟုတ်ဘဲ တခြားသူဆိုရင် မင်းလုပ်တာ ငါ ဘယ်လောက်တောင်းပန်ဖြေရှင်းရမယ် ထင်သလဲ"

"ဘာပဲဖြစ်ဖြစ် မင်း ကံကောင်းသွားတယ်မဟုတ်လား၊ ငါ့ကြောင့် မေခလာနတ်သမီးလေးနဲ့ ပြန်ဆုံရတာလေ၊ ပြောရရင် ငါက မြားနတ်မောင်နော် စိတ်ဆိုးအောင် မလုပ်နဲ့"

"ဟုတ်ပါပြီ မဟုတ်မဟုတ် ကျိန်ဆဲမနေပါနဲ့၊ မနက်ဖြန်ကျရင် မင်းကိုပြုစုမယ်"

အောင်မိုး ကျေနပ်စွာ အခန်းထဲက ထွက်သွားခဲ့သည်။ သူကတော့ စာကြည့်စားပွဲမှာမထိုင်နိုင်ဘဲ အိပ်ရာပေါ် ပစ်လှဲလိုက်သည်။

အာရုံထဲမှာ ထင်မြင်လာသော နတ်သမီးလေးပုံရိပ်က ပျောက်မသွားခဲ့ပါ။ ကံကြမ္မာက ဆုံခွင့်နှစ်ကြိမ်တောင် ပေးခဲ့သည်ပဲ။

ဘယ်မိန်းကလေးကိုမှ ရင်မခုန်တတ်ခဲ့သော သူ့နှလုံးသားက နတ်သမီးလေးကြောင့် လှုပ်ခတ်ခဲ့ရတာတော့ သေချာသည်။

ထက်ဇာနည် ဆိုသော သူ့ဘဝကို ဒယ်ဒီက အရာရာပြည့်စေခဲ့သည်။ ငယ်စဉ်ကတည်းက မာမီဆုံးသွားတာမို့ ဒယ်ဒီက အရာရာ





…စိတ်တိုင်းကျ ဖြည့်စွမ်းပေးခဲ့၏။

ဆယ်တန်းကို လေးဘာသာဂုဏ်ထူးနှင့်အောင်မြင်ကာ ဆေး…ကျောင်းတက်ခွင့်ရခဲ့ပေမယ့်

"သား ဝါသနာမပါဘူး ဒယ်ဒီ"

"ဒါဆို သားက ဘာတက်ချင်တာလဲ"

"သား ကွန်ပျူတာ တက္ကသိုလ်တက်ချင်တယ် ဒယ်ဒီ"

"အိုကေ သား သားဝါသနာအတိုင်း ရွေးချယ်ခွင့်ကို ဒယ်ဒီ …ပြုတယ်၊ သား ကြိုးစားပါ၊ ပြီးရင် သားအနာဂတ်အတွက်ပညာရေး …သို့အပ်သမျှ ဒယ်ဒီ စီမံပေးမယ်"

ပေးထားသည့် ကတိအတိုင်း ဒယ်ဒီက သူ့အတွက် လိုလေ…မရှိ စီစဉ်ပေးခဲ့တာအမှန်ဖြစ်သည်။

မိုးကုတ်နှင့်မိုင်ပေါင်းများစွာ ဝေးကွာလှသော ရန်ကုန်မှာ …ကျောင်းတက်ချင်သည်ဆိုတော့လည်း ဒယ်ဒီက သူ့ဆန္ဒကို လက်ခံ…ဖြည့်စွမ်းပေးခဲ့သည်။

သူ လွတ်လပ်အေးချမ်းစွာ တက်နိုင်အောင်ဟုဆိုကာ သီးသန့်…ခြင်းတိုက်တစ်လုံးကို ငှားပေးသည်။ မန္တလေးက သူ့ညီဝမ်းကွဲ…အောင်မိုးကလည်း ကွန်ပျူတာတက္ကသိုလ်တက်မှာမို့ အတူလာကာနေ…သည်။

စားသောက်ရေးကိုလည်း မပူပင်ရအောင် ဒေါ်လေးမြိုင်ဆို… ထမင်းချက်မိန်းမကြီးနှင့် ခြံစောင့်ကြီး ဦးပိုင်ကိုပါ ခေါ်ပေးထား…သည်။

"သားအတွက် ဒယ်ဒီ့ဘက်က ဘာမှလိုလေသေးမရှိအောင်



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ပေးထားတယ်နော်၊ သား ပညာရေးကို ဂရုစိုက်ကြိုးစားပါ၊ ပြီး
သားကိုဒယ်ဒီက နိုင်ငံခြားမှာပညာသင်ဖို့အထိ ထပ်ပြီးရည်ရွယ်ထား
တယ်''

''ဟုတ်ကဲ့ပါ ဒယ်ဒီ''

''သားဆီက ဒယ်ဒီတစ်ခုပဲ ကတိတောင်းချင်တယ်၊ အဲဒါ
သားရဲ့ရည်ရွယ်ချက်မပြည့်ခင် အိမ်ထောင်မပြုရဘူး''

''သားကတိပေးပါတယ် ဒယ်ဒီ''

''အလွယ်တကူ ကတိမပေးနဲ့ သား၊ ဒယ်ဒီ လေးလေးနက်နက်
တောင်းဆိုတာ''

ဒယ်ဒီ့သံသယမျက်ဝန်းတွေနှင့်ကြည့်ကာ ထပ်မေးတော့လည်း
သူ ရဲတင်းစွာပဲ ကတိပေးခဲ့၏။

''စိတ်ချပါ ဒယ်ဒီ၊ သား ဘယ်မိန်းကလေးကိုမှစိတ်မဝင်စား
ဘူး။ သားဘဝအတွက် ဒယ်ဒီ့ဘက်က ဒီလောက်ထိ ဖြည့်ဆည်းပေး
နေတာပဲ သားကြိုးစားမှာပါ''

''ဒယ်ဒီက သားကို အဲဒီလို အပိုင်တုပ်နှောင်မထားပါဘူး
ဒယ်ဒီ ဆိုလိုတာက ငါ့သားရဲ့အိမ်ထောင်ဖက်ကို သားစိတ်တိုင်းကျ
ရွေးချယ်ပါ၊ ဒါပေမဲ့ ကိုယ့်ရည်ရွယ်ချက် မပြည့်ခင် ဘဝတစ်ခုတည်ဆောက်
တာမျိုးတော့ ဒယ်ဒီ ခွင့်မပြုဘူး။ ဆိုလိုတာက ဘွဲ့ရတာနဲ့ ငါ့သား
ဆက်ကြိုးစားရမယ့်အရာတွေ ရှိသေးတယ်၊ သားကို ဒယ်ဒီပြော
တာ တတ်သင့်တဲ့ပညာတွေ စုံလင်ပြီး သားခြေထောက်ပေါ် သား
တည်နိုင်တဲ့အခါ သားနှစ်သက်တဲ့မိန်းကလေးကို လက်ထပ်ပါ၊ ဒယ်ဒီ
ခွင့်ပြုတယ်''





ဒယ်ဒီ ဘာကိုဆိုလိုသည်ဆိုတာကို သူ နားလည်ပါသည်။
ဒယ်ဒီ့တုန်းက ပညာရေးမဆုံးခင် အိမ်ထောင်ကျခဲ့တာကြောင့် ရုန်းကန်
ခဲ့ရသည်။

ဘိုးဘိုးက ဒယ်ဒီ့ကိုအမွေပြတ်စွန့်လွှတ်ခဲ့တာကြောင့် ဒယ်ဒီနှင့်
မာမီတို့ဘဝကို ရုန်းကန်ခဲ့ရသည်။

အဆုံးမသတ်သော ပညာရေးကြောင့် ဒယ်ဒီ ပင်ပန်းဆင်းရဲ
စွာ ရုန်းကန်ခဲ့ရတာ သုံးနှစ်ခန့်ကြာသည်။ ဒယ်ဒီတို့မှာ ထက်ဇာနည်
ဆိုသော သူ မွေးဖွားတော့မှ ဘိုးဘိုးက အိမ်ပြန်ခေါ်ခဲ့ခြင်းဖြစ်၏။

''အစက အဖေ့ကို ဒယ်ဒီ စိတ်နာခဲ့တာပေါ့၊ ဒါပေမဲ့ သား
ဘိုးဘိုးလုပ်ရပ် မှန်ပါတယ်၊ ဒယ်ဒီကိုယ်တိုင် ထင်ရာလုပ်ခဲ့တာလေ၊
အဲဒီအကျိုးက ဒယ်ဒီ အိမ်ထောင်ဦးကာလတွေမှ ဒုက္ခရောက်ခဲ့တယ်၊
သား ဘိုးဘိုးရဲ့အရိပ်ကို ပြန်ရောက်မှ သူ့ရဲ့ပံ့ပိုးမှုတွေနဲ့အတူ ဒယ်ဒီ
အောင်မြင်တဲ့ဘဝကို ပိုင်ဆိုင်လာရတာ''

မိုးကုတ် ကျောက်သူဌေးကြီး၏သားဖြစ်သော ဒယ်ဒီသည်
ဘိုးဘိုး၏ခြေရာကိုနင်းနိုင်ခဲ့သည်။ မိုးကုတ်မြို့မှာကျောက်တွင်းသူဌေး
ကြီး ဦးထက်ခေါင်ကျော်ဆိုတာ ဒယ်ဒီ အလွယ်တကူ ပိုင်ဆိုင်ခဲ့သော
ဘဝ မဟုတ်ခဲ့ပါ။

ဒယ်ဒီက ထိုအတွေ့အကြုံတွေကြောင့်လည်း သူ့ကိုပညာရေး
မဆုံးခင် အိမ်ထောင်မကျစေချင်ခဲ့ပါ။

သူကလည်း ကတိပြုခဲ့သည်။ ရန်ကုန်မှာကျောင်းလာတက်
သည့် သူ့ဘဝအခြေအနေက မိန်းကလေးများစွာကြားမှာပေါ်ပြူလာ
သော သားတစ်ပါးဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ ဘယ်မိန်းကလေးကိုမှ ရင်မခုန်ခဲ့ပါ။ ထက်ဇာနည် နှလုံးသားက မာကြောခဲ့၏။

မာကြောသော နှလုံးသားကိုမှ မေခလာနတ်သမီးလေးက လှုပ်ခတ်စေခဲ့၏။ တကယ်ဆို နတ်သမီးလေးက တမင်လှုပ်ခတ်ခဲ့တာ မဟုတ်ဘဲ သူ့နှလုံးသားက ပျော်ဝင်သွားခဲ့ခြင်းဖြစ်မည်။

အံ့သြစရာတော့ကောင်းပါသည်။

အချစ်ဆိုသောအရာက ထိုမျှအထိ တန်ဖိုးကြီးမားသည်ဟု သူ မထင်ခဲ့။

နှစ်ကြိမ်ဆုံဖူးရုံမျှနှင့် ထက်ဇာနည် နှလုံးသားကိုလှုပ်ခတ်စေသူ က တစ်ယောက်တည်းပါ။

ကိုယ် မင်းနဲ့ဆုံချင်သေးတယ် မေခလာ နတ်သမီးလေးရယ်

■ ■ ■

အခန်း (၃၅)

''ကျေးဇူးပြုပြီး ကျွန်တော့်ကို ထိုင်ခွင့်ပြုပါ''

တောင်းဆိုသံနှင့်အတူ ပန်း စားပွဲရှေ့မှာ လာရပ်သော အရိပ် ...ကြောင့် မော့ကြည့်လိုက်တော့ သူ ဖြစ်နေ၏။

မှာထားသည့် ကြေးအိုးပူပူကို ငုံ့သောက်နေတုန်း ဝင်လာတာ ပန်း ကြိုတင်မမြင်လိုက်ပါ။ ရှင်းသန့်ချောမောသောမျက်နှာမှာ ...သိမ့်မွှေ့မွှေ့လေး ပြုံးနေပုံက ငြင်းပယ်ဖို့ခက်စေသည်။

ဝတ်ဆင်ထားသည်က ဆင်စွယ်ရောင်စပို့ရှပ်လက်တိုကို ဂျင်း ...နှင့်ပဲ တွဲဝတ်ဆင်ထားတာမို့ ရိုးရိုးလေးနှင့်အဆင်ပြေသည်။

''ကျွန်တော့်ကို ခွင့်ပြုပါနော်''

ဒုတိယအကြိမ် ထပ်တောင်းဆိုတော့မှ ပန်း ဆတ်ခနဲ သတိ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာ၏။ သူ့တောင်းဆိုချက်ကို ချက်ချင်းဘာမှခွန်းတုံ့မပြန်နိုင်ဘဲ သတိလက်လွတ် ငေးမောသွားမိတာကိုတောင် ရှက်မိသည်။

''ကျေးဇူးပါဗျာ''

ရှက်စိတ်နှင့်ခေါင်းငုံ့မိတာကို သူက ထိုင်ဖို့ခွင့်ပြုသည်ယူဆကာ ပန်းနှင့်မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်ပြီးဖြစ်နေ၏။

အခုမှ မထိုင်ပါနဲ့ဟု ပြောလို့လည်း မသင့်တော့တာမို့ ပန်း နှုတ်ဆိတ်နေလိုက်ရသည်။ အခြားသော စားပွဲဝိုင်းတွေရှိနေလျက်နှင့် ပန်း ဝိုင်းမှာထိုင်ဖို့တောင်းဆိုလာတာ အကြောင်းတော့ရှိရမည်။

ဒီနေ့ကျမှ နွယ်နီကလည်း မပါတော့ ပန်းတစ်ယောက်တည်း ဖြစ်နေသည်။ နောက်ထပ်တက်ရမည့်ကျူရှင်က အချိန်လိုသေးတာမို့ ဒီဆိုင်မှာ ကြေးအိုးလာစားဖြစ်တာဖြစ်၏။

အခုတော့ သူ့ရှေ့မှာရှိနေသည့်ဟူသော အသိစိတ်ကြောင့် ပန်း ကြိုက်သောကြေးအိုးအပေါ်မှာတော့ အာရုံမရှိဖြစ်သွားရသည်။

''ဒီက ကားကိုဆိုင်ရှေ့မှာ တွေ့လိုက်ရလို့ ကျွန်တော် ဝင်လာတာပါ၊ ဒီကကို သင်တန်းရှေ့မှာ ကျွန်တော်ရှာသေးတယ်''

ပန်း မျက်မှောင်လေးကုပ်သွားရသည်။ ပန်း နာမည်ကို မသိတာကြောင့် နာမ်စားသုံးနေသော ဒီကဆိုသောအသုံးအနှုန်းက နားထဲမှာ ကသိကအောက်ဖြစ်နေတာအမှန်။

''ဒီက ကြေးအိုးကြိုက်တယ် ထင်တယ်နော်''

''နေပါဦး ရှင် ကျွန်မနဲ့ဘာကိစ္စတွေ့ချင်တာလဲ ကိုအဝှာ''

''ဗျာ''

ပန်း အမြင်ကပ်ကပ်နှင့် သူ့ကိုလည်း ကိုအဝှာဟု သုံးလိုက်





ဘာမို့ မျက်နှာမဲ့ခနဲဖြစ်သွား၏။

''ကျွန်တော့်နာမည် ဇာနည်ပါ၊ အပြည့်အစုံက ထက်ဇာနည်ပါ''

ပန်း မမေးဘဲ သူ့အမည်ကို ဖွင့်ပြောနေသည်။ ပန်း မဲ့ခနဲပြုံးတော့

''ဒီက နာမည်ကောဟင်''

ပန်း မပြောဘဲ နှုတ်ဆိတ်နေတော့ ထက်ဇာနည် ပြုံးပြုံးလေး ခေါင်းညိတ်ပြီးမှ

''ဒီက နာမ်စားကြီးသုံးရတာ မကောင်းပါဘူးဗျာ ဒီတော့ ကျွန်တော် ပေးထားတဲ့နာမည်ပဲ ခေါ်မယ်၊ မေခလာပေါ့''

''ဘာရယ်''

''မေခလာနတ်သမီးလေ''

ပန်းမျက်နှာလေး ပန်းသွေးရောင်လွှမ်းသွားစေမှာသေချာသည်။

''ရှင် လာနောက်မနေနဲ့နော်''

''ဟာ နောက်တာမဟုတ်ပါဘူး၊ ကျွန်တော် ဒုက္ခရောက်နေတော့ ဒီက ကယ်တင်ခဲ့တယ်လေ၊ ဒါကြောင့် မေခလာနတ်သမီးလို့ ခေါ်တာပါ''

''ကျွန်မနာမည် ရင်ငြိမ်းပန်း၊ မေခလာနတ်သမီးမဟုတ်ဘူး''

သူ့မျက်နှာလေး ဝင်းပသွားကာ ပန်း နာမည်ကို အသံလေးထွက်အောင် ရေရွတ်သည်။

''ရင်ငြိမ်းပန်း တကယ်လှတဲ့နာမည်လေးပဲဗျာ''

ပန်း မျက်နှာလေး ဒုတိယအကြိမ် ရှက်ရိပ်လွှမ်းသွားရစေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းတွေနှင့်ထိပ်တိုက်ရင်ဆိုင်ဖို့လည်း စိုးရွံ့နေမိသည်။

ကျောင်းဝင်းထဲမှာ ပန်းအချစ်ကို ပိုင်ဆိုင်ရယူလို၍ ချဉ်းကပ် လာသူတွေ အများကြီးကြုံဖူးပါသည်။ ဒါပေမဲ့ ပန်း ဒီလိုလှုပ်ခတ်တာမျိုး မဖြစ်ခဲ့ဖူးပါ။ အခုမှ ဘာကြောင့် ပန်း ခံစားချက်တွေ ထူးဆန်းနေ တာလဲမသိပါ။

''ပန်းလို့ပဲခေါ်ပါရစေ၊ အခု ပန်းအတွက် ကျွန်တော်ရှင်းပြ ပါရစေနော်''

''မဟုတ်တာ ကျွန်မဘာသာ ရှင်းပါ့မယ်''

''ဒီလို မငြင်းပါနဲ့ဗျာ၊ ကျွန်တော့်တုန်းက ပန်း ကူညီခဲ့ တဲ့ကျေးဇူးရှိတယ်လေ''

''ဒါဆိုရင် ကျွန်မ ရင်ကြုံသလို အခက်အခဲကြုံမှ ရှင်းပေး အခု ကျွန်မပိုက်ဆံအိတ် ပါလာတယ်လေ''

''ဟာဗျာ အဲဒီလို အတုံ့အလှည့်ကြီးမလုပ်ပါနဲ့၊ ကျွန်တော့် ရှင်းခွင့်ပေးပါ၊ ပြီးတော့ ပန်းရဲ့မိတ်ဆွေအဖြစ် အသိအမှတ်ပြုပါ ကျွန် တော် ပန်းနဲ့ခင်မင်ချင်လို့ပါ''

ကြည့်စမ်း တကယ်လည်သည့် ထက်ဇာနည်ပါပဲ။ တစ်ပြိုင် တည်းနှင့် တောင်းဆိုချက်တွေ စုံလင်သွားခဲ့သည်။

''ကျွန်တော်က ပန်း အင်္ဂလိပ်စာသင်နေတဲ့စင်တာမှာပဲ ကွန် စကားသင်တန်း တက်နေတာပါ''

''ဟင် ကျွန်မ အင်္ဂလိပ်စာသင်တန်းတက်နေတာ ရှင် သိ တယ်ပေါ့''

ပြုံးပြုံးလေးခေါင်းညိတ်သော သူ့မျက်နှာလေးက မရိုးသား





အရိပ်တွေကင်းစင်နေသည်ဟု ပန်း ထင်သည်။ ပန်း တက်နေသည့် သင်တန်းကိုတောင် သိသည်ဆိုတော့ သူစုံစမ်းထားပြီးပြီဆိုတာ သေချာ သည်။

''ဒါဆို ရှင် ကျွန်မနာမည်ကို မသိဘူးဆိုတာ ညာတာပဲဖြစ် မယ်''

''ဟာ မဟုတ်ပါဘူး ပန်းရယ်၊ ပန်းက မသိစေချင်တော့ မသိဟန်ဆောင်ပေးတာပါ၊ ပန်း နာမည်ကိုသိပေမယ့် ကျန်တာတွေ ကျွန်တော် ဘာမှမသိသေးပါဘူး''

ပန်း မျက်စောင်းလေးထိုးတော့ သူ ပြုံးသည်။ သူ့အပြုံးတွေ ကို ပန်း ခင်မင်ရင်းနှီးသွားမိတာ ဘာကြောင့်မှန်းမသိခဲ့ပါ။

ထိုနေ့က သူနှင့်တစ်ခဏအတူထိုင် စကားပြောခဲ့ရသော အချိန် လေးတွေကို ပန်း ကျေနပ်နေမိတာလည်း အသေအချာပဲဖြစ်သည်။

ကျူရှင်ချိန်ရှိတာကြောင့် ပန်း နှုတ်ဆက်ပြန်တော့ သူက တိုတိုလေး ထပ်တောင်းဆိုသည်။

''ပန်း ကျွန်တော့်ကို ပန်းရဲ့မိတ်ဆွေသူငယ်ချင်းအဖြစ် လက်ခံ ပါနော်''

ပန်း ခေါင်းလေးညိတ်တော့ ရွှန်းလဲ့တောက်ပသွားသော မျက် ဝန်းတွေက ရင်ခုန်စရာကောင်းနေသည်။

ပန်း ရင်ထဲမှာလည်း တငြိမ့်ငြိမ့် လှုပ်ခတ်ကြည်နူးခြင်းတွေနှင့် ထူးဆန်းသောခံစားမှုတွေက ဘဝမှာ ပထမဆုံးပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

''သူက ဘယ်မှာနေတာလဲ၊ ငါတို့လိုပဲ ကျောင်းသားပဲလား၊ ဘယ်မေဂျာကလဲဟင် ပန်း''

ထက်ဇာနည်အကြောင်း နွယ်နီကိုပြောပြတော့ နွယ်နီဆီက မေးခွန်းတွေ ထွက်လာသည်။ ဒါပေမဲ့ ပန်း မဖြေနိုင်သော မေးခွန်းတွေ ဖြစ်၏။

''ဟင့်အင်း အဲဒါတော့ ငါလည်းမသိသေးဘူး နွယ်နီ၊ ကြေးအိုးဆိုင်မှာ ငါတို့ဆုံဖူးတယ်၊ ပြီးတော့ ဟိုတစ်ခါ ငါတို့ကားကို ပိတ်ရပ်သလိုဖြစ်နေတာ သူ့ကားလေ၊ သူက တို့တက်နေတဲ့စင်တာမှာပဲ ဂျပန်ဘာသာစကားသင်တန်း တက်နေတာတဲ့''

''သိပြီ သူက နင်ကူညီပေးခဲ့တဲ့ကျေးဇူးကို အကြောင်းပြုပြီး





င်မင်ရင်းနှီးဖို့ ကြိုးစားလာတာပေါ့ ဟုတ်လား''

''ဟုတ်မယ် အဲဒီနေ့က နင်သင်တန်းမတက်လို့လေ၊ ငါထိုင်ဘဲ့ ကြေးအိုးဆိုင်ထဲ သူရောက်လာတာ''

နွယ်နီ ခေါင်းလေးညိတ်ကာ စဉ်းစားနေ၏။ ပြီးမှ ပန်းကို ုးနစ်နစ်လေးစိုက်ကြည့်ရင်း

''သေချာတာကတော့ နင်ရှိနေတဲ့ သင်တန်းခန်းမရှေ့မှာ ာင်းပေါက်တော့မှာပဲ''

နွယ်နီစကားကြောင့် ပန်း ကြည်ကြည်နူးနူးလေး ပြုံးမိသည်။ ာန်ထဲမှာလည်း သူ့ပုံရိပ်လေးကို ပြေးမြင်မိသည်။ သူ့အပြုံးတွေ ကြည့်တွေထဲမှာ ဘာတွေရှိနေသည်ကို ပန်း ကြိုတင်မြင်သိသလိုပါပဲ။

နွယ်နီ ပြောသလို သင်တန်းခန်းမရှေ့မှာ သူ စောင့်နေမည် ားတွေးရင်း ရင်ကခုန်ချင်သေး၏။

''ပန်း သူ့ကိုနင် စိတ်ဝင်စားနေပြီလား''

ပန်း မျက်နှာအမူအရာက နွယ်နီ အကဲခတ်လို့ရအောင်ပေါ် ျင်နေပြီလား။ နွယ်နီဆိုတာ ပန်းရဲ့အရင်းနှီးဆုံးသူငယ်ချင်းဖြစ်သလို င်ဖော် တိုင်ပင်ဖက်ဆိုလည်းမမှား။

''ဒီသဘောလည်းမဟုတ်ပါဘူးဟာ၊ ငါနဲ့သူက အခုမှ ရင်းနှီး ္မှီသေးတာကို''

ရှက်သံဝဲဝဲလေးနှင့် ပန်းဆိုတော့ နွယ်နီ သဘောကျသလို င်း ပန်း ပခုံးလေးကိုသိုင်းဖက်သည်။

''ပန်းရယ် နင်နဲ့ငါက ညီအစ်မတွေလိုနေတာပါ၊ နင့်အကြောင်း ာပေါ့၊ ကျောင်းမှာ ဘယ်ယောကျ်ားလေးကိုမှ စိတ်မဝင်စားတဲ့



www.burmeseclassic.com

www.burmeseclassic.com



နင်က ထက်ဇာနည်နဲ့မှ ထူးခြားနေသလိုပဲ၊ ဘာပဲဖြစ်ဖြစ် နင် စိတ်စားတဲ့ယောက်ျားလေးရှိသေးတာ တော်သေးတာပေါ့”

နွယ်နီပြောရင်း သဘောကျသလို ရယ်နေပြန်သည်။ ဒုတိ နှစ်ကတည်းက နွယ်နီက ချစ်သူရည်းစားရကာ အခုချိန်အထိ စိတ် ကိုယ်တူ တွဲနေဆဲဖြစ်သည်။

ပန်းချစ်သူရည်းစား မထားတာကို နွယ်နီ မကြာခဏပြောတ သည်။

“ဘာပဲဖြစ်ဖြစ် သူ့အကြောင်းတွေတော့ နင်သိအောင်စုံ ပေါ့ဟာ၊ ရွေးချယ်သင့်တဲ့သူဆိုရင် ရွေးချယ်ပေါ့”

နွယ်နီက အကြံပေးသလို ထက်ဇာနည်နှင့်ဆုံတော့ ပန်း အတူလိုက်ကာ အကဲခတ်ပေးသည်။

သင်တန်းရှေ့မှာ ကြိုစောင့်ကာ ပန်းနှင့်နွယ်နီကို ထမ်း ကျွေးဖို့ခေါ်သော ထက်ဇာနည်နှင့်ဆိုင်လေးတစ်ဆိုင်ကို ရောက်ခဲ့ကြသ နွယ်နီက ပန်းဘက်က ရှေ့နေလုပ်ကာ ထက်ဇာနည်ကိုမေးမြန်း တော့၏။

“ကိုဇာနည်လို့ပဲခေါ်မယ်နော်၊ ကိုဇာနည်က လက်ရှိကျော တက်နေတုန်းလား”

“ကျွန်တော် ကွန်ပျူတာတက္ကသိုလ်တက်ရင်း ဂျပန်စကား သင်တန်း တက်နေတာပါ မနွယ်နီ”

“ဪ ကျောင်းချင်းမတူလို့မဆုံဖြစ်တာကိုး၊ နွယ်နီတို့ အီကိုကလေ”

“နွယ်နီတို့ကျောင်းကို ကျွန်တော် လာလည်လို့ရမလား”





“အဲဒါ ပန်းကိုမေးလေ၊ ပန်းကခွင့်ပြုရင် လာလို့ရတာပေါ့”

စကားပြော သွက်လက်ချက်ချာသော နွယ်နီကြောင့်ပဲ ထက်ဇာနည်နှင့်ရင်းနှီးမှုတို့ ပိုလို့ခိုင်ကျည်ခဲ့ကြသည်။

သင်တန်းမှာဆုံဖြစ်ကြရုံမကဘဲ ပန်းတို့အိမ်ကိုအထိ ထက်ဇာနည် လာလည်တတ်သည်။

ကင်တင်းနံမှာအတူထိုင်ရင်း ပန်းအကြောင်းတွေကို ပြောပြမိသလို သူကလည်း သူ့အကြောင်းတွေကို ပြောပြသည်။

မိုးကုတ်မှ ရန်ကုန်အထိကျောင်းလာတက်သော ထက်ဇာနည် ၏ပြည့်စုံချမ်းသာမှုက ပန်းတို့ထက်တောင် သာလွန်မှာတော့သေချာသည်။

“ပန်းဖေဖေက ပန်းကို အတော်ချစ်တာပဲနော်၊ ရန်ကုန်မှာ အဆင်ပြေပြေကျောင်းတက်နိုင်အောင် စီစဉ်ပေးထားတာပဲ”

“ဇာနည် ဖေဖေလည်း ဒီလိုပဲမဟုတ်လား၊ လုံးချင်းတိုက်နဲ့ ကားနဲ့ ဘာမှလိုလေသေးမရှိအောင် စီစဉ်ပေးထားတာပဲလေ”

“ဒယ်ဒီက ကိုယ့်ကိုဂရုစိုက်ချစ်ပါတယ်၊ ကိုယ့်အတွက်လည်း ဒယ်ဒီက အချစ်ဆုံးသူပဲ အဲ အခုတော့ တစ်ယောက်တိုးသွားပြီ ပန်းရဲ့”

“ဟင် ဇာနည်တို့က သားအဖနှစ်ယောက်တည်းဆို”

“ဟုတ်တယ်လေ ကိုယ့်မာမီက ကိုယ်ငယ်ငယ်ကတည်းက ဆုံးသွားတာ”

“ဒါဆို ထပ်တိုးသွားပြီဆိုတာက”

“ဒယ်ဒီ့ကိုပဲချစ်ခဲ့ရတဲ့ကိုယ့်ဘဝမှာ နောက်ထပ်ချစ်ရမယ့်သူ တစ်ယောက် တိုးလာတာ၊ အဲဒီသူက ရင်ငြိမ်းပန်းဆိုတဲ့ မိန်းကလေးပဲ”

“အို”

www.burmeseclassic.com

www.burmeseclassic.com



ဝေလည်ကြောင်ပတ်နှင့်ရည်းစားစကားအပြောခံလိုက်ရတာကြောင့် ပန်း မျက်နှာလေး ရဲရဲနီသွားခဲ့၏။

"တောင်းပန်ပါတယ် ပန်းရယ်၊ မေခလာနတ်သမီးလေးလို ကျွန်တော့်နှလုံးသားထဲ ဝင်လာတဲ့မိန်းကလေးက ပန်းပါဗျာ"

ပန်း လက်ဖမိုးပေါ်ကို အုပ်မိုးဆုပ်ကိုင်လာသော သူ့လက်ဖဝါးတွေက နွေးထွေးနေခဲ့သည်။

တလှိုက်လှိုက်ခုန်နေသော ရင်ဘတ်ထဲက နှလုံးသား၏တောင်းဆိုမှုတို့ကို ပန်း မငြင်းဆန်နိုင်ခဲ့ပါ။ တကယ်ဆိုလျှင် မဆွတ်ခင်ကညွတ်ချင်နေခဲ့သော ပန်းအဖြစ်က . . . ။

အချစ်ကို ပန်းနှလုံးသားက ခံစားတတ်ခဲ့ပြီ။

■ ■ ■

အခန်း (၃၇)

"ရင်ငြိမ်းပန်းရေ ရှင့်အဖေရောက်နေတယ်"

အခန်းအပြင်က အသံကြောင့် မှန်တင်ခုံရှေ့မှာ အလှပြင်နေသော ပန်း၊ တွန့်ခနဲဖြစ်သွားသည်။

"အေး အေး အခုလာခဲ့မယ်"

ပြန်ပြောရင်း ပန်း စားပွဲတင်မှန်ထဲကို တစ်ချက်ကြည့်မိ၏။ ...နေ့ ဇာနည်နှင့်ချိန်းထားတာမို့ ပန်းအလှပြင်နေမိတာဖြစ်သည်။ မပြင် ...မှ မှန်ညက်နေအောင် ပြင်ဆင်ဝတ်စားထားသောအသွင်နှင့် ဖေဖေ့ကို ...ဆိုင်တွေ့ဖို့ စိတ်က မလုံသလို ခံစားနေရ၏။

ပြင်ဆင်ထားတာတွေကိုဖျက်၊ အဝတ်အစားတွေကို ပြန်လဲ ...ယ်ဖို့လည်း အချိန်မရှိတော့ပါ။

ဧည့်ခန်းမှာစောင့်နေမည့် ဖေဖေ့ဆီကိုပဲ ပန်း ခပ်သုတ်သုတ်



www.burmeseclassic.com

www.burmeseclassic.com



လေး ထွက်ခဲ့လိုက်သည်။

အဆောင်ညွှန်ခန်းထဲမှာ ထိုင်စောင့်နေသော ဖေဖေက ပန်းကို မြင်တော့ ပါဝါမျက်မှန်ပါးလေးကိုပင့်ကြည့်၏။

"ဟင် ဖေဖေ မျက်မှန်တပ်လိုက်ရတာလား"

ပန်းအိမ်ကို ပြန်မရောက်တာ တစ်လလောက်တော့ရှိပြီထင်သည်။ ဖေဖေ မျက်မှန်တပ်လိုက်ရတာ မသိပါ။ မျက်မှန်နှင့်ဆိုတော့ ဖေဖေ့အသွင်က ပိုပြီးရင့်ကျက်သွားသလိုလို။

"ဟုတ်တယ် သမီး၊ ဟိုတစ်လောက ဖက်ကြောတွေတက်လို့ ဆေးခန်းပြတော့ မျက်မှန်တပ်ဖို့လိုပြီဆိုတာနဲ့ တပ်လိုက်တာလေ၊ ဒါနဲ့ သမီး ဒီနေ့ သင်တန်းမရှိဘူးလား"

ဖေဖေ မေးတော့ တစ်ခါမှမလိမ်ညာဖူးသော ပန်း ဘာပြော မှန်းမသိဖြစ်သွားခဲ့၏။ သို့ပေမယ့် ချက်ချင်းပဲ လိမ်ညာဖို့အသင့်ဖြစ်နေ၏

"ဟို အဲ ဒီနေ့ မတက်ဖြစ်တာပါ ဖေဖေ၊ ကျောင်းကသူငယ် ချင်းတစ်ယောက် အလှူရှိလို့လေ"

အတွေးထဲ ရုတ်ချည်းဝင်လာသော အကြောင်းပြချက်ကို ဖေဖေယုံကြည်ပါ့မည်လား စိုးရိမ်မိသေးသည်။ ဇာနည်နှင့်ချစ်သူတွေဖြ ကတည်းက ပန်း သင်တန်းပျက်တာ သုံးကြိမ်လောက်ရှိပြီ။

ဖေဖေကတော့ ပန်းစကားကို ယုံကြည်သွားဟန်တူသည်။ ယ ဝတ်စားပြင်ဆင်ထားတာကြောင့်လည်း ဖြစ်မည်။

"သမီးနေကောင်းတယ် မဟုတ်လား၊ သမီးမေမေက စားစရာ တွေ ထည့်ပေးလိုက်တယ်"

စားပွဲပေါ်တင်ထားသော ဆွဲခြင်းကို တစ်ချက်ကြည့်ကာ ဖေ





ပြောတော့ ပန်း ခေါင်းလေးညိတ်ပြရင်း

"ဟုတ်ကဲ့ ဖေဖေ၊ ဒါနဲ့ မေမေကော နေကောင်းတယ်နော်"

"အင်း ကောင်းတယ်ပဲဆိုပါတော့၊ ဒါပေမဲ့ ဒီရက်အတွင်းမှာ ခေါင်းမူး ခေါင်းကိုက်လောက်တော့ မကြာခဏဖြစ်နေတယ်"

"ဟုတ်လား မေမေက အိမ်အလုပ်တွေကိုတစ်ယောက်တည်း လုပ်နေရရှာတာ ဖေဖေရဲ့၊ သမီးအတွက်လည်း ချက်ပြုတ်ဖို့မပေးပါ သမီး အဆင်ပြေပါတယ်"

"ဖေဖေ သမီးဆီသွားမယ်ဆိုတာသိတော့ သမီးမေမေက သမီး ကြိုက်တာလေးတွေ ချက်ပြုတ်ကြော်လှော်ပေးချင်တယ်တဲ့လေ၊ သူ့သမီး အိမ်ထမင်းဟင်း မစားရတာကြာပြီတဲ့"

ဖေဖေ့စကားကြားတော့ မေမေ့မျက်နှာကို ပန်း ပြေးမြင်မိသေး ပန်းအိမ်မပြန်ဖြစ်တာပဲ လေးပတ်ကျော်ပြီမို့ တစ်လလောက်တော့ ပြီ။

ပြီးခဲ့သည့်အပတ် ကျောင်းပိတ်ရက်က နှယ်နီတောင် အိမ် ပြန်သည်။ ပန်းကတော့ မပြန်ဖြစ်ခဲ့ပါ။ သင်တန်းလည်းမတက်ဖြစ်ဘဲ ဇာနည်နှင့်လည်ပတ်ဖြစ်ခဲ့တာဖြစ်သည်။

"သမီးလည်း ကျောင်းတစ်ဖက် သင်တန်းတွေတစ်ဖက်နဲ့ နေပြီ၊ ကျန်းမာရေးကိုတော့ ဂရုစိုက်နော် သမီး"

ပန်း ခေါင်းလေးညိတ်ပြလိုက်ရပေမယ့် စိတ်ထဲကတော့ လိပ် ချင်ပါ။ ဖေဖေတို့အပေါ် မညာချင်ပေမယ့် ညာတတ်နေပြီ။

"ဖေဖေ့ရဲ့လုပ်ငန်းတွေလည်း မျှော်မှန်းထားတာထက် အောင် တယ် သမီး၊ ဒီနှစ်နွေကျောင်းပိတ်ရက်ကျရင် သမီးမြင်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



မှာပါ''

''ဟုတ်လား သမီး ဖေဖေ့စက်ရုံကို လိုက်ကြည့်ချင်ပါတယ် မေမေ့ကိုလည်း ပြောပြလိုက်ပါ ဖေဖေ၊ နွေကျောင်းပိတ်ရက်ကျမှ သမီး ဆုံကြမယ်နော်''

''အင်းပါကွယ် စနေ တနင်္ဂနွေပိတ်ရက်က သမီးသင်တန်း ကျူရှင်နဲ့ ဖေဖေတို့ဆီပြန်လာလည်း ပင်ပန်းပါတယ်''

ဖေဖေ စေတနာမေတ္တာ ပြည့်ဝစွာနှင့်ပြောသော စကားဆိုပေ ပန်း အကြွင်းမဲ့ယုံကြည်ပေမယ့် ကိုယ့်ဘာသာကိုယ် မလုံမလဲဖြစ်နေ

''ဩော် သမီး သမီးသုံးဖို့ ငွေလိုသေးလား''

''သမီးမှာရှိပါသေးတယ် ဖေဖေ''

ပန်း ငြင်းပေမယ့် ဖေဖေက ပေါင်ပေါ်က သားရေအိတ် ကိုဖွင့်ကာ ငွေတစ်ထပ်ကို ထုတ်ပြီးဖြစ်နေ၏။

''လိုလိုမယ်မယ် ယူထားလိုက် သမီး၊ ဖေဖေကလည်း စက် ကမ္ဘာရုံးခန်း ပြေးနေရတော့ သမီးဆီ ခဏခဏ မလာနိုင်ဘူး လိုတာရှိရင် ဖုန်းဆက် ဟုတ်လား''

''ဟုတ်ကဲ့ပါ ဖေဖေ''

စားပွဲပေါ်က ဆွဲခြင်းထဲကို ပိုက်ဆံတွေထည့်ပေးပြီး ပန်းဘ လှမ်းတိုးရွှေ့ပေးပြီးမှ

''သမီး သွားစရာရှိသေးတယ် မဟုတ်လား''

''ဩော် ဟုတ်ကဲ့ဖေဖေ၊ အခုပဲ အလျှိုသွားမလို့လေ''

''အေး အေး ဖေဖေပြန်မယ် သမီး၊ ကျန်းမာရေးကိုဂရုစိုက် နော် သမီး''





''ဟုတ်ကဲ့ ဖေဖေ''

သမီးကိုနှုတ်ဆက်ပြီး ပြန်ခဲ့ရပေမယ့် သမီး မျက်နှာလေးကို ကြည့်မဝသေးသလို ပြောချင်သောစကားတွေကလည်း ရင်ထဲမှာကျန်ရှိ နေသေးသည်။

တကယ်ဆို သမီးရဲ့အဆောင်ကိုလာစဉ်က သူ့မှာစိတ်ကူးတွေ အနေတွေ အများကြီးနှင့်ဖြစ်သည်။ သမီးကိုခေါ်ပြီး ကြေးအိုးဆိုင်ကောင်း ကောင်းတစ်ဆိုင်ကို သွားစားကြမည်။

အိမ်ကိုပြန်မရောက်တာ တစ်လကျော်ကြာပြီဖြစ်သည့် သမီး ကို စကားတွေအများကြီး ပြောချင်သည်။

''သမီးလေးကို ကျောင်းပိတ်တစ်ရက် အိမ်ပြန်ခဲ့ဖို့ ငြိမ်းမှာ တယ်လို့ ပြောပေးဦးနော် မောင်''

ငြိမ်း မှာလိုက်သောစကားကိုလည်း သူ မပြောဖြစ်ခဲ့ပါ။ အပြင်သွားစရာကိစ္စတစ်ခုနှင့် ပြင်ဆင်ထားသောသမီးကို သူ ကြေးအိုး ဆိုင်ကိုလည်း မခေါ်ဖြစ်ခဲ့ပါ။

သမီးလေးခမျာ အချိန်ပိုမရှိအောင် ချာလည်နေတာကိုပဲ သူ သနားမိသည်။

နွေကျောင်းပိတ်ရက်တွေရောက်မှပဲ သမီးလေးနဲ့မိသားစုပျော် ပျော်ရွှင်ရွှင် ဆုံတွေ့ကြတော့မည်။ ဒီအချိန်မှာတော့ သမီးလေးကို လွမ်းသည့်စိတ်တွေကို သူကော ငြိမ်းပါ မျိုသိပ်ထားကြရဦးမည်။

■ ■ ■



www.burmeseclassic.com

## အခန်း (၃၈)

"ဒါဆို ကိုက ရည်ရွယ်ချက်နဲ့ ဂျပန်စကားပြောသင်တ
တက်နေတာပေါ့ ဟုတ်လား ကို"

"ဟုတ်တယ် ပန်းရဲ့၊ ကိုယ်ဆယ်တန်းအောင်တော့ ဆေး
ကျောင်းတက်ခွင့်ရပေမယ့် ကိုယ်က ကွန်ပျူတာတက္ကသိုလ်တက်
ဒယ်ဒီ့ကို တောင်းဆိုကြည့်တယ်၊ ဒယ်ဒီက ခွင့်ပြုတယ်၊ ကိုယ်ဘွဲ့
ဂျပန်မှာ ကွန်ပျူတာနဲ့သက်ဆိုင်တဲ့ ဒီလိုပမာသင်တန်းတွေ ဒယ်ဒီ
တက်စေချင်တယ်တဲ့"

"သြော် ဒါကြောင့် ကိုက ဂျပန်စာကိုသင်နေတာကိုး"

ဇာနည် ခေါင်းညိတ်ပြရင်း ပန်းကိုငေးငေးလေးစိုက်ကြည့်
"ပန်းကကော ရည်ရွယ်ချက်တွေနဲ့ သင်တန်းတက်နေ
မဟုတ်လား၊ ဘွဲ့ရပြီးချိန်မှာ တတ်သင့်တဲ့ပညာတွေလည်း စုံလင်
ကျွမ်းရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လေ"

"ဟင် ကို သိနေတယ်"





"သိတာပေါ့၊ ဘွဲ့ရပြီးတာနဲ့ ပန်းက ပန်းဖေဖေရဲ့လုပ်ငန်းတွေ
ကို ဦးစီးလုပ်ကိုင်နိုင်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်မဟုတ်လား"

ပန်း စိတ်ကူးရည်ရွယ်ချက်တွေကို ပန်းတစ်ခါမှ မပြောပြဖူး
ဘဲ ကို ဘာကြောင့် သိနေတာလဲ အံ့ဩမိ၏။

ပန်း မျက်ဝန်းလေးတွေ ဝိုင်းစက်အံ့ဩနေတာကိုပဲ ဇာနည်က
ပြုံးပြုံးကြီးကြည့်နေဆဲ။

"ကို ဘယ်လိုသိတာလဲ၊ ပန်း မပြောဖူးပါဘူး"

"နွယ်နီ ပြောပြတာလေ"

"ကြည့်စမ်း ဒါကြောင့်ကိုး"

"ကိုယ်က ပန်းအကြောင်းတွေ အားလုံးသိထားပြီးသားပါ၊
ပန်းကိုသိပ်ချစ်တဲ့ ဖေဖေနဲ့မေမေက ပန်းကိုလစဉ် စားသောက်စရာတွေ
ခုံးကလာပို့ပေးတာကော အားလုံးသိတယ်"

ဇာနည် စကားကြောင့် ပန်း ရင်ထဲထိတ်သွား၏။ နွယ်နီ
အားလုံးကို ပြောပြလိုက်သည်လား။ ပန်းက ဖေဖေတို့ရဲ့မွေးစားသမီးဆို
တာကို ဇာနည်သိနေသလား။

"ကို့ကို နွယ်နီပြောပြတာလား၊ နောက်ထပ် ဘာတွေထပ်သိ
ထားသေးလဲ"

"ပန်းမိဘတွေက ပန်းကိုသိပ်ချစ်သလို ပန်းကလည်း သူ့မိဘ
တွေကိုအရမ်းချစ်တယ်တဲ့၊ ဒါကြောင့်လည်း ကျောင်းပြီးရင် မိဘအလုပ်
တွေကို ပန်း ဦးဆောင်ပြီး ပန်းမိဘတွေကို ပြုစုကျွေးမွေးမယ့် သမီး
လိမ္မာလေး မဟုတ်လား"

ပန်း မေးဖျားလေးကို ကိုင်မော့ရင်း ဇာနည် ပြောသည်။
အပြုံးရိပ်တို့တောက်ပနေသော မျက်ဝန်းတွေထဲမှာ နှိုးသားမှုအရိပ်တွေကို

www.burmeseclassic.com



ပန်း မြင်နေသည်။

ထိုထက်ပို၍ ဇာနည် သိထားပုံမရှိပါ။ နွယ်နီကလည်း ပန်း
မိသားစု၏အရေးကိစ္စတွေကို ပြောမည်မဟုတ်။

"ပြောလေ ပန်း၊ ကိုယ်သိထားတာတွေ ပြောတာတွေ မမှာ
ဘူးမို့လား"

"မမှားပါဘူး ကိုရယ်"

"သမီးအလိမ္မာလေးက မိဘတွေသဘောမတူလို့ဆိုပြီး ကိုယ့်
ကိုတော့ မစွန့်ပစ်လိုက်ပါနဲ့နော် ပန်း"

"ကိုရယ် ဖေဖေ မေမေတို့က ကိုလိုလူတစ်ယောက်ကို ဘာ
လက်မခံရမှာလဲ၊ အဲဒါကို ဘက်က စိုးရိမ်စရာမလိုဘူး၊ ပန်းကသာ
စိုးရိမ်ရမှာ၊ တော်ကြာ ကို့မိဘတွေက ပန်းနဲ့သဘောမတူဘူးဆို ဘယ်
လုပ်မလဲ"

ဇာနည် ခေါင်းကိုသွက်သွက်ခါရမ်းရင်း ပန်း ပခုံးလေး
သိုင်းဖက်သည်။

"ကိုယ့်ဒယ်ဒီက သဘောမတူစရာအကြောင်းမရှိဘူး၊ ကိုယ်
ချင်တာတွေကို အမြဲတမ်းလုပ်ပေးခဲ့တဲ့ဒယ်ဒီက အိမ်ထောင်ဖက်ကိုလည်း
ကိုယ့်စိတ်တိုင်းကျရွေးချယ်ခွင့်ပေးပြီးသားပါ၊ အဲ တစ်ခုတော့ ဒယ်ဒီ
ကိုယ့်ကိုကတိတောင်းထားတယ်"

"ဘာကတိလဲ ကို"

"ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်ဖို့အတွက် ရည်ရွယ်ထား
ပညာတွေမစုံမချင်း အိမ်ထောင်မပြုဖို့ပါ၊ ကိုယ်ဘွဲ့ရတာနဲ့ ဂျပန်
ပညာဆက်သင်ရမယ်၊ ပြီးရင် ကိုယ်ကျွမ်းကျင်တဲ့ပညာနဲ့ စီးပွား
လုပ်ငန်းတစ်ခု ဒယ်ဒီက တည်ထောင်ပေးမယ်၊ ဒါတွေပြည့်စုံရင် ကို





သဘောကျနှစ်သက်တဲ့ မိန်းကလေးကို လက်ထပ်ယူတဲ့"

"ကို့ဒယ်ဒီက ကို့အနာဂတ်အတွက် ကတိတောင်းတာ ဖြစ်မှာ
ပါ"

"ဟုတ်တယ် ပန်း၊ ဒယ်ဒီတုန်းက ဘိုးဘိုးသဘောမတူဘဲ
ညာတစ်ပိုင်းတစ်စနဲ့ အိမ်ထောင်ပြုလိုက်လို့ ဘိုးဘိုးက အမွေဖြတ်ခဲ့
တယ်၊ မိသားစုဘဝကို ဒယ်ဒီခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတယ်လေ၊ ဒါ
ကြောင့် ကိုယ့်အလှည့်မှာ ဒယ်ဒီက စိုးရိမ်နေတာ"

ဇာနည်ရဲ့ဒယ်ဒီကို မမြင်ဖူးပေမယ့် ပန်း နားလည်နိုင်ပါသည်။
တစ်ဦးတည်းသောသား ဇာနည်အပေါ်မှာ သိပ်ချစ်ရှာမှာ သေချာသည်။

ဖေဖေတို့လည်း ပန်းကိုသိပ်ချစ်ခဲ့တာပဲလေ။

ပန်းက သွေးသားရင်းချာမဟုတ်ပေမယ့် ဖေဖေတို့ရဲ့ချစ်ခြင်း
မေတ္တာကို ပြည့်ဝစွာပိုင်ဆိုင်ခဲ့ရ၏။

ဒီအကြောင်းတွေကို တစ်ချိန်ချိန်မှာတော့ ဇာနည်ကို ပန်း
ဖွင့်ပြောပြဖြစ်မှာပါ။ မွေးစားသမီးဆိုပေမယ့် ဖေဖေတို့ပန်းကို ဘယ်
လောက်ထိချစ်သလဲ ဇာနည် သိထားသည်။

ပန်း ဖွင့်ပြောလိုက်လျှင် အံ့သြသွားရုံကလွဲလို့ ဇာနည်အတွက်
ဘာပြဿနာမှ မရှိနိုင်တာလည်း သေချာသည်။

ပန်းနှင့်ဇာနည်တို့အခြေအနေက နှစ်ဖက်မိဘတွေ မကြည်ဖြူ
စရာအကြောင်းမှ မရှိဘဲလေ။

အရေးကြီးတာက ပန်းနှင့်ဇာနည်တို့ရည်ရွယ်ချက်တွေအတိုင်း
ဆက်ကြိုးစားကြဖို့ပဲ မဟုတ်လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၉)

စာမေးပွဲနောက်ဆုံးနေ့မှာ ဇာနည် ပန်းကိုလာစောင့်နေခဲ့သည်။ စာမေးပွဲဖြေဆိုပြီးသွားပြီမို့ နွယ်နီကလည်း သူမချစ်သူနှင့်လည်ပတ်ဖို့ အစီအစဉ်ရှိသည်။

ပန်းတို့လည်း ပျော်ပျော်ပါးပါး လျှောက်လည်ကြဖို့ ချိန်းဆို ထားကြတာဖြစ်၏။

"ပန်း ဖြေနိုင်တယ်မဟုတ်လား"

"ဖြေနိုင်ပါတယ် ကို၊ ကို ရောက်နေတာ ကြာပြီလား"

"တစ်နာရီလောက်ရှိပြီ၊ ကင်တင်းနံမှာ ဝေါင်တောင်တောင် ထိုင်စောင့်နေရတာ ပျင်းလိုက်တာ"

"ဆိုင်ရှေ့ကဖြတ်သွားသမျှ ကောင်မလေးတွေကို လိုက်ငေး နေတာမဟုတ်လား၊ ကို့ခေါင်းကြီးတောင် ညာဘက်စောင်းနေသလို





ဟောင်း ဟင်း"

"ပန်းနော် မခံနိုင်အောင် လာမပြောနဲ့၊ ဇာနည်ဆိုတဲ့ကောင် ခေါင်းသားက တစ်ယောက်တည်းဆိုတာ အားလုံးမြင်အောင် သက်သေပြ ပိုက်ရမလား"

ဇာနည် မျက်မှောင်ကြီးကုပ်ကြည့်ရင်း မကျေမနပ်ပြောတော့ ပန်း သဘောကျစွာရယ်မောရင်း

"နောက်တာပါ ကိုရယ်၊ ကဲ ဘယ်သွားမှာလဲ"

ဇာနည် လက်မောင်းကိုဝိုတွယ်ရင်း ပန်း မေးနေတုန်း ကျောပိုး အိတ်လေးထဲက ဟန်းဖုန်းလေးက မြည်လာတာမို့

"ခဏလေး ကို၊ နွယ်နီလား မသိဘူး"

ဖုန်းလေး ထုတ်ကြည့်တော့မှ နွယ်နီဆီကမဟုတ်ဘဲ ဖေဖေ့ဆီ က ဖုန်းဆက်တာဖြစ်နေသည်။

"ဖေဖေ့ဆီက ကိုရဲ့၊ ခဏလေးနော်"

ဇာနည့်ကိုပြောရင်း ပန်း ဖုန်းကိုဖွင့်နားထောင်လိုက်တော့ ဖေဖေ့အသံကို ပီပီသသကြားရ၏။

"သမီး ဖေဖေပါ၊ စာမေးပွဲဖြေနိုင်ရဲ့လား သမီး"

"ဖြေနိုင်ပါတယ် ဖေဖေ၊ အခုပဲ စာမေးပွဲခန်းထဲက ထွက်လာ တာဖေဖေရဲ့"

ဇာနည် ကြားအောင် ပန်း စပီကာပါဖွင့်ပေးထားတာမို့ ဇာနည် ကလည်း ပြုံးပြုံးလေး နားထောင်နေသည်။

"ဝမ်းသာတယ် သမီး၊ သမီး ဒီညနေ ပြန်ရောက်မှာလား၊ ဟိုမှာ မေမေက မျှော်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို အဲ သမီး မနက်ဖြန်မှပြန်လာမယ် ဖေဖေ၊ ဒီနေ့ ကျောင်းက သူငယ်ချင်းတွေနဲ့လျှောက်လည်ကြမလို့ နွယ်နီလည်းပါတယ် ဖေဖေရဲ့"

တစ်ဖက် ဖေဖေ့အသံ ခဏတော့တိတ်သွား၏။ ပြီးမှ

"ဩော် အင်း အင်းပါ သမီး၊ မနက်ဖြန်ကျမှ ဖေဖေတို့ဆုံကြတာပေါ့"

"ဟုတ်ကဲ့ ဖေဖေ၊ မေမေ့ကိုလည်း ပြောလိုက်နော်၊ သမီးပြန်လာတော့မယ်လို့"

"ကောင်းပြီ သမီး၊ ဒါပဲနော် သမီး"

"ဟုတ်ကဲ့ ဖေဖေ"

ပန်း ဖုန်းပိတ်လိုက်တော့ ဇာနည်က ခေါင်းကိုဆတ်ခနဲ လှမ်းပုတ်လာရင်း

"သမီးအလိမ္မာတုံးလေးက ဒီလိုပဲ အဖေကိုညာရသလား"

"ကိုနော် ခုချက်ချင်း အဆောင်ပြန်ပို့ပြီး အိမ်တန်းပြန်လိုက်ရမှာလား"

"အာ မလုပ်ပါနဲ့ကွာ၊ ဒီတစ်ရက်လေးတော့ ကိုယ်နဲ့အတူရှိပေးပါ၊ နွေကျောင်းပိတ်ရက်တစ်ခုလုံး ခွဲနေရမှာလေ"

ပန်း ခါးလေးကို သိုင်းဖက်ရင်း ဇာနည်ပြောတော့ ပန်းမျက်စောင်းလေးထိုးမိ၏။

တကယ်ဆို ကိုနှင့်ခွဲခွာနေရမည့် နွေကျောင်းပိတ်ရက်အတွက် ပန်းလည်း ကြိုတွေး လွမ်းကြည့်မိရုံနှင့် ရင်ထဲမှာနွမ်းမောချင်ချင်။

ကို့ကို ပန်းသိပ်ချစ်ခဲ့တာပါ ကိုရယ်။

■ ■ ■



## အခန်း (၄၀)

ခြံထဲကို ပန်း ကားလေးထိုးဝင်လာကတည်းက ဖေဖေ ဆင်ဝင်အောက်က စောင့်ကြိုနေသည်။

"ဖေဖေ မေမေကောဟင်"

"ညှော်ခန်းထဲမှာရှိတယ် သမီး"

ပန်း ဖေဖေ့ကိုကျော်ပြီး ညှော်ခန်းထဲလှမ်းကြည့်တော့ ထိုင်ခုံမှာထိုင်နေသော မေမေ့ကိုတွေ့သည်။

"မေမေ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား ဖေဖေ"

ပန်း ဖေဖေ့ကိုမေးရင်း ခြေလှမ်းတွေက မေမေ့ဆီကို ခပ်သွက်သွက်လှမ်းခဲ့ပြီးဖြစ်နေသည်။ မေမေက ပန်းကိုပြုံးပြရင်း လက်ကမ်းပေးရုံသာပြီး မတ်တပ်တောင် မရပ်နိုင်ရှာ။

"မေမေ မေမေ နေမကောင်းဘူးလား"

"အင်း သိပ်နေမကောင်းဘူး သမီး၊ ဆေးသောက်ထားတော့ ခေါင်းကမူးနေလို့ ထွက်မကြိုနိုင်တာ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အပြုံးတွေက တောက်ပနေပေမယ့် မေမေ့မျက်နှာက ညှိုးလျော်နေသည်။ မေမေ့မျက်နှာလေး သိသိသာသာ ချောင်ကျသွားသည်မို့လည်း ပန်း စိုးရိမ်သွားမိ၏။

"ဘာဖြစ်လို့လဲ မေမေ၊ နေမကောင်းတာ ကြာပြီလားဟင်"

မေမေ့လက်ဖဝါးလေးကိုဆုပ်ကိုင်ကာ ဘေးကပ်ထိုင်ရင်း ပန်း မေးတော့ ဖေဖေ အနားရောက်လာကာ

"တစ်ပတ်လောက်တော့ ရှိပြီ သမီး၊ အာရုံကြောအားနည်းလို့ တဲ့၊ စောစောကပဲ ဆေးတွေသောက်ထားလို့ သမီးရဲ့"

"သမီးကို ဖုန်းဆက်တုန်းက ဘာလို့မပြောတာလဲ ဖေဖေရယ် မေမေ နေမကောင်းကတည်းက ဖုန်းဆက်ပြောရောပေါ့"

"ဩော် သမီး စာမေးပွဲရက်ကြီး စိတ်ပူမှာစိုးလို့ပါ၊ မနေ့က လည်း သမီးသူငယ်ချင်းတွေနဲ့ လည်ပါစေဆိုပြီး ဖေဖေ မပြောဖြစ်တာပါ"

ပန်း လိပ်ပြာမလုံသလို ဖြစ်သွားရသည်။ မနေ့က ဖေဖေ့ကို ညာခဲ့တာ ကိုယ်တိုင်ပဲအသိဆုံးဖြစ်သည်။ မေမေ နေမကောင်းဆိုလျှင် ပန်း ပြန်လာဖြစ်အောင် ကြိုးစားမှာဖြစ်၏။

"အခု သမီးရောက်လာပြီပဲကွယ်၊ မေမေ သက်သာပါတယ် ဩော် မညိုစိမ့် လာပါဦး သမီးနဲ့မိတ်ဆက်ပေးရဦးမယ်"

အိမ်ခန်းတံခါးဝက မတ်တပ်လေးရပ်ကြည့်နေသော မိန်းမကြီး ကို မေမေ လှမ်းခေါ်မှပဲ ပန်း မြင်မိတာဖြစ်၏။ ဒေါ်ညိုစိမ့်ဆိုသော မိန်းမကြီးက ပန်းတို့အနားလျှောက်လာကာ ရှိုရှိုလေးရပ်နေ၏။

"ထိုင်ပါ မညိုစိမ့်၊ ဒါ ငြိမ်းတို့သမီးလေးလေ ရင်ငြိမ်းပန်းတဲ့ သမီး မညိုစိမ့်က မေမေတို့အိမ်မှုကိစ္စတွေအတွက် ခေါ်ထားတာလေ မေမေ သိပ်နေမကောင်းတော့ မညိုစိမ့်ကိုပဲ အားကိုးရမှာ"

အိမ်အကူတစ်ယောက် ခေါ်လိုက်တာကို ပန်းမသိပါ။ ဒါပေမဲ့





မေမေ သက်သာသွားသည့်ကိစ္စမို့ သဘောတူသည်။

"သမီး မေမေက နေမကောင်းဖြစ်မှပဲ မီးဖိုခန်းထဲက ထွက်ခွင့်တာကွ၊ မနက်ကတောင် သမီးစားဖို့တဲ့ ဟင်းတွေ ဘယ်လိုချက်ဘာညာနဲ့ မညိုစိမ့်ကို စီမံခိုင်းနေသေးတာ"

"သမီးအကြိုက်ကို မညိုစိမ့် သိအောင်ပြောပြတာပါ မောင်ရဲ့"

"ဟုတ်ပါတယ်ကွာ၊ ဘာပဲဖြစ်ဖြစ် သမီးရောက်လာပြီဆိုတော့ ငြိမ်း ဝေဒနာတစ်ဝက် သက်သာသွားပြီမဟုတ်လား"

ဖေဖေ့စကားကြောင့် မေမေ ပြုံးပြုံးလေးခေါင်းညိတ်ကာ ပန်း ကို ကြည့်သည်။ ပန်း မေမေ့ကိုသိုင်းဖက်ရင်း

"မေမေ နေကောင်းအောင်နေနော်၊ သမီး မေမေနဲ့အကြာကြီး နေမှာပါ"

မေမေက ပန်းခေါင်းက ဆံနွယ်တွေကိုပွတ်သပ်ရင်း ပြုံးနေဆဲ၊ ပန်းတို့သားအမိကိုကြည့်ရင်း ဖေဖေရဲ့မျက်နှာကလည်း အပြုံးတွေ ဝေဆာနေသည်။

ပန်းအတွက်တော့ ဖေဖေ မေမေတို့အရိပ်သည် အမြဲတမ်း အေးစွေးငြိမ်းချမ်းနေတာ သေချာသည်။ ဒီလိုချစ်ခြင်းမေတ္တာတွေ ပြည့်ဝနေလျက်နှင့် နောက်ထပ်ရင်ခွင်တစ်ခုကို ပန်းမျှော်လင့်ချင်နေတာ ဖြစ်သင့်ရဲ့လား။

ပန်းမှာချစ်သူရှိနေခဲ့ပြီဆိုတာသိလျှင် ဖေဖေနှင့်မေမေတို့ ဘယ်လိုခံစားရမည်လဲ။

ဒီအချိန်မှာတော့ ပန်း ပြောထွက်ဖို့ နှုတ်က မဝံ့ရဲသေးတာ အမှန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

စားပွဲပေါ်ရှိ ဓာတ်ပုံလေးကိုကြည့်ရင်း ငြိမ်းရင်ထဲမှာ ဝမ်းနည် စိတ်က လှိုက်ဖိုတက်လာသည်။ မောင်ရယ် ငြိမ်းရယ် သမီးလေးရယ် ရိုက်ထားသော ဓာတ်ပုံလေးထဲမှာ သုံးယောက်စလုံး အပျော်အပြုံးတွေ ဝေနေခဲ့ကြသည်။

ဒီလိုပျော်ရွှင်စရာမိသားစုဘဝလေးကို ငြိမ်း အကြာကြီးပိုင်ဆိုင် ရဦးမည်ဟုပဲ မျှော်လင့်ခဲ့သည်။

အခုတော့ မမြင်နိုင်သော ကံကြမ္မာက ငြိမ်းချစ်သောမိသား ဘဝလေးမှာ ငြိမ်းကို အကြာကြီးရှင်သန်ခွင့်မပြုတော့ပါ။

ဒါကိုသာ သမီးလေးသိလျှင် ဘယ်လောက်ဝမ်းနည်းရှာမည်လဲ ငြိမ်း မတွေးရဲပါ။

မောင်နှင့်သမီးလေးအနားက ငြိမ်းကို ခေါ်ထုတ်သွားမည်





ကင်ဆာဆိုသော ဝေဒနာဆိုးကြီး ငြိမ်း ပိုင်ဆိုင်နေရပြီဆိုတာ သိခဲ့သည့် နေ့က. . .

ငြိမ်း တုန်လှုပ်ချောက်ချားစွာ ငိုကြွေးမိ၏။ မောင်သည်လည်း မျက်ရည်တွေ စီးကျလျက် ငြိမ်းကို လွတ်ထွက်သွားမတတ် ဖက်ထား ရင်း သွေးပျက်ထိတ်လန့်နေခဲ့သည်။

ငြိမ်း သိပ်ကိုကံဆိုးပါသည်။ ဒီလောက်အထိ ဆိုးဝါးလှသော ဝေဒနာကြီးကိုမှ ငြိမ်း ပိုင်ဆိုင်ရသတဲ့လား။

ငြိမ်းချစ်တဲ့သူတွေကို ထားရစ်ခဲ့ဖို့အတွက် ကြိုတင်သေမိန့်ချ ခံလိုက်ရသည့်အဖြစ်။

"ငြိမ်း ငြိမ်းဘာမှမဖြစ်စေရဘူး၊ မောင် မောင် ငြိမ်းကိုအတတ် နိုင်ဆုံးကုသမယ်၊ အိုကွာ မောင့်မှာရှိတဲ့စည်းစိမ်တွေ ဘယ်လောက်ကုန် ကုန် မောင် အဆုံးရှုံးခံနိုင်တယ် ငြိမ်းကို မောင်မဆုံးရှုံးပါရစေနဲ့"

မျက်ရည်စတွေကြားက ဗလုံးဗထွေးဆိုရင်း မောင် သတိ သက်လွတ် ငိုကြွေးနေတာကို ငြိမ်း နှစ်သိမ့်ဖေးမဖို့ ဘာစကားမှမရှိခဲ့ပါ။

အမြဲတမ်း မောင့်ကိုနှစ်သိမ့်ခဲ့သော ဖေးမကြင်နာပေးခဲ့သော ငြိမ်းမှာ ခွန်အားတွေပျောက်ဆုံးသွားခဲ့သည်။

တိကျသေချာတဲ့ဆေးစစ်ချက်မှတ်တမ်းကြီးက သက်သေဖြစ် နေပြီပဲလေ။ ငြိမ်းရဲ့ခန္ဓာကိုယ်ထဲမှာ ပျံ့နှံ့နေတဲ့ကင်ဆာအကြိတ်တွေက ဘယ်လိုမှ ကုသမရနိုင်တော့တဲ့ အခြေအနေဆိုတာကိုလည်း ပါရဂူကြီး တွေက ရှင်းပြထားသည်။

တကယ်တမ်း သေခြင်းတရားကို ရင်ဆိုင်ရပြီဆိုမှ ငြိမ်းတုန် လှုပ်မိသည်။ မောင် ငိုကြွေးခံစားနေတာကိုလည်း မမြင်ရက်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းက မောင်တစ်ခုခု ခံစားစိတ်ညစ်လျှင် ငြိမ်းပဲဖေးပေး တာပဲ။ အခုလည်း ငြိမ်း မောင့်ကိုနှစ်သိမ့်နိုင်ရမည်။ ငိုကြွေးနေ၍ ဘာမှဖြစ်မလာနိုင်ဘူးလေ။

သမီးရှိမနေတဲ့ အိမ်ကြီးမှာ မောင်နှင့်ငြိမ်း ရှင်သန်လျက်နှ သေဆုံးနေကြတဲ့ဘဝမျိုး မဖြစ်စေချင်ဘူး။

"မောင် ဖြစ်လာတဲ့အခြေအနေကို ငြိမ်းတို့ရင်ဆိုင်ရအောင်"

"ငြိမ်းရယ် မောင် မောင် အရမ်းခံစားရတယ်ကွာ"

ပြောရင်း မျက်ရည်တွေပါ ပေါက်ခနဲကျလာသော မောင့်ပါးပြင် နှစ်ဖက်ကို ငြိမ်း လက်ဖဝါးတွေနှင့် ပွတ်သပ်နှစ်သိမ့်မိသည်။ မောင့် မျက်နှာကို ငြိမ်းရင်မှာ ဆွဲကပ်ပွေ့ဖက်ထားမိ၏။

"မငိုပါနဲ့ မောင်ရယ်၊ မောင့်မျက်ရည်တွေကို ငြိမ်း မမြင်ရဲ ဘူး၊ တစ်နေ့မဟုတ်တစ်နေ့ ငြိမ်းတို့ခွဲရမှာပဲလေ၊ ဒါကို မောင်လက်ခံ တယ်မဟုတ်လား"

"ငြိမ်းရယ် မောင့်ကိုမနှစ်သိမ့်ပါနဲ့၊ ငြိမ်းနဲ့မောင်နဲ့ သမီးလေး တို့အနာဂတ်အတွက် မောင် မျှော်လင့်ထားတာ အများကြီးပါ"

"ငြိမ်း မရှိတော့ပေမယ့် သမီးလေးအနားမှာ မောင်ရှိနေဦးမှာ လေ၊ အဲဒီအတွက် ငြိမ်း ကျေနပ်ပါတယ်"

"မဟုတ်ဘူး သမီးလေးအတွက် ငြိမ်းကော မောင်ပါရှိနေရမှာ"

"သမီးလေးကို သိပ်ချစ်တဲ့မောင် သမီးလေးအနားမှာရှိနေနိ တာကိုပဲ ငြိမ်း ဝမ်းသာကျေနပ်တယ်၊ ငြိမ်း စိတ်ချယုံကြည်စွာထွက်ခွာ သွားနိုင်တယ် မောင်ရယ်"

"တော် တော်ပါတော့ ငြိမ်းရယ် မပြောပါနဲ့တော့"





ငြိမ်းမျက်နှာကို မောင်ကပါးမှာအပ် ဖက်ထားရင်းတားသည်။ မောင့်ဆံပင်တွေကို ငြိမ်း ညင်သာစွာပွတ်သပ်ပေးနေမိဆဲ။

"မောင် ငြိမ်းရောဂါကို သမီးလေး မသိပါစေနဲ့နော်၊ မောင်နဲ့ ငြိမ်းပဲ သိထားပါစေ"

"ငြိမ်းရယ်"

"သမီးလေးရည်ရွယ်ချက်တွေအတိုင်း စိတ်ဖြောင့်ဖြောင့်ကြီး စားပါစေကွယ်၊ ပြီးရင် ငြိမ်း ရောဂါကြီးကို မေ့ထားပြီး မောင်နဲ့ငြိမ်း အရင်လိုပဲ ပျော်ပျော်ရွှင်ရွှင် နေသွားကြရအောင်"

"ငြိမ်းရယ် မောင် ဘယ်လိုနေရမှာလဲ"

"မောင်နဲ့သမီးလေးကို မထားရစ်ခဲ့ရချိန်လေးမှာ ငြိမ်း ပျော် ပျော်နေခွင့်ပြုပါ မောင်၊ သမီးလေး ဘာမှမသိပါစေနဲ့၊ အဲဒီကတိတစ်ခု တော့ ငြိမ်းကို မောင်ပေးပါ"

ငြိမ်း တောင်းဆိုသောကတိကို မောင် ခေါင်းညိတ်ခွင့်ပြုပေး ခဲ့သည်။ ငြိမ်းအတွက် ချစ်တဲ့သူတွေနဲ့ နေထိုင်ရှင်သန်ခွင့်လေးက လပိုင်းမျှလေးပဲ ရှိသည်တဲ့။

အဲဒီကာလလေးကို ငြိမ်း ပျော်ရွှင်စွာ ကုန်ဆုံးရှင်သန်ချင်သည်။ အခု သမီးလေးလည်း ငြိမ်းအနားမှာရှိနေသည်။ ဘယ်တော့မှ ပိုင်ဆိုင်ခွင့် မရတော့သော မိသားစုဘဝလေးကို ငြိမ်း လက်ရှိမှာတော့ ပိုင်ဆိုင်ခွင့် ရနေသေးသည်ပဲ။

"ငြိမ်း"

ခေါ်သံတိုးတိုးနှင့်အတူ မောင် အခန်းထဲဝင်လာတာသိလိုက် တာမို့ ငြိမ်း မျက်ရည်တွေကို ပွတ်သုတ်ပစ်လိုက်၏။ ငြိမ်း ရှည်ကြည်



www.burmeseclassic.com

www.burmeseclassic.com



တော့ မောင် ငြိမ်းအနားရောက်နေပြီ။

“ငြိမ်း ငိုနေတာလားဟင်”

မေးလာသည့် မောင့်အသံတွေကပါ တုန်ချင်နေသည်။ ငြိမ်း ခေါင်းလေးခါပြုံးပြရင်း၊

“မဟုတ်ပါဘူး မောင်၊ ငြိမ်း မငိုပါဘူး၊ ဆေးသောက်မယ့် မောင့်ကိုစောင့်နေတာလေ”

အပြုံးနှင့်ငြိမ်း ညာမိပေမယ့် မို့အစ်နေသော ငြိမ်းမျက်လုံးတွေကို မောင် မြင်သွားမှာသေချာသည်။

“ငြိမ်းရယ် မောင့်ရင်ထဲမှာမကောင်းဘူး”

ငြိမ်းကို ဖေးမထွေးပွေ့ရင်း မောင်ဆိုတော့ မောင့်ကျောပြင်ကို ငြိမ်း သိုင်းဖက်လိုက်မိသည်။

“ဘာမှမကောင်းမဖြစ်နဲ့ မောင်၊ သမီးလေး ဘာမှမရိပ်မိပါစေနဲ့နော်၊ ပျော်စရာအချိန်လေးတွေ ငြိမ်းအတွက် အဆုံးမသတ်ချင်လို့ပါ”

“မောင်ကတိပေးပါတယ် ငြိမ်း၊ ငြိမ်းကော သက်သာရဲ့လားဟင်”

“ငြိမ်း နေကောင်းပါတယ် မောင်၊ ပျော်လည်းပျော်တယ် ပြီးတော့ မောင့်ကိုလည်း ကျေးဇူးတင်ပါတယ်ကွယ်”

ငြိမ်းကျောပြင်ကို ညင်သာစွာ ပွတ်သပ်ပေးနေသော မောင့် လက်ဖဝါးတွေ တုန်ခါနေသည်လား။

သမီးလေးအနားမှာ ကျန်ရစ်ခဲ့မယ့် မောင့်မှာဒီထက်ခွန်အားသတ္တိတွေ ရှိစေချင်တယ် မောင်ရယ်။ ငြိမ်းအတွက်တော့ မောင်နဲ့သမီးလေးကိုစိတ်ချစွာထားရစ်ခဲ့နိုင်ရင် ကျေနပ်နိုင်ပါပြီကွယ်။

■ ■ ■

ဗျ၂၂း၀၁၄၁

## အခန်း (၄၂)

ဒီနေ့ ဇာနည် စာမေးပွဲဖြေဆိုပြီးချိန်လောက်မှာ ပန်း ခြံထဲဆင်းလာ ဖုန်းဆက်လိုက်သည်။

“ပန်းလား ကိုယ်အခုပဲ စာမေးပွဲခန်းထဲက ထွက်တာ၊ ဖုန်းဆောင်ဆက်တော့မလို့”

“ဖြေနိုင်တယ်မို့လား ကို”

“ဖြေနိုင်ပါတယ်၊ ပန်းကော နေကောင်းတယ်နော်၊ ပန်းမေမေ ရော နေကောင်းပြီလား”

ပန်း ပြောပြထားတာကြောင့် မေမေ နေမကောင်းတာသိနေသော ဇာနည်က သတိတရမေးနေ၏။

“မေမေလား သက်သာပါတယ် ကို၊ ဆေးတွေတော့ သောက်နေရ တုန်းပဲလေ”

ဗျ၂၂း၀၁၄၁

www.burmeseclassic.com

www.burmeseclassic.com



"အင်း ယောက္ခမကြီး ကျန်းမာပါစေလို့ ကိုယ်ဆုတောင်းပေး ပါတယ်၊ ကိုယ်လည်း ဒီညနေပဲ မိုးကုတ်ပြန်မယ်"

"ဟင် ချက်ချင်းကြီးပါလား ကိုရဲ့"

"ရန်ကုန်မှာ ပန်းမှမရှိဘဲ ဆက်နေလို့ဘာလုပ်မှာလဲ၊ ဒယ်ဒီ ကလည်း မန္တလေးရောက်နေလို့လေ၊ မန္တလေးမှာ ဒယ်ဒီနဲ့ဝင်တွေ့ပြီး အတူပြန်မှာ"

"ဪ ဟုတ်လား မိုးကုတ်ရောက်မှ ဖုန်းဆက်နော် ကို"

"အင်းပါ ကျောင်းတွေပြန်မြန်မြန်ဖွင့်ပါစေလို့ ကိုယ် ဆုတောင်း နေတယ်၊ ဒါမှ ပန်းနဲ့ပြန်ဆုံရမှာ"

"ပန်းလည်း ဆုတောင်းပါတယ် ကို ဒါပဲနော်၊ ဟိုမှာ ဖေဖေ ခြံထဲဆင်းလာလို့"

ပန်း ဖုန်းလေးကိုပြန်ပိတ်လိုက်ရ၏။ ဖေဖေက ပန်းဆီကို ဦး တည်လာ၏။ ပန်း ဖေဖေ့ကိုပြုံးပြရင်း

"ဖေဖေ လမ်းလျှောက်ဆင်းလာတာလားဟင်"

"အင်း သမီးဖုန်းဆက်နေတာလား"

"ဟုတ်ကဲ့ ဖေဖေ ကျောင်းကသူငယ်ချင်းတွေနဲ့စကားပြောနေ တာပါ၊ မေမေကော ဖေဖေ"

"အခုပဲ ကော်ဖီသောက် ဆေးသောက်ပြီး အခန်းထဲမှာရှိတယ် သမီး၊ သမီးသွားတွေ့လိုက်ပါဦး"

ပန်း ခေါင်းလေးညိတ်ကာ အိမ်ဘက်ထွက်ခဲ့တော့ ဖေဖေခြံထဲ မှာပဲ ကျန်ရစ်ခဲ့သည်။

ပန်း ပြန်ရောက်ကတည်းက မေမေ့ကျန်းမာရေးက တရှောင် ရှောင်ဖြစ်နေတာ ပန်း သတိထားမိသည်။ အပတ်စဉ် ဆရာဝန်ကြီးနှင့်

[redacted]



မေမေ လိုက်ပြတာလည်း ပန်းတွေ့သည်။

မေမေ့မှာက နှလုံး၊ သွေးတိုးနှင့်အာရုံကြောအားနည်းသည့် ဝေဒနာတွေ ခံစားနေရသည်ဟု ဖေဖေပြောသည်။ မေမေ့ခမြာ ငယ်ငယ် ရွယ်ရွယ်နှင့်ရောဂါအင်အားက မမျှလှပါ။

ပန်း အခန်းထဲဝင်ခဲ့တော့ မေမေ ဒရင်းဘတ်ပေါ်မှာလှဲနေရာမှ ကိုယ်လေးမတ်ကာ ပန်းကိုပြုံးပြသည်။

"ဟော သမီးလေး လာလေ ပျင်းနေပြီလား သမီး"

"ဘာမှလုပ်စရာမရှိတော့ ပျင်းစရာပေါ့ မေမေ၊ မေမေကော သက်သာရဲ့လားဟင်"

"သက်သာပါတယ် သမီးရဲ့၊ လာထိုင်ဦး"

မေမေ ဒရင်းဘတ်ဘေးက ခုံပုလေးမှာ ပန်း ဝင်ထိုင်သည်။ ပန်းနှင့်တွေ့လျှင် မေမေ့မျက်နှာ ပြုံးရွှင်နေပေမယ့် မေမေ့မျက်နှာက လျော်လျော် မလန်းဆန်းသလိုပါပဲ။

"ခုမေမေ ဆေးကောမှန်မှန်သောက်ရဲ့လားဟင်၊ မေမေ့ကြည့်ရတာ မလန်းဆန်းသလိုပဲ၊ သိပ်မသက်သာရင် ရန်ကုန်တက်ပြီး ပြသကြည့်ပါလား"

ပန်းကို မေမေ ပြုံးကြည့်ကာ ခေါင်းလေးခါသည်။

"မေမေ သက်သာပါတယ် သမီးရဲ့၊ ရောဂါအတွက် သောက်ရတဲ့ဆေးကများတော့ လူကနုံးတာပေါ့ကွယ်၊ မေမေ့ကျန်းမာရေးကြောင့် သမီးအတွက် ဘာမှမစီစဉ်ပေးနိုင်ဘူးကွယ်၊ မညို့စိမ့်ကို သမီးစားချင်တာ ပြောနော်"

"သမီး အဆင်ပြေပါတယ် မေမေ၊ မေမေနေကောင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



နေပါ''

မေမေ့လက်ဖဝါးလေးက ပန်း ပန်းလေးကို အသာဖွဖွကိုင်ရင်း ခေါင်းလေးညိတ် စိုက်ကြည့်နေ၏။

''အင်း မေမေ့သမီးလေး ဒီတစ်နှစ်ကျောင်းပြီးတာနဲ့ ဘွဲ့ရပြီ နော်''

''ဟုတ်ကဲ့ မေမေ၊ ဖေဖေ့အလုပ်တွေကို သမီး ကူညီနိုင်တော့ မှာပါ၊ မေမေနဲ့လည်း အတူနေနိုင်ပြီလေ''

''မေမေတို့မိသားစုလေး အမြဲနွေးထွေးနေချင်တယ် သမီးရယ် သမီးနဲ့ခွဲနေရတာ မေမေ စိတ်မကောင်းဘူး၊ အထူးသဖြင့် သမီးဖေဖေ က သမီးကို စိတ်မချဘူး၊ သိတယ်မဟုတ်လား သမီးဖေဖေ မေမေ့ထက် သမီးကို နှောင်တွယ်လွန်းတယ်''

ပန်း ခေါင်းညိတ်လက်ခံမိပါသည်၊ ဖေဖေရဲ့သံယောဇဉ်က ပန်း အပေါ်မှာ မေမေ့ထက်တောင် ပိုသည်ဆိုတာ ပန်း လက်ခံသည်။ ဒီ ကြောင့်လည်း ပန်းဖေဖေနဲ့မေမေတို့နှင့်အတူနေကာ တစ်လှည့်ပြန်ပြု ကျွေးမွေးချင်သေး၏။

မြီးလျှင်တော့ ဇာနည်နှင့်ကိစ္စကို ဖွင့်ပြောရမည်။

အဲဒီအခါကျလျှင်တော့ ဖေဖေနှင့်မေမေ ပန်းကိုနားလည်မည် ထင်ပါသည်။

''သမီး''

''ရှင် မေမေ''

''သမီးကို မေမေ တစ်ခုပဲတောင်းဆိုချင်တယ်၊ အဲဒါက ဘာလဲ ဆိုတော့ မေမေတို့နဲ့ သမီး ဘယ်တော့မှ ခွဲမသွားပါနဲ့၊ အထူးသဖြင့်



သမီးကိုချစ်တဲ့ သမီးဖေဖေအနားမှာ သမီးအမြဲရှိနေပေးပါ၊ နောက်ဆုံး သမီးအိမ်ထောင်ကျသွားရင်တောင် သမီးဖေဖေအနားမှာ သမီးရှိပေးပါ''

မေမေ ဘာကြောင့် ဒီစကားတွေပြောနေရတာလဲ၊ ပန်းမှာချစ်သူ ရှိနေပြီလို့ မေမေ ကြိုတွေးသိနေတာကြောင့်လား။

''မေမေရယ် သမီး မေမေတို့ကိုမခွဲပါဘူး၊ သမီးအိမ်ထောင်ပြု ရင်တောင် မေမေနဲ့ဖေဖေတို့ သဘောတူ ကြည်ဖြူသူကို ရွေးမှာပါ''

''ဝမ်းသာပါတယ် သမီး၊ သမီးက သမီးဖေဖေ သိပ်ချစ်တဲ့ သမီးလေးဆိုတာ ဘယ်တော့မှ မမေ့နဲ့ကွယ်''

ပန်း နဖူးပြင်လေးကို ကိုင်းနမ်းပြီး မေမေပြောသည်။ မေမေ့ ရင်ခွင်ထဲကို ပန်း ဝင်တိုးလိုက်မိသည်။

တကယ့်ကို နွေးထွေးတဲ့ရင်ခွင်အရိပ်ကို ပန်း ဘယ်တော့မှ ခွဲမသွားဘူးဆိုတာ မေမေ ယုံပါစေတော့ . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၇)

"လွမ်းလိုက်တာ ပန်းရယ်"

တင်းတင်းပွေ့ဖက်ထားသော ဇာနည့်ရင်ခွင်ထဲမှာ ပန်း ခန္ဓာကိုယ်လေး နစ်မြုပ်လုမတတ်ပါပဲ။ ရင်ခွင်ထဲက ပန်းမျက်နှာလေးကို ငုံ့မိုးကာ ဇာနည့်အနမ်းတွေကလည်း နေရာလပ်မကျန်အောင် ရွာချသည်။

ပန်း ရင်ခုန်သံတွေ စီးမျောလျက် မြတ်နိုးချစ်သော ချစ်သူ ရင်ခွင်ထဲမှာ သတိကင်းလွတ် ပျော်ဝင်နေခိုက်

"သမီး"

မိုးချုန်းသံလို ပေါ်ထွက်လာသော ဖေဖေ့အသံကြောင့် ပန်း မျက်ဝန်းတွေ အထိတ်တလန့် ဖွင့်ကြည့်မိ၏။

ပန်းတို့ရှေ့မှောက်မှာ မတ်မတ်ကြီးရပ်လျက် ဖေဖေ့မျက်ဝန်းတွေ က ဇာနည်ကို စူးစူးဝါးဝါး ကြည့်နေ၏။





"ဖေဖေ"

ဇာနည့်ရင်ခွင်ထဲမှ ရုန်းထွက်ကာ ပန်း ထရပ်မိတော့ ဖေဖေက ပန်းလက်ကို ဆောင့်ဆွဲခေါ်ရင်း

"လာစမ်း သမီး ဖေဖေနဲ့ပြန်လိုက်ခဲ့"

"မ မလုပ်ပါနဲ့ အန်ကယ်၊ ပန်းက ကျွန်တော့်ချစ်သူပါ"

"ဘာကွ ငါ့သမီးကို ငါ့ရင်ခွင်ထဲက မင်း ခေါ်ထုတ်သွားချင်တာလား။ ငါ ခွင့်မပြုဘူး လုံးဝခွင့်မပြုဘူး သမီး လာ"

"ဖေဖေ ကို ကို လုပ်ပါဦး"

"ပန်း"

ကမ်းပေးသော ပန်းလက်ကို လှမ်းဆုပ်ကိုင်ဖို့ ကြိုးစားသည့် ဇာနည့်လက်ကို ဖေဖေ ဖြတ်ရိုက်ချသည်။ ပြီးတော့ ဇာနည့်မျက်နှာဆီသို့ တင်းတင်းဆုပ်ထားသော လက်သီးဖြင့်ထိုးချပစ်လိုက်၏။

"ဖေဖေ မလုပ်ပါနဲ့"

ပန်း အထိတ်တလန့် အော်ဟစ်ကာ မျက်ဝန်းတွေဖွင့်ကြည့် တော့မှ အိပ်မက်မက်နေခြင်းဟု သိလိုက်သည်။

အခန်းထဲမှာ ပန်ကာကြီးဖွင့်ပြီး အိပ်ပျော်သွားသည့် ပန်းရဲ့ အိပ်မက်ကြီးက မလှပလိုက်တာ။

"သမီး သမီး"

အခန်းတံခါးကို တဒုန်းဒုန်းထုရိုက်ပြီး ခေါ်နေသော ဖေဖေ့အသံ ကြောင့် ပန်း ခုတင်ပေါ်က ဆတ်ခနဲ ထထိုင်မိ၏။ ဖေဖေ ပန်းကိုလာ နှိုးနေတာပဲ။

"လာ လာပြီ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



ကယောင်ကတမ်း ပြန်အသံပေးရင်း ပန်း အခန်းတံခါးကို ဖွင့်လိုက်တော့ ဖေဖေ၏စိုးရိမ်တကြီး မျက်နှာကို မြင်ရ၏။

"သ သမီး သမီးမေမေဆီ အခုလိုက်ခဲ့ ငြိမ်း ငြိမ်း အခြေအနေ မကောင်းဘူး"

"ရှင်"

ပန်း အံ့ဩတုန်လှုပ်လျက် ဖေဖေနှင့်အတူ ခပ်သုတ်သုတ်လိုက်ခဲ့လိုက်သည်။

အခန်းထဲမှာ ဒေါ်ညိုစိမ့်လည်း ရှိနေသည်။ မေမေက ခုတင်ပေါ်မှာ ငြိမ်ငြိမ်ကလေးလှဲလို့

"မေ မေမေ"

မေမေ့မျက်ဝန်းတွေ ဖျတ်ခနဲ ပွင့်လာသည်။ ပန်းကိုကြည့်ကာ မေမေ နှုတ်ခမ်းတွေ လှုပ်ခတ်နေ၏။ မေမေ ဘာပြောချင်တာလဲ။ ဖေဖေ့ကို လှည့်ကြည့်တော့ မျက်ရည်ဝိုင်းသောမျက်ဝန်းတွေနှင့် ကျောက်ရုပ်ကြီး လိုရပ်နေ၏။

"မေ မေမေ ဘာ ဘာဖြစ်လို့လဲ"

ပန်း ခုတင်ပေါ်က မေမေ့ကို သိုင်းဖက်ရင်း စိုးရိမ်တကြီးမေးမိ၏။ မေမေ ပါးစပ်က အသက်ရှူသံတွေက ပြင်းပြလွန်း၏။ ပန်း နားအနားတိုးကပ်ကာ မေမေ ပြောသည့်လေသံကို မနည်းနားထောင်ရ၏။

"သ သမီး ဖေဖေနဲ့ နေခဲ့ နော်"

"မေ မေမေ"

မေမေ့လေသံတွေ တိမ်ဝင်သွားသည်။ မောဟိုက်စွာ ရှူရှိုက်နေသော ဝင်သက်ထွက်သက်တွေကိုလည်း ပန်း မကြားရတော့ပါ။





အထိတ်တလန့်နှင့် မေမေ့ကိုကြည့်တော့ မေမေ့မျက်ဝန်းတွေက ပန်းကိုစိုက်ကြည့်ငြိမ်သက်နေပြီ။

"မေမေ မေမေ ဘာဖြစ်တာလဲ ဖေဖေ မေမေ့ကိုကြည့်ပါဦး"

"သမီးရယ်"

ပန်းကိုသိုင်းဖက်ကာ ဖေဖေ တုန်တုန်ယင်ယင် ရေရွတ်ရှာ၏။ ဖေဖေ့မျက်ဝန်းက မျက်ရည်တွေကိုပဲ ပန်း မြင်တွေ့နေခဲ့ရသည်။

ဘာတွေဖြစ်ကုန်တာလဲ ပန်း နားမလည်နိုင်ပါ။ လောကကြီးထဲက မေမေ ထွက်ခွာသွားပြီဆိုတာ ပန်း မယုံချင်ပါ။

မေမေ ပန်းကိုထားရစ်ခဲ့ပြီလား။ ဟင့်အင်း ပန်း မယုံကြည်နိုင်တာအမှန်။

ဒီလောက်အထိ မြန်ဆန်စွာ မေမေ ထွက်သွားရသတဲ့လား။ ပန်း ရင်ထဲမှာ ဆို့နစ်မောဟိုက်လျက် ဖေဖေ့ရင်ခွင်ထဲမှာ အသက်ရှူဖို့ မေ့နေမိတဲ့အထိ။

■ ■ ■

www.burmeseclassic.com

## အခန်း (၄၄)

"ငါ လုံးဝမသိခဲ့ဘူး နွယ်နီရယ်၊ မေမေ့မှာကင်ဆာရောဂါ ဖြစ်နေတာ ငါ မသိဘူး၊ မေမေက ငါ့ကိုမသိစေချင်ဘူးတဲ့၊ ငါ ငိ အရမ်းခံစားရတယ်"

"ပန်းရယ် ငါလည်း မယုံနိုင်ဘူး၊ တကယ်ကြေကွဲရတယ်ဟာ"

မျက်ရည်စတွေနှင့် ပန်းကိုဆုပ်ကိုင်အားပေးနှစ်သိမ့်နေသည့် နွယ်နီကိုယ်တိုင်လည်း မျက်ရည်တွေနှင့် အိပ်မက်ဆိုးကြီးပမာ ထင်မှတ်နေပုံရသည်။

"မငိုနဲ့တော့ ပန်းရယ်၊ နင်ဘယ်လောက် ခံစားနေရတယ်ဆိုတာ ငါနားလည်ပါတယ်၊ ဒါပေမဲ့ နင့်ကိုသိပ်ချစ်တဲ့ ဖေဖေက နင့်အနားမှာရှိနေပါသေးတယ်"

"ဖေဖေ ငါ့အနားမှာရှိနေပေမယ့် ငါ့ဘဝက ဖေဖေ့အနားမှာ



နေဖို့ခွင့်မရှိတော့ဘူး နွယ်နီ"

"ဘာ ဘယ်လို ပန်း၊ နင် ဘာကိုဆိုလိုတာလဲ"

နွယ်နီ နားမလည်နိုင်စွာ မေးသည်။ ပန်း ပါးပြင်ပေါ်က မျက်ရည်တွေကို ပွတ်သုတ်ရင်း ပင့်သက်ရှိုက်မိ၏။

"ဖေဖေက ငါ့ရဲ့အဖေရင်းမဟုတ်ဘူးလေ၊ ငါ့ရဲ့မွေးစားဖခင် တစ်ယောက်ပဲ"

"ဟင်"

သမီးလေးနှုတ်က ထွက်လာသောစကားတွေက သူ့ရင်ထဲကို မီးတောင်ကြီးပေါက်ကွဲစေသလို ခံစားလိုက်ရ၏။ သမီးလေးနှင့်နွယ်နီလေးတို့ကတော့ သူ့ကိုမမြင်ပါ။

သူ နံရံမှာမှီရင်း ရင်ဘတ်ကိုလက်နှင့်ဖိအုပ်ထားမိသည်။ သမီးက သူ့ကိုခွဲသွားဖို့တွေးနေသည်လား။ သမီးရယ် သမီးက ဖေဖေ့သမီးပါကွယ်။

"ဒီအိမ်ကြီးမှာ မေမေမရှိတော့ဘဲ ငါ ဖေဖေနဲ့နေသင့်ပါ့မလား နွယ်နီရယ်၊ ပတ်ဝန်းကျင်ကစကားတွေကို ငါ ရင်ဆိုင်ရမှာပဲ"

"ပန်း မဟုတ်သေးဘူး၊ အန်ကယ်က နင့်ဖေဖေပဲဟာ"

"ငါ လက်ခံတယ် နွယ်နီ၊ ဒါပေမဲ့ အမှန်တရားကို ပတ်ဝန်းကျင်က ဘယ်လက်ခံမှာလဲ၊ ပြီးတော့ကိုက ငါနဲ့ဖေဖေအကြောင်း မသိသေးဘူး၊ မေမေမရှိတော့ဘဲ ငါ ဆက်နေသင့်သလား၊ မဖြစ်နိုင်ဘူး နွယ်နီ၊ ကို အထင်လွဲမှာ ငါမခံနိုင်ဘူး၊ ဖေဖေရဲ့ဆွေမျိုးတွေကလည်း မေမေ့နာရေးမှာ ဒီကိစ္စကို စိုးရိမ်ပူပန်နေကြတယ်၊ မေမေမရှိတော့တဲ့အခါမှာ ငါနဲ့ဖေဖေ တစ်အိမ်တည်း မနေသင့်ဘူးတဲ့"

www.burmeseclassic.com



သမီးရဲ့စကားလုံးတိုင်းက သူ့နှလုံးသားကို ခြေမွနေသလိုပါပဲ ဒါ သူ့ရဲ့သိက္ခာကိုနင်းခြေလိုက်တာ။ သူ့ရဲ့နှလုံးသားကို ကြေမွအောင် ရိုက်ချိုးပစ်ကြတာ။

သမီးရယ် ဖေဖေ့သမီးလေးကို ဖေဖေ့နှလုံးသားက သတ်မှတ်ပေးခဲ့တာကို သမီးလေး ယုံပေးပါ။

"ငါ တစ်ခုခုကို ဆုံးဖြတ်ရမယ် နွယ်နီ၊ ဖာနည်ကိုလည်း သံသယတွေနဲ့ မရှင်သန်စေချင်ဘူး၊ ဖေဖေ့သိက္ခာ ငါ့သိက္ခာအတွက် ငါ တစ်ခုခုစဉ်းစားရမယ်"

သမီးနှုတ်က ဆုံးဖြတ်ချက်ကြီးအတွက် သူ သမီးကို ဘယ်လို တောင်းပန်ရမည်လဲ။

သမီးရဲ့အသိတရားထဲမှာ သူက မွေးစားဖခင်တစ်ယောက်ဆိုတဲ့ အစွဲကြီးရှိနေသည်လား။

ဖေဖေ့ရဲ့မေတ္တာ၊ သံယောဇဉ်တွေကို သမီး အသိဆုံးဟု သူ ယုံကြည်ခဲ့သည်။ ခုတော့ သမီးအတွက် သူဟာ သူစိမ်းတစ်ယောက်လို ရှိနေခဲ့တာလား။

ဖေဖေ့နှလုံးသားတွေ ကြေမွအောင်မလုပ်လိုက်ပါနဲ့ သမီးလေးရယ်။

■ ■ ■

## အခန်း (၄၅)

"ကျောင်းဖွင့်ဖို့ တစ်လလောက်လိုသေးတာပဲ သမီးရယ်၊ အိမ်မှာပဲ နေပါဦး"

"သမီး ကြိုတင်စီစဉ်သင့်တာလေးတွေ စီစဉ်ရဦးမှာမို့ပါ ဖေဖေ၊ ဒီနှစ်က နောက်ဆုံးနှစ်ဆိုတော့ သမီး အာရုံစိုက်ကြိုးစားချင်လို့ပါ"

ဖေဖေ နှုတ်တွေဆိတ်သွားခဲ့သည်။ ဖေဖေ့မျက်နှာကိုလည်း မော့ မကြည့်ရဲပါ။ တကယ်ဆို မေမေ့နာရေးကိစ္စပြီးကတည်းက ရန်ကုန်ပြန်ချင်တာဖြစ်သည်။

ရုတ်တရက်ကြီး ဖေဖေ့ကိုပြောမထွက်တာကြောင့် တစ်ပတ်လောက် ဆက်နေခဲ့ခြင်းဖြစ်သည်။

"သမီးအတွက် ဖေဖေ ဘာမှမပူပါနဲ့ သမီး အသားကျအောင် နေတတ်ပါတယ် ဖေဖေ"

"သမီး သမီးဆုံးဖြတ်ချက်ကို ဖေဖေ မတားတော့ဘူး ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



သမီးအဆောင်မှာ မနေပါနဲ့ ရန်ကုန်မှာ သမီးနေဖို့ ဖေဖေ လုံးချင်းတိုက်လေး ဝယ်ပေးထားတယ်''

''ရှင်''

ပန်း အံ့သြမိသည်။ ဖေဖေ ဘယ်တုန်းက စီစဉ်ထားတာလဲ မသိပါ။ ဖေဖေ့မျက်နှာက တည်ငြိမ်စွာ ပန်းကိုငေးစိုက်ကြည့်နေ၏။

''ဖေဖေ့သမီးလေး အဆောင်မှာနေရတာထက် အဆင်ပြေအောင်လေ၊ သမီးကျောင်းပြီးရင်လည်း ဖေဖေ ရန်ကုန်ပြောင်းဖို့ စီစဉ်ထားတယ်၊ ရန်ကုန်က ကုမ္ပဏီရုံးခွဲမှာ သမီး တာဝန်ယူနိုင်အောင်လို့ပါ''

ဖေဖေ ဒီအစီအစဉ်တွေကို ဘယ်တုန်းက စီစဉ်ထားခဲ့တာလဲ။ ပန်း ခံစားချက်တွေကို သိနေတာကြောင့် စီစဉ်ဆုံးဖြတ်လိုက်တာလား။ ပန်း တွေးမရနိုင်ပါ။

''ဖေဖေကော သမီးမေမေပါ ရန်ကုန်ပြောင်းဖို့ တွေးထားခဲ့ကြတာပါ၊ အခု သမီးမေမေ မရှိတော့ ပိုပြီးသေချာသွားတာပေါ့၊ ဖေဖေလည်း ဒီအိမ်ကြီးမှာ မနေချင်တော့ဘူး သမီး''

ဖေဖေ့စကားတွေကို ပန်း ငြိမ်ငြိမ်လေးပဲ နားထောင်နေမိ၏။ မေမေ့ကို ဖေဖေ သိပ်ချစ်တာ ပန်း သိသည်။ ဖေဖေသည် သံယောဇဉ်တွယ်လွန်းတာ ပန်း အသိဆုံး။

''သမီး နေတဲ့တိုက်မှာ အဖော်မိန်းကလေးတွေလည်း ဖေဖေ စီစဉ်ပေးမယ်၊ ခြံစောင့်နဲ့ဒရိုင်ဘာတစ်ယောက်လည်း ရှာနေတယ်၊ ဖေဖေက သမီးကျောင်းဖွင့်မှ ပြန်မယ်ထင်တာ၊ ချက်ချင်းကြီးဆိုတော့ သမီး တစ်ယောက်တည်း ဖြစ်နေမှာစိုးတယ်''

''ရပါတယ် ဖေဖေရယ်၊ သမီးတစ်ယောက်တည်း နေတတ်ပါ





တယ်၊ ပြီးရင် နွယ်နီပါ ရောက်လာမှာပဲလေ''

''အင်း သမီးဆန္ဒပြင်းနေရင်လည်း ဖေဖေ မတားတော့ပါဘူး၊ အိမ်ဖော်နဲ့ခြံစောင့်တွေလည်း တစ်လအတွင်း ဖေဖေ စီစဉ်ပေးမယ် ဟုတ်လား''

''ကျေးဇူးတင်ပါတယ် ဖေဖေ''

''မလိုပါဘူး သမီးရယ်၊ ဖေဖေက သမီးရဲ့ဖေဖေပဲလေ၊ ကျေးဇူးစကားဆိုဖို့ မလိုအပ်ဘူးလေ''

ပန်း ရင်ထဲမှာမကောင်းပါ။ ဖေဖေ့မျက်နှာကိုမော့ကြည့်တော့ ဖေဖေ့မျက်နှာလည်း မကောင်းပါ။ မေမေ့ကို သတိရသွားတာကြောင့်လား။ ပန်းစကားကြောင့်လား မဝေခွဲတတ်။

''သမီး သမီးမေမေ မရှိတော့ပေမယ့် စိတ်မကောင်းမဖြစ်ပါနဲ့၊ ဖေဖေက သမီးအနားမှာ အမြဲရှိနေမှာပါ၊ သမီးကို ဖေဖေ သိပ်ချစ်ပါတယ် သမီး''

''ဖေ ဖေဖေရယ်၊ ဖေဖေ့ကို သမီး ကန်တော့ပါရစေ''

ဖေဖေ့ရှေ့ကြမ်းပြင်မှာထိုင်ကာ ပန်း ဦးချကန်တော့မိသည်။ ဖေဖေက ပြုံးပြုံးကြီးကြည့်ရင်း

''သာဓု သာဓု သာဓုပါ သမီးလေး၊ သမီးလေးဘဝ အမြဲတမ်း ငြိမ်းချမ်းပြည့်စုံပါစေကွယ်''

ဖေဖေ ဆုတောင်းပေးပြီး ပန်း ပခုံးလေးကို ဆုပ်ကိုင်မတ်တပ်ထူပေးသည်။ မျက်နှာချင်းဆိုင်မိတော့ ဖေဖေ့မျက်နှာကို ပန်း မျက်ရည်စိုသော မျက်ဝန်းတွေနှင့်ကြည့်မိ၏။

ပါဝါမျက်မှန်ပါးလေးထဲမှ ဖေဖေ့မျက်ဝန်းတွေလည်း မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ဝဲနေသည်လား။

"ဝမ်းနည်းမနေနဲ့နော် သမီး၊ ဖေဖေနဲ့သမီး အမြဲတမ်း အတူရှိနေမှာပါ"

ပန်း ပါးပြင်က မျက်ရည်တွေကို ဖေဖေ ပွတ်သုတ်ပေးသည်။ ပြီးတော့ ပန်းခေါင်းလေးကို တစ်ချက်ပုတ်ကာ လှည့်ထွက်သွားခဲ့၏။

ထိုတဒင်္ဂလေးမှာ ဖေဖေ့ဆီက အနမ်းလေးတစ်ချက်လောက် ပန်း ပိုင်ဆိုင်ချင်သည်။

ဒါပေမဲ့ ဖေဖေ့ရင်ထဲမှာ ပန်းအတွက် ချစ်ခြင်းနှင့်နားလည်နိုင်မှုများစွာရှိနေသည်ဆိုတာတော့ ပန်း မြင်ခဲ့ရပြီးပြီလေ။

■ ■ ■

## အခန်း (၄၆)

ပန်းအတွက် ဖေဖေ ဝယ်ပေးထားသည့် တစ်ထပ်တိုက်အသစ်လေးက လှပပါသည်။ သီးသန့်ခြံဝင်းထဲမှာ ရောင်စုံပန်းခင်းလေးတွေ အရိပ်ရအပင်တွေနှင့် စိမ်းလန်းနေသည်။

ဒါပေမဲ့ ဒီတိုက်လေးက ပန်းအတွက် အထီးကျန်ဆန်လွန်းနေသည်။ အခုချိန်ဆို ဖေဖေလည်း ပဲခူးကအိမ်ကြီးမှာ အထီးကျန်နေမည် ထင်သည်။

ဒေါ်ညိုစိမ့်ကိုလည်း ရွာပြန်လွှတ်လိုက်ပြီမို့ အိမ်ကြီးမှာ ဖေဖေ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရှာသည်။ ဖေဖေ့ကို သနားစိတ်က ပန်းကို မျက်ရည်ဝဲစေ၏။

ခွင့်လွှတ်ပါ ဖေဖေရယ်။ ပန်း ရွေးချယ်ခဲ့တာ ဖေဖေ့ကိုမချစ်လို့ မဟုတ်ပါဘူး ဖေဖေရယ်။

ဒီတိုက်လေးမှာ ပန်း နှစ်ပတ်ကျော်လောက်တော့ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း အထီးကျန်နေရဦးမည်။ ဖေဖေက ပန်းကိုစောင့်ရှောက်ပေးဖို့ အိမ်ဖော်နှင့်ခြံစောင့်တွေတော့ အမြန်စီစဉ်ပေးမှာသေချာ၏။

"တီ တီ"

ခြံရှေ့က ဟွန်းသံကြောင့် ပန်း ဆင်းခဲ့လိုက်သည်။ ဖေဖေတော့ မဟုတ်နိုင်ပါ။

"ဟင် ကို"

ပန်း ဘယ်လိုမှ မျှော်လင့်မထားသော ထက်ဇာနည်ရဲ့ကားကို တွေ့လိုက်ရသည်။ မမြင်ရတာကြာပြီဖြစ်သော ချစ်သူအပြုံးတွေက ပန်း ရင်ထဲကို နွေးထွေးသွားစေခဲ့၏။

"ဇော်သေးတာပေါ့ကွာ၊ ကိုယ်က ခက်ခက်ခဲခဲ ရှာရမယ် ထင်တာ၊ ပန်းရဲ့တိုက်လေးက ချစ်စရာပဲ၊ ပန်းဖေဖေ တကယ်ရွေးချယ် တတ်တာပဲ"

ညှို့ခန်းထဲရောက်တော့ ဇာနည် ပန်းရဲ့တိုက်လေးကိုချီးကျူး မဆုံး ဖြစ်နေသည်။

"ကို ကျောင်းဖွင့်မှလာမယ် ထင်နေတာ"

"ပန်း ရန်ကုန်ရောက်နေပြီဆိုမှတော့ ဖုန်းသတင်းဝင်ဝင်ချင်း ထွက်လာတာပေါ့၊ ဒယ်ဒီကိုတောင် မနည်းလိမ်ညာခဲ့ရတယ်"

"ကိုရယ် ပင်ပန်းလိုက်တာ"

"ပန်းကိုပဲ ကိုယ် သနားလိုက်တာ၊ ပန်းမေမေကိစ္စကြားတော့ ကိုယ် တကယ်စိတ်မကောင်းဘူး ပန်းရယ်၊ ကိုယ်လာခဲ့ချင်ပေမယ့် ဒယ်ဒီ ရဲ့ကျောက်တွင်းတွေရှိတဲ့တောထဲ ရောက်နေတာ"

"ရပါတယ် ကို၊ ပန်း နားလည်ပါတယ်"

"ပန်း ဒီတိုက်ကြီးမှာ ပန်းတစ်ယောက်တည်း နေနေမှာ၊ ကိုယ်





စိတ်မချပါဘူး။ ပန်း ဖေဖေက ဘာလို့ခွင့်ပြုတာလဲ"

ဇာနည် ဘာမှမသိသေးသောကိစ္စအတွက် ပန်း ဖြေရှင်းမပြချင် သေးပါ။

"ပန်းကိုယ်တိုင် ဖွတ်ထွက်လာတာပါ ကို၊ ဖေဖေကလည်း အဖော်တွေ အမြန်ဆုံးရှာပေးမှာပါ"

"ကိုယ်လည်း ဒီရက်တွေမှာ ပန်းရဲ့အဖော်အဖြစ် နေပေးမယ် ဆိုရင်ကော"

ပြောရင်း ပန်းခန္ဓာကိုယ်လေးကို ဇာနည် သိုင်းဖက်သည်။ ချစ်သူ့ရင်ခွင်ထဲမှာ ပန်း မခိုဝင်ခဲ့ရတာကြာပြီမို့ ရင်မှာကြည်နူးလိုက် နေ၏။

"ပန်းရယ် အရမ်းချစ်တယ်"

အနမ်းတို့က နွေးထွေးရှိန်းမြနေသည်။ ဝင်သက်ထွက်သက်တို့ အလှယ်မိသော အနမ်းတွေက ရင်ခုန်သံတွေကို ကမ္ဘာငယ်လေးတစ်ခုဆီ ခေါ်ဆောင်သွားနိုင်စွမ်းသည်။

ပူလောင်မှုတွေနှင့် ရင်ဆိုင်ခဲ့ရသော ပန်းဘဝလေးအတွက် ကို့ရဲ့ချစ်ခြင်းတွေက အရာအားလုံးကို မေ့နိုင်စွမ်းသည်။

ဘဝတစ်ခုလုံးပုံအပ်ပြီး ကို့ကို ပန်းချစ်ခဲ့တာကို ယုံစေချင်သည် ဒါ မိုက်မဲမှုတစ်ခုဟုလည်း ပန်း မထင်မှတ်ခဲ့ပါ။

ချစ်သူနှစ်ဦးအတွက် ရင်ခုန်သံတို့ဖြန့်ခင်းသော ကမ္ဘာလေးထဲ မှာ မက်မောစွာခိုဝင်မိခြင်းက အမှားကြီးတစ်ခုဟု ပန်း မမျှော်လင့်ခဲ့ပါ

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၇)

ကျောင်းတွေ မဖွင့်ခင်ရက်ပိုင်းအလိုမှာပဲ ဖေဖေကိုယ်တိုင် ဒေါ်မြိုင်နှင့် ဦးကြည်မောင်ကို ပန်းဆီခေါ်လာ၏။

"သမီး သမီးလိုအပ်တာမှန်သမျှ ဖေဖေ့ကိုပြောနော်၊ ဒေါ်မြိုင်နဲ့ဦးကြည်ကလည်း သမီးကိုစောင့်ရှောက်ပေးမှာပါ"

"ဟုတ်ကဲ့ ကျေးဇူး အဲ ဖေဖေကော နေရတာ အဆင်ပြေရဲ့လားဟင်"

"ဖေဖေ အဆင်ပြေပါတယ် သမီး၊ မကြာခင်မှာ ဖေဖေ့သမီးလေးနဲ့ ပျော်ပျော်ရွှင်ရွှင် နေနိုင်တော့မှာပဲလေ"

"အဲဒီနေ့လေးကို သမီးလည်း မျှော်လင့်နေပါတယ် ဖေဖေ"

"ဝမ်းသာတယ် သမီး၊ အခု သမီးနဲ့ဖေဖေ ကြေးအိုးသွားစားကြမလား"

ဖေဖေ တောင်းဆိုတော့ ပန်း ရင်ထဲမှာကြည်နူးသွားရသည်။





ပန်း ခေါင်းလေးကို ခပ်သွက်သွက်လေး ညိတ်ပြဖြစ်၏။

ဖေဖေနဲ့ပန်းကြားမှာ ဟိုးအရင်တုန်းကလို နွေးထွေးကြင်နာမှုတွေ ပန်း ပြန်ရချင်သည်။

ဒီလိုဘဝလေးကို တမလွန်က မေမေကလည်း ပျော်ရွှင်စွာ စောင့်ကြည့်နေမည်ထင်သည်။

မေမေရဲ့နောက်ဆုံးအချိန်မှာ မှာသွားခဲ့သောစကားတွေကို ပန်း ဘယ်တော့မှမမေ့ပါ။

ပန်းကို ဖေဖေနဲ့အတူ အမြဲရှိနေဖို့ မေမေ ဆန္ဒတွေပြင်းပြခဲ့သည်။ ပန်းကလည်း ဖေဖေ့ရဲ့အရိပ်အောက်မှာပဲ လုံခြုံနွေးထွေးစွာရှိနေချင်ခဲ့တာပါ။

သမီး ကတိပေးပါတယ် မေမေ။ မေမေ မျှော်လင့်တဲ့ဘဝလေးကို ပန်းနဲ့ဖေဖေ မကြာခင် ပိုင်ဆိုင်ရတော့မှာပါ။

■ ■ ■

ကျောင်းတွေဖွင့်တော့ ပန်းနှင့်နွယ်နီတို့ အတူတူတက်ဖြစ်သည်။ သင်တန်းကိုလည်း အတူတူတက်သည်။

ဖေဖေ ပြည့်စုံစွာ စီစဉ်ပေးထားမှုကြောင့် အစစအဆင်ပြေခဲ့သည်။ ဖေဖေကိုယ်တိုင်ကလည်း တစ်ပတ်နှစ်ကြိမ်လောက် ပန်းဆီ ဖုန်းဆက်တတ်၏။

"သမီး နေကောင်းတယ်နော်"

"ကောင်းပါတယ် ဖေဖေ၊ ဖေဖေကော အလုပ်တွေရှုပ်နေသေးလားဟင်"

"ဒီလိုပဲပေါ့ သမီးရယ်၊ ဖေဖေ့သမီးလေး တာဝန်အွယ်ယူနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါကျမှ ဖေဖေ နားခွင့်ရမှာလေ''

''စိတ်ချပါ ဖေဖေ သမီး တာဝန်ယူနိုင်မှာပါ''

''ဖေဖေ့သမီးလေး လိမ္မာတာ ဖေဖေ သိပါတယ်၊ ဖေဖေ သဘောကျနိုင်မယ့် သားမက်တစ်ယောက်လောက်လည်း ရှာထားဦးနော် သမီး''

''ဟာ ဖေဖေကလည်း''

''ဟား ဟား ဖေဖေက ပိုပြီးပြည့်စုံတဲ့မိသားစုဘဝလေး တောင့်တနေလို့ သမီးရဲ့၊ ကဲ ကဲ ဖေဖေ ဖုန်းချလိုက်တော့မယ် သမီးလေး အိပ်တော့နော်''

ဖေဖေ့ဘက်က ပန်းအပေါ်မှာ နားလည်ကြည်ဖြူမှုအရိပ်အယောင် ပြနေတော့ ပန်း ဝမ်းသာမိသည်။ တကယ်ဆို ပန်းနှင့်ဇာနည်တို့ကိစ္စကို ဖေဖေ အရိပ်အမြွက်တော့ သိထားသည်ထင်၏။

ပန်းဘက်က ဖွင့်ပြောလာအောင် ဖေဖေ လမ်းဖွင့်ပေးနေခြင်း ထင်ပါသည်။ ဘာပဲဖြစ်ဖြစ် တစ်ချိန်မှာတော့ ဖေဖေ့ကို ပန်းအသိ ပေးရမှာပဲလေ။

ဖေဖေက ပန်းရဲ့ဖေဖေလည်းဖြစ်သလို ပန်းရဲ့မေမေလည်း ဖေဖေပဲမဟုတ်လား။

■ ■ ■



## အခန်း (၄၈)

သင်တန်းဆင်းပြီးမှ ပန်း စာသင်ခန်းကထဲအရပ်မှာပဲ ခေါင်းထဲမှာ ပြာဝေမူးမိုက်သွားခဲ့၏။ လူက ယိုင်ခနဲပြီးအလဲမှာ နွယ်နီက ထိန်းကိုင်ရင်း

''အို ပန်း ဘာဖြစ်တာလဲ''

''မူး မူးတယ် ခေါင်းတွေမူးလို့''

''ဟင် ဟုတ်လား၊ ထိုင် ခဏထိုင်နေလိုက် ပန်း၊ အပြင်မှာ ကိုဇာနည်ရှိတယ် ငါ သွားခေါ်ခဲ့မယ်''

ပန်း ခုံမှာပြန်ထိုင်ရင်း မျက်ဝန်းတွေ မှိတ်ထားတာတောင် မူးဝေနေသောခေါင်းတွေက မပြေသေး။ မနက်ကတည်းက လေတွေအန် ကာ ပန်း စိတ်တွေ မကြည်လင်ခဲ့။

''ပန်း ပန်း သက်သာရဲ့လား၊ ဘာဖြစ်တာလဲ''

ဇာနည့်အသံကြားတော့ ပန်း မျက်ဝန်းတွေဖွင့်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းတွေမူးနေတယ်၊ ရင်ထဲမှာလည်း တစ်မျိုးကြီးပဲ"

"ဟာ ဒါဆို ဆေးခန်းသွားရအောင်၊ နွယ်နီ လာ ပန်းကိုတွဲပါဦး"

နွယ်နီနှင့်ဇာနည်တွဲကာ ခေါ်ဆောင်ခဲ့သည့် ဆေးခန်းကိုရောက်ခဲ့သည်။

မူးရိပ်ရိပ်ဝေဒနာက သက်သာသွားပေမယ့် စမ်းသပ်စစ်ဆေးပေးသော ဆရာဝန်မလေးမှတ်ချက်ကို ပန်း မျက်ဝန်းလေးမှိတ် နားစိုက်နေမိ၏။

"ဒီက ညီမနဲ့မောင်လေးက ဘာတော်သလဲ"

"ရှင် ကျွန်မက ပန်း သူငယ်ချင်းပါ၊ သူက ပန်းရဲ့ချစ်သူပဲ ဒေါက်တာ"

"အင်း ဒါဆိုလည်း ပွင့်ပွင့်လင်းလင်း ပြောပါရစေ၊ သူ့မှာ ကိုယ်ဝန်ရှိနေပြီ"

"ရှင်"

"ဗျာ"

ပန်း မျက်ဝန်းတွေပြူးကျယ်ကာ ဆတ်ခနဲ ထထိုင်မိ၏။ နွယ်နီ မျက်စိမျက်နှာပျက် လှမ်းကြည့်နေသလို ဇာနည် မျက်နှာက တူပုနီမြန်းကာ မျက်လုံးကြီးပြူး အံ့သြနေပုံ အထင်အရှား။

ပန်း ရင်ထဲမှာ တလှပ်လှပ်နှင့် ကိုနှင့်အတူ နေဖြစ်ခဲ့သောနေ့တွေကို ပြန်သတိရသည်။

မလွဲမသွေ ရင်ဆိုင်ရမည့်အခြေအနေကို ပန်းကိုယ်တိုင်လည်း မျှော်လင့်မထားခဲ့တာအမှန်။

■ ■ ■





"ဘာ ဘာပြောတယ် ကို၊ ဘာပြောလိုက်တယ်"

ပန်း စူးစူးဝါးဝါး အော်ဟစ်တော့ ဇာနည် တွန့်ခနဲဖြစ်သွား၏။ ပြီးမှ ပန်း လက်ဖဝါးလေးကိုဆုပ်ကိုင်ရင်း

"ဟို ကိုယ်ပြောတာက လက်ရှိအခြေအနေ အဆင်ပြေသွားအောင်ပါ ပန်းရယ်"

"အဓိပ္ပာယ်မရှိတာ၊ ပန်းက ဒီကိုယ်ဝန်ကိုဖျက်ချရမယ်လို့ မဖြစ်နိုင်ဘူး ကို"

"မဟုတ်သေးဘူးလေ ပန်းရဲ့၊ ကိုယ့်မှာက ရည်မှန်းချက်တွေနဲ့ ဒယ်ဒီကိုလည်း ကတိပေးထားတယ်၊ ပြီးတော့ ပန်းမှာလည်း ရည်မှန်းချက်တွေရှိနေတယ်၊ ကိုယ်တို့ လက်ထပ်လို့ မဖြစ်သေးဘူးလေ"

ဇာနည် ရှင်းပြသည်။ ပန်း ခေါင်းကိုတွင်တွင်ရမ်းရင်း

"လက်ရှိအခြေအနေကို ပန်းတို့ရင်ဆိုင်ရမှာပဲ မောင်၊ ကိုယ်ဝန်ကို ပန်းဖျက်ချဖို့ မဖြစ်နိုင်ဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ ပန်းရယ်၊ ကိုယ့်အသိဆရာဝန်တွေ ရှိပါတယ်"

"တော်တော့ ကို၊ ပန်း မလုပ်နိုင်ဘူး"

ဆုပ်ကိုင်ထားသည့် ဇာနည့်လက်တွေကို ပုတ်ခါချရင်း ပန်း ဆတ်ခနဲ ထရပ်တော့ ဇာနည် မော့ကြည့်သည်။

"ပန်းရယ် ကိုယ်တို့လက်ထပ်လို့ မဖြစ်သေးဘူးလေ၊ ဒယ်ဒီကလည်း ခွင့်ပြုမှာမဟုတ်ဘူး၊ ကိုယ်တို့ရည်မှန်းချက်တွေ ပြည့်အောင်လုပ်ကြမယ်၊ ပြီးရင် ပန်းကိုကိုယ် လက်ထပ်မှာပါ၊ အခုတော့ ဒီကိစ္စကို ရှင်းလင်း"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ ဘာမှထပ်မပြောနဲ့တော့ ထက်ဇာနည်"

"ဟင် ပန်း ကို့ကို အထင်မလွဲပါနဲ့၊ ကိုယ် ပန်းကိုတကယ်ချစ်တာပါ"

ဆတ်ခနဲ မျက်နှာချင်းဆိုင် ထရပ်ရင်း ပန်း ပခုံးကိုဆုပ်ကိုင်ဖို့ ကြိုးစားသည်။ ဇာနည် လက်တွေကို ရုန်းထွက်ရင်း ပန်း နာကျည်းစွာစိုက်ကြည့်ပစ်လိုက်၏။

"လျှာဖျားလေးက မပြောနဲ့ ဇာနည်၊ ရှင် ကျွန်မကို လက်ထပ်မှဖြစ်မယ်"

"ဟာ ပန်းရယ် ·အခုချိန်မှာ မဖြစ်နိုင်တာသိရက်နဲ့"

"ဇာနည် ဘာကိုမဖြစ်နိုင်တာလဲ၊ ဒါ ပန်းတို့အတူရင်ဆိုင်ရမယ့်ကိစ္စလေ၊ ရှင်ဘာလို့ ရှောင်ဖို့ကြိုးစားတာလဲ၊ အဲဒါ ပန်းကိုချစ်တာလား"

"မဟုတ်သေးဘူး ပန်း၊ ကိုယ့်ရည်ရွယ်ချက်တွေကို ပန်း သိထားတာပဲ၊ မဖြစ်နိုင်တာကို မမျှော်လင့်စေချင်ဘူး"

"ဘာရယ်"

"ကို ပန်းကို အခုလက်ထပ်လို့မရ"

"ဖြန်း"

ဒေါသတွေက ဇာနည့်ပါးပြင်ပေါ် စုပုံကျသွားခဲ့သည်။ ဇာနည် မယုံနိုင်စွာ ပန်းကိုစိုက်ကြည့်နေဆဲ။

"ရှင်ယောကျ်ားမဟုတ်ဘူးလား ဇာနည်၊ တာဝန်တစ်ခုကို ရဲရဲ မယူရဲဘူးလား"

"ပန်း ငါ မင်းကိုချစ်တယ်၊ ဒါပေမဲ့ ငါ့ရည်ရွယ်ချက်ကို အပျက်မခံနိုင်ဘူး၊ ဒီတော့ မင်းစဉ်းစားပါ၊ ငါ့ဘက်က ဘယ်လိုမှ ဒီအချိန်မှာ





မင်းကိုလက်မထပ်နိုင်ဘူး"

"သွား ရှင်ထွက်သွား ကျွန်မအိမ်ထဲက ထွက်သွား"

ပန်း သွေရူးတစ်ယောက်လို ဟစ်အော်ရင်း ဇာနည် ရင်ဘတ်ကို တဘုန်းဘုန်း ထုရိုက်ပစ်မိ၏။ နောက်ဆုံး မောဟိုက်သွားမှ ဆိုဖာထိုင်ခုံပေါ် ထိုင်ချလိုက်မိသည်။

"ကိုယ် စိတ်မကောင်းပါဘူး ပန်း"

စကားအဆုံးမှာ ဇာနည်အခန်းထဲက လှည့်ထွက်သွားခဲ့သည်။ ပန်း မယုံနိုင်စွာ ငေးကြည့်နေပေမယ့် ဇာနည် တစ်ချက်လေးတောင် ပြန်ငဲ့စောင်းမကြည့်ခဲ့။

"ဝူး ဝူး"

"အဟင့် ဟင့် ဟင့်"

"ပုန်း သူငယ်ချင်း ပန်းရယ်"

နွယ်နီ ပြေးထွက်လာကာ ပန်းကိုပွေ့ဖက် နှစ်သိမ့်သည်။ ပန်း အံကိုတင်းတင်းကြိတ်ရင်း

"ငါ နောင်တရမိတယ် နွယ်နီ၊ သူ့အချစ်ကို ယုံလွယ်မိတာ ငါ့အမှားပဲ"

"ပန်း နင် ဘာဆက်လုပ်မလဲဟင်"

နွယ်နီမေးသော မေးခွန်းအတွက် ပန်းရင်ထဲမှာ အဖြေမရှိ။ ဆို့နှစ်ပူလောင်သော ဝေဒနာတွေက ရင်ထဲပြည့်နေဆဲ။

ကြေမွသွားခဲ့တာ ပန်းနှလုံးသား တစ်ခုတည်းမဟုတ်။ ပန်းရဲ့ သိက္ခာ ကိုယ်ကျင့်တရား ဘဝတစ်ခုလုံးပါလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၉)

ပန်းရှောင်တိမ်း ဥပက္ခာပြုခဲ့သော ဖေဖေရဲ့ အရိပ်ကို ရောက်ခဲ့တော့ ဖေဖေရဲ့ မေတ္တာအရိပ်က နွေးထွေးနေဆဲပါ။

ဒါပေမဲ့ ပန်း မချမ်းမြေ့နိုင်ပါ။ ဖေဖေရဲ့မေတ္တာတရားကို ဥပက္ခာပြုလွှယ်ခဲ့တာ နောင်တရမဆုံးနဲ့။

အခုတော့ ပန်းဘဝက သေဆုံးခဲ့ပြီ။ ဒီလောကကြီးထဲမှာ ပန်းဆက်ရှင်သန်နေလို့ ဘာအဓိပ္ပါယ် ရှိနိုင်မှာတဲ့လဲ။ ပြီးတော့ ဖေဖေရဲ့ မေတ္တာတွေနဲ့ ပန်းက မထိုက်တန်သူပါ။

မျက်ရည်စတွေနှင့် ဝရန်တာလေးအောက်ကို ပန်းငုံ့ကြည့်လိုက်မိသည်။

ဟိုးအောက်မှာ မေမေ ပန်းကို ပြုံးပြနေတာလား။ နှစ်သိမ့်တားမြစ်နေတာလား။

ပန်း မျက်ဝန်းတွေ စုံမှိတ်ပစ်လိုက်သည်။ မေမေ့နောက်ကို ပန်းလိုက်ခဲ့ခွင့်ပြုပါ မေမေရယ်။





"သမီး"

စိုးရိမ်တကြီး အော်သံနှင့်အတူ ပန်းလက်ကို ဆောင့်ဆွဲခေါ်လိုက်သော လက်တစ်ဖက်။

"သမီး ဘာလုပ်တာလဲ ဘာလို့ဒီလို ကြံစည်ရတာလဲ ဖေဖေကိုပြောစမ်း ပြောစမ်းပါသမီး"

ပန်းကို ရင်ခွင်ထဲမှာ ချုပ်နှောင်ထားကာ ဖေဖေမေးသည်။ စိုးရိမ်ထိတ်လန့်ခြင်းတို့ အရိပ်ထင်နေသော ဖေဖေ့မျက်ဝန်းတွေရဲ့ အနက်ရှိုင်းဆုံး တစ်နေရာမှာ ဘာတွေရှိနေသလဲ။

ပန်း မြင်တွေ့တတ်ခဲ့ပါပြီ ဖေဖေ။

"သမီးကို ခွင့်လွှတ်ပြုပါ ဖေဖေရယ်၊ သမီး အဖေမရှိတဲ့ရင်သွေးကို လူ့လောကထဲ ခေါ်မလာပါရစေနဲ့ အဟင့် ဟင့်"

"ဘာရယ် သမီး ကောင်လေး ထက်ဇာနည်က သမီးကို တာဝန်မယူဘူးလား"

ဖေဖေက သူ့နာမည်တောင် သိနေသည်လား။ ပန်း မယုံနိုင်စွာ ဖေဖေကို စူးစိုက်ကြည့်နေတော့

"ဖေဖေ အားလုံးသိတယ် သမီး၊ ပြောစမ်းပါ ဘာလို့လဲ ဖေဖေ သူ့မိဘနဲ့ရင်ဆိုင်တွေ့မယ် တာဝန်ယူခိုင်းမယ် သမီး"

"ဟင့်အင်း သူ မရှိတော့ဘူး ဖေဖေ၊ ကျောင်းကထွက်ပြီး နိုင်ငံခြားကို ပညာသင်ထွက်သွားပြီ"

"ဘာ"

ဖေဖေ ထိတ်လန့်စွာ အော်သည်။ ပန်း ရှိုက်ငိုရင်း ရင်ထဲမှာ ဆန့်နင့် နာကျင်လာ၏။

ချစ်ပါတယ်ဟု ဆိုခဲ့သောပန်းကို ဥပေက္ခာပြု ရှောင်ပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



သည့် ထက်ဇာနည်ကို စိတ်နာသည်။ ထက်ဇာနည်ရဲ့နှလုံးသားကို ပန်း ဘယ်လိုယုံကြည်ရမည်လဲ။

"သမီး သေခွင့်ပေးပါ ဖေဖေရယ်၊ သမီးကိုခွင့်ပြုပါ"

ပန်း မျက်ရည်တွေနှင့် တောင်းပန်တော့ ဖေဖေ့လက်တွေက ပန်းပခုံးတွေကို တင်းတင်းဆုပ်ကိုင်ထားသည်။ ဖေဖေ့မျက်ဝန်းတွေက ပန်းကို စူးနစ်စိုက်ကြည့်နေ၏။

"သမီး ဘာကြောင့် သမီးထွက်သွားရမှာလဲ ဖေဖေတို့ ဘဝထဲကို သမီးရောက်ခဲ့တာ ဒီလိုထွက်ခွာသွားဖို့မဟုတ်ဘူး၊ အဖေမဲ့အမေမဲ့ ရင်သွေးလေးကိုလည်း ပြည့်ဝတဲ့မိဘမေတ္တာပေးနိုင်တဲ့သူတွေ ရှိပါတယ် သမီးရယ်"

"ဖေဖေရယ်"

"မငိုနဲ့တော့ သမီး၊ သမီးက ဖေဖေရဲ့သမီး၊ သမီး ဘယ်လို ဒုက္ခတွေနဲ့ပဲ ရင်ဆိုင်ရပါစေ ဖေဖေ ရှေ့ကရပ်တည်ပေးနိုင်တယ်၊ သမီး ရင်သွေးလေးကို မွေးပါ၊ ဖေဖေ အနားမှာရှိနေတယ်"

"မ မဖြစ်နိုင်ဘူး ဖေဖေ"

"ဖြစ်နိုင်တယ် သမီး၊ ဦးပြည့်စုံနိုင်ဆိုတာ သမီးရဲ့မွေးစားအဖေ လို့ သိနေ လက်ခံထားကြတဲ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းက လက်ခံစေရမယ်"

"ရှင်"

"မွေးစားဖခင်လူယုတ်မာကြီးက သမီးလေးကို ခြေတော်တင်လိုက်တယ်လို့ သူတို့သတ်မှတ်ကြပါစေ"

"ဟာ ဖေ ဖေဖေ"

ပန်း အထိတ်တလန့် ခေါင်းခါတော့ ဖေဖေ ပန်းခေါင်းလေးကို





ညင်သာစွာ ပွတ်သပ်နှစ်သိမ့်ရင်း

"အားလုံးက ဘယ်လိုပဲပြောကြ သတ်မှတ်ကြပါစေ ဖေဖေ ဂရုမစိုက်ဘူး သမီး၊ ဖေဖေရဲ့သမီးလေးနဲ့ ဖေဖေ့မြေးလေးအတွက် ဘာဆို ဖေဖေ ရင်ဆိုင်ရဲတယ်၊ ဖေဖေရဲ့သမီးလေးက ဖေဖေ့အတွက် သမီးအရင်းပါ၊ ဖေဖေ့နှလုံးသားထဲက မေတ္တာတရားတွေပြည့်ဝစွာပေးပြီး ချစ်ခဲ့ရတဲ့ သမီးလေးပါ၊ ဒါကို သမီးလေးနဲ့ဖေဖေပဲသိနိုင်တယ်၊ သမီး လက်ခံတယ် မဟုတ်လား"

တည်ကြည်လေးနက်စွာ ပြောနေသော ဖေဖေ့မျက်ဝန်းတွေထဲမှာ အနိုင်းမဲ့သောမေတ္တာ အင်အားတွေကို ပန်း မြင်နေရသည်။

ပန်းတစ်ဘဝလုံး ပိုင်ဆိုင်ခဲ့ဖူးသည့် ဖေဖေရဲ့မေတ္တာတရားတွေ၊ ဖေဖေ့နှလုံးသားက မိဘရင်းချာတစ်ယောက်ထက်တောင် ပိုမိုခဲ့တာ ပန်း အသိဆုံး။

ဒါကို ပန်းနှလုံးသားက သိနေသည်ပဲ။

"မငိုနဲ့တော့နော် သမီး၊ ဘဝကို အရှုံးမပေးပါနဲ့၊ သမီးရင်သွေးလေးအတွက် ဖေဖေနဲ့သမီးနှလုံးသားက မေတ္တာအင်အားတွေက နွေးထွေးငြိမ်းချမ်းစေမှာပါ"

"ဖေဖေရယ်"

ပန်း ဖေဖေ့ကိုတင်းတင်းကြပ်ကြပ် ဖက်ထားလိုက်မိသည်။ ဖေဖေ့လက်တွေက ပန်းကျောပြင်လေးကို ပွတ်သပ်ဖေးမနေဆဲ။ ပန်းအတွက် ဖေဖေသည် နှလုံးသားလေးက ဖေဖေဆိုတာ ပန်း အကြွင်းမဲ့ ယုံပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



မြူနှိုးတွေ ဝေနေသော ကောင်းကင်ကြီးကို သူ မော့ကြည့်မိသည်။

မြူနှိုးတွေ ကင်းစင်သွားလျှင် ပြာလွင်သော ကောင်းကင်ကြီးကို တွေ့မြင်ရမှာ သိပ်ကိုသေချာသည်။

သူချစ်သော သမီးလေးဘဝအတွက် သူ့ဘဝကို ပေးဆပ်ဖို့ ဆုံးဖြတ်ပြီးခဲ့ပြီ။

ပြည့်စုံနိုင်ဆိုသောလူက မွေးစားသမီးကို စော်ကားခဲ့သူတစ်ယောက်ဟု အားလုံးက ထင်မြင်ကြစေဦးတော့ . . ။

သမီးလေးအပေါ်မှာ သူ့နှလုံးသားက အန္တိုင်းမဲ့သော ဖခင်မေတ္တာတွေက ဘယ်တော့မှ ခမ်းခြောက်သွားမှာ မဟုတ်။ သေဆုံးသွားမှာမဟုတ်။

မြူနှိုးတွေတစ်ဖက်က ကောင်းကင်ပြာကြီးလိုပဲ ထာဝရတည်ရှိနေမှာပါ။

ဖေဖေ့သမီးလေးအတွက် ဖေဖေ့နှလုံးသားထဲက ဖခင်မေတ္တာတွေကလည်း အမြဲတမ်း ထာဝရ ကမ္ဘာတည်သ၍ရှိနေမှာပါ သမီးလေးရယ်။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး